www.burmeseclassic.com



# ပုဏ္ဏမိ

နတ်ဖန်ဆင်းသည်
(မြူမြင်လို့မရ)

www.burmeseclassic.com

# ပုဏ္ဏာမိ

နတ်ဖန်ဆင်းသည်(ပြုပြင်လို့မရ)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၀၉၀၅၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၉၁၀၆၀၁

၂၀၀၆ ခုနှစ်၊ ဧပြီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှိုင်စာပေ
အမှတ်-၄၃/က၊ မလှိုင်လမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

# ပုဏ္ဏာမိ



## နတ်ဖန်ဆင်းသည် (ပြုပြင်လို့မရ)

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

## ပို့ဆောင်ရေးအတွက် — 

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြဋ္ဌာန်းပေါ်ပေါက်လာရေး
- ပြဋ္ဌာန်းပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## အခန်း(၁)

အိပ်မက်တစ်ခုကို ... လေး,ငါး,ခြောက်ကြိမ်လောက် ဆက်တိုက်ဆိုသလို ... ဆက်မက်ဖူးပြီးသွားတဲ့အခါ ... နောင်အကြိမ်တွေမှာ ... အဲဒီအိပ်မက်ပဲ ချွတ်စွပ်ပြန်မက်ပြန်ပြီဆိုရင် ... "ဒါ ... ငါ တကယ်ဖြစ်နေတာ မဟုတ်ဘူး ... ဒါ ... ငါအိပ်ပျော်နေတုန်း အိပ်မက်,မက်နေတာပဲ ..."ရယ်လို့ ... ကိုယ့်ဘာသာ ... ကိုယ့်ဘာသိစိတ်နဲ့တင် အိပ်မက် မက်နေဆဲမှာပဲ ... သိနေခဲ့ပြီးတာမျိုး ... ကြုံဖူးကြပါသလား ...။

ကိုယ်တိုင်က အိပ်ပျော်နေရာကနေ ... နိုးလာလိုက်တာလည်း မဟုတ်ဘူးလေ ...။ အိပ်မပျော်သေးဘဲနဲ့ လျှောက်စဉ်းစားနေမိတာလည်း မဟုတ်ဘူးလေ ...။ ညလယ်ကောင် ... အိပ်ပျော်ရက်ကြီးမှာပဲ ... အဲဒီအိပ်မက်ကို ... စ,မက်လိုက်ပြီဆိုတာနဲ့ ... "ဩော် ... ဟိုအိပ်မက် ..."လို့ ကိုယ့်ဘာသာသိသွားတာမျိုး ...။

www.burmeseclassic.com



ရုပ်ရှင် ... ဇာတ်လမ်းတစ်ခုကို ... ပိတ်ကားပြင်ပေါ်မှာ ... တီဗီဖန်သားပြင်ပေါ်မှာ ... ကိုယ်က လှမ်းကြည့်နေရသလို ပါပဲ ...။ ကိုယ်ဟာ အဲဒီ အိပ်မက်ထဲမှာ ကိုယ်တိုင်ပါနေပါရက်နဲ့ ... တစ်ချိန်တည်းမှာပဲ ... အဲဒီဇာတ်လမ်းကို ထိုင်ကြည့်နေရသည့် အပြင်လူတစ်ယောက်ရဲ့ ခံစားချက်မျိုးလည်း တစ်ပြိုင်နက်တည်းမှာပဲ ရနေနိုင်သေးသည် ...။ မင်းသား ... မင်းသမီးတွေ ကိုယ်ရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းကို ... ကိုယ့်ဘာသာ ပြန်ထိုင်ကြည့်နေကြတဲ့အခါ ... အဲဒီခံစားချက်မျိုး ရကြမလား မသိ ...။

တစ်ကြိမ်ပြီးတစ်ကြိမ် ... ဆက်တိုက် လေး,ငါး, ခြောက်ကြိမ် ... မက်ဖူးပြီးပြီဆိုတော့ ... "စမက်ပြီ"ဆိုတာကို သိ,သိချင်းမှာပဲ ... "ဘာပြီးရင်ဘာလာတော့မယ် ... အထဲက မြင်ကွင်းကလည်း ဒီသစ်ပင်ပြီးရင် ဟိုဓာတ်တိုင်တစ်ခု ပေါ်လာတော့မယ် ... ဘယ်ဘက်ကို ဘယ်လိုချိုးကွေ့လိုက်ရင်တော့ ဘယ်ပုံ ..."ဆိုတာက အစ ... အပြင်ကကြည့်နေတဲ့ ခံစားချက်ရှိတဲ့ အသိ ... က ကြိုသိနေနှင့်ပြီ ...။ ခံစားချက်တစ်မျိုးက ကြိုသိနေသော်လည်း အိပ်မက်ထဲက ကိုယ်ကိုယ်တိုင်ကတော့ ... ကြိုသိသလို ... ကျော်မလှုပ်ရှားလိုက် ...။ ဒါပြီးဒါ ...။ သူ့အစီအစဉ်တကျအတိုင်းနှင့် သူသာ ...။

အိပ်မက်ထဲမှာ ကိုယ်ဟာ ... လမ်းမကြီးတစ်ခုမှာ ကားကို ခပ်မြန်မြန်မောင်းနှင်လာခဲ့တာနဲ့ စတင်တာ ...။ ဘယ်မြို့ ဘယ်ရွာက ဘာလမ်းမကြီးလဲတော့ မသိ ...။ ရန်ကုန်မြို့ကြီးထဲမှာတော့ ... အဲဒီလောက် ကားရှင်းရှင်း လမ်းဖြူးဖြူးနဲ့ ခပ်မြန်မြန်ကလေး မောင်းနှင်နေလို့ ရနိုင်သော လမ်းမကြီးမျိုးတွေ မရှိတာအမှန်ပင် ...။ ကြည့်ရတာ ... နယ်ဝေးခရီးသွား ... ဟိုင်းဝေးလမ်းမကြီးတစ်ခုခု ဖြစ်ဖို့များသည် ...။

ပြီးရင်တော့ ဘယ်လိုက ဘယ်လို ... ရပ်ကွက်ငယ်တစ်ခုထဲသို့ ရောက်ရှိသွားခဲ့သည် မသိဘဲ ...။ ကိုယ်ကလည်း ကားပေါ်မှာ မဟုတ်တော့ဘဲ ... အဲဒီရပ်ကွက်ကလေးထဲက လမ်းကြိုလမ်းကြား အိမ်ကြို အိမ်ကြားတကာထဲ လှည့်ပတ်ကာ ...။ မက်ကာစကတော့ မသိဘူးလေ ...။ နောက်ပိုင်းမှာတော့ ... ဒီရပ်ကွက်ကလေးထဲ ရောက်ပြီဆိုတာနဲ့ ... "ကိုယ်ဟာ ... တစ်စုံတစ်ယောက်ကို လိုက်ရှာဖွေနေခဲ့ရိုတာပါလား ..."ဆိုတာ ... ကြိုသိနှင့်ပြီ ...။

ပြီးရင်တော့ ... အဲဒီရပ်ကွက်ငယ်ကလေးနဲ့ သိပ်အဆက်အစပ် ရှိလှဟန်မတူတဲ့ ... နောက်ထပ် ရပ်ကွက်တစ်ခုထဲ ထပ်ရောက်နေပြန်လိမ့်မည် ...။ ဒုတိယရပ်ကွက်ကတော့ ... အိမ်ခြေကလေးတွေ ပြွတ်သိပ်ကာ ... လမ်းမြှောင်လမ်းကြားတွေ ရှုပ်ထွေးနေတတ်တဲ့ နေရာမျိုး မဟုတ်ပါ ...။ အတော်အသင့် သပ်ရပ်အဆင့်အတန်းမြင့်ကာ ... အထပ်ခပ်မြင့်မြင့် တိုက်ခန်းလိုဟာမျိုးတွေရော ... မကျဉ်းမကျယ် ကိုယ်ပိုင်ဝင်းကလေးတွေ သီးသီးသန့်သန့်နှင့် ... အိမ်နှင့်ခြံကလေးတွေ တွဲရက်လိုဟာမျိုးတွေရော ... ရောထွေးနေတဲ့ ... လူနေရပ်ကွက်တစ်ခု ...။




စေတနာ့၁၀၁ပေ

www.burmeseclassic.com



ကားဘီးနှစ်ခုစာ ... ကွန်ကရစ်ခင်း ... လမ်းကြောင်းရှည်ကလေး မညီမညာ တစ်ဝက်တစ်ပျက်နဲ့ ... ထိုလမ်းကလေးဟာ ... မြေကြီးအရောင်က ခပ်နီနီနဲ့ ... လမ်းဘေးတစ်ဖက်တစ်ချက်မှာ ... မြက်ထူထူတွေ ... ပိန်းကြားပင်တွေ အလေ့ကျရှိနေတတ်တဲ့ လမ်းကလေး ...။ ကန်ထရိုက်တိုက်ကြီး တချို့ကိုကျော် ...၊ အုတ်နီစည်းရိုး ...၊ ပုဏ္ဏရိုက်စည်းရိုး ... သံဆူးကြိုး သံဆန်ခါကွက်စည်းရိုး တချို့ကိုကျော် ...။

အဲဒီလို ခပ်ကြာကြာလေး လမ်းလျှောက်လိုက်ပြီးပြီဆိုရင်တော့ ... "ဒီသစ်ပင်ပြီးရင် ... ဟိုခြတ်တိုင်တစ်ခု ပေါ်လာတော့မယ် ... အဲဒီကမှ ဘယ်ဘက်ကို ခပ်စောင်းစောင်းလေး ချိုးကွေ့ဝင်သွားပြီးရင်တော့ ... တွန်းလှည်းအိမ်ကလေးနဲ့ ကွမ်းယာဆိုင်ကလေး ..." ဆိုတာတွေကို ကိုယ်က ကြိုသိနေပြန်ပြီ ...။

ထိတ်လန့်ရင်ခုန်စရာ ...၊ စိတ်ပျက်ညစ်ညူးစရာ ...၊ မသတီ စက်ဆုပ်ချင်စရာ ... ခံစားချက်မျိုးတွေ ... တွေ့ကြုံရမဲ့ အိပ်မက်မျိုး ဆိုရင်တော့ ... ခဏ ... ခဏ ... တစ်ကြိမ်ပြီး တစ်ကြိမ် ပြန်ပြန်မက်နေတတ်တဲ့ ဒီအိပ်မက်နဲ့ ရင်ဆိုင်လိုက်ရရင် ... ကိုယ့်မှာ ... စိတ်အနှောင့်အယှက် ဖြစ်ရတော့တာမျိုး ... ရှိချင်လည်းရှိမည် ...။ "ထပ်မမက်ပါရစေနဲ့တော့ ..." ...။ "မက်မိရင်လည်း မြန်မြန်ပြီးဆုံးကာ လန့်နိုးသွားပါရစေတော့ ..." ဆိုတာမျိုးတွေ ... ရှိကောင်း ရှိမည် ...။





ခုအိပ်မက်ကတော့ ... ကိုယ်ဟာ ... ဒီမြေနီနီနဲ့ ကွန်ကရစ်တစ်ဝက်၏ မြက်ခင်းလမ်းကလေး၌ သွားနေရင်း သွားနေရင်းနဲ့ကို ... အဲဒီအိပ်မက်မျိုး မက်နေရတဲ့အတွက် ... ကိုယ့်ဘာသာကိုယ် ပြန်နှစ်သိမ့် ကျေနပ်နေရတဲ့ အိပ်မက်မျိုး ...။ ပျော်ရွှင်ကြည်နူးတယ်ရယ်တော့လည်း အပြည့်အဝကြီးမဟုတ် ...၊ ရင်ခုန်လောက်စရာ မျှော်လင့်ချက်မျိုးတွေ တစ်ပွေ့တစ်ပိုက်နဲ့တော့လည်း မဟုတ် ...။

ဒါပေမဲ့ ... အိပ်မက်ရဲ့အဆုံးကို ... ကိုယ်ကကြိုသိနှင့်နေပြီးတဲ့အခါ ... မြေနီလမ်းကလေးပေါ် လျှောက်နေရပြီဆိုရင်ပဲ ... ကိုယ့်စိတ်ထဲမှာ အတော်ကြီး ကျေနပ်နေမိပြီ ...။ အိပ်မက်ထဲက ကိုယ့်ကို ... အပြင်ကသိနေ၊ ကြည့်နေမိတဲ့ကိုယ်က ... ခပ်ပြုံးပြုံးနဲ့ ကြည့်နေမိသလိုပါ ပူးတွဲခံစားနေရပြီ ...။

တစ်နေရာရောက်ရင် ... ဘာမှ မထူးခြား၊ မဆန်းပြား ... မထင်ရှားလှတဲ့ သမားရိုးကျပုံစံနဲ့ ... ခြံစည်းရိုး အုတ်တိုင်နှစ်ခုကို တွေ့မယ်လေ ...။ ထုံးဖြူ ဆေးဖြူ တစ်ခုခုသုတ်ခဲ့ဖူးဟန်ရှိတဲ့ အဲဒီအုတ်တိုင်နှစ်ခုဟာ ... ကိုယ့်အိပ်မက်ထဲမှာတော့ ... အဖြူပြယ်ပြယ် ... မီးခိုးနှောနှော ... ရေညှိစိမ်းရောင်လေးတွေ ကွက်တိကွက်ကျားနဲ့ ...။

ခြံစည်းရိုးကတော့ ... ကိုယ့်မျက်ဝန်း အသိအမှတ်ထဲ ... ကြခတ်ဝါးရုံပေါက်ကလေးတွေလား ... ခြံစည်းရိုး အမြင့်ပေါ်က တန်းလန်းကျ နွယ်မျိုးတွေလား ...။ ပုဏ္ဏရိုက်ပင်တွေနဲ့ပဲ

www.burmeseclassic.com



ခပ်ရိုးရိုး ပုံမှန်လား ...။ ခုထက်ထိတိုင် ကိုယ့်အသိစိတ်ထဲမှာ မကွဲပြား ...။ မကွဲပြားပေမဲ့ ... အဲဒီလို ကွဲကွဲပြားပြား သိမနေခဲ့တဲ့အတွက် ... "နောက်ထပ်တစ်ခါ ထပ်မက်ရင် ကွဲကွဲပြားပြား သိရအောင် ... သေချာထပ်ကြည့်ကြည့်လိုက်ဦးမှ ..." ဆိုတဲ့ ခံစားချက်မျိုးလည်း ကိုယ့်စိတ်ထဲမှာ ခုထက်တိုင် မဖြစ်ပေါ်မိခဲ့သေးပေ ...။

အဲဒီ သမားရိုးကျ အုတ်တိုင်နှစ်ခုကို တွေ့ရင် ... ကိုယ့်အလုပ်ဟာ "ခြံစည်းရိုးကို ဘာနဲ့ခတ်,ကာထားပါလိမ့် ..." ဆိုတာကို စုံစမ်းနေရဖို့ မဟုတ် ...။ ဖိတ်ခေါ်ဆီးကြိုနေသူ မရှိသော်လည်း ... အပိတ်အကာ အတားအဆီးလည်းပဲ ရှိမနေတဲ့ ... အဲဒီခြံထဲကို တန်းတန်းမတ်မတ်ပဲ ဝင်ချသွားလိုက်ရုံ ...။ ဒါနဲ့ ... အဲဒီခြံဟာ ခြံစည်းရိုးအုတ်တိုင်ကြီး နှစ်ခုတော့ ရှိနေပါရက် ... ဂိတ်တံခါးကကျတော့ ဘာဖြစ်လို့ မတွေ့ရတာပါလိမ့်။ မရှိတာလား ...၊ အတွင်းဘက်(သို့)အပြင်ဘက် တစ်နေရာရာကို ... အဆုံးထိ ဟင်းလင်းဖွင့်ချထားခဲ့တာလား ...။

အင်း ...။ ဒါလည်း ကိုယ့်အလုပ်မဟုတ်လှပါဘူးလေ ...။ ပထမဦးဆုံးအကြိမ် စ,မက်ကတည်းက ခြံတံခါးပိတ်မထားတဲ့ ဂိတ်ပေါက် အုတ်တိုင်နှစ်ခုကနေ ... ကိုယ်က ခပ်အေးအေးကလေးပဲ ဟိုးအထဲထိ ... မပြီးဆုံးနိုင်တော့တဲ့ တမျှော်ခေါ် အရှည်ကို ဝင်ချသွားခဲ့တာပဲလေ ...။ ခြံရဲ့အကျယ်အလျားရှိသလောက်မှာ ... အုတ်တိုင်ဟာ စည်းရိုးအလယ်နား ခပ်ကျကျကနေ ဖောက်ထားခဲ့တာ မဟုတ် ...။ အဲဒီခြံကို ကိုယ်က မျက်





နှာချင်းဆိုင် ရပ်ကြည့်လိုက်ရင် ... ဘယ်ဘက်ဆုံး ... တစ်ဖက်ကသူများခြံနဲ့ သွားထိကပ်ပြီး ဖောက်ထားခဲ့တာမျိုးဆိုတော့ ... ကိုယ်ဝင်ချလာခဲ့တဲ့ လမ်းရှည်ရှည်တစ်လျှောက်ဟာ ... ဘယ်ဘက်မှာ ...။

ညာဘက်မှာတော့ ... မြက်ခင်းတို့ ... တစ်ထပ်တိုက်လား ဘာလား ခပ်ပုပု ခပ်ကုပ်ကုပ် တစ်လုံးတို့ ... ပြီးကျတော့ ဘာတွေမှန်းမသိ ခပ်ရှုပ်ရှုပ်ထွေးထွေးတွေတို့ ... ရှိနေကြသည်ထင်ပါရဲ့ ...။ အဲဒါတွေ ကြုံရပြီးရင်တော့ ... ကိုယ့်ရဲ့ခရီးလမ်းဆုံးသို့ ရောက်ပြီ ...။ အကြိမ်ကြိမ် အလီလီကို မက်နေခဲ့တဲ့ ကိုယ့်ရဲ့အိပ်မက်လည်း ဆုံးခန်းတိုင်လုပြီ ...။

ဇာပဝါစလား ...။ ပြတင်းပေါက်က ခြင်ဆန်ကာကွက်စိပ်စိပ်တွေလား ...။ အရောင်ဖျော့ဖျော့ ခန်းဆီးစ ခပ်ပါးပါးတစ်ခုခုလား ...။ အဲဒီနောက်ကနေ ... မျက်လုံးခပ်ပြူးပြူးတစ်စုံနဲ့ ကိုယ့်ကို လှမ်းချောင်းကြည့်နေတဲ့ မျက်နှာလေးတစ်ခုနဲ့ ကြုံတွေ့လိုက်ရပြီးရင် ... ကိုယ့်ရဲ့အိပ်မက်ဟာ အပြီးသတ် ... ဆုံးခန်းတိုင်ပါပြီ ...။ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပျော် ... အိပ်မောကျနေရာကလည်း "ဖျတ်" ခနဲ တစ်ချက်လောက်ပဲဖြစ်ဖြစ် ... နိုးသွားခဲ့ပါပြီ ...။ များသောအားဖြင့်ကတော့ ... အဲဒီအချိန်ဟာ ... မနက် နှစ်နာရီနဲ့ သုံးနာရီလောက်ကြား။

တစ်ခါတလေကျတော့လည်း "ဖျတ်" ခနဲ တစ်ချက်ပဲ နိုးလိုက်ပြီးတာနဲ့ ... "ဩော် ... ဟိုအိပ်မက်တောင် ပြီးသွား

www.burmeseclassic.com



ပြီ ...” ဆိုတဲ့ အသိတစ်ချက်နဲ့ပဲ ... ပြန်အိပ်ပျော်သွားရင်လည်း ပျော် ...။ တစ်ခါတလေကျရင်တော့ ... “ငါ ဘာလို့ ... ဒီအိပ်မက်ပဲ ထပ်ခါတလဲလဲ မက်,မက်နေရတာလဲ ... ဒါပါနဲ့ဆို ဘယ်နခါ ရှိပြီလဲ ...”လို့ စဉ်းစားလိုက်မိတာမျိုး ရှိသွားရင်တော့ ... အိပ်မက်ထဲက တစ်ကွက်ချင်းတွေပါ ခေါင်းထဲ ပြန်ရောက်လာတာနဲ့ ... ပြန်အိပ်မပျော်နိုင်တော့ဘဲ ... မိုးလင်းသွားရတာမျိုးလည်း ... ကြုံရပါသည် ...။

တစ်စုံတစ်ခုရဲ့ နောက်ကွယ်ကနေ ... ကိုယ့်ကို စောင့်ချောင်းနေခဲ့တဲ့ “မျက်လုံးပြူးပြူး”တို့ရဲ့ ပိုင်ရှင်ကတော့... မိန်းကလေးတစ်ယောက် ဖြစ်ပါသည် ...။ မိန်းကလေးတစ်ယောက် ဆိုတာရယ် ... အသက်ခပ်ကြီးကြီး ... မိန်းမကြီး၊ မိန်းမရွယ်တစ်ယောက် မဟုတ်ဘူး ဆိုတာရယ်ကလွဲရင် ... အကြိမ်ကြိမ်မက်နေတဲ့ အိပ်မက်ထဲက မိန်းကလေးရဲ့ ရုပ်ရည်ကိုလည်း ကိုယ်က မကျက်မိ ...။ မမှတ်မိ ...။

မှတ်မိရလောက်အောင်ကလည်း ... အဲဒီ မျက်လုံးပြူးပြူးနဲ့ဟာ မိန်းကလေးမျက်နှာ ... လို့ သိလိုက်ပြီးတာနဲ့ ... ကိုယ်က “ဖျတ်”ခနဲ နိုးသွားမိပြီးရက်သားချည်း ဖြစ်နေပြီလေ ...။ ချက်ချင်း ပြန်အိပ်ပျော်သွားခဲ့ရင်တောင်မှ ... နောက်တစ်ချီ အိပ်စက်ခြင်းထဲမှာ ခုနက အိပ်မက်က ပြန်ပေါ်မလာတော့ ...။ မိုးလင်းသည်အထိ အိပ်မက်ထပ်မမက်တော့တာမျိုး ... ဒါမှမဟုတ်... ရှားရှားပါးပါး အခြေအနေနဲ့ ထပ်မက်မိသေးသည် ဆိုရင်တောင်





မှ ... နောက်ထပ် ... တခြားအိပ်မက်သစ်တစ်ခုပဲ ဖြစ်နေတော့တာမျိုး ...။

အကယ်၍ ဖြစ်တောင့်ဖြစ်ခဲ့ ... ဒီအိပ်မက်ကိုပဲ ပြန်မက်ပါပြီ ဆိုရင်တောင် ... ကိုယ် ထင်ပါသည် ...။ ကိုယ်ဟာ အဲဒီမျက်လုံးပြူးပြူးနဲ့ မိန်းကလေးရဲ့ မျက်နှာနဲ့ ... တစ်စုံတစ်ခုနောက်ကွယ်က အကြောင်းတို့ကို သိခွင့်ဆက်ရနေတာမျိုးမဟုတ်ဘဲ ... အိပ်မက်က အစကနေ ပြန်စကာ ... ကိုယ်ဟာ ဟိုင်းဝေးလမ်းမကြီးတစ်ခုပေါ်မှာ ကားကို ခပ်မြန်မြန်သာ ပြန်မောင်းနေမိတာမျိုးပဲ ... ဖြစ်နေမှာပါပဲ ...။

ကိုယ်ကိုယ်တိုင်ကလည်း ... မကြာမကြာ၊ ခဏခဏ ပြန်,ပြန်မက်လေ့ရှိတတ်တဲ့ အိပ်မက်မျိုးမို့ ... “ထူးဆန်းသားပဲ ...” လို့ စိတ်ထဲ အမှတ်ထင်ထင် ရှိနေမိတာမျိုးကလွဲရင် ... အဲဒီ တစ်စုံတစ်ခုနောက်ကွယ်က ... မျက်လုံးပြူးပြူး မိန်းကလေးရဲ့ မျက်နှာ ... ကို မြင်ဖူးချင်နေတာမျိုး ... မှတ်မိသိချင်နေတာမျိုးတွေတော့ ... စိတ်ထဲ သိပ်မရှိလှပါဘူး ...။

ဘာပဲဖြစ်ဖြစ်လေ ...။ မက်ဖူးပေါင်းများလို့ ... တစ်ကွက်ချင်း မှတ်မိနေတတ်တဲ့ အဲဒီအိပ်မက်ရဲ့အဆုံးမှာ ... ကိုယ်ဟာ ... ချောင်းကြည့်နေတတ်တဲ့ မျက်လုံးပြူးနဲ့ ရင်ဆိုင်ရတော့မည် ဆိုတာ ... ကြိုသိပြီး ဖြစ်နှင့်နေတယ်ဆိုတော့ ... အိပ်မက်ထဲမှာ လှုပ်ရှားနေတဲ့ ကိုယ့်ကို ... အပြင်အသိစိတ်ကနေ လှမ်းကြည့်နေရသလိုရှိတဲ့ ကိုယ်က ... ကျေကျေနပ်နပ် ...

www.burmeseclassic.com



ခပ်ပြုံးပြုံးနဲ့ ... ဖြစ်နေမိတာလည်း ... ခဏ ... ခဏနဲ့ ...။ စိတ်ထဲ ... တစ်ခုခုကလေးတော့ ... သိသိမှတ်မှတ် ခံစားချက်ကလေးမျိုး ... ရှိနေတာပေါ့ ...။

"ဘာတဲ့လဲ ... ဘယ်လိုတဲ့လဲ ... အခြေအနေက ဘယ့်နှယ်ရှိသလဲ ..."

"ဒီလိုပါပဲ ..."

စိတ်ဝင်တစား တက်ကြွစိတ်စောကာ ... မျက်လုံးကြီးတွေပြူး ... ခန္ဓာကိုယ်တွေပါ အရှေ့သို့ ကိုင်းထွက်နေကြသည့် ဦးလေးနှင့် အဒေါ်များ "ဂျူး"ခနဲ လေထုတ်လိုက်ကြသည့် ရာဘာဘောလုံးများနှယ် ... ရှုံ့တွတွနှင့် ကိုယ်ဟန်ဆိုင်းဆိုင်းတွေ ဖြစ်ကုန်ကြသည် ...။

"**တင်သီနိုင်** ဟာလေ ... ပြောလိုက်မှဖြင့်ရင် ... ဒီလိုချည်းပဲ ..."

ဒေါ်လေးကြီးရဲ့ စိတ်ပျက်လက်ပျက် ညည်းတွားသံကို ... ဒေါ်လေးငယ်ကလည်း "**အေးဟယ်**"ဟု တစ်တပ်တစ်အား ... အားဖြည့် ရေရွတ်လိုက်ပါသည် ...။ တင်သီနိုင်ကတော့ ... ဘာခံစားချက်မှ ယိုပ်မရှိလှသည့် အေးအေးချမ်းချမ်း မျက်နှာသေကလေးနှင့် ... ဦးလေး အဒေါ်များကို ပြန်ငေးကြည့်နေ၏။





"ကျွတ် ... ငါတို့ ပြောနေတာက ... ဦးကျော်မင်းဦးနဲ့ စကားပြောကြည့်လိုက်တော့ ဘယ်လိုနေသလဲ ..."

"ဘယ်လို ..."

"နေဦး ... ငါပြောနေတဲ့စကားကို ဖြတ်မပြောနဲ့ ... မေးခွန်းအားလုံး ပြီးပြီဆိုမှ ... 'ဒီလိုပါပဲ'တို့ ... 'ဘယ်လိုမှမနေဘူး'တို့ အဖြေတွေ မလာနဲ့ ... တိတိကျကျနဲ့ လူကြီးတွေ စိတ်တိုင်းကျလောက်မဲ့ အဖြေမျိုးကို သေချာစဉ်းစားပေးပြီး ပြန်ဖြေမှပေါ့ ..."

တူမဖြစ်သူရဲ့ ... ရည်းစားသနာ ... ခင်ပွန်းလောင်းအားကိုစွမှာ အဒေါ်ဖြစ်သူတွေထက်ပင် ပိုမိုတက်ကြွကာ ... အားကျိုးမာန်တက် ပုံစံကနေ ဒေါ်ကြီးမောကြီးပုံစံထိပါ ပေါက်လာတော့မည့် ဦးလေးဖြစ်သူကို ... "**ထွန်းတင့်နိုင်**"က ... အဝေးကနေလှမ်းကြည့်နေရင်း ... ခေါင်းတစ်ချက် (မသိမသာ ခပ်ဖြည်းဖြည်း) ယမ်းခါလိုက်မိပါသည် ...။ သိသာသွားလို့ကတော့ ... ငယ်ကြောက်ဦးလေး အဒေါ်တို့ရဲ့ ... အဆူအမ၊ အအော်အဟစ် ...၊ အလိမ်အခေါက်တို့က ... (အစွယ်ကြီး ဘယ်လောက် ရောက်ရောက်) ထွန်းတင့်နိုင်ထံသို့ တရစပ်ဆိုသလိုပင် ကျရောက်လာကြမှာ သေချာလှသည်။

"အခု ... ဦးကျော်မင်းဦးက နင့်ကို ... ပရိုပို့စ် လုပ်သွားပြီလား"

www.burmeseclassic.com



တင်သီနိုင်ရဲ့ မျက်နှာကလေးက မသိမသာ ... ပျက်တယ်ဆိုနိုင်ရုံကလေး ပျက်သွားပြီးမှ ... မျက်ခုံးအတွန့်ချိုး ကလေးကို ချက်ချင်းပြန့်ဖြေဆန့်လိုက်ကာ ... ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းခါပြလိုက်သည် ...။

"ဒါဖြင့် ဘာတွေ ပြောနေကြတာလဲ ... ဒီလောက်အကြာကြီး ..."

"ရောက်တတ်ရာရာ စကားစပ်မိရာတွေပါ ... သူ့သူငယ်ချင်းအကြောင်း၊ ကိုယ့်သူငယ်ချင်းအကြောင်း ... သူ့ဆွေမျိုး ကိုယ့်ဆွေမျိုး ... သူ့အလုပ် ... ကိုယ့်အလုပ်အကိုင် ... ဒီလိုပဲပေါ့ ... ခုမှ စမြင်ဖူး တွေ့ဖူးကြသူတွေ ... စ,စချင်း ပြောလေ့ရှိကြတာမျိုးတွေပါပဲ ..."

"တင်သို့ အကြောင်းတွေက ငါတို့ဆီကတစ်ဆင့် ... သူ အကုန်လုံး သိပြီးသားချည်းပဲ ... သိပြီးသားတွေကို ထပ်ပြောနေကြစရာ ဘာရှိတာလဲ ... သူ့အကြောင်းတွေလည်း ငါတို့ လူကြီးသုံးယောက်လုံး အကုန်လုံးနီးပါး သိနိုင်ပြီးသား ... နင်က ငါတို့ပြောတာကို မယုံမကြည်နဲ့ သူ့ဆီက ပြန်ထပ်မေးနေတာမျိုး မရှိသင့်တော့ဘူး ..."

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ ..."

"ဟုတ်တာပေါ့ ... အဲဒါမျိုးတွေနဲ့ အချိန်ထပ်ဖြုန်းနေကြ ရမဲ့အစား ... တကယ်တမ်း လိုအပ်တာမျိုးကိုပဲ ..."





ဦးလေးက စကားစကို ရုတ်တရက် ရပ်တန့်ပစ်လိုက်ကာ ... ခုမှ တစ်စုံတစ်ခုကို သတိရလိုက်သလို ... အရေးတကြီးလေသံနှင့် ...

"သူ့ပုံစံက တင်သို့ကို သဘောကျတဲ့ပုံစံကော ... ရှိရဲ့လား ... စိတ်ဝင်စားမှု ရှိတယ်ဆိုတဲ့ပုံကော ပေါ်ရဲ့လား ..."

တင်သီနိုင်က ... မလှမ်းမကမ်းမှာ ထိုင်နေသည့် အစ်ကိုဖြစ်သူ ထွန်းတင့်နိုင်ကို စိတ်ညစ်ညစ် (ရုက်ဝဲဝဲ) ပုံစံလေးနှင့် တစ်ချက် လှမ်းကြည့်လိုက်သဖြင့် ... ထွန်းတင့်နိုင်က ... တမင် ... ကျောပေးလျက်သား ပုံစံကြီးမျိုး နေပြလိုက်ရပါသည်...။ ဒီလိုကိစ္စမျိုးတွေနှင့် အမြဲ စိတ်ရှုပ်ထွေး ... ကျဉ်းထဲကျပ်ထဲ ကျနေရသည့် ညီမဖြစ်သူကို ... ကိုယ့်ကြောင့်တော့ ထပ်ပြီး စိတ်ကသိကအောက် မဖြစ်စေလိုပါ ...။

ဖြစ်များဖြစ်နိုင်ရင် ... ဒီဦးလေး အဒေါ် သုံးယောက် ရှေ့ကနေ ချီပြေးပြီး ဝေးဝေးသွားပို့ထားလိုက်ချင်စိတ်ပင်ရှိခြား ... မဖြစ်နိုင်သည်မို့ ... ဝင်ကယ်လို့ မရမဲ့တူတူတော့ ... ဝင်မပါ ...၊ မသိချင်ယောင် ဆောင်ထားတာကသာ အကောင်းဆုံးပဲ ... ဟု ထွန်းတင့်နိုင်က ယူဆပါသည်။ ခုလောလောဆယ်တော့ မသိမသာ ကျောခိုင်းပေးထားလိုက်ရုံသာရလျက် ... ချက်ချင်းကြီး ထထွက်သွားလို့ မကောင်းတတ်သေး ...။ ခဏတဖြုတ်လောက်ရှိရင်တော့... ဒီနေရာကနေ ထထွက်ပြီး လွတ်ရာရှောင်နေပေးလိုက်တာကသာ အကောင်းဆုံးအဖြေပဲ ဖြစ်မည်လေ ...။

www.burmeseclassic.com



ကိုယ်လွတ်ရုန်းချင်တာ မဟုတ်ဘူးဟ ... တင်သီရေ ...။ နှင့်အတွက် ပိုကောင်းမယ်ထင်ရာ ... စိတ်ထဲရှိတဲ့အတိုင်းပါပဲ ...။

တင်သီနိုင်က အစ်ကိုဖြစ်သူရဲ့ (တမင်)ကျော့ပြင်ကြီးကို ကြည့်ကာ စိတ်ထဲကပဲ ခပ်ယဲ့ယဲ့ ပြုံးဖြစ်လိုက်ပါသည် ...။ စိတ်လှုပ်ရှား၊ ဝမ်းနည်း၊ ဒေါသထွက်၊ အကျဉ်းအကျပ်ကျ၊ အုံ့ဩ၊ ဝမ်းသာ၊ ပျော်ရွှင်ကျေနပ် ... ဘာခံစားချက် တစ်ခုခုကိုမှ အလွယ်တကူ မျက်နှာပြင်ပေါ် မရောက်စေဘဲ ... ရင်ထဲပဲ မျိုချပစ်ကာ ... အများအမြင်မှာတော့ ခပ်အေးအေး ... စိတ်ရှင်းရှင်း ငြိမ်သက်သက် မျက်နှာကလေးနှင့်ပဲ အမြဲနေနေတတ်တာက ... တင်သီနိုင်ရဲ့ ကိုယ်ပိုင်အမူအကျင့်တစ်ခု ဖြစ်ခဲ့တာ ကြာပြီ ...။

ခုလည်း ကိုယ့်အတွက်ကြောင့် စိတ်ရှုပ်နေရှာပြီဖြစ်သည့် အစ်ကို့အကြောင်းကို သူ့ကျောပြင်ကတစ်ဆင့် လှမ်းသိနေသည် ...။ ခဏကြာရင် ထရှောင်ပေးတော့မှာကိုလည်း ကြိုသိသည် ...။ အဲဒါကိုပဲ သဘောတကျနှင့် ခပ်ယဲ့ယဲ့ ပြုံးလိုက်ချင်ပေမဲ့လည်း ... စိတ်ထဲမှာသာ ...။ "ဒီကိစ္စတွေမှာ ... အစ်ကို့လောက် တင်သီက ... စိတ်အနှောင့်အယှက် မဖြစ်တတ်လှတော့ဘူး ..."ဆိုတာများ အစ်ကို့ကို ဖွင့်ပြောလိုက်ရင် ... အံ့ဩထွက်သွားမည့် အစ်ကို့ပုံစံက ဒီ့ထက်တောင် ပြုံးချင်စရာ ကောင်းဦးမည်ထင်သည် ...။





သို့ပေမဲ့ ... တင်သီရဲ့ နေတတ်တဲ့ ပုံစံကိုက ... အဲဒီလိုစကားမျိုးနှင့် အစ်ကို အံ့ဩ(ပြီးကျတော့ စိတ်အနည်းငယ်ချမ်းသာ)ရသွားအောင်လည်း သွားပြောပြနေဖြစ်မှာ မဟုတ်သည့်သူပင် ဖြစ်ပါသည် ...။

"သူများတကာရဲ့ အတွင်းစိတ်ထဲကိုတော့ တင်သီက အကဲမခတ်တတ်ပါဘူး"

"ကျွတ် ... စိတ်ကုန်ရော ... ကဲ ... ဒါဖြင့် ... နှင့်ကိုနောက်တစ်ခေါက် ထပ်တွေ့ကြဖို့ ပြောသလား ... ဒီအိမ်ကို ထပ်လာခဲ့ဦးမယ်လို့ ခွင့်တောင်းသလား ... အပြင်ထွက်လည်ကြစို့ ... လို့ ချိန်းတာ ပြုတာ ရှိသလား ..."

"သူအားတဲ့ ညနေဘက်တွေ ... ဖုန်းလှမ်းဆက်လိုက်ပါရစေတဲ့ ..."

"အဲ ... ဟုတ်ပြီ ..."

ဦးလေးမှာ လက်ဖျောက်တစ်ချက်ပင် ထ,တီးလိုက်သေးကာ ခုမှပင် ... နီရဲလာပြီဖြစ်သည့် မျက်နှာကြီးက နဂိုအဖြူသွေးသို့ အရှိန်လျော့ ... ပြန်ကျလာသည်။ "ဖုန်းဆက်မယ်"ဆိုသည့် စကားတစ်ခွန်းတည်းနှင့် ဦးလေးက အကြိုက်ကျသွားနိုင်ပေမဲ့ ... မိန်းမသားဖြစ်တဲ့ ဒေါ်လေးကြီးနဲ့ ဒေါ်လေးငယ်တို့ကတော့ ... မိန်းမတွေပီပီ ... ချက်ချင်းသဘောတွေ့လိုက်နိုင်ပြီ မဟုတ်လှသေးပေ ...။

www.burmeseclassic.com



"ဖုန်းပဲ ဆက်ရမလား ... ဒါတောင် ... အားမှတဲ့တော် ... ကြုံဖူးပေါင် ... ကိုယ့်ဘဝ တစ်သက်တာအတွက် ရွေးချယ်ချင်တဲ့ ... သဘောကျချင်တဲ့ မိန်းကလေး ဖြစ်ရိုးမှန်ရင် ... ဘာမှ အားစိုက်ထုတ် လုံးပမ်းမှုမပါဘဲ ... ထိုင်ရာမထ ဖုန်းကလေးတစ်ချက်လောက် လှည့်လိုက်တာမျိုးနဲ့ ပြီးနေတော့မှာလား ... မိန်းကလေးစိတ်ထဲ ကိုယ့်ကိုသဘောကျလာအောင် ... လက်ခံချင်လာအောင် ... မျက်နှာလာပြနေရမှာတို့ ... ကိုယ့်ဘက်ကလည်း အမြဲမြင်နေချင်ရမှာတို့တွေ ရှိနေရမှာပေါ့ ..."

ထွန်းတင့်နိုင် တစ်ယောက် ... ဟိုဟာရှာသလိုလို ... ဒီဟာပဲ မတွေ့သလိုလိုနှင့် မယောင်မလည်လေး ထ,ထွက်သွားပြီ ဖြစ်တာကို တင်သီနိုင်က မျက်ဝန်းထောင့်စွန်းကနေ လှမ်းသတိထားလိုက်မိပါသည်။

"တော်ရောပေါ့ ... ပထမဆုံးအကြိမ် တွေ့ပြီးတာနဲ့ ... နက်ဖြန်လည်း လာမယ်ဟဲ့ ... သန်ဘက်ခါလည်း လာမဟဲ့ ... ဆိုတဲ့ လူမျိုးကို ငါက ရှာရွေးထားတာ မဟုတ်ဘူး ...။ သူလည်း သူ့အခြေအနေ သူ့အဆင့်အတန်းနဲ့ သူပဲဟာ ... ငမ်းငမ်းတက် ဖြစ်ချင်နေကြတဲ့ ယောကျ်ားပေါတွေဆိုလည်း ငါတို့ တင်သီက ဘယ်တုန်းကမှ သဘောမကျ ... လက်မခံခဲ့တာ ...။ မရွေးချယ်ချင်ခဲ့တာ ... နင်တို့ပြန်တွက်ကြည့်ကြဦး ... ဟုတ်တယ် ... ခုအခြေအနေလောက်ကို ငါ ကြိုက်တယ် ... ဒါ အကောင်းဆုံးပဲ ...





ဒီမှာ တင်သီ ... ဦးကျော်မင်းဦး လုပ်ပုံကိုင်ပုံက ဘယ်လိုမဆို ယောကျ်ားကောင်း ဆန်တယ်နော် ... ငါ ယောကျ်ားချင်း ... သိတယ် ... လက်ခံတယ် ... အဲဒီအချက်ကို ညည်း ခေါင်းထဲထည့်ထား ...။ အရင်လူတွေလို ... မျက်နှာရှုးတို့ ... ဣန္ဒြေမရှိဘူးတို့နဲ့ ... ပယ်ချပစ်လိုက်မယ် စိတ်မကူးနဲ့ ... ဒါပဲ ..."

"ခုနကတော့ သူပဲ ... တစ်ခါတည်း ပရိုပို့စ်လုပ်သွားပြီးပြီလားဆို ... ခုကျတော့ အားမှ ဖုန်းကောက်ဆက်မှာကိုပဲ အကောင်းဆုံး အခြေအနေတဲ့ ... နားကို မလည်ဘူး ..."

"အစိကနဲ့ သာမညကိုလည်း ခွဲမသိကြပါဘူးကွာ ... မက်တာပဲ ... အဓိက အရေးကြီးတာက ... ဒါ သူတို့ချင်း ပထမဆုံးအကြိမ် တွေ့ဖြစ်ကြတာ ... တွေ့ပြီးတဲ့အခါမှာ ... တင်သီ့ဆီကလည်း ... ဆိုးဆိုးဝါးဝါး ခါးခါးသီးသီးနဲ့ 'မဖြစ်နိုင်ဘူး ... နောက်တစ်ခါ ထပ်မတွေ့ပါရစေနဲ့ ... ဆိုဟာမျိုး ထွက်မလာဘူး ... ဟိုဘက်ကလည်း ... ဖုန်းဆက်ပြီး စကားတွေ ပြောကြရအောင် ... ဆိုကတည်းက ... 'ဆက်ရန်ရှိသေးသည် ...' ဆိုတာကို အတိအလင်း ကြေညာတဲ့သဘောပဲ ... နို့မို့ ... နှုတ်ဆက်ပြီး ပြန်သွားမှာပေါ့ ... ဖုန်းထပ်ဆက်ချင်နေပါ့မလား ..."

"အမယ်လေး ... တင်သီလေးကို တစ်ခါမြင်ဖူးပြီးတာနဲ့ ... ဖုန်းထပ်မဆက်ချင်ပါဘူးဆိုတဲ့ သူစိမ်းယောကျ်ား ဘယ်သူရှိနိုင်မှာလဲ ... ဟင်း ..."

www.burmeseclassic.com



ထုံးစံအတိုင်း ... သုံးယောက်သားကြားမှာ ဆန္ဒမညီ
ဖြစ်ကြပြန်ပြီး စကားများ ငြင်းခုန်လို့ မပြီးကြတော့မည့် ဦးလေး
အဒေါ်များအပါးမှ တင်သီလည်း ... အေးအေးလေး ... ထလစ်
ထွက်လာခဲ့မိပါပြီ ...။ သူ လိုချင်သော အခြေအနေလောက်နှင့်
အဖြေမျိုးကို ရပြီးသွားပြီမို့ ... ဦးလေးကလည်း ... "နေဦး -
မသွားနဲ့ဦး ..."ဟု တားမထား ... အဒေါ်တွေကလည်း ဦးလေ
နှင့်သာ ဆက်ဆွေးနွေး ငြင်းခုန်ကြချင်ဟန်တွေနှင့်သာ ဖြစ်လေ
သည် ...။

တင်သီဆီက ... "မဖြစ်နိုင်ဘူး"ဆိုတဲ့ စကားမျိုး
မထွက်လာဘူးတဲ့ ...။ ထွက်လာခဲ့ရင်ကော ... ကိုယ့်ဆန္ဒ
အတည်ဖြစ်မှာမို့လား ... ရနိုင်မှာမို့လား ...။ အရင့်အရင်လူ
တုန်းကကော ... "ဟုတ်လှပြီ" ဆိုပြီး ... ဦးလေးတို့အဒေါ်
ရည်ရွယ်လာကြသူတွေဟာ ... တင်သီနိုင်ရဲ့ မျက်ဝန်းထဲမတော
ပထမတစ်ကြိမ် အမြင်နဲ့တင် ... ခေါင်းခါလွှတ်လိုက်ပြီးချင်စ
တွေ ဖြစ်နေခဲ့တော့ရော ... ကိုယ့်စိတ်ကြိုက် လုပ်ခွင့်ဆိုတာ
တာမှတ်လို့လား ...။

ခုချိန်မှာ ... ခုနက ဦးကျော်မင်းဦးကို "လက်သ
ခံမှာလား ... လက်ခံချင်သလား"လို့ ကိုယ့်ဆန္ဒကို ဦးစားပေ
မေးမယ်ဆိုရင် တင်သီနိုင်က ခေါင်းကိုပဲ ခါပြမိမည်သာ ဖြစ်
သည် ...။ "ဘာလို့လဲ" ဆိုရင်တော့ ဘာလို့မှတော့ မဟုတ်
လေ ...။ အပြစ်ရယ်လို့ ရှာတွေ့ရအောင် ထင်းထင်းကြီး





လွှင်နေတဲ့သူ မဟုတ်ပေမဲ့ ... မကျေနပ်ချက်တွေ သိရလောက်အောင်လည်း ရင်းနှီးသိကျွမ်းတဲ့ အကြောင်းသိ မဟုတ်သေးဘူးလေ ...။ အဲဒီအနေအထားနဲ့ကို ငြင်းကို ငြင်းချင်တာ ...။

ကဲလေ ... တော်ပါတော့ ...။ သူ့ငြင်းလည်း နောက်တစ်ယောက် ထပ်ပေါ်လာမည် ...။ အဲဒီလိုပဲ တစ်ယောက်ပြီး တစ်ယောက် ထပ်,ထပ်ရောက်လာမည်။ အဓိက,ကတော့ ... အဘက်ဘက်က ကောင်းမွန်ပြည့်စုံတဲ့အပြင် ... "ချမ်းသာကြွယ်ဝမှု" ဆိုတဲ့ အချက်ပါ ပိုင်ပိုင်နိုင်နိုင် ရှိနေတဲ့ "အမျိုးကောင်းသား တစ်ယောက်ယောက်"နဲ့ သူတို့ရဲ့တူမ "တင်သီနိုင်"နဲ့ လက်ဆက်ထိမ်းမြားရေး ...။ ဒီအချက်ဟာ ... တင်သီနိုင် အရွယ်စရောက်ခဲ့ကတည်းက ဒီနေ့ထိ ... သူတို့သုံးယောက်ရဲ့ ဦးနှောက်တွေထဲမှာ နေ့စဉ်နဲ့မပြတ် ရှိနေခဲ့ကြတဲ့ ... "ပန်းတိုင်"ကြီး တစ်ခုလေ ...။

ဦးလေးနှင့် အဒေါ်တို့ထံမှ ထထွက်လာခဲ့တဲ့ တင်သီနိုင်က ... ခြံထဲထိ မယောင်မလည် ရောက်သွားပြီးဟန်တူတဲ့ အစ်ကိုနောက်သို့ပဲ ဆက်လိုက်သွားရကောင်းနိုးနိုး ... တစ်ချက် စဉ်းစားလိုက်သေးသည် ...။ သို့သော် ... ခုချိန်လောက်ဆို ... အစ်ကိုဟာ ... ဟိုးခြံအနောက်ဘက်စွန်မှာ ... သူ့ကြက်တွေ ဘဲတွေနှင့် ... ချွေးသံတရွှဲရွှဲ ... ကြေး(ချေး)အလိမ်းလိမ်းနှင့် ပျော်နေမည့် ... ညိမ်ငယ် **"ပိုင်ပိုင်နိုင်နိုင်"**ထံသို့အထိ ရောက်ချင်ရင်လည်း ရောက်နေလောက်မှတော့မည် ...။ အဲဒီထိတော့လည်း ဆက်မလိုက်ချင်တော့ပါဘူး ...။

www.burmeseclassic.com



ခံစားချက်တွေ အတော်ကြီးကင်း (ကင်းအောင်နေ နေတတ်)သည့် တင်သီနိုင်က ... လူတစ်ကိုယ်လုံး ခံစားချက်တွေ နဲ့ချည်း ဖုံးလွှမ်းနေတတ်သည့် ညီမငယ်ဖြစ်သူကို တတ်နိုင်သရွေ့ ရင်မဆိုင်မိအောင် နေနေတတ်တာက များသည်။ အဲဒါ ဘာဖြစ် လို့လဲ ... ကိုယ့်ကိုယ်ကိုယ်လည်း တင်သီ မသိ ...။ ဒီညီမလေး အငယ်ဆုံးကို ... တင်သီက ကိုယ်ချင်းစာ သနားစိတ်နှင့်အတူ ချစ်ကို ချစ်ရတာတော့လည်း သေချာပါသည် ...။ သူကတော့ သူ့ကို တင်သီက ... တတ်နိုင်သလောက် ခပ်ဝေးဝေးကပဲ နေချင်တာကိုလည်း သိပုံမရ ...။

ညစ်ပတ်သတ် စုတ်ပြတ်နေတတ်ပြီး ... ပျော်ရွှင်မှု ဝမ်းနည်းမှု ...။ တက်ကြွမှု၊ အားငယ်မှု ...။ ဒေါသထွက်မှု ... အေးချမ်းမှု ... စတဲ့ ဆန့်ကျင်ဘက် ခံစားချက်တွေ အမြဲ တစ် လှည့်စီ ရစ်ပတ်လုံးထွေး ဖုံးလွှမ်းနေတတ်တဲ့ ညီမငယ်လိုလူက မှ ... လူပီသတယ် ခေါ်တာလား ...။ ဒါလည်း ဆက်မတွေးတာ ပဲ ကောင်းပါလိမ့်မယ်နဲ့ တူပါတယ် ...။





"လာဖို့ ... ကိုကြီး ... ကြက်ဥယူမလို့လား ..."

"နင့်ရဲ့ ပြဿနာတစ်ချက်က ... နင့်နားကပ်လာကြတဲ့ လူတိုင်းကို နင့်ဆီက ကြက်ဥကို ရည်မှန်းပြီးလာတဲ့သူချည်း ပဲလို့ ထင်နေတတ်တာ တစ်ခုပဲ ..."

"ဟီး ဟီး ဟီး ... ဟား ဟား ... မသိဘူးလေဗျာ ... မဟုတ်ဘူးဆိုလည်း ပြီးတာပဲပေါ့ ... ဟီး ... ဘယ်သိမလဲ ... မမနှင်းတို့ အိမ်ကိုများ ကြက်ဥ ပို့ချင်မလားလို့ပါ ... ဒါဖြင့် ... ဘာခိုင်းမလို့တုံး ... ပြော ... အခုအားပြီ ..."

ထွန်းတင့်နိုင်ရဲ့ ရင်ထဲ"အင့်"ခနဲပင် နင့်သွားမိ သလိုပင် ...။ ဒီအိမ်မှာ ... အိမ်သားခြောက်ယောက် ရှိကြတဲ့ အထဲ ... ကျန်တဲ့ ငါးယောက်ဟာ ... ဒီအငယ်ဆုံးလေး"ပိုင်နိုင့်" ကို ... "ခိုင်းစရာ တစ်ခုခု"နဲ့ ပတ်သက်မှ ချဉ်းကပ်လာတတ်ကြ သူတွေ ... လို့ ... ပိုင်နိုင်ရဲ့ မသိစိတ်ထဲမှာ ... အေးအေးဆေး ဆေးပဲ သေချာပြီးသား ရှိနေတော့တာလား။

သို့သော် ... ထွန်းတင့်နိုင်ကသာ "အင့်"ခနဲ ...၊ "နင့်"ခနဲ ...။ ပိုင်နိုင်ကတော့ ... အဲဒီအဖြစ်အပျက်အတွက် ဘာ မှုလဲ ထူးခံစားပြနေမည့်ပုံ မရတော့ပါပေ ...။

www.burmeseclassic.com



ပိုင်နိုင်ဟာ တင်သီနှင့် မတူပါ …။ ခံစားချက်ခပ်ကင်းကင်းနှင့် နေတတ်သူမျိုး မဟုတ် …။ ပျော်ရင်လည်း "ဝေး" ခနဲ … ဝမ်းနည်းရင်လည်း "အိး"ခနဲ … အင်မတန်မှ စိတ်ရှိလက်ရှိ ခံစားတတ်သူကလေး …။ ခုကိစ္စကိုတော့ မခံစားတတ်တာ မဟုတ် … "ထူး"မနေတော့တာကို ဆိုလိုတာ …။ သဘောကတော့ … ကျန်တဲ့သူ့ထက် အကြီးငါးယောက်ဟာ သူ့ကိုမှဆိုရင် "ခိုင်းဖတ်ကလေး"လို့ သဘောထားပြီးကြပြီပဲ … ဆိုတာကို လက်ခံထားလိုက်နိုင်ပြီလို့ ဆိုလိုတာ …။ တကယ်ပဲ အားလုံးသောအကြီးတွေဟာ … ဒီလိုပဲ ရှိခဲ့ကြတာလား …။ ထွန်းတင့်နိုင်ကိုယ်တိုင်ကရော … ခိုင်းချင်တာ တစ်ခုကလွဲရင် … ဒီအငယ်ဆုံးကလေးနား တစ်သက်လုံး (တကယ်ပဲ) မကပ်ခဲ့မိဘူးပဲလား …။

"ခိုင်းမလို့လည်း မဟုတ်ပါဘူးဟာ … နင်ကလည်း …"

"ဒါဖြင့် ဘာတုံး … ဟီး … သိပြီ … မမနှင်းနဲ့ မခေါ်ကြပြန်ဘူး"

"မဟုတ်ပါဘူး … အပေါ်မှာလေ … ဟိုမှာ … သူတို့တစ်ဆိတ်ရှိ … တင်သီ့ကိုပဲ စပ်နေဟပ်နေကြပြန်ပြီ … မကြားချင်လို့ ရှောင်ဆင်းလာတာ … နင့်နား နေရတာကမှ စိတ်ချမ်းသာသေးတယ် … စိတ်ကောက် ဒေါသထွက် … ဝမ်းနည်းအားငယ်တာတွေ မရှိရင် … ဟီး … ဟီးနဲ့ … နင့်အစ်ကို ဖြစ်ရတာကမှ တင်သီ့အစ်ကို ဖြစ်ရတာထက် စိတ်ရှင်းတယ် … တင်သီ့ အစားတော့ … မျက်နှာလည်း





ပူ … စိတ်လည်းညစ် …။ သူလည်း ဘယ်လိုစိတ်နဲ့ နေနေလည်း မသိတော့ဘူး …"

"မမက ဒီလောက် အေးတာ …"

"အေး … အဲဒီလောက် အေးနေတာကိုကပဲ အံ့သြစိတ်ပျက်စရာ …"

"အေးလေ … နော် … အချိန်တန် အရွယ်ရောက်လို့ချည်းအကြောင်းပြ,ပြပြီး … မမကိုပဲဖွတ် …။ အမှန်က ကိုကြီးကမှ မမထက် အကြီးဟာကို … ပြီးကျ မမနှင်းနဲ့လည်းကြိုက်နေကြတာ ကြာ,ကြာလှပြီ … သူတို့ သိသိကြီးနဲ့ … အဲဒါကျ အရင်မလုပ်ဘူး … သဘောပဲ မတူချင်သလိုလိုဘာလိုလို …"

ပိုင်နိုင်က ဦးလေး၊ အဒေါ်တို့ရဲ့ အတင်းကိုပစ်ပစ်နှစ်နှစ် မဲ့မဲ့ရွဲ့ရွဲ့ (သို့သော် ခပ်တိုးတိုး) တုတ်လိုက်မိပြီးမှာ … ခြံထဲမှာ ဒီတိုင်းကြီး စိတ်ပျက်လက်ပျက်ကြီး ထိုင်ချလိုက်သည့် … ကိုကြီးထွန်းတင့်နိုင်ကို ကြည့်ကာ … "အိး"ခနဲ အားနာစိတ်တစ်ချက် ဝင်သွားမိပါသည် …။ အမယ်လေး … ညံ့လိုက်တဲ့ဒေါ်ပိုင့်နိုင် …။ အဖြစ်မှန်တွေကိုလည်း သိရက်နဲ့ … ဒီပါးစပ်ကိုက လူမှုရေးကို မသိတတ်တာပါ …။

ထွန်းတင့်နိုင်က … သူ့ဘာသာသူ ပြောချင်ရာတွေလျှောက်ပြောပြီးမှ … မျက်နှာပူ အားနာသလိုကြီး ပြန်ဖြစ်နေပြန်သည့် ညီမငယ်ရဲ့ လျှာထွက်ထွက် ကုပ်ဖုပုဟန်ပန်ကို မသိချင်

www.burmeseclassic.com



ယောင်ဘဲ ဆောင်နေပေးလိုက်ပါသည် ...။ မြေကြီးပေါ် ဒီတိုင်းကြီး ထိုင်ချဖြစ်လိုက်သည်မို့ ... ခင်းထိုင်ဖို့ ဖျာစုတ်လေးတစ်ချပ် လှမ်းပေးလိုက်တာကိုလည်း မသိချင်ယောင်ဘဲဆောင်ကာ လှမ်းယူထိုင်ချလိုက်သည်။ အမှန်ကတော့ သူ့ဖျာကမှ မြေကြီးထက်တောင် ပိုညစ်ပတ်နေသေးတော့တာများ ...။

ပိုင်နိုင်ကတော့ အစ်ကို ဖြစ်သူကို အားနာနာနှင့် ... ဖျာလှမ်းပေးပြီးတာနဲ့ ... ကြွပ်ကြွပ်အိတ်တစ်လုံးကို ဆွဲယူကာ ... ကြက်ခြံထဲ လှမ်းဝင်လာခဲ့လိုက်သည်။ ပိုင်နိုင့်မှာ ပိုင်နိုင်တဲ့အရာတွေဆိုလို့ ... ဒီကြက်ခြံ၊ ဒီကြက်နဲ့ ဒီကြက်ဥတွေပဲ ရှိတဲ့ဟာ ... လူတစ်ယောက်ယောက်ကို မျက်နှာချိုသွေးချင်ရင်ပဲ ဖြစ်ဖြစ် ... ခင်မင်နှစ်လိုရင်ပဲ ဖြစ်ဖြစ် ...၊ ဖားချင်တာမျိုး ...၊ ကိုယ့်ဘက်က အကူအညီတောင်းစရာရှိနေတာမျိုး ...၊ သနားတာမျိုး ...၊ ဘာပဲဖြစ်ဖြစ် ... ပိုင်နိုင့်ရဲ့ ကြားခံပစ္စည်းသည် ... ကြက်ဥ ...။ ခုလည်းပဲ ကြက်ဥဆယ့်ငါးလုံးလောက်ကောက်ပြီး ... ကိုကြီးကို ပေးမည် ...။ သူ့ကောင်မလေးကို လက်ဆောင်ပေးခိုင်းမည် ...။ ကိုကြီးက "မလိုပါဘူး"ဆိုကာ မယူရင်တောင် ညနေကျမှ ... ပိုင်နိုင် ကိုယ်တိုင် သွားပေးမည် ...။

တကယ်ကတော့ ... ပိုင်နိုင်တို့ မောင်နှမတွေရဲ့ ဦးလေးတို့ အဒေါ်တို့ အုပ်ထိန်းသူတွေဟာ ... မမတင်သီကို "အချိန်မှာန် အရွယ်ရောက်လို့ ... သီးချိန်တန်သီး ...၊ ပွင့်ချိန်တန်ပွင့် ..."လုပ်နေကြတာမှ မဟုတ်ဘဲ ...။ သူတို့ကိုယ်တိုင်တွေ





သည်ပင်လျှင် သူတို့ရဲ့ သီးချိန်ပွင့်ချိန်တွေကို အရေးမစိုက်ခဲ့ကြသည့် လူပျိုကြီး၊ အပျိုကြီးတွေ ...။

ကိုယ်တိုင်တွေက အာဂါဟာဝိဝါဟာကို စိတ်မပါခဲ့ပါဘဲ ... တူမအလှည့်ကျမှ တအားကြီး အားတက်သရောတွေ ဝိုင်းဖြစ်နေကြရတာက အကြောင်းရှိတယ်လေ ...။ ရှင်းရှင်းလေးပဲ ... ဒီတူမကို မှီစားပြီး ငြိမ်းချမ်းအေးဆေးချင်ကြပြီမို့လို့ ...။ "တစ်သက်လုံး ... တာဝန်ယူ ကြည့်ရှုစောင့်ရှောက်လာခဲ့ကြရတာ ညောင်းပြီ ..."တဲ့ ...။ ခု ... တစ်လှည့်ကတော့ ... ဒီဦးလေးတွေ အဒေါ်တွေရဲ့ အိုဇာတာတွေအတွက် ... ကလေးတွေရဲ့အလှည့် ... အထူးသဖြင့်ကတော့ ... မမတင်သီ့ အလှည့် ... ရောက်ပြီ ... တဲ့ ...။

ကိုကြီးထွန်းတင့်နိုင်ကိုကျတော့ အကြီးဖြစ်ရက် ... ဘယ်အရင်ကြိစည်ပေးကြပါ့မလဲ ...။ ကိုကြီးက ယောကျာ်းလေးကိုး ...။ အိမ်ထောင်ပြုပြီးတာနဲ့ ... သူများသားသမီးကို ... ကိုယ့်တူသားကသာ လုပ်ကျွေးပေးကမ်းရတော့မှာ ထုံးစံကိုး ...။ "ပွဲတောင် ပါသွားဦးမဲ့အလုပ် ... တို့ မလုပ် ..."ပေါ့။ ဘာအပြစ်မှ မရှိရှာသည့် တစ်ရပ်ကွက်တည်းသားချင်း မမနှင်းကို "ဆင်းတောင့်ဆင်းရဲ ... အဆင့်အတန်းမတူ"ဆိုတဲ့ အပြစ်နဲ့ ပယ်ချထားကြသည် ...။ ပြောရရင် ... ကွာတာလည်း မဟုတ် ...။ ဟိုကလည်း ဒီလောက်ကြီး မွဲတေနေတာ မဟုတ်သလို ... ကိုယ်ကလည်း ဘာမှ ... ဟုတ်တာမဟုတ် ...။

www.burmeseclassic.com



အဲဒီ ဦးလေးနဲ့ အဒေါ်တွေဟာ "ဂုဏ်"တို့ "ငွေ" တို့ကို မက်,မက်လွန်းတာပါ ...။ ကျေးဇူးရှိတာကတော့ ဟုတ်တာပေါ့ ... ဒီမိဘမဲ့ တူ,တူမတွေကို ပိစိပေါက်စ ဘဝကနေ သူတို့ပဲ တစ်သက်လုံး ကျွေးမွေးပြုစု စောင့်ရှောက်လာခဲ့ကြတာဆိုတော့လေ ...။ ဒါပေမဲ့လည်း ပိုင်နိုင်နဲ့ကတော့ တစ်သက်လုံးတည့်တယ်ရယ် မရှိပေါင် ...။ မတည့်ဆို သူတို့ကလည်း ပိုင်နိုင်မို့ဆို ... ဖိနှောင်ချောင်ထိုးပြီး စာရင်းမဝင် ... လူထဲမထည့် ... ဖိထားချင်ကြတာ ...။ ပိုင်နိုင်ကလည်းပဲ ပိုင်နိုင် ...။

ဥပမာဆို ... အဒေါ်တွေ ဦးလေးတွေ ... ဒီမိဘမဲ့ သုံးယောက်ကို တစ်သက်လုံး ပြုစုစောင့်ရှောက်လာကြတာဟာ ... "ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တာပါ"ဆိုတဲ့ အတွေးမျိုး ကိုကြီးနဲ့ မမတို့မှာ ရှိကြပုံမှ မရဘဲ ...။ ဘာပြောပြော နားထောင် ...။ အထွန့်တက်ချင် တက်မိမည် ဖြစ်သော်လည်း ... နောက်ဆုံးကျတော့ လက်ခံခေါင်းညိတ် ...၊ ကျေးဇူးတွေတင် ... ကျေးဇူးတွေသိ ...။ ဒီလိုပဲ ကြီးပြင်းလာခဲ့ကြတာပဲဟာ ...။

ပိုင်နိုင်ကသာ ... အငယ်ဆုံးဖြစ်ရက် ...

"ဦးလေးက သူ့တစ်သက်လုံး ဘာအလုပ်တစ်ခု ဟုတ်တိပတ်တိ လုပ်ဖူးတယ်ရယ် ရှိလိုက်လို့လဲ ... ဒေါ်လေးကြီးက ငွေတိုးချေး ... ဒေါ်လေးငယ်က ရုံးမှာလုပ် ... ဆိုတာရော ... ဒီလောက် စီးပွားဖြစ်လုပ်ငန်းကြီးတွေ မို့လို့လား ... ကလေးသုံးယောက်ကို ကြည့်ရှုစောင့်ရှောက်ခဲ့ကြတယ်ဆို





တဲ့ ပိုက်ဆံငွေကြေးတွေဟာ ... သူတို့လည်း ပိုင်သလို ... ဒီကလေးတွေရဲ့ မိဘတွေနဲ့လည်း သက်ဆိုင်နေတဲ့ အမွေဆိုင်ခြံမြေတွေကို တတိတိ ... တဖွဲဖွဲ ... ပိုင်းရောင်း ... ငှားယမ်းပြီး ... သုံးစွဲလာခဲ့ကြရတာတွေပဲ ..."

ဒီလိုမျိုး ကလန်ကဆန် ကျေးဇူးကန်းစကားတွေကို ကျိတ်ကျိတ်ပြောတတ်သူမို့လည်း အစ်ကိုနဲ့ အစ်မဟာ ... ပိုင်နိုင့်နား သိပ်မကပ်ရဲခဲ့ကြတာ ဖြစ်ပေမည် ...။ ပြီးတော့လည်း ရှိသေးတာပေါ့လေ ...။ ကိုကြီးနဲ့ မမတို့ရဲ့ မိဘတွေက သူတို့ချစ်တဲ့ အစ်ကိုနဲ့ယောက်မ ...။ သူတို့နှစ်ယောက်က တစ်မိတည်းပေါက်။ ကားမှောက်ဆုံးပါးသွားကြတဲ့ အစ်ကိုနဲ့ ယောက်မတို့ရဲ့ အဖြစ်ဆိုးကြောင့် ... ကိုကြီးရော မမရောဟာ ဦးလေး အဒေါ် လူပျိုကြီး၊ အပျိုကြီး သုံးယောက်လုံးရဲ့ အကြင်နာ အချစ်ခင်တွေနဲ့ ကရုဏာတွေကို ငယ်ကတည်းက စုရကာ ... ဖူးဖူးမှုတ် ချစ်ခင်အလိုလိုက်ခံခဲ့ကြရသူတွေ ...။

ပိုင်ပိုင်နိုင်ကတော့ ... မောင်နမပင် တော်သော်ငြား၊ တူမရင်းပင် တော်သော်ငြား ... သပ်သပ် တစ်မိပေါက်လေ ...။ ပိုင်နိုင့် ဖေဖေဟာ ငယ်ကတည်းက ပြောမရ ဆိုမရတဲ့ ... သူတို့အမြင်ကတ်ကြသော မောင်ဆိုး၊ ညီဆိုး ...။ အိမ်ထောင်ကျတော့လည်း ... သူတို့ ပြောပြောနေကြတဲ့ ဂုဏ်အဆင့်အတန်း၊ ငွေအဆင့်အတန်းသာမက ... ရုပ်ရည်အဆင့်အတန်းပါ မတူမတန်တဲ့ အမေနဲ့မှ ... ဆိုတော့ကာ ...။

www.burmeseclassic.com



ပိုင်နိုင်ရဲ့ ဖေဖေကလည်းပဲ … သူ့ဘယ်သူချစ်ချစ် မုန်းမုန်း ဂရုစိုက်နေတတ်သူမှ မဟုတ်တာ …။ အစ်ကိုနဲ့ယောက်မ တို့ရဲ့ အဖြစ်ဆိုးကြောင့် မိဘမဲ့ တူ့တူမလေးနှစ်ယောက်ကို လက်ခံစောင့်ရှောက်လိုက်ရပြီး … အကြင်နာ အသနားတွေရော… "အလုပ်ရှုပ်မှု"တွေပါ ပိုနေကြတဲ့ … ဦးလေးနဲ့ အဒေါ်တွေထံ… နောက်ထပ် ပေါက်စနလေးတစ်ယောက် လက်ဆွဲရောက်ရှိလာပြီး …

"သူ့ပါ စောင့်ရှောက်ပေးလိုက်ကြ… ကောင်းကောင်းကြည့်"

ဒီ့လို အထက်စီးက ခပ်မာမာအပြောနဲ့ ပြန်ပျောက်သွားခဲ့တာပါတဲ့ …၊ အဲဒီအချိန်မှာ … သူတို့ သဘောမတူခဲ့ကြတဲ့ ဂုဏ်ရည်၊ ငွေရည်၊ ရုပ်ရည်မတူ ယောက်မကတော့ … ဆုံးပါးကွယ်လွန်ခဲ့ပြီးပြီ …။ ဘယ်တတ်နိုင်မှာလဲ … ဒေါသတကြီးကြီးတွေနဲ့ … နောက်ပေါက်စတစ်ယောက်စာ … ထပ်အလုပ်ရှုပ်ခံကြရပြန်တာပေါ့လေ …။

ဒါပေမဲ့ ပိုင်နိုင်ဟာ ငယ်ကတည်းကကို သိခဲ့ … နားလည်ခဲ့ပြီးသားပါ …။ ချောမောလှပနေကြပြီး … ကရုဏာသက်ချင်စရာ … နာခံလွယ် တူ့တူမ … မောင်နှမနှစ်ယောက်နဲ့ …၊ မည်းတူး၊ ရုပ်ဆိုး၊ တာတေလန်၊ တစ်ခွန်းမခံ၊ တစ်ခါမှ ပြန်မမြင်ဘူးတော့သော်လည်း တစ်နေရာရာမှာတော့ဖြင့် ရှိနေနိုင်သေးတဲ့ အဖေ့အားကိုးနဲ့ … "ငါ မိဘမဲ့တစ်ယောက် မဟုတ်ဘူး…" ရယ်လို့ စိတ်မာထားတတ်တဲ့ … ပိုင်နိုင်နဲ့ …။ ဒီဦးလေး အဒေါ်





တွေဟာ အတော်ကြီးကို ဘက်လိုက်၊ ခွဲခြားပြီး ကြည့်ရှုအုပ်ထိန်းခဲ့ကြတာပါ …။

လေး၊ငါး၊ဆယ်နှစ်သမီးတည်းက … ဖူးစင်ထူးခြားချောမောနေပြီဖြစ်တဲ့ မမ … ဟာ မိန်းကလေးဖြစ်ရက် … ဘာအလုပ်မှကို မလုပ်ခဲ့ရ …။ ကိုယ်စားသည့် ထမင်းပန်းကန်တောင်ကိုယ် မဆေးရ …။ ကိုကြီးကတော့ ယောကျာ်းလေးဆိုတော့ … ပိုဆိုးပေါ့ …။ သွားလေသူ အစ်ကိုကြီးနှင့် ချွတ်စွပ်မို့ … တစ်နေ့မှာ ကောင်းစားထွက်မြတ်မည့်သူမှန်း သေချာကာ … ယောကျာ်းလေးရယ်လို့ အပြင်အလုပ် … ဆိုတာမျိုးလည်း သိပ်မခိုင်းဖူးခဲ့ကြတာပါ …။ မည်းတူရုပ်ဆိုးပြီး … ဂျစ်ကန်ကန် အရွယ်ရောက်လာတဲ့ ပိုင်နိုင်သည်သာ … အိမ်ထဲအလုပ်ရော … အပြင်အလုပ်များကိုပါ … (ငယ်ရွယ်စဉ်က) ကူသင့်ကူထိုက်သူ …။ (အရွယ်ရောက်လာတော့) လုပ်သင့်လုပ်ထိုက်သူ …။

ပိုင်နိုင်ကတော့ ထင်သည် …။ ဒီဦးလေး အဒေါ်တွေဟာ… ပြောနိုင်တာမဟုတ် …။ ကြီးပြင်းလာရင် … ခုလိုဈေးကောင်းပေးဝယ်နိုင်မည့် သူတွေထံ လေလံတင်ရန် ရည်ရွယ်ချက်နဲ့များ … မမကို … ခြေမွေးလက်မွေး မီးမလောင် …၊ နေပြောက်မခ …၊ လေစိမ်းမတိုက်အောင် တယုတယ မွေးမြူစောင့်ရှောက်ခဲ့ကြလေသလား မသိပေ …။ ကလေးက … လေး၊ငါး၊ဆယ်နှစ်သမီးလေးလောက်ကတည်းက … သူတို့မှာ … အဲဒီအကြံတွေနှင့် … ပြည့်နှက်နေခဲ့တာမျိုး ဖြစ်နိုင်သည် …။

www.burmeseclassic.com



ခုကျတော့ … အကြံအောင်ချိန် ရောက်လုပြီလေ …။ သူတို့ မျှော်လင့်သလို အထွတ်အထိပ်တော့ဖြင့် မဟုတ်သေးပေမဲ့ … သူ့ဟာလေးနဲ့သူ ပညာအဆင့်အတန်း … အလုပ်အကိုင်လေး မဆိုးတော့ပြီဖြစ်တဲ့ ကိုကြီးကိုကျတော့ … ဦးလေးထုံးနှလုံးမူကာ လူပျိုကြီးဘဝနဲ့ … သူတို့အပေါ်က မခွာစေချင် …။ မြင်သူတိုင်း "ခေါက်"ခနဲ ပစ်လဲကျလောက်တဲ့ မမကိုကျ … အမြင့်တကာ့ အမြင့်ဆုံးနဲ့ရကာ … ကျေးဇူးရှင်များရဲ့ တာဝန်ကို ပခုံးပြောင်းထမ်းယူစေချင် …။

ပိုင်နိုင်ကလည်း ပိုင်နိုင်လေ …။ စိတ်နာနာနဲ့သာ "ငါ့အဖေလည်းဆိုင်တဲ့ မိဘဘိုးဘွားပိုင်တွေဟာပဲ …"ဘာညာ လျှောက်တွေးခဲ့ပေမဲ့ …ကလေးပီပီတစ်ယောက်ကို ကြီးပြင်းအရွယ်ရောက် ပညာစုံအောင် … ငွေအားမဟုတ်တဲ့ … လူအားတာဝန်ယူရမှုကကော … နည်းလား …။ စိတ်ကောင်းလေး ဝင်ချိန်မှာ ဒါမျိုးတွေ တွေးနိုင်တတ်တာလည်း ရှိသေးတော့ …"မမကို အိမ်ထောင်ချပြီး အားလုံး ဝိုင်းထိုင်စားကြမယ်"ဆိုတဲ့ ပေါက်ကရအကြံဉာဏ်ကြီးကို စကြားရကာစက … ကလေးပီပီ မနေဘဲ … စကားဝိုင်းထဲ အတင်းကို ဝင်ပါပစ်ကာ …

"မမက မယူချင်လည်း အတင်းမပေးစားကြပါနဲ့လား … ဒေါ်လေးတို့ ညောင်းရင်လည်း ဘာအလုပ်မှ မလုပ်ချင်မလုပ်ကြနဲ့တော့လေ … ဒီခြံကြီးကို ရောင်းပစ်မယ် … ဈေးတော်တဲ့နေရာလေးမှာ ပြန်ဝယ် … မမကလည်း အလုပ်





နဲ့ အကိုင်နဲ့ပဲ ဘာမှပူစရာမရှိဘူး … ပိုင်နိုင်လည်း အဝေးသင်ပဲတက်မှာ … ခု မွေးမြူရေးလုပ်ငန်းလေးစဖို့ အားလုံးပြင်ဆင် စီစဉ်ပြီးပြီ … မှမ အလုပ်လုပ်တာရယ် … ပိုင်နိုင့်ကြက်ခြံရယ် … အိမ်ရောင်းလိုက်လို့ ပိုထွက်လာမဲ့ ငွေကလေးနဲ့ အိမ်ဆိုင်လေးတစ်ခုပါ လုပ်ထားလိုက်ရင် … ဘာမှပူစရာ မရှိဘူး … မဟုတ်ဘူးလားဟင်"

ကောင်းမလားလို့ ဝင်ပါမိကာမှ … ပျားအုံကို တုတ်နဲ့ထိုးမိတဲ့ အဖြစ်ထက်ပင် ပိုဆိုးသွားရသေးကာ …

"အမယ်လေးလေး … ခြံကြီးရောင်းပစ်တဲ့ … သူ့အိမ် သူ့ရာ ကျနေတာပဲ စိမ်နေလိုက်တာ … အသက်ကြီး၊ကြီးကာမှ … ကျေးဇူးရှင်စောင်မ,လို့ … အဆင့်အတန်းက ဝုန်းခနဲ နိမ့်ကျရချေဦးမယ် …"

"ကြက်မွေးပြီး လုပ်ကျွေးမယ်တဲ့ … အိမ်ဆိုင်လေးဖွင့်တဲ့ … ဘုရား ဘုရား … ဘယ်လိုအမေမျိုးရဲ့ သမီးလဲဆိုတာ … ပြောပြနေဖို့ကို မလိုဘူး … ဗီဇက ပြထည့်လိုက်တာလေ … ပေါက်ပေါက်ရှာရှာတော် … အောက်တန်းကျလိုက်တာ…"

"နေပါဦး … နင်စီမံရာကို ငါတို့က နာခံရမှာလား … ငါတို့ ချမှတ်ထားတဲ့ စည်းကမ်းထဲမှာ နင်က နေရမှာလား … ဘယ်သူက ဦးလေးလဲ … ဘယ်သူက တူမလဲ …"

တစ်ယောက် ဆယ်ပေါက်လောက် ပွက်ပွက်ညံထွက်သွားကြပြီး သကာလ … ဦးလေး အဒေါ်တွေ စီစဉ်တဲ့ အိမ်

www.burmeseclassic.com



ထောင်မျိုးကို လက်သင့်ခံချင်ဟန်မရှိတဲ့ မမကပင် ... ပိုင်နိုင့်ဘက်က ပါဟန်မရှိသောအခါ ... ဒီကိစ္စနဲ့ ပတ်သက်ရင် နောက်တစ်ခါ ဘာမှ ဝင်မပြောမိတော့ဖို့ ... ပိုင်နိုင်က ကိုယ့်ကိုယ်ကိုယ်ပဲ ဆုံးမချိုးနှိမ်ရတာပင် ...။ ဒါပေမဲ့ ... ပိုင်နိုင်က ... နောက်ဖေးခြံထဲဘက် မြေပိုတွေမှာ ... ပိုင်နိုင် ရည်မှန်းတဲ့ မွေးမြူရေးလုပ်ငန်းလေးကိုတော့ ... စလုပ်ဖြစ်အောင် လုပ်ခဲ့သည် ...။ ငြိုငြင်တားမြစ် ... ပိုက်ဆံလည်း တစ်ပြားမှ ထုတ်မပေးတဲ့ကြားက လုပ်ဖြစ်အောင်ကို လုပ်သည် ...။ (ပိုင်နိုင် ကြီးပြင်းလာမှ ကိုယ့်ဘာသာ ပြန်လည်ရှာဖွေဆက်သွယ်ယူခဲ့တဲ့ ... အမေ့အမျိုးတွေဆီက အကူညီကိုတော့ မသိမသာ တစ်ဖက်လှည့်နဲ့ ယူလိုက်ရတာပေါ့လေ ...။)

ခုတော့ ပိုင်နိုင်ရဲ့ ကြက်ခြံလေးက ... အောင်မြင်သင့်သလောက် အောင်မြင်ကာ ... အိမ်စားလည်းရ ...၊ ဝင်ငွေလေးကလည်းမဆိုး ...။ (ပိုင်နိုင်ဟာ ကိုယ့်အသုံးစရိတ်၊ ကျောင်းစရိတ်အတွက် အဒေါ်တို့ထံ ပြန်လက်မဖြန့်ရတော့တဲ့ပြင် ... မီးဖိုချောင်စရိတ်ထဲမှာတောင်မှ ကြုံရင် ကြုံသလို ဝင်,ဝင်စိုက်ပြီး ... ပြန်မတောင်း ... အမေ့ခံ ... စသဖြင့်တွေ ရှိလာနိုင်ပါပြီ ...။) ခါတိုင်း ပြုမူဆောင်ရွက်နေကျ လုပ်ငန်းဆောင်တာများလည်း မထိခိုက် မယစ်ဟင်း ...၊ ပညာရေးအရလည်း ဘွဲ့တစ်ခုရဖို့ မဝေးတော့ပြီ ဖြစ်တဲ့အခါ ... လူကြီးတွေက ကြက်ခြံကြီး ... သူတို့ခြံထဲ ... (အဆင့်အတန်း နိမ့်နိမ့် ... အောက်တန်း ကျကျ) ရောက်ရှိနေတာကို သိပ်အပြစ်မပြောကြတော့ပြီ ဖြစ်ပါသည် ...။





စကာစကတော့ ... ချလိုက်ရတာဆိုတဲ့ ... ရန်ပွဲတွေ ...။ နောက်ဆုံး ကိုကြီးက ... "သူကိုယ်တိုင်ကိုရော ... သူများကိုပါ အနှောင့်အယှက်မရှိရင်လည်း ... လုပ်ရင်လုပ်ပါစေဗျာ ... လောင်းကစားလုပ်တာ ... ချဲထိုးတာလို မကောင်းမှုမျိုးမှ မဟုတ်တာ ... လုပ်ပါစေ ..."လို့ တစ်ခွန်း ဝင်ပြောလိုက်ပေလို့သာပေါ့ ...။ အရွယ်ရောက် ပြည့်စုံလာတဲ့ တူတော်မောင်ကို ... အိမ်ထောင်ရေးတစ်ကိစ္စနဲ့ ဆန့်ကျင်ထားရသလို ရှိနေတဲ့ ဦးလေးအဒေါ်တွေဟာ ... တခြား ကျန်ကိစ္စတွေမှာတော့ ... သိပ်ကြီးဆန့်ကျင်မနေချင်တော့တဲ့ စိတ်တွေ ရှိနေကြပေလို့သာပါ ...။ သို့ပေမဲ့ ... အဲဒီကတည်းက ဦးလေး အဒေါ် သုံးယောက်လုံးရဲ့ ပိုင်နိုင့်ကို ခေါ်ဝေါ်ကြသော နာမ်စားက ... "ကြက်ချေးမ ..."။

ဘာဖြစ်တုံး ...။ "ကြက်ချေးမ"... မကလို့ ဘာပဲဖြစ်ဖြစ်ပါ ...။ အရေးကို မစိုက် ...။ အဲဒီ ကြက်ချေးတွေ ပေနေတဲ့ ကြက်ဥကျတော့ ... သူတို့တွေပဲ ရေဆေးပြီး မစားကြတာလိုက်လို့ ...။ ဟား ဟား ဟား ...။

ပိုင်နိုင်က ကြက်ဥတွေနဲ့ ပြည့်သွားပြီဖြစ်တဲ့ ကြွပ်ကြွပ်အိတ်ကလေးကို အောက်ခြေကနေ ခပ်ဖွဖွ မ,ကိုင်ကာ ... ငုတ်တုတ်ကြီး ဆက်ထိုင်နေဆဲဖြစ်တဲ့ အစ်ကိုဖြစ်သူနားသို့ ပြန်လှမ်းလာခဲ့လိုက်သည် ...။

"ဒါ မမနင်းတို့ အိမ်ဖို့လေ ... ကိုကြီး ယူသွားမလား ... ပိုင်နိုင် ညနေကျမှ လမ်းထိပ်ထွက်ရင်းနဲ့ ဝင်ပေးလိုက်ရမလား ..."

www.burmeseclassic.com



"နင်ပဲ သွားပေးချင် ပေးလိုက်ပါ ညီမရယ် ..."

"ဟုတ် ... ဒါဆို သေချာပြီ ... ကိုကြီးတို့ ရန်ဖြစ်ထားကြပြန်ပြီ ..."

ပိုင်နိုင်က "ဟီး"ခနဲ တစ်ချက်ရယ်လိုက်မိပြီးမှ ... "အေးလေ"ဟု သဘောပေါက် နားလည်သလိုလို ရှိရပြန်ပါသည် ...။ တွဲလာကြတာ ကြာပြီ ... ပညာစုံလို့ ... အလုပ်အကိုင်ကလည်း ကိုယ်စီအခြေတကျ ဖြစ်နေကြပြီ ... ခုထိ "လက်ထပ်ကြစို့"လို့ စကားမဆိုနိုင်သေးတဲ့ ယောကျ်ားလေးကို ... ဘယ်မိန်းကလေးရှင်က ကြည်ဖြူချင်တော့မတုန်း ...။ ဘယ်မိန်းကလေးကကော ကြည်လင်တော့မတုန်း။ မမကျတော့ ... မယူချင်တဲ့ဒုက္ခ ...။ ကိုကြီးကျတော့ ယူချင်တဲ့ဒုက္ခ။ ပိုင်နိုင်ပဲ အေးတယ် ...။

ပိုင်နိုင့်ကို ငယ်ကတည်းကနေ ခုထိ နှိမ်နှက် ချွဲခြားပြီး ဆက်ဆံခဲ့ကြတဲ့ ဦးလေးနဲ့ အဒေါ်တွေဟာ ... ဒီလို ဒုက္ခဆိုးကြီးမျိုးတွေကိုကျတော့ သူတို့ သည်းတုန်အူတုန် ချစ်ကြတဲ့ တူနဲ့တူမကိုပဲ ခံစားစေကြလို့သာ တော်တော့တာပေါ့ ...။ အဲ ...။ ဒါပေမဲ့ ... မမက ခုထက်ထိ မထွက်သေးလို့များ ပိုင်နိုင့် အလှည့်ဆိုတာမျိုး ရောက်မလာသေးတာလား ...။ ပုံပါသွားမည့်တူမကျ ... လူပျိုကြီး ...။ ဖြည့်တင်းနိုင်မဲ့ တူမကျ အိမ်ထောင်ပြု ဆိုမှတော့ ... တော်ကော်ကြာ မမ အလှည့်ပြီးသွားရင် ... "နင့်အလှည့်"ဆိုရင်ကော ...။





ပိုင်နိုင်က စိတ်ညစ် စိတ်ရှုပ်သလိုလေး တစ်ချက်ဖြစ်သွားမိပြီးမှ ... အေးချမ်းသော်လည်း ... အရယ်အပြုံးကင်းသည့် မမတင်သီရဲ့ မျက်နှာလေးကို ပြန်မြင်ယောင်ကာ ... သနားစိတ်တွေ "တဖွားဖွား"ပင် ပေါ်ပေါက်လာမိပါသည်။

လူကြီးတွေ မက်လောက်စရာ "ဘော်ဇာ"ကြီးတစ်ယောက်နဲ့ ပိုင်နိုင်က အိမ်ထောင်ကျ ...၊ ဒီလောက် ဂုဏ်တွေ ငွေတွေ မက်နေကြတဲ့ ဦးလေးနဲ့ အဒေါ်တွေကို အဲဒီဘော်ဇာကြီးရဲ့ ဂုဏ်တွေ ငွေတွေနဲ့ ဖိုဖိထားနိုင်လိုက်ရင်တော့ ... ကိုကြီးနဲ့ မမတို့ ... စိတ်ဆင်းရဲနေကြရတဲ့ အဖြစ်တွေက လွတ်သွားကြလောက်မယ် ထင်တယ် ...။

"ပိုင်နိုင်ဖြင့် ကိုကြီးနဲ့ မမတို့ကို သနားလွန်းလို့ ... ဦးလေးတို့ရဲ့ အိမ်ထောင်ရေး အစီအစဉ်ကြီးထဲမှာ ... ကိုယ်က အငယ်ဖြစ်ပေမဲ့ အရင်ပဲ အနစ်နာခံပေးလိုက်ရင်များ ကောင်းမလား ... လို့တောင် ခဏ ခဏ စဉ်းစားမိတယ် ... အဟုတ် သိလား ..."

ထွန်းတင့်နိုင် ခမျာ ... ညီမ အငယ်ဆုံးလေး ... "ကြက်ချေးမ"ကို ကြည့်ပြီး ... ရယ်ကလည်း ရယ်ချင် ... သနားကလည်း သနား ...။ "အဲဒီဟာမလေးက စိတ်ပါသိပ်မှန်လှတာ မဟုတ်ပါဘူး ... မျိုးရိုးကမှ မကောင်းတာ ... ခေါင်းထဲမှာ ရူးပေါပေါစိတ်ပဲ ရှိတယ် ... သူ့သွားသနားမနေနဲ့ ... ကိုယ်ပါ အရူးဖြစ်မယ် ..."ဆိုတဲ့ အဒေါ်နှစ်ယောက်ရဲ့ စကားဟာ တစ်ခါတလေတော့ မှန်များနေမလား ... လို့ ...။

www.burmeseclassic.com



တင်သိုလို ... ရွှေမင်းသမီးရှုံးသူ တစ်ယောက်ကို အစွဲထုတ်ပြီး မှိုခိုကြရေး ... အစီအစဉ်ကြီးမှာ ... သူကတောင် ဝင်အနစ်နာခံပေးလိုက်ဦးမတဲ့ ...။ ဖြစ်ရလေ ... ပိုင်နိုင်ရယ် ...။ တကယ်တော့ ... ထွန်းတင့်နိုင်ရဲ့ ညီမအငယ်ဆုံးကလေးဟာ ... ထွန်းတင့်နိုင်တို့ မိသားစုဘက်သို့ မလိုက်ဘဲ ... သူ့အမေဘက်ပဲ လုံးဝလိုက်သွားတာမို့ ... "ငါတို့မောင်ရဲ့ သမီးမှ ဟုတ်ရဲ့လား တောင် မသိပါဘူး ..."ဟု အဒေါ်များကတောင် သြချ ... စိတ်ပျက်ခဲ့ကြရသူကလေး ...။

မည်းခြောက်ခြောက် ... ပြားချပ်ချပ် ... ပုသေးသေး ကလေး ဖြစ်နေရတဲ့အထဲ ...။ နှာခေါင်းလေးက ယောင်ယောင် ပြား ...၊ နှုတ်ခမ်းလေးက ခပ်ထော်ထော် ...၊ မျက်စိကျဲတော့ မှေး တေးတေး ... ဟူသည့် ကြန်အင်များနှင့် ပြည့်စုံနေသူလေးသာ တည်း ...။





အခန်း(၂)

"ဟ ... သွားပြီကွ ..."

အောင်ဇော်က အကျယ်ကြီး ထအော်ထည့်လိုက်သည့် ... **"ညီနောင်ဘွား"**ကို အလန့်တကြား လှည့်ကြည့်လာကာ ... "ဟေ့ကောင် ... ဘာလဲကွ ... ရုတ်တရက်"ဟု မေးကြည့်လိုက်ပါသည် ...။

"ဟိုမှာလေ ... ငါတို့ရှေ့မှာလည်း ကားတွေ ... နောက်ဘက်မှာလည်း ကားတန်းကြီး ဖြစ်သွားပြီ ... မျက်နှာချင်းဆိုင် လာနေကြတဲ့ ကားတွေကလည်း မရှောင်သာ၊ မကွေ့သာ ...။ သွားပြီကွ ... ဖြတ်လမ်းဆိုပြီး ဝင်ချလိုက်မိကာမှ ... လုံးဝပိတ်မိနေပြီ ... အလျှင်လိုလို့ ... အနှေးဖြစ် ..."

"မဟုတ်သေးပါဘူး ... ဟာဖြည်းဖြည်းတော့ ရွှေ့မှာပေါ့"

www.burmeseclassic.com



"ငါတို့တက်က ကားတွေက လုံးဝမရှေ့ဘူး ... ဟိုဘက်က ကားတွေပဲ ခပ်ဖြည်းဖြည်း ရွေ့နေတာ ... ဟော ... မျက်နှာချင်းဆိုင်က ကားတွေပါ မရွေ့တော့ဘူး ... သွားပြီ... အဲဒါ အပြီးပိတ်တာ ... လမ်းကျဉ်းလို့ ... ကားတန်းနှစ်ခု ဖြည်းဖြည်း ... ဖြည်းဖြည်း သွားကြရမဲ့ ပုံစံမျိုးကို မဟုတ်ဘူး ... တစ်ခုခုကြောင့် လုံးဝရွေ့လို့မရအောင် အပြီးပိတ်သွားပြီ ..."

"သကြိန်တောင် သတိရသေး ..."

ညီနောင်ဘွားက အောင်ဇော်ကို မျက်စောင်းကြီးဖြင့် ကြည့်ကာ ကားတံခါးကိုဖွင့်ပြီး အောက်ဆင်းလိုက်သည် ...။ "ဟော့ကောင် ... ပုံမှန်လမ်းကြောင်းကပဲ မောင်းပါကွ ..."ဆိုတာကို ...

"ဖြတ်လမ်းသုံးတာက အချိန်ကို ချုံ့ချင်တာအပြင် လမ်းမတွေမှာ မဟုတ်ဘဲ လမ်းကြိုလမ်းကြားထဲပါ မောင်းကြည့်ရင်လည်း ဘယ်နှယ်နေမလဲ ... လို့ သိချင်တာလည်း ပါတယ်ကွ ..."ဟု ပေါက်ကရ ဆင်ခြေကို ပြန်ပေးကာ ... ဒီလမ်းထဲ ဖျတ်ခနဲ ချိုးကွေ့ချလိုက်တာလည်း ... ညီနောင် ကိုယ်တိုင်ပဲမို့... ညီနောင့်မှာ အောင်ဇော်ကို မျက်စောင်းရွယ်တာ အပြင် ဘာမှ ထပ်ပိုခွင့် မရှိသလို ဖြစ်နေသည် ...။

ဒီကားပိုင်ရှင် ... ဦးဝင်းမြင့်ကြီးဟာ ... သူ့ကားကို "စက်စမ်းယာဉ်" အဖြစ် ဝိုအပ်သလောက် မောင်းစမ်းကြည့်





တာကလွဲရင် ... အပိုတွေ လျှောက်မောင်း သုံးစွဲမှုကို နည်းနည်းမှ ကြိုက်တတ်သူမျိုးမဟုတ် ...။ အထူးသဖြင့်ကတော့ ... ဝပ်ရှော့မှ ရက်ချိန်းစေ့ပြီ ... ကားကလည်း ကောင်းပြီ ... သူ ပြန်လာယူလို့ ရပြီဆိုတဲ့ နေ့မျိုးမှာ... သူ့လူတစ်ယောက်ကိုလွှတ်ပြီး ... ကားကို ရေဆေး ... ပေါလစ်တင် ပြန်သထားပြီးတဲ့အခါမှာ ... ထပ်စမ်းတက်မောင်းပြန်သည်ဆိုရင် ... လုံးဝခွင့်လွှတ်ချင်သူ မဟုတ် ...။ ညနေကျ ဒီကားကို ကိုယ်တိုင်လာပြန်ယူဦးမည့် သူဟာလည်း တခြားသူ မဟုတ် ... အဲဒီ ဦးဝင်းမြင့်ကြီး ကိုယ်တိုင်ပင် ...။

ညီနောင်ကလည်း ညီနောင် ...။ ဒီကားကို မြင်လိုက်ရင်ကို အသည်းထဲက ယားတက်လာပြီး ... တက်မောင်းပစ်လိုက်ချင်စိတ်တွေက ရင်ထဲမှာ တဖွားဖွား ...။ ဦးဝင်းမြင့်ကလည်း သူ့ကားကို နှာစေးချောင်းဆိုးရုံလေးလောက်နဲ့ ဆိုလည်း ညီနောင်တို့ဝပ်ရှော့မှာ လာထိုးပစ်လိုက်တတ်တာမျိုးပဲ ဆိုတော့ ... သူ့ရဲ့ အဲဒီအကျင့်က ... ညီနောင့်ရဲ့ စိတ္တဇကို အတောင်လာ,လာတပ်ပေးသလိုပဲ ဖြစ်,ဖြစ်နေတာ ...။

"ဒီကားကို ပြန်ရောင်းဖို့များ ရှိသလား"ဆိုတော့လည်း ... အနိုင်ယူ အားရနေတဲ့ လေသံကြီးနဲ့ ... "ကြံကြီးစည်ရာကွာ ... ပေါက်ပေါက်ရှာရှာ ..."တဲ့။ မကြိုက်သလိုလို ဘာလိုလိုနဲ့ ... တအားဂုဏ်ယူ ဝမ်းမြောက်နေတာကြီးကတော့ သိသာသည် ...။ သူ့ကားက ဘာမို့လဲ ... ဆိုတော့လည်း ဘာမှတော့လဲ မဟုတ်လှပါ ...။ ဒီမှာဆို ကွက်ပျောက်ပင် ခေါ်ရမည်

www.burmeseclassic.com



ဖြစ်သော ကားပဲ ...။ အဲဒါကိုပဲ ညီနောင်ရော ... ဦးဝင်းမြင့်ကြီးပါ အပြန်အလှန် ရူးနေကြတာပါ ...။

ဦးဝင်းမြင့် လွှတ်လိုက်တတ်တဲ့ သူ့လူယုံဆိုတာကတော့ ... ကွမ်းဖာစ်ယာ၊ လက်ဖက်ရည်တစ်ခွက်လောက် ဆပ်ပလိုင်းလုပ်လိုက်ရင် ...၊ သူတို့ကားထဲက ဆီမပျောက်မဲ့ပြင် ... ကိုယ့်ဆီ ကိုယ်စိုက်ထည့်မောင်းဦးမှာမို့ ... သူတို့တောင် သာရမဲ့ကိန်းလိုလို ဖြစ်နေရင်၊ ... "အိုကေ ဆရာ ... ကြိုက်သလောက်ဖြင်း ... အဘိုးကြီး ရောက်မလာခင် ... လှလှပပ သန့်သန့်ရှင်းရှင်းကလေး ပြန်ရောက်နေရင် ရပြီ ..."ဆိုတဲ့ အထဲကပင် ...။

ညီနောင်ကလည်းပဲ ... အဲဒီလို ရက်မျိုးကျ ... စမ်းမောင်းကြည့်စရာ လိုလိုမလိုလို ...၊ ဘယ်သွားစရာရှိရှိ ... ဒီကားပေါ်ကကို မဆင်းချင်တော့တာ ...။ ပါတနာသူငယ်ချင်းဖြစ်တဲ့ အောင်ဇော်ကတောင် ...

"မင်းဟာလေ ... အရူးစိတ်နဲ့ အစွဲအလမ်းလည်း ကြီးချင်သေးတဲ့ကောင်ပဲ ... ဝပ်ရှော့မှာ မင်းကိုယ်တိုင် ထုတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့ ... ဒီတစ်ချက်တော့ ... မင်းကိုယ်တိုင်ပဲ လှလှကြီး ငြိနေတာပဲ ..."တဲ့။

သို့ပေမဲ့ ... ညီနောင်မို့ ဒီကားလေး ဆွဲထုတ်လာပြီဆိုရင် ... ဘာလိုလိုနဲ့ ကားပေါ်ခုန်တက် လိုက်ပါလာတတ်တာလည်း အောင်ဇော်ပင် ...။ "မင်းက အရူးမို့ စိတ်မချတာလည်းပါတယ် ..."ဆိုတဲ့ အောင်ဇော်ဟာ ... ဒီကားလေးကို သူ ကိုယ်





တိုင်လည်း စိတ်ထဲကနေ တိတ်တခိုး နှစ်သက်သဘောကျနေသူပဲ ထင်ပါသည် ...။

"မိပါတယ် ... ခုမှ သုံးနာရီ ... ဦးဝင်းမြင့်က ငါးနာရီလောက်မှ ရောက်လာမှာပါ ..."

"ဦးဝင်းမြင့်ကလည်း စောရောက်လာနိုင်တယ် ... ဒီလမ်းကလည်းပဲ အဲဒီညနေငါးနာရီအထိကို မရှင်းတော့တာမျိုးလည်းပဲ ဖြစ်နေနိုင်တယ်ကွ"

ညီနောင်ရော ... အောင်ဇော်ပါ အလုပ်ထဲကနေတန်းထွက်လာခဲ့ကြတာဆိုတော့ ... နှစ်ယောက်စလုံးဟာ ... ဆီချေးတွေ ... ဆီကွက်တွေ အမည်းဖတ်၊ အမည်းစည်းတွေ ပေကျံကာ နဂိုအဆင်;အရောင် ပျောက်ကွယ်နေသော တီရှပ်လက်ပြတ်ကိုယ်စီ ...။ အနားဆုတ်ဖွာထားသော ဂျင်းဘောင်းဘီတွေပေမဲ့ ... ဂျင်းတို့ရဲ့ဂုဏ်ရည် ပျောက်ဆုံးကာ ... ဖွာလရာကျဲ ရုပ်ပျက်အရောင်ပျောက်နေတဲ့ ဘောင်းဘီတို ...၊ ဘောင်းဘီစက ... ကိုယ်စီတို့နှင့် ...။

ကိုယ့်အလုပ်ထဲမှာတော့ ထင်သလို ...၊ သူများရပ်ကွက်ထဲမှာတော့ ဒါမျိုး ရုပ်ရည်နှင့် ဖြတ်သန်းရမှာမျိုးကို လိုလားဟန်မရှိတဲ့ အောင်ဇော်ကတော့ ကားပေါ်က မဆင်းပါ ...။ ညီနောင်တစ်ယောက်သာ အောင်ဇော်ရဲ့ ဖြစ်အင်ကို "ဟွန့်"ခနဲ သိမြင်ရွတ်ချကာ ... ရှေ့ဘက်ခပ်လှမ်းလှမ်းက ကားတန်းကို ဆုံးအောင်ထိ လှျောက်ကြည့်လိုက်လေသည်။

www.burmeseclassic.com



ဟား ...။ ထင်တဲ့အတိုင်းပါပဲ ...။ လမ်းလယ်ကောင် ကန့်လန့်တိုက်ပြီး ... ပိတ်ပျက်နေတာက အမှိုက်ကားကြီးတစ်စီးပင် ...။

"ဘာဖြစ်တာလဲ ..."

ညီနောင်က တစ်ချက်လှမ်းမေးလိုက်ရာ ... မဖြေချင့် ဖြေချင်ပုံစံနှင့် သေချာတောင် လှည့်မကြည့်ချင်ပဲ ဖြစ်နေသည့် ကားပေါ်က သကောင့်သားတစ်ယောက်က ... သူ့ရဲ့ပျင်းတွဲတွဲ အကြည့်ထဲမှာ ... ညီနောင်ရဲ့ သွင်ပြင်ကို မြင်သွားတာနဲ့တင် ... ဖျတ်ခနဲ လန်းဆန်းတက်ကြွ ... သွားဖြီးလာကာ ...

"ဟာ ... အစ်ကို ... ဘာဖြစ်တယ်တော့ မသိပါဘူးဗျာ ... ခုနကတော့ တစ်ချက်နှိုးလို့ ရလိုက်သေးတယ် ... နည်းနည်း ရွေ့သေးတယ် ... အဲဒီတော့မှ ပိုဆိုးသွားတာ ... ကန့်လန့်ဖြတ်ကြီးကို ပိတ်သွားတော့တယ် ... ဟဲဟဲ ... ကြည့်လုပ်သွားပါဦး ... ဘော်ဒါတွေ အချင်းချင်း ..."

"အလကားပဲတင်း ပြင်ပေးစမ်းပါ" ဆိုတာကို ... ဂျပန်ကုန်းကုန်းကာ ပြောနေလိုက်ပုံများ ...။ စုတ်ပြတ်သပ်ပေရေနေသည့် ... အဝတ်အစားကြောင့် ... တစ်ခါမှ မမြင်ဘူးကြသူချင်း အလေးစားခံရတာတော့ ... ဤတစ်ခါမှာ ပထမဦးဆုံးပင် ...။ ရေမိုးချိုး သန့်ပြန့်ပြီးမှ လာစပ်ရင် ... သူ့ဟာနဲ့သူ စိတ်တိုပြီး မကြည်လင်နိုင်တဲ့ မောင်မင်းကြီးသားက လှည့်လို့ပင် ကြည့်မှာ မဟုတ် ...။





မေမေ့ကိုတောင် သတိရမိသေးသည် ...။ 'မေမေအမြဲပြော,ပြောနေတတ်တာလေ ...။ "အမှိုက်ကားမောင်းသမားများဟာ ... တယ်မာနကြီးကြတယ် ထင်ပါရဲ့ ... မျက်နှာတွေကမော်တင်းနေပြီး ... ဘယ်လိုခေါ်ခေါ် ... ဘယ်လောက်အော်အော် ... လှည့်လို့ကို မကြည့်တတ်ကြတော့တာ ... သူတို့အားလုံး တညီတည်းပဲ ..."တဲ့ ...။ ဟဲ ဟဲ ဟဲ ...။ ခုတော့ ... ညစ်ပတ်ပေရေလှသည့် ဝတ်စုံကြောင့် ... လှည့်ကြည့်ရုံအပြင် ... ကုန်းကိုင်းမှုတွေ ပါရှိနေပြီ ...။

"ပြန်လာခဲ့မယ် ..."

ခုအခြေအနေကတော့ ... သူက မကုန်းကိုင်း ... မနှုတ်ဆက်ချင်ရင်လည်း ... ကိုယ်က အတင်းကိုဝင်ပြင်ပစ်ရတော့မှာပင် ...။ ဘာလို့ဆို ... ကိုယ်ဝင်လာခဲ့သည့် ဝင်ပေါက်ဘက်မှာလည်း ဘာဖြစ်ပြန်သည် မသိ ... ထိပ်ဝက ကားတွေ နောက်ဆုတ်ပြီး တစ်စင်းချင်း ပြန်ထွက်ယူလို့ မရတော့လောက်အောင် ဖြစ်နေကြပုံရသည် ...။ အစင်းလိုက် မ,ရွေ့ချင်ရွေ့ ... ဒါမှမဟုတ် ဟယ်လီကော်ပတာလို ခေါင်လိုက်ပျံတက်နိုင်ပါမှ အဆင်ပြေကြရတော့မလိုလို ... ဖြစ်ပွားသွားကြပုံရနေသည်။ ပြင်ပေးရမှာပေါ့။ သူ အမြန်ဆုံး ပြန်ကောင်းသွားမှ ... ကိုယ်တို့မှာ ထွက်ပေါက်ရနိုင်မှာကြီးကို ...။

"ဘာတဲ့လဲ ..."

"ဆင်းကွာ ... တတ်သည့်ပညာ မနေသာ ဆိုသလိုပဲ ..."

www.burmeseclassic.com



"ဘာကားလဲ ..."

"အမှိုက်ကား ..."

စက်ဆီ ... ဆီချေးကလွဲရင် အကုန်ရွှံတတ်ပုံရသည့် အောင်ဇော် တစ်ယောက် တွန့်ခနဲ ဖြစ်သွားတာမို့ ... ဆွဲပင်ချရပါသည် ...။ ကားကြီးက ဆီထဲရေပါထားပုံရသည်မို့ ... ဆီပိုက်က နှိုးမရနိုင် ဖြစ်နေရခြင်းပါ။ ညီနောင်နှင့် အောင်ဇော်တို့ ဆီစစ်အောက်က ပလပ်လေးကို လှည့်ဖြုတ်ကာ ရေတွေဖောက်ထုတ် ...။ ပြီးသော် ...ဆီကို "ဟန်းပန့်"(Hand Pump)ရိုက်ကာဆီပြန်ချူပေးလိုက်သည်။

"ရပြီလား ... တစ်ချက်နှိုးကြည့် ... ချော့ ... ချော့ ... ဆောင့်မပုတ်နဲ့"

ညီနောင်က "အိုကေ"ဟုဆိုကာ ... လက်နှစ်ဖက်ကို ရိုက်ခါနေလိုက်ဆဲမှာ ... "နေဦး ... နေဦး ..."ဆိုသည့် အသံခပ်စူးစူးနှင့်အတူ ... ခြေသံတဖုတ်ဖုတ်တို့ကိုပါ ကျောဘက်ကနေ ဆက်တိုက်ကြားလိုက်ရပါသည် ...။ လှည့်ကြည့်လိုက်သော် ... ကြွပ်ကြွပ်အိတ်က လက်တစ်ဖက်တည်းမှာတင် သုံးလေးလုံး ...၊ နောက်တစ်ဖက်မှာက နှစ်လုံး ...။ ပလတ်စတစ်ပုံးအမည်း အကြီးကြီး တစ်လုံးက ကြွပ်ကြွပ်အိတ်နှစ်အိတ်ဆွဲသော လက်တစ်ဖက်မှာ အင်အား ဖြည့်တင်းလျက် ...။

"နေဦး ..."ဟု စူးခနဲ တစ်ချက်ထပ်အော်ကာ ပြေးလာသည်မှာ ဗရုတ်သုတ်ခ ဖြုတ်စဖျင်းကောင်းတို့နှင့် တစ်ယောက်





ထည်း အပြင်းအထန် ရှုပ်ထွေးလျက်ရှိသော လူတစ်ယောက်ပင် ဖြစ်ပါသည် ...။ "လူတစ်ယောက်"ဟုသာ ဆိုနိုင်ရခြင်းမှာ ... ဆိုလူဟာ ယောကျ်ားလား၊ မိန်းမလားပင် ... ညီနောင့်အဖို့ မသဲကွဲနိုင်၍ပင် ...။ အနားရောက်လာကာမှ ... သြော် ... မိန်းကလေးဟ ...။

"ရော ... ရော ..."

အနားကပ်ခါမှ မိန်းမမှန်း သေချာရသည့် လူသတ္တဝါက ... ကားအနီးသို့ ရောက်တာနဲ့ အောင်ဇော်နဲ့ ညီနောင်တို့လက်ထဲသို့ ... သူ့လက်ထဲက ကြွပ်ကြွပ်အိတ်တွေ ... ပုံးမည်းကြီးတွေကို ထိုးထည့်ပါလေတော့သည်။ ရွှံတတ်ရှာတတ်လိုက်သည်မှာ သူ့ပြင် နှစ်ယောက်မရှိသော အောင်ဇော်က ... "ဟာ ... ဘာလဲဟ ..."ဟု အချိန်မီ ရိပ်မိရှောင်တိမ်းနိုင်လိုက်သော်ငြား ... ယောင်ကမ်းကမ်းနှင့် အငိုက်မိလိုက်သည့် ညီနောင် ခမျာတော့... လက်ထဲ အမှိုက်ထုပ်တွေ အမှိုက်ပုံးတွေနှင့် ပြည့်နှက်သွားပါလေတော့သည်။

"ရတယ် ... ကြွပ်ကြွပ်အိတ်တွေက ပြန်မယူဘူး ... ပုံးမည်းကြီးပဲ လှယ်ပေး ..."

အောင်မာ ...။ ငါ့ကို အမှိုက်ကားကလူလို့ ထင်နေတာကိုး ...။ ကောင်မလေးကတော့ဖြင့် ညီနောင့်ကို လှည့်တောင်မကြည့်တော့ပါ ...။ သူ့လက်ထဲ ကျန်နေသေးသော နောက်ထပ်ကြွပ်ကြွပ်အိတ် သုံးလုံးလောက်ကိုလည်း ... အောင်ဇော့် လက်ထဲထပ်မံထိုးထည့်နိုင်ဖို့ ကြိုးစားနေချေတော့သည် ...။

www.burmeseclassic.com



အောင်ဇော်က ... "ဘာဆိုင်လဲ ... လာမပေးနဲ့ ... ငါနဲ့မဆိုင်ဘူး ..." စသဖြင့် လှည့်ပတ်ရှောင်ရှား ...၊ ကောင်မလေးက ... "အဖြစ်သည်း တွန့်တိုမနေနဲ့ ... ဒါလေးပါ ထည့်ယူသွားလိုက်လို့ ဘာမှမဖြစ်ဘူး ... ဒီမှာ ... ကြက်ဥ ... ကြက်ဥ ... ကြက်ဥပါဘယ် တွေ့လား ..."စသဖြင့် ... ဘာအဓိပ္ပာယ်မှန်း မသိတဲ့ မြန်မာစကားစစ်စစ်တို့ကို အော်ဟစ် ...။ လုံးလည်ချာလည် လိုက်နေကြတာ ... ရယ်စရာတောင် ကောင်းလာသည် ...။

"ဟဲ့ ... ကောင်မလေး ... အမှိုက်ပစ်ချိန် မဟုတ်ဘူး ..."

ကားမောင်းသည့် လူကြီးကပါ ဝင်အော်လိုက်ပါသည် ...။

"ဘာမှမဆိုင်ဘူး ... အမှိုက်ကား ဖြစ်ရိုးမှန်ရင် ... အမှိုက်ပစ်လို့ရကို ရရမယ် ... ခါတိုင်း ခေါင်းလောင်းကို တီးဖို့နေနေ ... လှုပ်ရှားရင် မတော်တဆ အသံမြည်သွားမှာစိုးလို့ ... ခေါင်းလောင်းကို အထဲက အဆန်ကနေ ဆုပ်ကိုင်ပြီး ဖြတ်မောင်းပြေးကြတာ ... မသိတာလိုက်လို့ ...၊ ဒီနေ့မှ ကံကြီးပေလို့ ဒီရှေ့တည့်တည့်ကြီးမှာ လာပျက်နေတာ ... မြင်နေတာ ကြာပါပြီ ... အမှိုက်တွေကို လိုက်ရှာလို့ မပြီးသေးလို့ ခုမှ ထွက်လာနိုင်တာ ..."

ညီနောင်က မေမေ့ကို တစ်ချက်သတိရမိပြန်ကာ ... ခပ်ပြုံးပြုံးနှင့် ... လက်ထဲက ကြွပ်ကြွပ်အိတ်ထုပ်တို့ကို ကားကြီးရဲ့ နောက်ခန်းထဲ ပစ်တင်သွင်းပေးလိုက်ပါသည်။ ဖုံးအမည်းရောင်ကို လှမ်းပေးဖို့ကိစ္စကျတော့ ဘယ်လိုလုပ်ပေးရမလဲ မသိ ...။ ကိုရွှေ ဒရိုင်ဘာထံ မေးခွန်းပါသော အကြည့်နဲ့ လှမ်းကြည့်လိုက်တော့ ... လောလောလတ်လတ် ကျေးဇူးရှင်မို့ ... ဆန့်ကျင်အငြင်းပွားလိုဟန် မရှိတဲ့ ကားမောင်းသူက ... သူကိုယ်တိုင်ပဲ ကားပေါ်က ဆင်းလာကာ ... ပုံးမည်းကြီးကို လှမ်းယူလိုက်လေသည် ...။





"အမှိုက်ပစ်ချိန် မဟုတ်ဘူး"ဆိုတာတော့ ဟုတ်ပါလိမ့်မည် ...။ ကားပေါ်မှာ ... နောက်ခန်းထဲ လိုက်ရမည့် ... အကူအလုပ်သမားမျိုး ပါမလာပါ ...။ ကောင်မလေးကတော့ သဘောတကျ မျက်နှာနှင့် ... အောင်ဇော့်ထံ ထိုးထည့်လို့မရသည့် အထုပ်တွေကိုပါ ... ညီနောင့်ကို တပေးတည်း ပေး,ပေးနေပြီးသကာလ ... အမှိုက်ထုပ်တွေ ကုန်သွားသည်နှင့် ...

"ရော့ ...။ အဲ ... အဲ ... အဲ ... ဒါက လွှင့်ပစ်ဖို့မဟုတ်ဘူးလေ ... အစ်မ အမှိုက်တွေကို ကောင်းကောင်းယူသွားပေးလို့ ပေးတာ ... ကြက်ဥ ... ကြက်ဥ ... ခါတိုင်းလိုကွဲကုန်မှာစိုးလို့ ... စပါးခွံတွေတောင် သေချာခံပေးထားသေးတယ် ... ဟိုတစ်ယောက်တော့ ဝေပေးမနေနဲ့ ... စေတနာမရှိဘူး ... ကားမောင်းတဲ့သူဘာ ... သုံးလေးလုံးပေးချင်ပေးလိုက်ပေါ့ ... ကျန်တာ မောင်လေးပဲ ယူလိုက်"

ကားမောင်းသူက ပြုံးစိစိမျက်နှာ ဖြစ်လာကာ လက်ကမ်းသဖြင့် ... ညီနောင်လည်း ခုမှသဘောပေါက်လာကာ ...

www.burmeseclassic.com



လက်ထဲက ကြက်ဥအိတ်ဆိုတာကို ကားမောင်းသူထံ တစ်ဆင့် ပြန်ကမ်းပေးလိုက်ပါသည် ...။ သူ့လောက် အသက်အရွယ်လေးနဲ့များ ... လူကို ... "အစ်မတွေ၊ မောင်လေးတွေ"နှင့် ... သက်ကြီးပုလား ဘာလား မသိတဲ့ ... တစ်ယောက်ကတော့ ... သူ့ပုံးအမည်ကြီး သူပြန်ယူကာ အေးအေးဆေးဆေးပဲ ထွက်ခွာသွားခဲ့လေပြီ ...။

အောင်ဇော်က ပြုံးပြီးလိုက်ကြည့်နေမိသော ညီနောင့်ကျောကုန်းကို ခပ်ဆောင့်ဆောင့် တစ်ချက် တွန်းလိုက်သဖြင့် ညီနောင်ရော အောင်ဇော်ပါ ကိုယ့်ကားဆီကိုပဲ ပြန်လှမ်းလာဖြစ်ကြပါတော့သည် ...။ အမှိုက်ကားကြီးက ဘေးကပ်ရပ်လိုက်နိုင်ပြီဖြစ်သဖြင့် ... ပိတ်ဆို့နေကြသော ကားတွေလည်း ရှင်းစပြုပြီ ... ညီနောင်တို့ကားသာ လမ်းမလယ်ကောင်ကြီးမှာ နောက်ကားတို့ရဲ့ မေတ္တာကို ခံယူကာ ကျန်နေပြီလေ ...။

"ဘယ်အိမ်က ဟာမလေးလဲည်း မသိ ...။ လေသံကတော့ အိမ်ကြီးရှင်တွေကို အမီလိုက်တုထားပုံ ရတယ် ... မောင်လေးတဲ့ ... အစ်မတဲ့ ... ဟား ဟား ဟား ... စည်ပင်သာယာ အလုပ်သမားဟန်ဆောင်ချင်တဲ့ ကောင်ကလည်း ရှိသေး ... ခံကွာ ... ဟား ဟား ..."

"ကူညီကောင်းပါတယ်ကွာ ..."

"မဟုတ်ပါဘူး ... လူတွေဟာ နည်းနည်းလောက်လေးများ အထက်စီးနေရာလေး ရနိုင်ရင် ... လုပ်ပစ်လိုက်တတ်ကြတာချည်းပဲလို့ ဆိုလိုချင်တာပါ ... အထင်မှားတယ်ရင်လည်း ... ဝတ်စားထားကြပုံချင်းက ဘယ်လောက်ကွာလို့ ... သူက အထက်စီးလေသံကြီးနဲ့ ဖြစ်နေရမှာလဲ ... ကြက်ဥတန်ခိုးကြောင့်လား ... ဟား ဟား ... ငါများ ... စေတနာမရှိဘူးတဲ့ ... ရယ်လိုက်ရတာ ..."

အောင်ဇော်ပြောမှပင် ညီနောင်လည်း ... "ဟုတ်ပါရဲ့"လို့ တွေးမိရတော့တာ ...။ ညီနောင်တို့က ... ကားပြင်ရာကဒီတိုင်း ထွက်လာကြလို့ ဒီလောက်မည်းသည်းစုတ်ပြတ်နေတာထားပါတော့ ...။ အဲဒီဟာကလေးကကော ... ဘယ်လောက်ညစ်ပတ်တဲ့ လုပ်ငန်းခွင်မျိုးက ပြေးလာရလို့ ဒီလောက် ပေရေနေရတာပါလိမ့် ...။ အသားညိုတာတို့ ... ရုပ်ရည်ကလေးတို့ကို ထည့်ပြောနေတာ မဟုတ်ဘူးနော် ...။ သူ့အရွယ်အစားနဲ့မှ လိုက်တဲ့ ရုပ်အင်္ကျီလက်ရှည်ပွပွကြီးနဲ့ ... ကာကီရောင် (ထင်ပါရဲ့)ဘောင်းဘီရှည် ပွပွကြီးတို့ရဲ့ ဖြစ်ပျက်နေတဲ့ ညစ်တီညစ်ပတ် အခြေအနေ ... အနေအထားကိုသာ ဆိုလိုနေတာပါ ...။

လုပ်ငန်းခွင် တစ်ခုခုက ထပြေးလာရတာမျိုး မဟုတ်ရင် ... မိန်းကလေးရဲ့ အိမ်ရှင်တို့ဟာ ... ကိုယ့်အိမ်က အလုပ်သမားတစ်ယောက် ဒီလောက် ညစ်ပတ်စုတ်ပြတ်နေတာကို ... မသွန်သင်ကြတော့ဘူးတဲ့လား ...။ ညီနောင့် မေမေဆို ... သူကိုယ်တိုင်လည်း မိုးလင်းလာရင် ရေမိုးချိုးပြီး သနပ်ခါးအဖွေးသားနဲ့ ...။ အိမ်က ကောင်မလေးများလည်း ... ဘာအလုပ်မှ မစရသေးခင်မှာပင် ဖွေးကြော့သပ်ရပ်နေမှ ...။





စေတနာစာပေ

www.burmeseclassic.com



"အဲဒီခြံထဲ ဝင်သွားတာကွ ... ငါ တွေ့လိုက်တယ်

ကားဖြတ်မောင်းလာရင်း ... အောင်ဇော်က ဘာရယ်မဟုတ် ... ခုနက ဖြစ်ပျက်သွားခဲ့တဲ့ အဖြစ်အပျက်တစ်ခု ရဲ့ အဆက် ...၊ စကားအဖြစ်သဘောနှင့် ... ခြံတစ်ခြံကို လှမ်း မေးငေါ့ပြကာ ... ဆိုလိုက်ပါသည် ...။ ညီနောင်ကလည်း ဘာမှ ခေါင်းထဲသိပ်မရှိလှဘဲ ... စကားထောက် သဘောမျိုး ပြီးပြီးရော ... တစ်ချက်လှမ်းကြည့်လိုက်ကာ ... ခေါင်းပြန်ညိတ် ပြမိရင်း ...

"သြော် ... အေး ..."

လမ်းထိပ်ဘက်ထိ ဒီတိုင်းပဲ ... ဆက်မောင်းလာ ပြီးမှ ... ညီနောင့် ခေါင်းထဲ ... "ဒိန်း"ခနဲ ခေါင်းနားပန်းကြီး သွားမိကာ ... "ခြံစည်းရိုးအုတ်တိုင်နှစ်တိုင် ..."ဟု နှုတ်က လွှတ်ခနဲ အော်လိုက်မိပါတော့သည် ...။

"ဘာဖြစ်တာလဲ ..."

"ဝပ်ရှော့ ပြန်ရောက်မှ ပြောပြမယ် ... မင်းကို ငါပြောစရာ ရှိတယ်"

အဖြူပြယ်ပြယ် ... မီးခိုးနှောနှော ...၊ ရေညှိစိမ်း ရောင်တွေ ကွက်တိကွက်ကြားနဲ့ ... ခြံရဲ့ဘယ်ဘက်ထောင့်နေရာ သို့ ဘေးကပ်ဖောက်ထားတဲ့ ... ခြံပေါက်နဲ့ သမားရိုးကျပုံစံ အုတ်တိုင်နှစ်ခု ...။





ညီနောင့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ဆိုကာ ... လူကလည်း တစ်မျိုးကြီးပင် ဖြစ်ချင်လာရပါသည် ...။ ကြာခဏ ပြန်ပြန်မက်တတ်တဲ့ အိပ်မက်တစ်ခုထဲက ... မြင်ကွင်း တစ်ခုဟာ ... အပြင်မှာ တကယ်ပဲ ရှိနေခဲ့တာမျိုး ...။ အဲဒါမျိုး ... ဖြစ်တတ်သတဲ့လား ...။

စက်စမ်းသည့်ကိစ္စ မဟုတ်ဘဲ ... ရိုးရိုး အပြင်ထွက် ခဲ့ကြရမဲ့ ကိစ္စမှာ ... အလုပ်ခွင်ဝတ်စုံတွေနှင့်ပဲ ဝတ်ထွက်ကြရ သည် ... ဆိုတော့ ... အောင်ဇော်က ညီနောင့်ကို ... စိတ်ထဲက ဖြတ်ကျိန်ဆဲနေမိပါသည် ...။

"မင်း အပြင်ထွက်တဲ့ အဝတ်အစား ပုံစံမျိုးနဲ့ဆို ရုပ်က သိပ်တက်နေမှာလေ ... ဟဲ ဟဲ ... ကလေးမလေးက မင်း ကို ဘယ်မှတ်မိမလဲကွ ..."

"မှတ်မိစရာကော ... ဘာလိုသလဲ ..."

"မှတ်မိမှ မေးမြန်းစုံစမ်း ... စကားလေး ဘာလေး ပြော ကြည့်ဖို့ အဆင်ပြေမယ်လေ ... တန်းတူရည်တူ ဆိုတဲ့ သဘောနဲ့မှလည်း စကားပြောလို့ ကောင်းမှာပေါ့ ... မင်း ပုံက လုလုသန့်သန့်ကြီး ဆိုရင် ... ကလေးမလေးက

www.burmeseclassic.com



ဘယ်လိုလုပ် ရဲရဲတင်းတင်း ... ရင်းရင်းနှီးနှီး ... ရှိရဲတော့မလဲ ... ဟုတ်တယ် မှတ်လား ..."

"ငါနဲ့ ရင်းနှီးစရာလည်း မလိုပါဘူးကွာ ... မင်းပဲ စုတ်ပြတ် ... မင်းနဲ့ပဲ ရင်းနှီးလည်း အဆင်မပြေဘူးလား ..."

"ဒါဖြင့် ငါကအလုပ်ခွင်ပုံစံ ... မင်းက လုလုကြီး ... ဒီလိုတွဲသွားမလား"

အဲဒီလို ဆိုပြန်တော့လည်း အဖော်လိုက်ပေးရမဲ့သူ အဖြစ်မှာ ... တစ်မျိုးကြီး မနိပ်လှတာမို့ ... အောင်ဇော်က ... "ကျွတ် ... ကျက် ..."နှင့်ပဲ သူပါ ခပ်စုတ်စုတ်နဲ့ပဲ အပြင်ထွက်ဖြစ်ဖို့ကို သဘောတူလိုက်ရပါတော့သည် ...။

ညီနောင်မှာ ... ကိုယ့်ရဲ့အိပ်မက်တစ်ခုအကြောင်းကို ... မေမေ့ကိုပင် ပြန်ပြောပြထားဖို့ ရည်ရွယ်ချက် မရှိသေးသူဖြစ်ရာ ... ရုတ်တရက်ကြီးတော့ ... အောင်ဇော့်ကိုလည်း အရင်းအတိုင်း ပြောမပြလိုသေးပါ။ သာမန်သဘော ... "ခဏ ခဏ မက်နေတာပဲ"ဆိုရင်တောင် အကြောင်းအရာတစ်ခုအဖြစ် ပြောပြဖြစ်ရင် ပြောပြဖြစ်ဦးမည် ...။ ခဏ ခဏ မက်တတ်တဲ့ အိပ်မက်ထဲက မြင်ကွင်းတစ်ခုဟာ ... အပြင်လောကမှာ အဟုတ်တကယ်ပဲ ရှိနေခဲ့သလို ... ဖြစ်ပြီ ... ဆိုတော့ ... ပိုပြီးတော့ပင် လူသိမခံချင်တော့ပြီ ...။

တချို့လူတွေအတွက် ... တမင်ပင် စကားစပ်ရာကြံ ပြောပြချင် ပြောပြဖြစ်မည် ဖြစ်သော အကြောင်းအရာဟာ ...





ညီနောင့်အတွက်တော့ "ရှက်စရာကြီး" အဖြစ်လည်း မြင်ကောင်းမြင်မည်လေ ...။ အောင်ဇော်ကတော့ ... "မင်းကို ငါ ပြောပြစရာတွေ ရှိတယ် ..."လို့ ဆိုထားပြီးမှ ... ဘာမှ ဟုတ်တိပတ်တိ မပြောတော့ဘဲ ... "ငါ အဲဒီခြံကို သိဖူး ... မြင်ဖူးနေလို့ ... ခြံပိုင်ရှင်တွေက ဘယ်သူတွေလဲ ဆိုတာကို သိချင်နေတာယ် ..." ဆောက်သာ ကြားလိုက်ရတဲ့အခါ ... "အဓိပ္ပာယ်မရှိတဲ့အကောင် ... အပိုအလုပ်တွေပဲ ..."ဟု မြင်ချင်လည်း မြင်ပေမည်ပေါ့ ...။

အဲဒီလမ်းထိပ်သို့ ပြန်ရောက်ကြသောအခါမှာလည်း ကားကို လမ်းထိပ်တင်ပင် ရပ်ပစ်ခဲ့ပြီး ... လမ်းထဲသို့ခပ်ဝေးဝေး တစ်ရှည်တစ်လျားကြီး လမ်းလျှောက်ဝင်ကြမည် ဆိုတော့ ... ခပ်တင်းတင်း အောင်ဇော်ရဲ့ မျက်နှာဟာ ... ပိုမိုမည်းပုပ် ... မှုန့်တွသွားပြီ ...။

"ထွင်ပြန်ပြီ ... ဟိုကလေးမလေးနဲ့ အဆင့်အတန်းညီညီ စကားပြောနိုင်အောင် ... ကားနဲ့လာတဲ့ ကောင်တွေလို့ သိစေလို့ မဖြစ်ဘဲ ခြေညောင်းခံရမယ်ပေါ့ ... ဟုတ်စ ... မင်းကွာ ... အပိုကောင်ပဲ ... ညီနောင်ရာ ..."

ညီနောင်က "တဟင်းဟင်း"ပဲ ရယ်နေလိုက်ပါသည် ...။ အမှန်စင်စစ်မတော့ ... မနေ့က ကားနဲ့ဖြတ်မောင်းခဲ့မိတဲ့ လမ်းကလေးကို စိတ်ကူးထဲမှန်းပြီး ပြန်မြင်ယောင်ကြည့်မိတဲ့အခါ ... ကားဘီးနှစ်နေရာစာ ကွန်ကရစ်လမ်းကြောင်းရှည်ကလေးနှစ်ခု တစ်ဝက်တစ်ပျက်ခင်း ... မြေနီလမ်းကလေး

www.burmeseclassic.com



ဟုတ်မဟုတ် ... ညီနောင့်ရဲ့ ... အမှတ်အသိစိတ်ထဲမှာ ... သိပ်မထင်ရှားတော့ပါ ။

ရန်ကုန်မြို့ တစ်မြို့လုံးကို သွားလာမောင်းနှင်နေကြတဲ့ ကားသမားများဟာလည်း ကိုယ့်ကားဘီးနဲ့ ထိနေတဲ့လမ်းတိုင်းဟာ ဘယ်လိုလမ်းမျိုးလဲ ... ဆိုတာကို အမှတ်ထင်ထင် ဖြစ်နေကြသူတွေ အတော်ကြီး နည်းမည်ဟု ညီနောင်က ထင်ပါသည်။ အမြဲဖြတ်မောင်းနေကျ ... ထင်ရှားတဲ့ လမ်းမကြီးတွေကတော့ ... လူတိုင်း သိနိုင်တာပေါ့ ...။ ထင်ရှားတဲ့ လမ်းမတန်း မဟုတ်လည်း ... မကြာခဏ ဖြတ်သန်းနေရမယ် ဆိုရင် ... လမ်းတိုလမ်းကြားလေးတွေရဲ့ အကြောင်းကို ... (အမှတ်ထား,ထားတာမဟုတ်လည်း) မှတ်မိနေနိုင်ပါသည်။ ခုဟာကတော့ အဲဒီနေ့ကမှ တစ်ကြိမ်တစ်ခါလောက် ဖြတ်မောင်းဖူးလိုက်တဲ့ ... ရပ်ကွက်ငယ်တစ်ခုရဲ့ အတွင်းဖြတ်လမ်း ...။

"ဟင်း"တွေ "ကျွတ်"တွေ လှိုင်လှိုင်သုံးကာ ... ပတွတ်ပတွတ်နှင့် မပြီးနိုင်အောင် ရွတ်ချပြောဆိုလာသော ... အောင်ဇော့်ရဲ့ စကားတွေ ... ညီနောင့် ခေါင်းထဲသို့ တစ်လုံးမှ မဝင်ရောက်နိုင်တော့ပါ ...။ ညီနောင်တို့ နင်းလျှောက်နေကြသော လမ်းကလေးဟာ ... လမ်းမကြီးကနေ ချိုးကွေ့ဝင်လိုက်ကာစ ... ကိုက်တစ်ရာ ... နှစ်ရာလောက် အနည်းငယ် ... ခပ်တိုတိုကလေးပဲ ကွန်ကရစ်အုတ်လမ်းကလေး ဖြစ်နေခဲ့ပြီး ... အဲဒီကလွန်တာနဲ့ ... ခပ်ရင့်ရင့် မြေနီရောင်ပေါ်မှာ ... ဘီးနေရာနှစ်လိုင်းသာ





ကွန်ကရစ်လောင်းထားတော့တဲ့ လမ်းကလေး ... ဖြစ်သွားခဲ့ပြီလေ ...။

"ဟဲ ဟဲ ..."

ညီနောင့်ရဲ့ နှုတ်ဖျားမှ ... ဘာကြောင့်ရယ်မသိ ... သဘောတကျ ရယ်သံတစ်ချက် ထွက်သွားမိလျှင် ... အောင်ဇော်ရဲ့ ပတွတ်ပတွတ်သံက ပိုကျယ်လာသယောင် ထင်ရပါသည် ...။

"သေချာတယ် ... ဒီလမ်းပဲ ..."

"အဲဒီတော့ ဘာဖြစ်သလဲကွာ ... ဟော့ကောင် ... ရန်ကုန်မှာမွေး ... ရန်ကုန်ကြီး ရန်ကုန်သားတစ်ယောက်ဟာ ... ရန်ကုန်မြို့ထဲက လမ်းတစ်လမ်းကို ရောက်ဖူးနေပြီး ... အဲဒီလမ်းထဲက ခြံတစ်ခြံနဲ့ အုတ်တိုင်နှစ်တိုင်ကို မြင်ဖူးသလိုလို ဖြစ်နေတာ ... ဘာများဆန်းသလဲ ..."

ထိန်းထားသည့်ကြားက လွှတ်ခနဲ တစ်ခွန်းထွက်သွားမိပြန်သည့် ညီနောင့်ကို အောင်ဇော်က ဘုတောလိုက်ပြန်သည်။

"အေးပါကွာ ... ဘာမှ မထူးခြားပါဘူး ..."

"ရန်ကုန်မြို့ကြီးတစ်ခုလုံးမှာ ကိုယ် မြင်ဖူးသလိုလိုရှိတဲ့ ခြံတွေ အိမ်တွေက အိမ်ရှင်တွေ ဘယ်သူများပါလိမ့် ... ဆိုတာကိုသာ လိုက်စုံစမ်းနေရမယ် ဆိုရင်တော့ ... ထမင်းဝဖို့ ... ဘာအလုပ်မှ လုပ်စားနေချိန်တောင် မရှိတော့ဘူး"

www.burmeseclassic.com



"အေးပါ ဆိုမှကွာ ... မင်းကလည်း ... မင်းကျောင်းတုန်းက နှယ်နီအေးတို့ ခြံရှေ့မှာ ... ည(၁၂)နာရီလောက်ကြီး သွားဖြတ်လျှောက်နေချင်တုန်းက ငါ ငြင်းခဲ့လို့လား ... ဟိုကဖြင့် အိပ်ပျော်နေတာ ... မင်း လာဖြတ်လျှောက်နေမှန်း သိမှာတောင် မဟုတ်ဘူး ... လို့ တစ်ခွန်းပဲ ပြောမိပါတယ် ... မင်းလို ဗျစ်တောက် ဗျစ်တောက်နဲ့ ... အမယ်ကြီးအိုစတိုင်မျိုးတော့ မချိုးမိဘူး ထင်တယ် ..."

"မတူဘူး ... အဲဒါမျိုးက အဓိပ္ပာယ်ပြည့်ဝတယ်လို့ ခေါ်တယ် ..."

"ဒါလည်း ... အဲဒီလို အဓိပ္ပာယ်ပြည့်ဝရင် ပြည့်ဝမှာပေါ့"

အောင်ဇော်က ညီနောင့်ကို မျက်လုံးကြီးပြူး မျက်ခုံးကြီးနှစ်ဖက် ပင့်တင်ကာ ကြည့်ပါသည် ...။ ညီနောင်ကတော့ ကိုယ့်ရဲ့သမားရိုးကျ အုတ်တိုင်နှစ်ခုကို လှမ်းတွေ့လိုက်ရပြီမို့ ... အောင်ဇော့်ထံ ပြန်မကြည့်အားတော့ပေ ...။ ဩော် ... ဘယ်ဘက်နား ကပ်ဖောက်ထားတဲ့ ခြံပေါက်ရဲ့ ဘယ်ဘက်ကပ်ရပ်ခြံထဲက မျက်စိထဲ ရှုပ်ရှုပ်ရှုပ်ရှုပ်နဲ့ ... ဘာမှန်းမသဲကွဲခဲ့တဲ့ ခပ်ဗုစုက ဝါးရုံအုပ်ကိုး ...။ ခြံထိပ်နားတင် လေး,ငါး,ဆယ်ပင်လောက် အုပ်စုကလေးရှိပြီး ... ခပ်ရှုပ်ရှုပ်နှင့် ... အရိပ်လေးလည်း ရသလို ဖြစ်နေတာ ...။ ခုမှသိတယ် ... ဝါးရုံအုပ်ကလေးပဲ ...။

ဩော် ...။ ခြံဂိတ်က တံခါးမပါဘူးမှတ်တာ ...၊ ပါတာပဲ ...။ အတွင်းဘက်ထဲ ... အဆုံးထိ ကပ်ဖွင့်ထားပြီး ...





ညဘက်တွေမှာပင် ပြန်ဆွဲပိတ်ကြရဲ့လားမသိ ...။ သစ်သားတံခါးရွက် ခပ်ဟောင်းဟောင်း မီးခိုးရောင်က ... မြေကြီးနဲ့တိုက်ပြီး တံခါးကျိုးသလိုတောင် ဖြစ်နေတာ ...။ အင်း ... တံခါးပါတာကိုး ...။

ဩော် ... ခြံစည်းရိုးက ... သံဆန်ကာကွက်စောင်းတွေကြားမှာ ... ဂဠုန်လက်သည်းလို အပင်မျိုးနဲ့ ရှဉ့်မတက်နှယ်လိုလို အပင်တွေရောပြီး ခပ်ထူထူစိုက်ထားတာကိုး ...။ ခုမှသိတယ် ... အဲဒါကြောင့် ... ပုဏ္ဏရိက်နဲ့လည်း မတူပါဘူးလို့ ... ဟုတ်တာပေါ့ ...။

အင်း ...။ ခြံထဲက တစ်ထပ်တိုက်၊ ပြတင်းပေါက်ကုပ်ကုပ်တွေမှာ အခန်းဆီးဖြူဖြူတွေများ လှမ်းမြင်ရမလားလို့ ... ခြံအတွင်းဘက်ထဲထိ လှမ်းချောင်းလိုက်ပေမဲ့ ... မှန်ကုပ်ကုပ်ခပ်အိုအို တိုက်ပုကလေးက အတွင်းဘက်က ခန်းဆီးလိုဟာမျိုးတွေအထိ လှမ်းမြင်နေရလောက်အောင်တော့ လမ်းဘက်နဲ့လည်း မနီး ...။ လင်းလင်းချင်းချင်းကလည်း သိပ်မရှိလှပေ ...။

"ဟော့ကောင် ... မင်း ဟိုလျှောက်ဒီလျှောက်နဲ့ ... ခြံထဲလည်း လှမ်းချောင်းလိုချောင်း ...၊ ဘေးဘီဝဲယာ လှည့်ပတ်ကြည့်လိုကြည့် ...၊ ခေါင်းကလည်း တညိတ်ညိတ် တမှတ်မှတ်နဲ့ ... ဝတ်စားထားတာကျတော့ အစုတ် ...။ ညကျ လာခိုးဖို့ နေရာထိုင်ခင်း လာမှတ်တယ်ထင်ပြီး ... နေရင်းထိုင်ရင်း ရပ်ကွက်ရုံး ရောက်နေရပါဦးမယ် ညီနောင်ရာ ...

www.burmeseclassic.com



ငါ အကောင်းပြောတာပါ ... မင်းနဲ့ အဆင့်အတန်းတူလုပ်မဲ့ ကောင်မလေးလည်း ... အရိပ်တောင် မမြင်ဘူး မဟုတ်လား ... ပြန်ကြစို့ ..."

"ည(၁၂)နာရီကြီးတုန်းကတောင် အဖမ်းမခံရပါဘူး ..."

"မင်းက အဲဒါတစ်ချက်ကိုပဲ စကားထဲ ပြန်ပြန်ထည့်ပြောနေတယ် ... အဲဒီတုန်းက မှားမိလို့ ... မင်း ... အဖော်ခေါ်မိတာပါ ... နို့မို့ ခုနေခါ ငါ ဒီလောက် စိတ်ညစ်စရာမလိုဘူး ... သေချာတယ် ..."

အောင်ဇော်နှင့် ညီနောင်တို့ စကားနိုင်လုနေကြဆဲ ... ဖြုန်းဆို ... ဦးလေးအရွယ် လူကြီးတစ်ယောက် အနားသို့ရောက်ရှိလာပါသည်။ ခြံထဲက ထွက်လာတာမဟုတ် ... အပြင်လမ်းပေါ်ကနေ အနားကပ်လာခြင်း ဖြစ်ပေရာ ... အောင်ဇော် မျက်နှာက ပိုမိုပြီး အောက်သိုးသိုး ဖြစ်သွားရပြန်ပါသည် ...။

"ဟော့ ... ဒီနားမှာ မင်းတို့နှစ်ယောက် ကုပ်ချောင်းချောင်း လတ်လျား လတ်လျား လုပ်နေတာ အတော်တောင်ရှိသွားပြီနော် ... ငါ ကြည့်နေတာ ကြာပြီ ... မင်းတို့ ဘာကောင်တွေလဲ ... ပုံစံတွေကြည့်တော့ စုတ်စုတ်ပြတ်ပြတ်နဲ့ ခြံထဲဘာလုမ်းလုမ်းမျှော်နေတာလဲ ..."

သတင်းကြီးသည့် ရွှေမင်းသမီး တူမချော တစ်ယောက်ကို ပိုင်ဆိုင်ထားသူပီပီ "တူမဂုဏ်"မောက်လျက်ရှိသော "ဦးဇော်နိုင်"မှာ ... ဒီအရွယ် ဒီလိုကုပ်ချောင်းချောင်း လတ်လျား





လျား ကောင်ကလေးမျိုးတွေကို မြင်ရုံနှင့် ... "ဘာကိစ္စ"ဆိုတာ ... ချက်ဆို နားခွက်က မီးတောက်ပြီး ဖြစ်ပါသည်။

သူခိုး ... ဓားပြတွေ နေရာထိုင်ခင်း လာမှတ်တာများ ထင်ရင် ... ဘယ်ဒီလို ... တစ်ယောက်တည်း ... တစ်ကိုယ်တော် သူ့ရဲ့ကောင်းကြီးလို ... သဟောက်သဟ လာလုပ်ရဲ့လိမ့်မတုန်း ...။ သက်ဆိုင်ရာရုံး၊ ဌာနတွေ ပြေးမတိုင်တောင် ...။ ကိုယ်နိုင်လို့ရလောက်မဲ့ ကိုယ့်မျက်နှာကြည့် ဖားချင်မဲ့ ရပ်ကွက်ထဲက ကာလသားကောင်ကလေး ... လေး,ငါး,ဆယ်ယောက်လောက်နဲ့ တပ်စုပြီးမှ လာရဲမှာပေါ့ ...။

ခုဟာကတော့ ... သူခိုးဆိုရင် သိသိသာသာကြီး အထဲလှမ်းချောင်းလိုက် ... အပြင်ဘက်နား တကုန်းကုန်းလုပ်လိုက် ... လူရိပ်လူယောင်ပြလိုက် ဘယ်လုပ်မလဲ ...။ ဒီအိမ်ရှေ့က ငါးခေါက်ဖြတ်မယ် ဆိုရင် ... တစ်ခေါက် တစ်ခေါက် ဆယ်မိနစ်စီလောက်ခြားပြီးမှ ... မသိမသာ လုပ်နေမှာပေါ့ ...။

ဟင်း ... အမဲရိုးတွေ ... အမဲရိုးတွေ ...။ မိန်းကလေးချောချောလှလှများ ရှိတယ်ကြားရင် ... ကိုယ့်ဘဝ ကိုယ့်အခြေအနေလည်း ကိုယ်ပြန်မသိ ...။ တယ်မှေသွားတတ်ကြတော့တာကိုး ...။ အနည်းဆုံးတော့ကွာ ... ကိုယ်ဝတ်စားထားရတဲ့ ... အင်္ကျီအဝတ်အစားလောက်တော့ ငုံ့ကော်ကြည့်ပြီးမှ လာရဲကြပေါ့ကွ ...။ အင်း ... စုတ်ပြတ်သပ် မည်းသည်းပေရေနေကြတဲ့ အဝတ်အစားတွေအောက်က ရုပ်ရည်ကလေးတွေကတော့ဖြင့် မဆိုး

www.burmeseclassic.com



ကြရှာပါဘူး …။ ဒါပေမဲ့ ဒီသနားကမား ဖြစ်နေမှုလေးတွေ တစ်ချက်တည်းတော့ အားကိုးပြီးလာလို့ … ဘယ်ရမှာလဲကွာ …၊ ကျွတ် … ကျွတ် …။

"ဟေး … သွား … သွား … ကျွတ် … ကိုယ့်အခြေအနေ အဆင့်အတန်းလည်း ကိုယ်မသိ …။ ကဲ … ပြန် … ပြန် … နောက်လည်း ဘယ်တော့မှ ပေါ်မလာခဲ့ကြနဲ့တော့ … မဟုတ်တာ …"

ရုပ်ကွက်လူကြီး တစ်ယောက်ယောက်တော့ လာစုံစမ်းပြီထင်ပြီး … တွန့်သွားမိသော အောင်ဇော်က … ထင်သလို မဟုတ်ဘဲ … "အခြေနေ အဆင့်တန်း"တွေ ဘာညာပါလာကာ … ခွေးမောင်းသလို …၊ မသတီသလို မောင်းထုတ်ခံနေရသဖြင့် အံ့သြတကြီးနှင့် ဒေါသတွေလည်း ထွက်လာမိပါသည် …။

"ဘာတွေ လာပြောနေတာလဲဗျ …"

"ဩော် … ခက်တဲ့ကောင်တွေ … ပြောနေတာ မရဘူးလား … ငါ့လူတွေကို ခေါ်လိုက်ရမလား …"

"ခင်ဗျားကြီးက ဘာမို့လဲဗျ …"

"အောင်မာ … ငါက ဦးလေးကွ … ဦးလေး …"

အောင်ဇော်နှင့် ညီနောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည် …။ ဘာလဲ …။ ဘာဦးလေးလဲ … ဘယ်သူ့ဦးလေးလဲ။

"သွားကွာ … သွား … သွား … သွားကြ …"





ဦးဇော်နိုင်က ပါးစပ်တင်မကတော့ဘဲ 'လက်ပါ,ပါလာကာ … တွန်းတာတွေ … ဆွဲတာတွေ ရှိလာတော့မှပင် … အောင်ဇော့်မှာ ရုတ်တရက် အထာပေါက်သွားရတော့ကာ … ဤတစ်ကြိမ် … ခြံပေါက်ဝက ပြေးကြည့် … ခြံစည်းရိုးကို ခုန်,ခုန်ပြီး ကျော်ကြည့် … ရှုပ်ယှက်ခတ်သွားသူမှာ အောင်ဇော်ပင် ဖြစ်တော့သည်။

"ဟော့ … ဟော့ … ပြောလေ … ဆိုးလေပါလား … ဒီလိုတွေ သွေးရူးသွေးတန်းနဲ့ လျှောက်လုပ်လည်း မင်းတို့ အခြေအနေက ဘာမှ ထူးခြားဖို့ မရှိဘူး … လူဆိုတာ တန်ရာ … တန်ရာပေါ့ကွာ … ကဲ … ကဲ … ငါလည်း ဟိုတိုင်ဒီတော မလုပ်ချင်ပါဘူး … မလုပ်မိခင် … အလိုက်သိကြ … ပြန် … ပြန် …"

ဦးဇော်နိုင်က … ပြောလို့ဆိုလို့ ရမည့်ပုံပေါ်သော ညီနောင့်ကိုပဲ အဓိကထားပြောကာ … အောင်ဇော့်ဘက်ပါ မေးငေါ့ပြပြီး ကိုယ့်လူကိုယ် ပြန်ထိန်း … ဟု သတိပေးလိုက်ပါသည်။ ချောမောလှပ၊ အထက်တန်းကျမှု ဆိုတာတွေကို … ကိုယ်တိုင်က အင်မတန်မှ ခုံမင်လှသော ဦးဇော်နိုင်က … အခြေအနေ အဆင့်အတန်း၊ အဝတ်အစားတို့နဲ့မှ မလိုက် …၊ ဆင်ရင် ဆင်သလို … မြင့်ရင် မြင့်သလို … သပ်ရပ်သားနား ထွက်လာနိုင်သည့် ဒီကောင်လေးနှစ်ကောင်ရဲ့ ရုပ်ရည်လေးတို့အတွက်လည်း ကရုဏာက သက်မိရသေး။ အင်း … ကသိုလ်ပေါ့ကွာ …။

www.burmeseclassic.com



ညီနောင်က အလှုပ်အရှား များနေသော အောင်ဇော်ကို ပခုံးဖက် လက်ဆွဲကာ ... ဟိုလူကြီးနှင့် ဝေးရာသို့ အတင်းအဓမ္မပင် ဆွဲခေါ်လာခဲ့ပါတော့သည် ...။ လမ်းထိပ်က ကားရပ်ပစ်ခဲ့ရာဆီထိ ပြန်လျှောက်လာခဲ့ကြတော့ ... အောင်ဇော်က မချိတစိ နိုင်ချင်လှသည့် ညီနောင့်ကို အမြင်က ခပ်ကတ်ကတ်နှင့် ...

"အလကားကောင် ... အုတ်တိုင်မှတ်မိသလေး ... ခြံမြင်ဖူးသလေး ... လာလုပ်နေတယ် ... အဲဒီခြံထဲက ကောင်မလေးကိုပါ မင်း မြင်ဖူး ကြုံဖူးပြီးသား မဟုတ်လား ... ဟောစောကပြောတာ မဟုတ်ဘူး ..."

"မြင်ဖူးကြုံတာကတော့ မင်းရော ငါပါ ပြိုင်တူလေ ... ဟိုတစ်နေ့ကပဲ အမှိုက်ကား ..."

"ထွီ ... အလုပ်လုပ်တဲ့ ကောင်မလေးကို ပြောနေတာ မဟုတ်ဘူး ... လာလွှဲမနေနဲ့ ... ငါပြောတာ ဟိုလူကြီးရဲ့ တူမကိုသာ ဆိုလိုတာမှန်း မင်း သိတယ် ..."

ဇာပဝါလိုလို ... ခန့်ဆီးစလိုလို ... ခပ်ပါးပါးနောက်က မျက်လုံးပြူးပြူးလေးတစ်စုံကို (အိပ်ပျော်နေချိန် မဟုတ်ဘဲ) နိုးထနေသော အသိစိတ်နှင့် ပြန်မြင်ယောင်ခန့်မှန်းကြည့်လိုက်တော့ ... ဘာမှ သဲသဲကွဲကွဲ ရေရေရာရာ မရှိတော့ပါ ... ခုနေ အပြင်မှာ လူအကောင်လိုက် "ဘွား"ခနဲ မျက်နှာချင်းဆိုင်





ဆုံရင်လည်း မှတ်မိသိရှိမည် မထင်ပေ။ အုတ်တိုင်တို့၊ ခြံတို့၊ လမ်းတို့ကျ ... မြင်ရုံနဲ့ မှတ်မိပေမဲ့ ... လူကျတော့ ...။

အင်း ...။ ငါလည်း မြင်ဖူးချင်မိသား ... ပါပဲ အောင်ဇော်ရာ ...။

"နောက်တစ်ကြိမ်ပေါ့ကွာ ... ပုံပြင်ထဲကလို ပိုးတိုက်ပုံ ... ပိုးပုဆိုးနဲ့ ဝတ်လာခဲ့ပြီးမှ ... အဘိုးကြီးကို ... သူ့စကားလုံး 'အဆင့်အတန်း' ဆိုတာကြီးနဲ့ပဲ ပြန်ဖိသတ်ရမယ် ..."

"အဓိပ္ပာယ်မရှိတဲ့ကိစ္စ"ဟု ... သူပဲ ရွတ်ချခဲ့သည့် အောင်ဇော် တစ်ယောက် ... "ဒါမျိုးလေး"ပါလာတော့ သူပဲ ဦးဆောင်တက်ကြွနေတော့မည် ထင်သည် ...။ ညီနောင်ကတော့ ဒီလမ်း ...၊ ဒီခြံ၊ ဒီအုတ်တိုင် ... ဒီအိမ်ကလေးတို့ဆီမှာ ... ဦးလေးအဘိုးကြီးတစ်ယောက် ဂုဏ်မောက်လောက်စရာ ...မိန်းကလေးတစ်ယောက် ... တကယ်ပဲ ရှိနေခဲ့သည် ... ဆိုတာကိုပဲ ... ဘာအံ့တသြလေး ကျေနပ်သဘောကျနေမိတော့သည် ...။

ခဏခဏ မက်ခွင့်ရနေတဲ့ အိပ်မက်တစ်ခုဟာ ဘာကိုဆိုလိုချင်နေတာလဲ ...။ ညီနောင့်ကိုတော့ နေရာအတိအကျဆီ ဒက်ထိခေါ်လာနိုင်ခဲ့ပြီးပြီ ...။

www.burmeseclassic.com



သူ့လက်ထဲက သောက်လက်စ စီးကရက်တိုကို ... မီးမသတ်ဘဲ "ထောက်"ခနဲ ... ဘယ်နေရာရောက်ရောက် ...ဟု တောက်,ပြီး လွှင့်ပစ်လိုက်တာမို့ ... ပိုင်နိုင့်ရဲ့ မျက်နှာကလေး ရှုံ့မဲ့ခွက်ဝင်သွားရပါသည် ...။ စည်းကမ်းမရှိလိုက်တာ ... ဘယ် လိုလဲ ...။ မီးသေချာငြိမ်းသတ်မထားသည့် သောက်လက်စ စီးကရက်တိုကို အဲသလို ... ဟိုပစ်သည်ပစ်ဆိုရင် ... မီးလောင်လွယ် တဲ့ အရာတခုခုပေါ် သွားကျတော့ ဘယ့်နှယ့်လုပ်မတုန်း ...လို့

သူများအိမ်ခြံမြေထဲ ရောက်နေရသည့် ဧည့်သည်မို့ ပစ်စရာ ထည့်စရာ အမှိုက်ပုံး ရုတ်တရက် ရှာမတွေ့လို့ ဆိုရင် လည်း ... အနည်းဆုံးတော့ ကိုယ့်ခြေထောက်အောက်က မြေကြီး ပေါ်ပဲ ပစ်ချပြီး ဖိနပ်ဦးနှင့် ဖိနင်းပစ်ကာ ... မီးသတ်သင့်သည် ပင် ...။ ခုတော့ ... "သွားလေရာဟဲ့ ... ရောက်ရာပေါက်ရာ ... ငါ့လက်ကလွတ် ... ဖြတ် ...။ ပြီးကျ ... သူ့ဟာသူ ဘာဆက် ဖြစ်ဖြစ် ..."ဆိုတဲ့ စတိုင်နဲ့ တောက်ထုတ်ပစ်လိုက်တာများ ... "ထောက်"မှနပင် မြည်မတတ်ပေ ...။

ပိုင်နိုင့် ကြက်ခြံက ခတ်ဆိပုံးလိုဟာမျိုးတွေ မရှိ ပေမဲ့ ... ကောက်ရိုးလို စပါးခွံလိုဟာမျိုးတွေတော့ ရှိတယ်လေ ... ကြက်ခြံကိုယ်၌ကိုက ဝါးကပ်ကာ ... ဝါးကပ်မိုး ...။ ပိုင်နိုင်ထ





ကျော်မင်းဦး လွှင့်ပစ်လိုက်သော မီးခိုးတလူလူနှင့် ... စီးကရက် လေးကို ရောက်ရာအရပ်က သွားပြန်ရှာကောက်လာကာ ... မှာ မီးငြိမ်းသတ်ပြီးမှ ... ခြံထောင့်က အမှိုက်ခြင်းထဲ သွား ည့်လိုက်ပါသည်။

သူ စည်းကမ်းမရှိတာကို ... ကိုယ်က ... "တွေ့ရဲ့ ... သိပြီလား"လို့ ပြလိုက်ရာလည်း ရောက်သွားဦးမှာ စိုး သည်မို့ ... ပိုင်နိုင်က အမှိုက်ပစ်ပြီးကာမှ ဦးကျော်မင်းဦး င် တစ်ချက်ပြန်ချောင်းကြည့်လိုက်ပါသည်။

ဟင် ... ဘာမှ ဖြစ်တဲ့ပုံလည်း မရပေါင် ...။ သိ ပုံတောင် မရ ...။ ခပ်အေးအေးပဲ ...။ စီးကရက်နောက်ထပ် လိပ်ကို ထပ်မံထုတ်ယူနေပြန်ကာ ... မီးညှိနေလိုက်ပါသေး ...။ င်က မျက်နှာလေးရှုံ့ကာ ခေါင်းကို မသိမသာ ခါယမ်းလိုက် သည် ...။ ဒီလိုပုံစံ အချိုးအချိုတ်မျိုးနဲ့တော့ ... ပိုက်ဆံက း ချမ်းသာပုံရ၊ ရုပ်ရည်ကလည်း အဆင့်မြင့်သပ်ရပ်လှတာ ... ကိုယ့်အစ်မဖြစ်သူနဲ့ ကျိတ်သဘောတူ ကျေနပ်နေမိတာတွေ ... ဆန့်ကျင်ဘက် ပြန်မဲတွေးရတော့မလိုလိုပင် ...။

ပြောရမယ်ဆိုရင် ... စကားပြော ... ဘာညာလည်း အချိတ်က သိပ်တော့မပြေလှပါဘူး ...။ ရောက်စက င်ကို (ကခြားလူတကာ လူအတော်များများလိုပါပင်) ဤအိမ် လုပ်သမား မိန်းကလေးဟု အထင်အမြင်နှင့် ... လေသံကို အစ်မျိုး ...။ ပိုင်နိုင်ကတော့ ကြုံဖူးပြီးပေါင်း များနေပြီမို့...

www.burmeseclassic.com



ထူး ... နစ်နာတယ်ရယ် မရှိပါဘူး ... "ကိုယ့်နာမည်နဲ့ ... ဘယ်သူ"ဆိုတာကိုပဲ ... စကားထဲ မသိမသာလေး ထည့်... ပြီး ... ပြေပြေလည်လည် ချေချေငံငံ ရိုရိုသေသေပဲ ပြန်... တာပေါ့။

ဒါလည်း ... ရိပ်မိလေသလား ... မရိပ်မိ... လား မသိ ...။ စိတ်ထဲက ဘာမှ သိပ်မရှိလှပုံနှင့် ... လေ... တော့ သိပ်ပြောင်းလဲမသွားခဲ့ပါ ...။ ဒီအိမ်သို့ ... ဦးစားပေး... သည်တစ်ယောက်အနေနဲ့ ရောက်လာခဲ့ပေမဲ့ ... အိမ်... ဧည့်ခန်းထဲ သွားထိုင်မနေဘဲ ... (ရေချိုးနေလား ဘာလာ... တဲ့) မမတင်သီကို ... ခြံထဲဆင်းပြီး စောင့်နေတယ် ဆို... လည်း ... ပိုင်နိုင့်လို ညစ်တီးညစ်ပတ် စုတ်စုတ်ချာချာ ... လေးတစ်ယောက်နဲ့ အရောလာဝင်နေဖို့မှ မဟုတ်တာဘဲ ...

သူ့အပြောအရ ... "မျက်နှာကြက် သိပ်အမြင့်... မဟုတ်လှတဲ့ ... တစ်ထပ်တိုက်ပုပု၊ မှန်ကုပ်ကုပ်ဟာ ... အ... ခပ်ကြာကြာ ထိုင်နေရတာကိုက ... ကျန်းမာရေးနှင့် မညီ... သလိုလို ခံစားလာရလို့ ..."ဆိုပဲ ...။ လေဝင်လေထွက်နဲ့ အ... ရောင်ကလည်း သိပ်မကောင်း၊ လေအေးပေးစက်(Air-Co... လည်းမရှိ ... ဆိုတော့ အသက်ရှူမျှားပင် ကျပ်ရသတဲ့ ...။ ဂို... တို့တော့ ... မွေးကတည်းက ဒီလိုပဲ နေလာခဲ့ကြတာ ... ကျ... ရေး ဆိုးဆိုးဝါးဝါး ထိခိုက်မှုလည်း ... အိမ်သားတွေ ဘယ်... ယောက်ဆီမှာမှ မရှိပေါင် ...။





ထားပါတော့လေ ...။ သူတို့လို သူဌေးမျိုးဟာ ခြံ...ာ အကျယ်ကြီး ...၊ တစ်ထပ် တစ်ထပ်ကို တရားလွန်မြင့်...ကြတဲ့ မျက်နှာကြက်မြင့်မြင့်တွေနဲ့ နှစ်ထပ်တိုက်ကြီးမှာ ပြတင်း...က်တွေကလည်း အကြီးကြီးနဲ့ အများကြီး ...။ လေအေးပေး...ကလည်း အလုံးတစ်ရာလောက် ... ဆိုတာမျိုးနဲ့ ဖြစ်ချင်လည်း...ပေမပေါ့ ...။ ဒါမှမဟုတ်လည်း ... လူပုံကြည့်တော့...ကောင်းကြီးလိုလိုနဲ့ ... အတွင်းကတော့ "ရင်ကျပ်ပန်းနာ" ရောဂါ...လည်း ဖြစ်နေနိုင်တာကိုး ...။

အမယ် ... သူက ... ပိုင်နိုင့်ကို ညီမဖြစ်ဖြစ်၊ ...ယ်သမားဖြစ်ဖြစ်၊ ဘယ်သူဖြစ်ဖြစ် ... လို့ အရေးသာ မထား... ...၊ မေးခွန်းထုတ် အစ်အောက်ကာ သူသိလိုရာ အဖြာဖြာ...က်ထုတ်စုံစမ်းသွားဖို့အတွက်ကျတော့ ... အသုံးပြုဖို့ ဆန္ဒရှိ...ရသား ...။

"တင်သီနိုင့်မှာ အရင်ကတော့ စပ်တဲ့ဟပ်တဲ့လူတွေ မရှိဘူးလား ..."

"ဟုတ် ... ရှိတယ်လေ ... ရှိတာပေါ့ ..."

"ဘာကိစ္စတွေနဲ့ ပျက်သွားကြသလဲ ... ဒါမှမဟုတ် လက်ရှိ ရှိနေကြဆဲပဲလား ..."

"အားလုံး ... မမက ငြင်းချည်းထုတ်ပစ်လို့ လက်ရှိလည်း တစ်ယောက်မှ မရှိပါဘူး ..."

"ဘာကြောင့် ငြင်းချည်းပဲ ထုတ်နေရတာတဲ့လဲ ..."

www.burmeseclassic.com



"မမက သူကြိုက်မှ သူလက်ခံမှာပေါ့ ... သူမှမကြိုက်
တော့ ငြင်းမှာပေါ့"

"ခုထိ တစ်ယောက်မှ စိတ်တိုင်းမကျဘူး ဆိုတော့
ကျောင်းတုန်းကကော ... သူ တက္ကသိုလ်တက်နေတုန်း
ရည်းစားသနာများ ရှိခဲ့သလား ..."

"ကြိုက်တဲ့လူတွေကတော့ တိုးလို့တောင် မပေါက်ဘူး
မမကသာ တစ်ယောက်မှ ပြန်မကြိုက်ခဲ့တာ ... မမကြ
ရတာ ဒီလောက်ချောရက်လှရက်နဲ့ ... ချစ်ဖို့ ကြို
ဝါသနာကို မပါဘဲ ... အပျိုကြီး လုပ်ချင်လုပ်မဲ့ပုံတော
ရနေတာ ..."

ဦးကျော်မင်းဦးက ပိုင်နိုင့်ကို ဘဝင်ကျဟန်မတူ
မျက်ခုံးပင့်ပင့်ကြီးများနှင့် ကြည့်ကာ ... ခပ်မဲ့မဲ့လည်း တစ်ချက်
လိုက်သေးသည် ...။ ဦးကျော်မင်းဦးရဲ့ စိတ်ထဲမတော့ ...
ထိန်းသူ လူကြီးသုံးယောက်က ... သဘောတူ ကျေနပ်ပြီး
ကြောင်းတွေကို သိသိသာသာ ဒလဟောကြီးတွေပင် ဖော်ပြနေ
ပါရက် ... လူငယ်တွေကျတော့ "ဟန်ဆည်မာန်ထယ်"
လုပ်နေကြချင်သေးတာကိုပဲ ... ဟားချင်စိတ် မကျေနပ်စိတ်တို့
ခပ်များများပါ ...။

ခုဆိုလည်း ကြည့်လေ ... ကိုယ် ရောက်လာ
မှာ ... တင်သီနိုင်က ... "ပဲတင်း"နေကာ ... ချက်ချင်းထွက်
မလာ ...။ အဒေါ်တွေ ဦးလေးတွေက ဘယ်ပျောက်ပုန်းရှော





ကြသည် မသိ ...။ အစ်ကိုဖြစ်ဟန်တူသူနှင့်တော့ တစ်ချက်ဆုံ
လိုက်ပေမဲ့ ... သူကလည်း ညီမထံလာသည့် ယောကျ်ားလေးမိတ်
ဆွေကို ... ဘယ်ဆိုင်ဧည့်ခံနေပါ့မလဲ ...။ ထိုင်ပါ ပြုပါ ... ခရီး
ဦးကြိုပြီးတာနဲ့ ပျောက်သွားစေရတာပဲပေါ့ ...။ နောက်ဆုံးကျတော့
ဦးကျော်မင်းဦးမှာ ... ခြံထဲပဲ ကြည့်ရှုလေ့လာချင်သလိုလိုနဲ့ ...
ခြံနောက်ဘက်က ကြက်ခြံထိပဲ ရောက်ခဲ့ရတော့ကာ ... "ညီမ"ဟု
အဆိုရှိတဲ့ ပေါက်တတ်ကရ ကလေးမလေး တစ်ယောက်နှင့်သာ
အဖော်ပြုနေရတဲ့ ဘဝကို ရောက်ပါရော။

စိတ်ထဲကတော့ အနည်းငယ်တော့ တင်းချင်နေမိပါ
ပြီ ...။ စိတ်လုပ်ပြီး လှည့်ပြန်သွားရအောင်ကကျတော့လည်း
ကိုယ့်အနေအထားက လူကြီးလူကောင်း ယောကျ်ားကြီးတစ်ဦး
လေ ...။ ဖြစ်ပေါ်နေတဲ့ အခြေအနေကိုပဲ ကြည့်ကျက်အမြတ်ထွက်
အောင် လုပ်ယူရတော့မှာပဲ ... ရယ်လို့ စီးပွားရေးသမားကောင်း
တစ်ယောက်ရဲ့ စိတ်ထားနဲ့ ... ဘာမဟုတ်တဲ့ ကလေးမလေးနဲ့
စကားလက်ဆုံကျကြည့်တော့ ... ဟား ဟား ...၊ ပင်တိုင်စံက
ကိန်းခန်းကြီးသလို ... နောက်တော်ပါးကလည်း "ဈေးတင်"တတ်
လိုက်တာများ ...။

ဦးကျော်မင်းဦးက လက်ကနာရီကို တစ်ချက်မြှောက်
ကြည့်ကာ ...

"မင်းမမကို တစ်ချက် သွားမေးပေးစမ်းပါ ... Traders
မှာ ညစာထွက်စားကြဖို့ သူ့ဆန္ဒရှိမယ်ဆိုရင် ... ကိုယ်

www.burmeseclassic.com



နောက်ထပ် မိနစ်နှစ်ဆယ်လောက် အချိန်ပေးပြီး ထပ်စောင့်နိုင်တယ် ... အဲဒါ ဘယ်လိုလဲ ... လို့ ...”

“မမက သူစိမ်းယောကျ်ားတွေ ... ဘယ်သူနဲ့မှ ညဘက်နှစ်ယောက်တည်း အပြင်မထွက်ဘူး ... နေ့ဘက်ဆိုရင်တောင် အလုပ်ကိစ္စနဲ့မှ သွားတာ ... သူ လိုက်မှာမဟုတ်ဘူး ... ပိုင်နိုင် သိပါတယ် ... သွားမေးနေစရာတောင် မလိုလောက်ဘူး ...”

ဦးကျော်မင်းဦးရဲ့ မျက်နှာ တင်းခနဲ နီရဲသွားချိန်မှာ ... အပြင်က ပြန်ရောက်လာကြသည့် ဒေါ်လေးကြီးနှင့် ဒေါ်လေးငယ်တို့ နှစ်ယောက်စလုံး ... ပိုင်နိုင်တို့ရှိရာ ခြံနောက်ဘက်ထဲသို့ ပြေးမတတ်ပင် ရောက်ရှိလို့ လာကြပါသည်။

“အလို ... ဦးကျော်မင်းဦး ... ကားတွေ့လို့ အိမ်သပါတက်ရှာသေးတယ် ... ဘယ့်နှယ် နောက်ဘက်ထဲ ရောက်နေရတာလဲ ... အပေါ်မှာ တင်သီ ရှိပါလိမ့်မယ် ... ဧည့်ခန်းထဲ ကြွပါ ...”

ဦးကျော်မင်းဦးရဲ့ မျက်နှာ အင်တင်တင်၊ ခပ်နီနီကို ဒေါ်လေးနှစ်ယောက်လုံး ချက်ချင်းပင် အကဲခတ်နိုင်သွားကြပါသည်။ နှစ်ယောက်လုံးပင် ပျာယာခတ်မတတ် မူပျက်ကုန်ကြကာ ... ပိုင်နိုင့်ကို “ဘယ်လိုလဲ”လို့ မျက်ရိပ်မျက်ခြည်နဲ့ အကဲခတ်သူကခတ် ...၊ ဦးကျော်မင်းဦးထံ “ဖားပြုး”ချက်ချင်းပြုးသူက ပြုး ...။





“မိပိုင်နိုင် ... ညည်း ဧည့်ကောင်းစောင်ကောင်း လူကြီးလူကောင်းတစ်ယောက်ကို ဘာစိတ်အနှောင့်အယှက်များ ပေးဖြစ်အောင် ပေးပြီးနေပြီလဲဟင် ... ဦးကျော်မင်းဦးရယ် ... သူက သိပ်လည်း လူတောမတိုးလှတော့ ... ဧည့်သည်လည်း မဆက်ဆံတတ်ဘူး ... သင်တာကတော့ သင်တာပါပဲ ... မှာင်သီလေးနဲ့ကတော့ ဝမ်းကွဲတွေ ဆိုပေမဲ့ ... ဗီဇကိုက မတူကြတော့လည်းလေ ... ခက်တာပဲ ... ဘာတွေ လျှောက်ပြော၊ လျှောက်လုပ်ထားပြီးပြီလဲ ...”

ပိုင်နိုင်ကား ... လူရှေ့သူရှေ့ ... ဒါမျိုးအပြောခံရလည်း ... ဆတ်ဆတ်ခါပြရမဲ့ အနေအထားမျိုး မဟုတ် ...။ ဝမ်းနည်းစရာ အာပြဲကြီးနဲ့ ဟစ်ငိုရင်တောင် အခြေအနေက ထူးတက်လာမှာ မဟုတ်တာ ...။ မမက ဒိုင်ခံငြင်း‚ငြင်းသမျှ ... ရှေ့ရှေ့က လူအပေါင်းမှာလည်း ... “ပိုင်နိုင်က ရိုင်းရိုင်းလွှတ်လို့ ...” ဆိုတဲ့ မဟုတ်ကဟုတ်က ... အပြစ်ပုံချခံရခြင်းမျိုးတွေလည်း ရှိဖူးပေါင်းများပြီ ...။ အဒေါ်တွေဟာ သူတို့ရွှေမင်းသမီးလေးရဲ့ “အငြင်းစကား”ကို ဖွေယူလည်း ခဏသာ ...။ အမိက တရားခံဟာ “ပိုင်နိုင်”ပဲ ဖြစ်သွားခဲ့ရပေါင်းလည်းများပြီ ...။

“သူ့တော့ ... အရေးလုပ်လို့ ... ခေါင်းထဲ ထားနေလို့ မရပါဘူး ဦးကျော်မင်းဦးရေ ... အန်တီတို့ကလည်းပဲ ကြိုပြောထားဖို့ မေ့သွားကြတာ ... ဟင်း ဟင်း ဟင်း.ဟင်း;”

www.burmeseclassic.com



ထိုအချိန်မှာပင် ... အများက မျှော်လင့်ကြသော "တင်သီနိုင်"က ခြံထဲထိဆင်းပြီး ရောက်ရှိလာပါသည်။ "ဘယ်သူကြီးပဲ ဖြစ်နေပါစေ ... ပိုင်နိုင်ရဲ့ မမဟာ ... ဧည့်ခန်းထဲကပဲ ဣန္ဒြေရရ စောင့်ကြိုနေလိမ့်မှာပဲ"ဟု ထင်ထားသော ပိုင်နိုင်ပင် အနည်းငယ်တော့ အံ့သြသွားမိရ၏။ တင်သီနိုင်က ခြံထဲရောက်ရောက်ချင်းပင် ... ဖြစ်ပေါ်နေသော အခြေအနေကို "တန်း" ရိပ်မိလိုက်နိုင်ပုံနှင့် ... ညီမဖြစ်သူနားထိ တိုးကပ်လာကာ ... ပခုံးလေးကိုပါ အသာလာဖက်ထားလိုက်ပါသည်။

မွေးပုံ့ကြော့မော့ကာ ရှင်းသန့်နေသော မိန်းကလေးက ... ချွေးသံတရွှဲရွှဲ ...၊ ဘာတွေမှန်းမသိ အပေပေ အလိမ်းလိမ်းနှင့် ... ညစ်ပတ်နံစော်နေဟန်ပင်ရှိသော မည်းမည်းသည်းသည်းကို အနီးကပ် ဖက်ထားလိုက်ခြင်းအပေါ် ... ဦးကျော်မင်းဦးရဲ့ စိတ်ဝင်တစား အကဲခတ် အံ့သြစိတ်တို့ကလည်း လျှံတက်သွားရတာပင်...။ လူကြီးတွေထံပါးမှာ ... ဘာအဆင့်မှ ရှိပုံမရတဲ့ ကလေးမဟာ ... ပင်တိုင်စံကလေး ဆိုမှာတော့ ... သူ့အဆင့် ကလေးနဲ့သူ ... အလေးပေးထားသည့်ပုံပဲ ... အင်း။

"ဩော် ... တင်သီကလည်းပဲနော် ... ခုမှ ရေချိုးပြီးဆင်းလာတဲ့ဟာကို ... အင်း ... တယ်ခက် ...။ ဟယ် ... ရာသီဥတုလေးကလည်း မဆိုးဘူး ... တင်သီလည်း ညနေခင်း ရေမိုးချိုးလိုက်ပြီဆိုတော့ ... ရုံးအလုပ်တွေ ဘာတွေ မရှိ





တော့တဲ့ သဘောပေါ့ ... ဒီလောက် အဆင်ပြေနေတာ ... အပြင်လေး ဘာလေး မထွက်ကြဘူးလား ... ဦးကျော်မင်းဦးကော ... အချိန်များမအားဘူးလား ..."

ဒေါ်လေးကြီးက "ပိုင်နိုင့်"ကို "ဖယ်"ဟူသော မျက်နှာရိပ် မျက်နှာကဲနှင့် ပေါ်တင်ကြီး ကုလားဖန်ဝင်ထိုးလိုက်သော ဇာတ်ဆရာအလုပ်ကို လုပ်လိုက်ပါသည် ...။ ပိုင်နိုင်က မျက်လွှာလေးချကာ ... လှည့်ထွက်ဖို့ပြင်ခိုက် ... ပိုင်နိုင့်ပခုံးပေါ် လှမ်းဖက်တင်ထားသည့် မမရဲ့လက်က နေရာမရွေ့ ...။ လက်ဖျားလေးတွေက ခပ်ဖွဖွ တင်ထားရာက ဆုပ်ညှစ်ထားလိုက်သည့်သဘောမှာပင် ရှိသေးသည်။ ပိုင်နိုင့်မှာ မမ မျက်နှာကို မော့ကြည့်ကာ နေရာမရွေ့သာပါလေတော့ ...။

ဦးကျော်မင်းဦးက လူရည်လည်မို့ ... ဒီမိသားစုအတွင်းက အခြေအနေနဲ့ စိတ်ထားတို့ကို ခဏတွင်းချင်းမှာ အကဲခတ် ရိပ်မိနိုင်ပါသည် ...။ "သူစိမ်းယောကျ်ားတွေနဲ့ ညနေဘက် နှစ်ယောက်တည်း အပြင်မထွက်"ဟူသော ... စန်းတင်အပြောနဲ့ ...၊ အဒေါ်အုပ်ထိန်းသူတို့ရဲ့ ဆန္ဒတိုက်တွန်းမှုတွေနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြတာကို ... နည်းနည်းလောက်တော့ ထပ်စုံစမ်းကြည့်ဦးမှ ... ဟု စိတ်ကူးရတာမို့ ...

"ညနေဘက်တွေမှာ သူစိမ်းယောကျ်ားသားနဲ့ နှစ်ယောက်တည်း အပြင်ထွက်လေ့ မရှိဘူးဆိုတဲ့ ... တင်သီ့ရဲ့ စည်း

www.burmeseclassic.com



ကမ်းလေးကို မဖျက်ဆီးချင်ပါဘူးဗျာ … ထမင်းစားဖိတ်ခေါ်ဖို့ စိစဉ်လာခဲ့ပေမဲ့ … အားနာပါတယ် … နေပါစေ …”

“ဟင် … ဒါ … ဒါ … ဘယ်သူက ပြောထားတာလဲ…”

ဒေါ်လေးငယ်ရဲ့ ဒေါသတို့က ဟန်မျှပင်မဆောင်နိုင်ပါ။ အကြည့်တစ်ချက်က ပိုင်နိုင့်ထံ ဒိုင်းခနဲ ရောက်ရှိလာသည်။ တင်သီက ဦးကျော်မင်းဦးကို ခေါင်းညိတ်ပြလိုက်ကာ …

“အဲဒါ အမှန်ပါပဲ ဦးကျော်မင်းဦးရယ် … အဲဒါ ကျွန်မရဲ့ အမြဲတမ်းစည်းကမ်းပါ …”

“ဩော် … အရင်ကတော့ အရင်ပေါ့ … ခုဟာကတော့ ဦးကျော်မင်းဦးကတော့… ကိုယ့်ဦးလေးနဲ့လည်း ဒီလောက်ရင်းနှီးပြီး ဖြစ်နေတာကြီး သူ့စိမ်းရယ်တော့လည်း ဘယ်ဟုတ်ပါ့မလဲ… လူကြီးလူကောင်း တစ်ယောက်က ထမင်းစားဖိတ်တာကို ငြင်းရင် … ရိုင်းရာကျပါ့မယ် တင်သီရယ် … ကိုယ့်ဦးလေးရဲ့ မိတ်ဆွေရင်းကို …”

ဒေါ်လေးကြီးက ဒေါသထွက် အံကြိတ်…။ ဒေါ်လေးငယ်က လက်ချင်းထပ်ပေးပြီး တွန်းမထည့်သာရုံတစ်မယ် တိုက်တွန်းချင် …။ ဦးကျော်မင်းဦး အနေနဲ့ကကျတော့… (အဒေါ်တွေ ဦးလေးတွေက ဘယ်လိုရှိရှိ) ကိုယ်ကလည်း အလေနတောထဲက မဟုတ် …။ အဖိုးတန် မိန်းမကောင်းလေး တစ်ယောက် ဖြစ်ဟန်တူသူကလေးရဲ့ အလုအယက်ကြောင့်လည်း နောက်ဆုတ်ဖို့ စိတ်ကူး





မရှိသေးသူပဲ ဖြစ်ရာ … ဒီနေ့အဖို့ရာကတော့ … ဒီမျှလောက်နဲ့ဆိုရင် တော်လောက်ပြီ…။ မိန်းကလေးဖြစ်သူကိုလည်း လေးစားရာကျ … ကိုယ်တိုင်လည်း ပေါကြီး မဖြစ်စေရ …။

“ကိစ္စမရှိပါဘူးခင်ဗျာ… မိန်းကလေးတစ်ယောက်ရဲ့ စည်းကမ်းကို တန်ဖိုးထားပါတယ် … လူချင်းကလည်း သူစိမ်းမဆန်အောင် … ဒီ့ထက် ခင်မင်ရင်းနှီးလာအောင် အချိန်တွေ ယူကြရဦးမှာပါ … ခုတော့ ပြန်ခွင့်ပြုပါဦး … နောက်တစ်ခါ ထမင်းစားဖိတ်ချင်ရင်လည်း မိသားစုပါ ခေါ်နိုင်မှ … လို့ ထည့်စဉ်းစားကြည့်ရတာပေါ့ဗျာ…”

ဦးကျော်မင်းဦး ပြန်သွားလျှင်… ခြံပြင်သို့ ကားရောက်ဖို့အထိပင် မနည်းကြီး အောင့်အည်းထားရဟန်ရှိတဲ့ ဒေါ်လေးကြီးရဲ့ ဒေါသက … ပိုင်နိုင့် ခေါင်းပေါ်သို့ … “ဒေါက်”ခနဲ ခေါက်ချလိုက်သံ ပြင်းပြင်းတစ်ချက်နှင့် စဖွင့်လိုက်လေတော့သည် …။

“မလုပ်ပါနဲ့ ဒေါ်လေးကြီးရဲ့ … ကလေးက မှန်ရာပြောထားတာပဲဟာ … ဦးကျော်မင်းဦးလို လူမျိုးကို အတင်းကာရော ပေါပေါလောလောကြီး သဘောတူလုပ်ပြီလို့ ပြနေတာမျိုးထက် … ခုလို စည်းနဲ့ကမ်းနဲ့ ဆိုတာမျိုးနဲ့ ဆက်ဆံပြမှ ပိုကောင်းလိမ့်မယ်လို့ တင်သီတော့ ထင်တယ်… လွယ်ရင် ဘယ်သူမှ တန်ဖိုးထားချင်ကြမှာ မဟုတ်ဘူး …”

www.burmeseclassic.com



စကားရှည်ရှည်ပြောခဲလှသော တင်သီနိုင်ရဲ့ ခပ်ဆတ်ဆတ် ကန့်ကွက်သံကြောင့် ... အဒေါ်နှစ်ယောက်လုံး ... "နေနှင့်ဦး"ဟု ပြိုင်တူ ကိုယ်ရှိန်သတ်လိုက်ကြဟန် ရှိပါသည် ...။ အတော်ကြီး နာသွားသော ခေါင်းလေးကို လက်နှင့်တစ်ချက် စမ်းရင်း ချက်ချင်း မျက်ရည်ဝိုင်းတက်လာတော့မည့် ပိုင်နိုင်လည်း ... မမရဲ့ အပြောကြောင့် ... မျက်ရည်က အော်တိုမက်တစ်ပင် ပြန်ဝင်သွားလေတော့ပြီ ...။

မမဟာ ... သူ့ဝသီအရ ဘာသိဘာသာ နေတတ်လှသူ ဖြစ်ပါသည်။ အဒေါ်တွေ ဦးလေးတွေနှင့် ပိုင်နိုင်တို့ရဲ့ ... ဖိနှိပ်မှု၊ အုံကြွမှု တကျက်ကျက် ပြဿနာတွေမှာလည်း ဝင်ပါလေ့ရှိသူ မဟုတ် ...။ ကိုကြီးကမှ သိပ်ကြီး လွန်လာပြီထင်ရင် ... "ကလေးပဲဗျာ ... ဘာသိမှာလဲ ..."စသဖြင့် တစ်ခွန်းလောက် ဝင်အော်ပစ်လိုက်တတ်သေးတာ ...။ ခုလို သူ့ကို တန်ဖိုးတက်အောင် လုပ်လိုက်သလို ...၊ သူစိတ်မပါလှသည့် လမ်းကြောင်းတစ်ခုကို ခုတုံးဝင်ချတာမျိုး လုပ်လိုက်သလို ... ဖြစ်သွားတဲ့အခါကျတော့ ... မမက ကာကွယ်မှုတွေနှင့် ပိုင်နိုင့်ဘက်ကသာ သေချာရပ်ပြလိုက်သားပဲ ...။ ဟုတ်ပြီ ...။

မွေးပျံ့နေသော မမက နံဇော်နေသော ပိုင်နိုင့်ကို ဖက်ထားသည့် လက်ကလေးကိုတော့ အသာအယာပင် ဖြုတ်လိုက်ပါသည် ...။ သို့သော် လှည့်ထွက်လို့တော့ မသွားသေး ..." လက်ကလေးပိုက်ကာ ... သူ သိပ်မလာဖူး ... မရောက်ဖူးသော





နိုင်ရဲ့ ပိုင်နက်ဧရိယာလေး တစ်ဝိုက်ကို ဟိုဟိုဒီဒီ လိုက်ငေးကြည့်လျက် ရှိပါသည်။ ပိုင်နိုင်ကလည်း မမနားမှာပဲ ဆက်ရပ်နေကာ ... ကိုယ့်ကြက်ခြံကို အရေးကြီးသည့်သည် ...၊ ဘုရင်မ အစ်ပါး ရောက်လာသလို ... ရင်ကော့ဂုဏ်ယူချင်လျက် ...။

ကြာတော့ ... မမ အိမ်ထဲ ပြန်ဝင်သွားတာနဲ့ ောင်းပြန်တင်ကြမည်ဟု အစီစဉ် ရှိကြပုံသော အဒေါ်တွေပဲ ... ကြောင်စီစီ ပျင်းခြောက်ခြောက်နှင့် ... အိမ်ထဲအရင် ပြန်ဝင်သွားကြရပါတော့သည် ...။

အဒေါ်တွေရဲ့ ခွဲခြား ဆက်ဆံလွန်းတာတွေက တင်သီနိုင့် ခေါင်းထဲ ရောက်လာတော့ ... သက်ပြင်းမောကလေး တစ်ချက် ချလိုက်မိသည် ...။

ပိုင်နိုင်က တင်သီနိုင့်ရဲ့ သက်ပြင်းသံ ခပ်တိုးတိုးကြောင့် ...

"အဲဒီလူကြီးက ရုပ်ကရော ကြည့်ကောင်းသားပဲ ... မမ မကြိုက်ဘူးလား"

တင်သီနိုင်က ခေါင်းခါလိုက်သည် ...။

"ဘာလို့လဲဟင် ... သူ မကောင်းတာ တစ်ခုခုကို သိနေလို့လား ..."

"မဟုတ်ပါဘူး ... အဲဒီလိုကြီး အတင်းအကျပ် အစီအစဉ်တွေနဲ့ အိမ်ထောင်ပြုဖြစ်သွားဖို့ စိတ်ကူးကို မရှိတာ ... စိတ်ပျက်စရာ သိပ်ကောင်းတယ် ..."

www.burmeseclassic.com



ပိုင်နိုင်က "သူတက္ကသိုလ်တက်ခဲ့တုန်းကကော ချစ်သူရည်းစားများ ရှိခဲ့သလား ..." ဆိုတဲ့ ... ဦးကျော်မင်းဦး၏ စကားသံကြီးကို ပြန်ကြားလာမိကာ ... မမတင်သီထံ အလန့်တ ကြား လှည့်ကြည့်မိလိုက်စဉ် ... တင်သီနိုင်က ရှင်းလင်းအေးဆေး နေသော မျက်နှာပေးလေးနှင့် အိမ်ကြီးဘက်သို့ပင် ... ပြန်လှည့် ထွက်သွားနေလေပြီ ...။





## အခန်း(၃)

ပိုင်နိုင်က ... ကိုယ့်ရှေ့က ပစ္စည်းတစ်ပုံကိုကြည့် ကာ သက်ပြင်းလေးများပင် ချလိုက်မိပါသည်။ ဒီလောက်များပြား နေတဲ့ ပစ္စည်းတွေကိုဆွဲပြီး အိမ်ကို ဘယ်လိုများ အရောက်ပြန် ရပါလိမ့်မလဲ ...။ တကယ်တော့ ဒီဈေးနဲ့ ပိုင်နိုင်တို့အိမ်နဲ့ဟာ သိပ်ဝေးကွာလှတဲ့ အနေအထားတော့ မဟုတ်လှပါ ...။ မဝေးဘူး ဆိုသော်ငြား နီးတော့လည်း မနီးလှဘူး ဆိုသလိုပေါ့လေ ...။ ခါ တိုင်းတော့ ... ဈေးလာပြီးရင် ... ဈေးခြင်းဆွဲကာ လမ်းပဲလျှောက် ပြန်သွားလိုက်တာပါပဲ ...။ လေးတယ်ထင်ရင် လက်ပြောင်းလက် ဆွဲလုပ်၊ ညောင်းတယ်ထင် ... ခဏနား ...။ ဒါပဲပေါ့ ...။

ခုဟာကတော့ ... လေးမှာ ညောင်းမှာထက် ... ဘယ်လိုကစလို့ ဘယ်လို သယ်ရမလဲ မသိတာ ...။ ပလုံစီထပ်ပွသ ောင်များနေသော ပစ္စည်းအမယ်တွေဟာ ... လက်နှစ်ဖက်က ဆွဲ ...၊ ခေါင်းပေါ်တင်ရွက်ရုံအပြင် ... ပါးစပ်နဲ့ပါ မရွက်တမ်း

www.burmeseclassic.com



ကိုက်ချိသွားရင်တောင် အစုံမကုန်လောက်သေးဘူးထင်ရဲ့။ ဆိုက်ကားလေး စီးပြန်သွားရင်တော့ အရသာပေါ့ ...။ သို့သော် ဆိုက်ကားဂိတ်က ဆရာသမားတွေဟာလည်း "ဒီဟာမလေး ပစ္စည်းတစ်ပုံတစ်ပင်နဲ့ ဘယ်လောက်များများ ဆိုက်ကားစီးမဲ့သူ မဟုတ်ပါဘူး" ဆိုတာကို ကြိုသိပြီးကြပုံနဲ့ ... "ကလင် ... ကလင်" ဘဲလ်သံပေးဖို့ဝေးလို့ ... ကျားထိုးမပျက် ... ရေဒီယိုနားထောင်မပျက် ... မော်၍ပင် မကြည့်ကြပါ ...။

အကြောင်းရင်းကတော့ ပိုင်နိုင်ကလည်း ပစ္စည်းဘယ်လောက်သယ်စရာရှိရှိ ဆိုက်ကားတော့ တစ်ခါမှ မစီးဘူးလေ ...။ အကြောင်းရင်းကတော့ ... ဦးလေးတို့ အဒေါ်တို့ဟာ အိမ်နဲ့မဝေးလှတဲ့ ဈေးကလေးကနေ ခြင်းဆွဲလမ်းလျှောက် မပြန်ဘဲ ဆိုက်ကားလေး အမိန့်သားနဲ့ဆိုရင် ... ကြည့်မရ ... မမြင်နိုင်ကြဘူးလေ။

မမို့ ဆိုရင်တော့ ... သူတို့အလုပ်ထဲက ဖယ်ရီကလမ်းထိပ်မှာတင် အတင်အချ ပြုသည်မို့ ... "အိမ်ကနေ လမ်းထိပ်ထိ ... သူတို့ရဲ့ 'ချောလှပဂေး'လေး လမ်းလျှောက်ရာမှာ ... မတော်မတန်သူ ကာလသားတွေများ လိုက်ကပ်နေကြတော့မလား" ဆိုတဲ့ စိုးရိမ်ပူပန်မှုတာနဲ့ ... လမ်းထိပ်နဲ့အိမ် ...၊ အိမ်နဲ့ လမ်းထိပ် ... ဂျက်လေယာဉ်ငှားလို့ရရင်တောင် ငှားထားပေးချင်ကြဦးမည် ...။ ဘယ်သူမှ နှောင့်ယှက်စရာ မမြင်တဲ့ "ကြက်ချေးမ"ကတော့ ဇိမ်မခံနဲ့ ... ဒါပဲ ...။





အဝတ်အစားတို့ အနေအထိုင်တို့ ... ပြင်ပလူမြင်လောက်စရာ ရုပ်အခြေအနေတွေမှာ အင်မတန်မှ ဂုဏ်လုပ်ဟန်ဆောက်ကာ ကြွားဝါချင်ကြတဲ့ ထိုဦးလေး အဒေါ်တို့ဟာ ... လူမမြင်လောက်တဲ့ ဗိုက်ထဲသွင်းစရာကိစ္စမျိုး ဆိုရင်တော့ ... "မျက်နှာ ... ငါးပိ လုပ်တယ်"ဆိုတာ သူတို့မှ သူတို့အစစ်ရယ်ပါ ...။ အဲဒါကြောင့်လည်းပဲ ... သူတို့ စီမံလေတဲ့ တစ်အိမ်သားလုံးအတွက် တစ်ပတ်စာ၊ တစ်ပတ်စာ ဈေးဝယ်ခြင်းတောင်းဟာ ... ဘယ်လောက်ပဲ လေးလံမှုရှိနိုင်မလဲ ...။ သူတို့က သိနိုင်ပြီးသား၊ တွက်နိုင်ပြီးသား ...။ ဒါကြောင့်လည်း ... ဇိမ်မခံချင်နဲ့ ... ဒါပဲ။

ခုဟာကလည်း ဟုတ်တော့လည်း ဟုတ်ပါတယ် ...။ တစ်အိမ်သားလုံး တစ်ပတ်စာစားဖို့ ... ဈေးဝယ်ခြင်းတောင်းထက်ကို ... ပိုင်နိုင့် တစ်ဦးတည်း စီးပွားရေးကိစ္စဖြစ်တဲ့ ကြက်ကိစ္စတွေထဲသာ ဗူလိနတ်စတွေ့ သိပ်များနေတာ ...။ တကယ်ဆို ခုချိန်မှာ ပိုင်နိုင်ဟာ အဒေါ်များထံ ပြန်လက်ဖြန့်နေစရာ မလိုတော့တဲ့ အပြင် ကိုယ်ကပင် အနည်းငယ်ထည့်စိုက်လိုက်နိုင်သေးသော ... ကိုယ်ပိုင်ပိုက်ဆံ ကိုင်သုံးနေသူ ဖြစ်နေပါပြီ ...။ ဒါပေမဲ့လည်းပဲ "ငယ်ကျင့်"က အပိုးကျိုးကာ ... ဘယ်သူ့ပိုက်ဆံနဲ့ စီးစီး ... ဆိုက်ကားကြီး စီးပြန်သွားမိခြင်းကတော့ ... မျက်စိထဲ ခလုတ်ခြစ်ချင်ဖွယ် ... "ဇိမ်ခံသူ" မည်ကိုမည်မှာပင် ...။

ဈေးထိပ်မှာပဲ တီရှပ်အစာကုမ္ပဏီပင်ရင်းက လာချင်ထားတာ ရှိနေလေတော့ ... ကြက်စာ၊ ဖွဲ၊ ဆေး။ ပြီးကျတော့

www.burmeseclassic.com



ကြက်ဥထည့်ကောက်ဖို့ ပလတ်စတစ်ဆန်ကာကုံးလေးများ၊ နှီးပလုံးလေးများ ...။ စပါးခွံနှမှုတွေကပဲ တစ်တင်းခွဲအိတ်နဲ့ တစ်ဝက်၊ လူစားဖို့အပြင် ကြက်ပါကျွေးဖို့ ကန်ဖွန်းခင်းထဲက ဖြတ်ဝယ်ထားသော ကန်ဖွန်းရွက်စည်းကြီးကပဲ တစ်မွှေ့စာ ...။ ဈေးထဲက ကြက်ဥဆိုင်က ကြက်ဥထည့်သယ်လာပေးဖို့ ပြန်ပေးလိုက်သည့် တင်းတောင်းအလွတ်ကပဲ နှစ်လုံး ...။ ဈေးခြင်းက တစ်တောင်းအပြင် ...၊ လက်ဖက်ရည်ဆိုင်က လက်ဆောင်ကမ်းလိုက်သော နံပြားငါးချပ်အတွဲနှင့် လက်ဖက်ရည်ပါဆယ်ထုပ်ကြီး ငါးခွက်စာကလည်း ...` ထပ်လောင်းလို့ ပါရှိလိုက်သေး။

ဟူး ...။ ငါ ဘာလို့များ အဲဒီလောက် အသိဉာဏ်နည်းပြီ. ဒါတွေအားလုံး တစ်နေ့တည်း တစ်ချိန်တည်းမှာ စုစုစည်းစည်းကြီး ဖြစ်နေအောင် စီစဉ်မိပါလိမ့် ...။ ဈေးပဲ ... အလီလီ အခေါက်ခေါက် ရောက်ရမဲ့ဟာ ... ခွဲ,ခွဲပြီး ပါလာအောင် စီစဉ်လို့ ရနိုင်သားနဲ့ ...။ ခုကျ ဘယ်လိုလုပ်မတုံး ...။

တစ်နေရာမှာ အပ်ထားခဲ့ပြီး နှစ်ခေါက်လောက် ခွဲသယ်ဖို့ကျတော့လည်း ... တခြားဆိုင်တွေနှင့်က ဒီလောက်ကြီး မခင်မင် ...။ ခင်မင်သည့်ဆိုင်ကျတော့ လက်ဖက်ရည်ဆိုင်ဆိုတော့ ... "ကိုယ်မဟုတ်တဲ့သူ ဘယ်သူက လာဆွဲသွားမလဲ"ဟု စိတ်ကမချ ...။ တစ်နေ့တည်းမှာ အိမ်ကနေ အကြိမ်ကြိမ်ထွက်ပြီး ဒီလက်ဖက်ရည်ဆိုင်ကိုချည်း ရောက်,ရောက်နေတယ်ဆိုတာကလည်း ... အဒေါ်တွေ သိကုန်ရင် နည်းတဲ့အပြစ်ကြီးလားလေ။





ပိုင်နိုင်မို့ဆိုရင် နှိမ်မြင်ချင်ကြပြီးသား လူကြီးတွေဟာ ... ယက်ဖက်ရည်ဆိုင်က လူနှင့် ခင်မင်မိခြင်းသည် ... "လောက်ကောင်ဆိုတာ ... ဈေးကန်ထဲမှာ ဘဝတူလောက်ကောင်တွေနဲ့ပဲ ပျော်မွေ့ချင်တာ ..."ဟူသော ပုဒ်မနှင့် ပြစ်မှုအတော်မြောက်ပေသည် ...။ (ပြီးကျရင်တော့ ဒီနံပြားနဲ့ လက်ဖက်ရည်ကို သူတို့ပဲ စားကြမှာ ... ဟီး ...။)

"ပစ္စည်းတွေ တစ်ပုံကြီးနဲ့ပါလား ... ဘယ်လဲ ... အိမ်ပြန်မလို့လား"

မိုးနတ်မင်းများ မနေနိုင်လို့ လူ့ယောင်ဖန်ဆင်း ...။ တဲ ... ဗလွတ်ရှုတ်တတွေ လျှောက်စဉ်းစားမနေနဲ့ ...။ ကိုယ့်ရှေ့က ကားအကောင်းစားနဲ့ လူရည်သန့်ဟာ ... ဘယ်သူလဲ ... ရှိသမျှဉာဏ်တွေ ဖျစ်ညှစ်ထုတ်ပြီး စဉ်းစားစမ်း ...။ ဟင် ... မပေါ်ဘူး ...။

"အိမ်ပြန်မလို့ဆိုရင် တက်လေ ... လိုက်ပို့ပေးမယ် ... ဒီလောက် တစ်ပုံတစ်ပင်ကြီးနဲ့ဟာ ဘယ်လိုပြန်မလို့လဲ ... လာ ... လာ ... တက်လိုက် ..."

ဘယ်သူမှန်းမသိသေးခင် တက်လိုက်တော့လည်း ဘာဖြစ်သေးလဲ ...။ ပိုင်နိုင်က ကိုယ့်ရဲ့စုံနဖာစီ ဗူလိနတ်စ မှန်သမျှကို ... ကားအကောင်းစားရဲ့ နောက်ခန်းထဲ အားခပ်နာနာနှင့်ပင် သိမ်းကျုံးထည့်ပစ်လိုက်တော့ကာ ... လူကတော့ ကားကို ကွေ့ပတ်ပြီး ရှေ့ခန်းမှာ သွားထိုင်သည်။

www.burmeseclassic.com



ဒီလိုအပြုအမူမျိုးဟာ ... မမသာဆိုရင်တော့ ဘ
တော့မှ ပြုမူလိမ့်မှာ မဟုတ်မှန်း ... သိနေသား ...။ ဒါ
ဟိုဟာက မမတင်သီ ...။ ဒါက ပိုင်နိုင်လေ ...။ မမတို့ကထေ
ဆင်ခြင်ရမှာပေါ့ ...။ ခုလို ကားကြုံလိုက်ဖို့ မျက်နှာလို အ
ခေါ်သောသူသည် ကိုယ်ကြိုက်နေသည့်သူပဲ ဖြစ်နိုင်ကာ ...
ကားပေါ်တက်လိုက်တာနဲ့ အနည်းဆုံးကတော့ ... "ငါကို မျက်
သာ Favour ပေးပြီ"ဟု တစ်ဖက်သတ် ယူဆသွားနိုင်သလို
အဆိုးဆုံးအနေနဲ့ ... အိမ်ပြန်မရောက်တော့ဘဲ ... ကားတင်
မှာမျိုးလည်း ဖြစ်သွားနိုင်သေးသည်။

ပိုင်နိုင်ကတော့ အေးဆေးပဲ ...။ ဒါမျိုးတွေအတွ
ပူစရာမလိုပါ ...။ မတော်တဆ ကားတင်ပြေးပါပြီတဲ့ ... ကို
လိုချင်လို့ မဟုတ်ဘဲ ... မမကို အကျပ်ကိုင်မလို့ပဲ ဖြစ်နိုင်သ
ဖြစ်ရာ ... ခုန်ချရုံ ...။ ကဲ ... ရှင်းရော ...။ ဆိုက်ကားနဲ့
ချလာရင်သာ ဆီးဆူမည်ဖြစ်သော စိန်ဒေါ်လေး၊ ရွှေဒေါ်လေး
ကလည်းပဲ ... ခုလို ကားအကောင်းစားကြီးနဲ့ဆိုတော့ "ဘာ
ဟဲ့"လို့ ရုတ်တရက် ရှိန်ကာ ... ဘာမှ ပြောရဲကြဦးမည်မဟု

ဟား ဟား ... ပိုင်တယ်ကွာ ...။ ပိုင်နိုင်ဆိုတဲ့အတို
ပိုင်လိုက်တာ ... ဒီတစ်ခါ ကံကြမ္မာလာရထားက ကိုယ့်ဘက်မှာ
ဟီ ...။

ပိုင်နိုင်က ... ကားမောင်းရင်းက ကိုယ့်ဘက်တ
ချက် လှည့်ပြုံးပြပြန်သော လူချောချောကို သွားဖြီးလေးနှင့် ပြ





ပြုံးပြနေရင်း ခုထက်ထိ ဉာဏ်မပွင့်သေးသော ကိုယ့်ဦးနှောက်
ထိုယ်လည်း ကျိန်ဆဲချင်လျက် ရှိပါသည် ...။ ခုထိကို မမှတ်
မိသေးဘူး အံ့ဩရော ... တစ်ခါမှ မမြင်ဖူးသေးသည့် ... လူသစ်
မိတ်ဆက် အင်ထရို(Intro)များလား။

ဘယ်လိုအရွယ်၊ အခြေအနေနှင့် ယောကျာ်းသား
ဆို ကိုယ့်ကို မျက်နှာလိုအားရ ဖားချင်ကြပြီဆိုရင်တော့ ... ဘာ
မှ တွေးစရာမရှိ ... မမတင်သီ အတွက်သာလေ ...။ ဒါပေမဲ့
ဒီရုပ်မျိုး ဒီလူ့ကို စာရင်းယောင်းထဲမှာ တစ်ခါတလေ မြင်ဖူးသူ
အဖြစ်ပင် မမှတ်မိပါဘူး ...။

တစ်ခါတလေ မြင်ဖူးသူ ...။ ဟာ ...။ ဟိုဟာ ...
ဟိုဟာ ... ဟိုသင်း ... ဟိုအလုပ်သမား ...၊ ဟိုကောင်ကလေး ...
အဲ ... ဟိုလူ ...။

"ဟိုဟာပဲ ... ဟိုသင်းတစ်ယောက် ..."

"ဟင်း ဟင်း ဟင်း ... မှတ်မိပြီလား ..."

"သူက သိပ်သားနား တောက်ပြောင်လာတာပဲ၊ တော့
ထည့်မပြောဘူး ... ဘာလဲ ... အလုပ်ပြောင်းလိုက်ပြီလား၊
ခုလိုတော့လည်း ဟန်ကျသားပဲ ..."

ညီနောင်က သဘောတကျကြီးနှင့် "တဟားဟား"
အော်ရယ်လိုက်မိပါသည်။ ကိုယ့်ကို "သိပ်သားနား တောက်ပြောင်
လာတာ"ဟု ပြောသော သူငယ်မလေးဟာ သူကိုယ်တိုင်လည်း
ဒီနေ့တော့ ... သားနားတောက်ပြောင်တယ် မဟုတ်ပေမဲ့ ... ဟို

www.burmeseclassic.com



တစ်နေ့ကလောက် စုတ်ချာအဖြစ်ဆိုးမနေတော့တာတော့ အမှန်ပင် ...။ ရှပ်အင်္ကျီလက်တို အဖြူကလေးနှင့် ... ဘောင်းဘီရှည်နက်ပြာကလေးနှင့် ... ကြည့်ကောင်း...(အဲ ... အဲ ... ကြည့်ကောင်းတယ်ရယ်တော့လည်း မဟုတ်ဘူးပေါ့ ...)သပ်ရပ်လို့နေသည် ...။

"ကားမောင်းတတ်ရက်နဲ့များ အမှိုက်ကားနောက်လိုက်ဝင်လုပ်နေရသေးတယ်လို့ ... အဲဒါကြောင့် အဲဒီနေ့ကတည်းက ရုပ်ကတော့ သားနားပါတယ် ထင်မိသား ... ခုလိုဆိုတော့ ဘယ်လောက် ဟန်ကျထားလဲ ... အစောတည်းကယာဉ်မောင်းပဲ ဝင်လုပ် ... ပြီးရောဟာကို ...။ ဒါက ဘာလဲ ... ကုမ္ပဏီတွေ ဘာတွေမှာ မောင်းရတာလား ... ယူနီဖောင်း ရတာလား ... ဟုတ်လား ..."

ညီနောင့်မှာတော့ ကလေးမလေးရဲ့ ကပေါက်တီကပေါက်ချာ အပြောတွေမှာ ရယ်ချင်လွန်းလှသဖြင့် ... အူထဲကျစ်လိပ်ပြီးတော့ကို နေသည်။ ဒီနေ့က ... ဖေဖေ့အလုပ်ထဲကနိုင်ငံခြားသားများနှင့် ဆက်ဆံတွေ့ဆုံစရာ ရှိသဖြင့် ... မနက်ကတည်းက ကိုယ့်ဝပ်ရှော့သို့ပင် ကိုယ်မသွားဖြစ်သေးဘဲ ... ဖေဖေ့နောက်လိုက်သွားခဲ့ရတာရဲ့ ... အမြန်ခရီးပါ ...။

မိဘများက အထည်အလိပ်သွင်းကုန်ထုတ်ကုန်ကုမ္ပဏီလုပ်ငန်းရှင်များ ဖြစ်ကြပေမဲ့ ကိုယ်တိုင်က ... ကားနဲ့စက်ကိရိယာပစ္စည်းများကိုသာ ဝါသနာပါလှတဲ့ ညီနောင်က ... သူငယ်ချင်းဖြစ်သူ အောင်ဇော်နှင့် စပ်ကာ ... ကားရေဆေး၊ ဆီထိုး





ဆော်ဒီ၊ ဆေး၊ ဝပ်ရှော့စက်ပြင်၊ ပစ္စည်းဟောင်း ရောင်းဝယ်စတဲ့ ကားနဲ့ပတ်သက်တာ အကုန်လုပ်သော လုပ်ငန်းတစ်ခုကို ဆောင်ထားဖြစ်ခြင်းပါ ...။

မိဘတွေက သန့်ပေ့၊ နပေ့ ဆိုတဲ့ လုပ်ငန်းမျိုး ဖြစ်ချိန်မှာ ကိုယ်က ညစ်ပတ်ပေ့ ... ပေကျံပေ့ဆိုတဲ့ အခြေနေမှာသာ ကိုယ်တိုင်ပျော်နေလေ့ရှိတာမို့ ... ညီနောင့်ကို အများကမြင်ရချိန်ခပ်များများမှာ ... ဝပ်ရှော့လုပ်ငန်းခွင်ဝတ်စုံနဲ့ တအားစုတ်ချာပြီးဆက်ကျံနေရင်နေ ...။ ဒါမှမဟုတ် ... သန့်လှပါပြီ ... ဆိုရင်တောင်တီရှပ်ခပ်လတ်လတ် ... ဂျင်းဘောင်းဘီ တစ်ပတ်နွမ်း ... စသည်တို့နှင့်သာ ...။

ဒီနေ့ကတော့ ကိုယ်ကလည်း မဝတ်စဖူး ... ကြွရောင်တောက် ရှပ်လက်ရှည်ဖြူကြယ်သီးစေ့တပ် ...၊ စတိုင်ဘောင်းဘီ နက်စိုစို ခပ်ပွပွတို့နှင့်ဆိုတော့ ... ကောင်မလေးက ... "ကုမ္ပဏီဒရိုင်ဘာ"လားတဲ့ ...။ ဟား ဟား ...။ ညီနောင်ကဘာမှပြန်ဖြေရှင်းမနေတော့ပါ ...။ အောင်ဇော် ပြောဖူးသလို "ကလေးမလေးနဲ့ အဆင့်အတန်းညီညီပဲလို့ ထင်ရအောင် ... ဟန်ဆောင်တယ်" ရယ်တော့လည်း မဟုတ်ဘူးပေါ့လေ ...။ ဒါပေမဲ့ ဒီကောင်မလေး ကြည့်ရတာလည်း သူတစ်ပါးအိမ်ကအလုပ်သမားကလေးမလွှေး တစ်ယောက်ထက်စာရင် ... ရဲရဲတင်းတင်း လူရာပါပါနဲ့ ... တစ်ဖက်လူရဲ့ အဝတ်စား၊ ကား၊ စတဲ့ အရှိန်ဝါတို့ကို သိပ်ရှိန်နေမည့်ပုံလည်း မရလှပါချေ ...။

www.burmeseclassic.com



ကိုယ့်ကိုကျ "အစုတ်"နှင့် စရင်းနှီးပြီးသူမို့လား ...။ မဟုတ်လောက်ဘူး ထင်တယ် ...။ ကားပေါ်စတက်လာကတည်းကိုက ခပ်အေးအေးနဲ့ ပိုင်ပိုင်နိုင်နိုင် ပုံစံလိုပါပဲ ...။ ညီနောင်က အလုပ်သမား မိန်းကလေးဟု သဘောထားကာ သူ့ခြံရှေ့ထိ ပို့ပေးခဲ့ပြီးရင် ... ရင်းနှီးအောင်လုပ်ရင်း မုန့်ဖိုးလေး ဘာလေးပေးပစ်ခဲ့ဖို့အထိ စဉ်းစားထားမိတာကို ပြန်ပယ်လိုက်သည်။

တူမဂုဏ်မောက်နေတဲ့ အဘိုးကြီးရဲ့ အပြောအရ ... အဲဒီအိမ်ထဲမှာ တကယ်ပဲ ... အရွယ်ကောင်း ချောချောလှလှ မိန်းကလေးတစ်ယောက် ရှိရိုးမှန်ရင် ...၊ ဒီကောင်မလေးဟာလည်း အဲဒီအိမ်က အလုပ်သမားဆိုရင် ... ဒီကောင်မလေးဟာ ... "တစ်မျိုးသဘောဆောင်သော မုန့်ဖိုး"တွေ ခဏ ခဏ ရဖူးပြီးသားလည်း ဖြစ်ချင်ဖြစ်မည် ...။ အဲဒီလို ယူလိုက်ရမှာကို ဝန်မလေးတဲ့ပြင် ... ပျော်ရွှင်စွာ အထာကျပြီးသားလည်း ဖြစ်ချင်ဖြစ်မည်။

ညီနောင်ကတော့ ပေးမယ်ကြံပြီးမှ မပေးတော့ပါဘူး ...။ ကောင်မလေးဟာ အလုပ်သမားလေး ဟုတ်ချင်မှဟုတ်မှာပေါ့ဟု စဉ်းစားလိုက်မိတာအပြင် ... "တစ်မျိုးသဘောဆောင်သော၊ လာဘ်ထိုးသော မုန့်ဖိုး"ဟု ထင်သွားမှာ စိုးတဲ့အတွက်ကို မပေးချင်တော့တာပ၊ ...။ ညီနောင်ဟာ ... အဲဒီအိမ်မှာ ကိုယ့်အိပ်မက်ထဲက မျက်ဝန်းပိုင်ရှင် တစ်ယောက် တကယ်ပဲ ရှိမရှိ ... ဆိုတာကိုသာ သိချင်ရုံလောက်၊ ရှိခဲ့ရင် ဘယ်လိုရုပ်ရည်ပုံစံမျိုးလဲ ဆိုတာကိုသာ တစ်ချက်လောက် တွေ့ဖူးချင်ရုံမျှလောက် ...။



ဒီ့ထက်မပိုသေးသည်ဖြစ်ရာ ... တောင်တောင်အီအီလည်း ကြိုထင်မနေစေချင်ပေ ...။ ခုလိုဆိုတော့လည်း ထင်မည့်ပုံတော့လည်း မရလုပါ ...။ ကိုယ့်ကို သူက သူ့အိမ်က အိမ်ကြီးရှင့် မိန်းကလေးနဲ့ တွဲမြင်ဖို့ထက် ... "ကုမ္ပဏီဒရိုင်ဘာ"တစ်ယောက်ဟုသာ မြင်ထားနေသေးတာ ...။

ပိုင်နိုင့်မှာလည်း ... ညီနောင့်ကို မှတ်မိလိုက်သည့်အခါ ... စိတ်ထဲ တစ်မျိုးလေးဖြစ်ပြီး ပျော်ရွှင်သွားရတာပင် ...။ လက်စသတ်တော့ ... ဘယ်လောက် ချောချောသန့်သန့် ... မမနဲ့ ပတ်သက်ပြီး ကိုယ့်ကိုဖားချင်နေသူ မဟုတ်ဘဲ ... ဟိုတစ်နေ့က ခဏတာ သိကျွမ်းလိုက်ရမှု တစ်ချက်နဲ့ ... ကိုယ့်အပေါ်မှာသာထားတဲ့ (မမနဲ့ မဆိုင်တဲ့) စေတနာမှန်နဲ့ ကူညီပေးလိုသူကိုး ...။

ခုလိုဆိုတော့လည်း ရှင်းသားပဲ ...။ အမှိုက်ကားနောက်လိုက်ဘဝကနေ ကုမ္ပဏီဒရိုင်ဘာဘဝ ဘယ်လောက်ပဲအဆင့်တက်လာ၊ တက်လာ၊ ဒီလောက်နဲ့တော့ မမကို လာမှန်းတဲ့သူ ဘယ်ဟုတ်ပါ့မလဲ ...။ ဟုတ်သားပေါ့ ...။ ကိုယ့်ရဲ့မိတ်ဆွေသက်သက်ပေါ့ ...။ ဟဲ ဟဲ ...။

ပိုင်နိုင့်မှာ ယောကျ်ားလေးမိတ်ဆွေ ဆိုတာ တကယ်ပဲ ခပ်ရှားရှားပါ ...။ ပိုင်နိုင်ကပဲ အပေါင်းအသင်း မတတ်တာလား ...။ လူတွေကပဲ ချောမှ ချမ်းသာပြည့်စုံမှ ပေါင်းချင်ကြတာလား မသိဘဲ ... ယောကျ်ားလေး သူငယ်ချင်းမပြောပါနဲ့ ... မိန်းကလေးသူငယ်ချင်းတောင်မှ လက်ချိုးရေလို့ ရနိုင်သေး ...။ အဲဒီ

www.burmeseclassic.com



လက်ချိုးရေရသော အရည်အတွက် စာရင်းဝင်တို့ဟာလည်းပဲ "သူတော်ချင်း သတင်းလွှေ့လွှေ့ … ပေါင်းဖက်တွေ့ …"ဆိုတဲ့ အစားမျိုးထဲကချည်း ဖြစ်ပေရာ … အဒေါ်တွေ နှိမ်ချင်သလို … "လော်ကောင်နဲ့ ချေးကန်"… "သူ့အိုးနဲ့ သူ့ဆန်" တန်ရုံ လောက်တွေချည်း ဆိုပါတော့ …။

ရုပ်ဆိုးဆိုး ခပ်မွဲမွဲတွေနှင့် … ရှန်းကန်နေကြဖို့ လောက်ပဲ ခေါင်းထဲရှိကြရသူတွေချည်း ဖြစ်ပေရာ … တခြားသူငယ်ချင်းမိတ်ဆွေ ဆိုသူတွေလို … သွားလာစားသောက် အုပ်စုဖွဲ့ … ပျော်လိုက်ကြဟဲ့ … ခင်လိုက်ကြဟဲ့ … လုပ်နေဖို့လည်း အချိန်မပေးနိုင် … မပေးချင်ကြသူချည်းပါ …။

အင်း … အခုတော့ ပိုင်တယ်ကွာ …။ သူ့ဟာသူဘာအလုပ်မဲလုပ်လုပ် … ဘယ်လိုအဆင့်အတန်းထဲက ဖြစ်ဖြစ်၊ ကိုယ့်အပေါ်မှာ ဖားလိုခြင်းကင်းတဲ့ သီးသန့်စေတနာမှန်ရှိသော၊ တစ်ခါလောက် မြင်ဖူးရုံ၊ စကားပြောဖူးရုံနဲ့ … ခင်မင်ကူညီဖို့ စိတ်ကူးဆက်ရှိနေသော … ယောက်ျားလေး မိတ်ဆွေသူငယ်ချင်း တစ်ယောက်ဟာ … ရုပ်ရည်ကလည်း သိပ်ချောနေလိုက်သေးတယ် … ဟဲ ဟဲ ဟဲ ဟဲ …။

"ပိုင်နိုင့် နာမည်က ပိုင်ပိုင်နိုင်တဲ့ …"

"ပိုင်ပိုင် … ဟုတ်လား"

"ပိုင်ပိုင်နိုင် … ပိုင်နိုင်လို့ ခေါ်ပေါ့ …"

"ကိုယ်က ညီနောင်ဘွားတဲ့ …"





အမယ် … နာမည်ကလည်း"စား"သေး …။

"ပိုင်နိုင်က … ဖတ်စ်ယီးယား … အီကို … အဝေးသင် ယူထားတယ် …"

"ဟာ … တယ်ဟုတ်ပါလား"

"ဩော် … ဒီထက်ဟုတ်သေးတယ် … ကြက်ခြံလုပ်ငန်း ပိုင်ရှင် … ပိုင်ရှင်နော် … အလုပ်သမား မဟုတ်ဘူး … ဒီစီးပွားရေးက အဒေါ်တွေ ဦးလေးတွေနဲ့လည်း မဆိုင်ဘူး… ကိုယ်ပိုင် …"

ညီနောင်က မျက်ခုံးပင့် မျက်လုံးပြူးကာ ပါးစပ်ပါ ဟပြလိုက်သဖြင့် ပိုင်နိုင်က … ကလေးငယ်တစ်ယောက်လို အူမြူးကျေနပ်သွားမိပါသည် …။

"အခုမောင်းနေတဲ့ ကုမ္ပဏီက နာမည်က ဘာတဲ့လဲ … ဘာကုမ္ပဏီလဲ …"

"အဲ … အင်း … ဟိုဟာ … အထည်အလိပ် ကုမ္ပဏီပေါ့၊ ပါဝါ (Power)တဲ့ …"

"ဩော် … အဲ … အဲ … ရောက်ပြီ … ရောက်ပြီ … ဝင်လိုက် … ခြံထဲဝင်လိုက်ပါ … ရတယ် … ဝင်လို့ရတယ် … ချိုးကွေ့လိုက် … ဟိုးနောက်ဘက်ထိ တန်းမောင်းဝင်သွားလို့ ရတယ် …"

"လူကြီးတွေ ဘာတွေများ …"

www.burmeseclassic.com



“ရပါတယ်ဆို … အရေးမကြီးဘူး … ပိုင်နိုင့်ရုပ်ကြည့်ပြီး ဒီအိမ်မှာ အလုပ်သမားပဲ ဖြစ်ရမယ်လို့ ထင်နေလို့လား … ဟီး ဟီး ဟီး … မဟုတ်ဘူး … တူမ တော်တယ် တူမ၊ ဒီအိမ်က အိမ်ရှင် ဦးလေးတွေ အဒေါ်တွေရဲ့ တူမအရင်း ပါ … သူတို့ တူမမှာလည်း မိတ်ဆွေအပေါင်းအသင်းဆို တာ ရှိမှာပေါ့ … ရပါတယ် … မဆူပါဘူး …”

ပိုင်နိုင်က (နောက်မှသာ ဒရိုင်ဘာပဲဖြစ်မှန်း အရင်း အတိုင်း သိသွားကြမှာက အသာထား) ကိုယ့်မှာလည်း ကား အကောင်းစားနှင့် ရုပ်ချောသန့်ပြန့် မိတ်ဆွေတစ်ယောက် ရှိသေး မှန်း စိန်ဒေါ်လေး၊ ရွှေဒေါ်လေးများ မြင်တွေ့စေချင်ကြသော် လည်း … ကားကြီးတစ်စီးလုံး ဟိုးခြံနောက်ဘက်ထိ ဝင်ချလာ တာလည်း အိမ်ပေါ်ကလူတွေ … သိကြဟန်မတူပေ …။

“တွေ့လား … အဲဒါ ပိုင်နိုင့်လုပ်ငန်းတွေပေါ့ … ကြက် ကချည်း အကောင်(၁၀၀)ကျော်တယ် … ဘဲလည်း နည်း နည်းလေး ရှိတယ် …”

ပိုင်နိုင်က ကားပေါ်မှ ပစ္စည်းများကို ဆွဲယူနေရင်း က မိတ်ဆွေသစ်ကို ကြွားလုံးဆက်ထုတ်နေချိန်မှာ … ညီနောင် ကတော့ … “ဒီအိမ်က ဦးလေးရဲ့ တူမအရင်း” ဆိုတာကိုပဲ ဓေ ဝေါကြီး ဖြစ်နေမိပါသည် …။ အဲဒီလူကြီးဟာ စိတ်မှန်မှန်ပဲဆို ရင် … ဒီကလေးမလေးအတွက်တော့ဖြင့် ဒီလောက် ဂဏှာမောက် နေစရာ မလိုတာကို … ကိုယ့်ဘာသာ သိရမှာပေါ့ …။





မဟုတ်ဘူးလေ …။ နိမ်ပြောချင်တာတော့ မဟုတ် ဘူးလေ …။ ဒီကလေးမလေးဟာ ခင်စရာကောင်းပြီး သဘောကျ စရာ ကောင်းမဲ့ပုံလည်း ရပါတယ် … ဒါပေမဲ့ … “အမဲရိုးတွေ… …တာန်တရာတွေ” အော်ပြောနေရလောက်မဲ့ သူမျိုးတော့ မဟုတ် ဘူးလေ …။ လမ်း၊ အိမ်၊ ခြံ၊ တို့ကလည်း အတိအကျ မှန်ကန် နေသည်ပဲဖြစ်ရာ … ကိုယ့်အိပ်မက်ထဲက မျက်လုံးပြူးပြူးနဲ့ မိန်း ကလေးသည် … ဒီ“ပိုင်ပိုင်နိုင်”ပဲလား …။ အဲ … မဟုတ်လောက် သေးပါဘူး …။ ပိုင်ပိုင်ကလေးရဲ့ မျက်လုံးကလေးက … အင်း …။

“ဒါနဲ့ … ဒီအိမ်မှာ … ဦးလေးတွေ … အဒေါ်တွေနဲ့ … ပိုင်ပိုင်နဲ့ … ဒါပဲလား …”

ပိုင်နိုင့် ရုပ်ကလေးက တစ်မျိုးလေး ဖြစ်သွားပါ သည်။ ရုတ်တရက် ချက်ချင်းမှာပင် မသိစိတ်ရဲ့ အတွင်းတစ်နေ ရာကနေ … “မမနှင့် မဆိုင် …၊ ကိုယ့်အပေါ်သာ ထားရှိလိုတဲ့ ဆီးသန့်စေတနာမှန်” ဆိုတာကို သံသယဝင် … ဘဝင်မကျ ဖြစ် သွားရလျက် … မပြောချင့် ပြောချင် … လေသံအောက်သိုးသိုးနှင့် …

“အစ်ကိုနဲ့ အစ်မ ရှိသေးတယ် … သူတို့လည်း ဦးလေး တို့ရဲ့ တူနဲ့တူမတွေပဲ … ပိုင်နိုင်နဲ့ဆို တစ်ဝမ်းကွဲတွေ … ဘာလို့ မေးတာလဲ …”

“ဩော် … ဦးလေးတွေ အဒေါ်တွေနဲ့ဆိုတော့ မိဘတွေ ကရော ဘယ်မှာပါလိမ့်လို့ပါ …”

www.burmeseclassic.com



ညီနောင်က ပြောပြီးမှ အားနာသွားပါသည်။ ကိုယ်က လိုးလွဲပြောချင်တာ ဖြစ်သော်လည်း သူများအိမ်ရဲ့ အိမ်တွင်းရေးဆန်ဆန် မေးခွန်းမျိုးတွေ ဖြစ်နေမိပြီ။

"ပိုင်နိုင်တို့ မောင်နှမတွေက မိဘမဲ့တွေ ဆိုပါတော့ ... ဦးလေးတွေ အဒေါ်တွေက မွေးစားခဲ့ကြတာ ... အဲဒါကြောင့် ထင်ပါရဲ့ ... ပိုင်နိုင်တို့တွေက မိတ်ဆွေသူငယ်ချင်းဆိုရင် သိပ်ခင်တတ်တယ် ... နောင်လည်း ဒီဘက် ရောက်ဖြစ်ရင် ... ကိစ္စရှိရှိ မရှိရှိ ... ဝင်လည်နော် ... သိလား"

ဒီလိုအဖြေမျိုး ပြန်ဖြေရပေမဲ့ ပိုင်နိုင့်ရဲ့ လေသံတွေက အောက်သိုးသိုးကနေ ပြန်လည်ပြီး စိတ်ပါလက်ပါကြီး တထ်ကြွလာလေတော့ ... ညီနောင့်မှာ ... အားနာစိတ်တွေထဲ ... "ဘယ်လိုကောင်မလေးပါလိမ့်"လို့ အံ့ဩစိတ်တွေပါ ထပ်ဆောင်းမိရလေတော့သည် ...။

အမှန်တော့ ... ညီနောင့်အဖို့ဆိုရင် ... ပိုင်ပိုင်နိုင်တို့အိမ်ကို ... နီးနီးကပ်ကပ် အချိန်အတွင်းမှာ အလောသုံးဆယ်ကြီး ထပ်သွားချင်နေစရာ ... အကြောင်းကတော့ သိပ်မရှိလှတော့ပါ ...။ သြော် ... ဒီအိမ်မှာ ... ဟိုအဘိုးကြီး ဂုဏ်မောက်လောက်စရာ ဖြစ်ကောင်း ဖြစ်နိုင်တဲ့ (ပိုင်ပိုင်နိုင်နဲ့လည်း တစ်ဝမ်းကွဲတော်





စပ်တယ်ဆိုတဲ့) မိန်းကလေးတစ်ယောက် တကယ်ပဲ ရှိနေဟာပဲ ဆိုး ... လို့ သိထားပြီးရင်လည်း ခုလောလောဆယ်လောက်အတွက်တော့ လုံလောက်နေပါပြီ ...။

အိပ်မက်ကလည်းပဲ ကာယကံရှင်လူတော့ မပါ ...၊ အိမ်၊ ခြံ၊ လမ်းတွေကို အပြင်မှာ ဒက်ထိကြုံလိုက်ရလို့လားသေး။ ခုတလောမှာ မမက်တော့တာတောင် အတော်ကြာကြာကလေး ရှိနေခဲ့ပြီလေ ...။ မှန်ရာပြောရရင် ... အဲဒီအိပ်မက်မမက်ဖြစ်တော့တာ အတော်ကြာနေတဲ့အပြင် ... (တွေးရတာတောင်မှ အားနာစရာ) ပိုင်ပိုင်နိုင်ကလေးကို ခင်မင်သိကျွမ်းလိုက်ရပြီးချိန်မှာ သူ့အစ်မဝမ်းကွဲဆိုသူရဲ့ ပုံစံကို "ဘယ်လိုရုပ်ရည်မျိုးပါလိမ့်" ရယ်လို့ သိပ်စိတ်မဝင်စားချင်လှတော့တာလည်း ပါပါသည် ...။

သို့သော် ... အောင်ဇော်က တစ်မျှောက် ...။ ဟိုတစ်နေ့က သူပါ ခွင့်မရဘဲ ... အဲဒီအိမ်ကိုတစ်ခေါက် ... ခြံထဲအတွင်းဘက်ဆုံးထိ ဝင်ခွင့်ရလိုက်တာကို သိရှိသွားတဲ့ အောင်ဇော်က ... "မမြင်ခဲ့ရပါဘူး ..."ဟု ဘယ်လောက် ကျမ်းကျိန်ကျိန် ... သူ့ကို ချန်လှပ်ရစ်ခဲ့သည့်ကိစ္စ ... ဆိုပြီး ... အခဲမကျေနိုင် ... တဗျစ်တောက်တောက်ကြီးကို ဖြစ်နေတော့တာ ...။

"သွားမယ်"တဲ့ ...။ "နောင်လည်း လာလည်ပါ ... လို့ ဖိတ်ခေါ်ထားတာပဲ ..." တဲ့ ...။ "လမ်းစရပြီးသားဟာကို လက်လွှတ်စရာ မလိုဘူး"တဲ့။ "မင်း စိတ်မဝင်စားရင်နေ ... ငါဝင်မှာဘဲ"... တဲ့ ...။

www.burmeseclassic.com



ဒါတောင် ဒီကောင့်ကို ခုထက်ထိ အိပ်မက်အကြောင်း ဖွင့်ပြောထားမိသေးတာကို မဟုတ်ချေ ...။ ဖွင့်သာ ပြောထားမိလို့ကတော့ ... မိုးလင်းကမိုးချုပ် အဲဒီခြံရှေ့ကပဲ ငုတ်တုတ်သွားထိုင်စောင့်ကာ ... ကြည့်ရှုချင်နေတော့မလား မပြောတတ်ပေ ...။

အောင်ဇော်ကား ... အဲဒီလိုကောင် ...။ မိန်းမယူဖို့စဉ်းစားတာလည်းမဟုတ် ...။ ချစ်သူရည်းစားတွေ ထည်လဲထားကာ ပွေရှုပ်နေချင်သူမျိုးလည်း မဟုတ်ပြန် ...။ သို့သော် ... မိန်းကလေးတစ်ယောက်ယောက်နှင့် ပတ်သက်လို့ အဖြစ်သည်း တက်ကြွကာ အပင်ပန်းခံ၊ အလုပ်ရှုပ်နေရတော့မည် ဆိုရင် သူ့ပြင်တစ်ယောက်မရှိ ...။ တကယ်တော့ သူအဲဒီလို ... လိုက်အဖြစ်သည်းပြနေသည့် မိန်းကလေးငယ်ကို ... သူကိုယ်တိုင်က "ချစ်လှပါချေရဲ့ ... ကြိုက်လှပါချေရဲ့ ..." ဆိုတာမျိုး လုံးဝမဟုတ်တာ ... ညီနောင်တို့ကတော့ အစဉ်းသိတွေလေ ...။ ကာယကံရှင်မိန်းကလေးခများတော့ အဟုတ်ကြီး ထင်ချင်လည်း ထင်နေရှာလိမ့်မည် ...။ ဘယ်လိုကောင်စားမျိုးမှန်းကို မသိချေ ...။

နောက်ဆုံးတော့ ... အောင်ဇော် တစ်ယောက်တက်ကြွတိုက်တွန်းလွန်းတာနှင့်ပဲ ... ညီနောင်ရော အောင်ဇော်ပါ ... ပိုင်ပိုင်နိုင်တို့အိမ် (အဲ ... အဲသလိုတော့မဟုတ်) ပိုင်ပိုင်နိုင်ရဲ့ ကြက်ခြံ ... သို့ အလည်တစ်ခေါက် ရောက်ဖြစ်ရပြန်ပါတော့သည် ...။





ရုပ်တရက်ကြီး ထင်မှတ်ဘဲ ပေါက်ချလာတော့ ... ပိုင်နိုင်မှာ အံ့အားတသင့်နှင့် ... ပျော်ရွှင်တက်ကြွနေလိုက်ရတာ။ ကြက်ခြံထဲဆင်း အလုပ်လုပ်ရင် ... (အဝတ်အစားကို မရိုသေတတ်သူမို့ ... အစွပ်စွဲ အဆူပူခံထားရသူမို့ ...) တမင် ... အမြဲဆင်မြန်းအကျ ... ဦးလေးရဲ့အကျ ... ရှပ်အင်္ကျီကြီးနဲ့ ကာကီဘောင်းဘီကြီးတို့နဲ့ ဖြစ်နေမိတာရယ် ...၊ ရေမချိုး မိုးမချိုးရသေးဘဲ ချွေးပြန်ညစ်စုတ်နေမိတာရယ်နှင့် ...။ ပိုင်နိုင်က ပထမတော့ ... (မမရဲ့ ထုံးစံအတိုင်း)... "ရေလေးပြေးချိုးလိုက်ဦးမှ ... ခဏစောင့်ကြပါစေ ..."လို့ လုပ်မိဦးမလို့ ...။

ဒါပေမဲ့ တော်ပါပြီ ...။ အရှိကို အရှိအတိုင်းပေါ့။ အဲ ဟဲ ဟဲ ...။ ရေပြေးချိုးလို့လည်း သန့်သွားတာသာရှိမည် ...။ ရုပ်ဟာ ဒီရုပ် ...။ မတော် ... ကိုယ့်ဧည့်သည်များဟာ ... မမရဲ့ဧည့်သည်တွေလို ... "ဘယ်လောက်ကြာကြာ ... ရတယ်"လို့ ထိုင်ကိုစောင့်နေမည့်သူများ မဟုတ်ဘဲ ... "ကြီးကျယ်လိုက်တာ ... စောင့်မရှည်ပါဘူး ..."လို့ ပြန်ချသွားမဲ့သူတွေ ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ ... နော ...။

"ဝမ်းသာလိုက်တာ ... ဒီနေ့ အလုပ်သွားစရာ မလိုကြဘူးလား ဟုတ်လား ... ကုမ္ပဏီက အဲလိုကြားရက် ပိတ်ရက်ရလား ... ဟုတ်လား ..."

"အဲ ... အလုပ်က ကုမ္ပဏီတော့လည်း မဟုတ် ..."

www.burmeseclassic.com



ညီနောင်က အောင်ဇော်ကို သိသိသာသာပင် တံတောင်နှင့် တွက်ပစ်လိုက်သည်။ ပိုင်နိုင်ကလည်း မြင်ဖြစ်အောင် ပင်မြင်ကာ ... ကားနဲ့ပဲ ရောက်လာကြတယ် ဆိုပေမဲ့ ... ဟိုတစ်ခါလာသော ကားအကောင်းစားကြီးနှင့်လည်း မဟုတ်...၊ သူဌေးမင်းတစ်ယောက်နှင့်ပင် အထင်မှားလောက်စရာ ... ယူနီဖောင်းမျိုးတွေနှင့်လည်း မဟုတ် ...၊ ဖြစ်နေပြန်တဲ့ နှစ်ယောက်ကို အကဲခတ်ကြည့်ကာ ...

"အလုပ်က မမြဲပြန်ဘူးနော် ... မြဲမြဲနဲ့ ကြာကြာလုပ်ကြလေ ... သူများ လခစားလုပ်နေရတာ ... ပိုင်နိုင်တို့လို ကိုယ့်ကိုယ်ပိုင် လုပ်ချင်ရာလုပ်ဆိုတဲ့ လွတ်လပ်ခွင့်မျိုးတော့ ဘယ်ရှိပါ့မလဲ ... နားလည်ပါတယ် ... ဒါပေမဲ့ သည်းခံပြီး ကြာကြာမြဲမြဲလုပ်ရင် အခွင့်အရေးဆိုတာ ကိုယ့်အတွက် ပေါ်ချင်ပေါ်လာမှာပေါ့ ... ကုမ္ပဏီဒရိုင်ဘာအလုပ်က ဘာဖြစ်လို့လဲ ... သူ့ယူနီဖောင်းကြီးက ဒီလောက်လှတာ ... ပိုင်နိုင်ဖြင့် အားတောင်ကျတယ် ... ဟီး ... လှလွန်းလို့ ... ဒါဖြင့် အခုဘယ်မှာလုပ်ကြတာလဲ ... ကောင်းရဲ့လား ..."

ညီနောင့်မှာ ... လိမ်ညာထားချင်တယ်ရယ်လည်း မဟုတ် ...။ ဘယ်လိုပြောရမှန်းလဲလည်း မသိ ...။ ခေါင်းထဲ တောင်းနီးရာရာ တစ်ခုခုကို စဉ်းစားယူလို့ မရနိုင်ခင်မှာ ... အောင်ဇော်က နှုတ်မြန်မြန်နှင့်ပင် ... ဝပ်ရှော့လိပ်စာ ... ကို ပေးပြီးလိုက်ရက်သား ဖြစ်နေပြီ ...။





"ဟာ ... သိပ်ကောင်းတာပဲ ... ပညာရတာပေါ့ ... အဲဒီလို ပညာရပ်နဲ့ လုပ်စားတယ် ဆိုတာလေ ... သာမန်ဒို့ပြင် အလုပ်တွေနဲ့ မတူဘူး ... ပညာဆိုတာ ရလိုက်ပြီးရင် ဘယ်တော့မှ မတိမ်ကောဘူး ... အသစ် အသစ် တိုးတိုးပြီး သိ,သိလာအောင် လုပ်ယူနေဖို့ပဲ ရှိတာ ... အခုပညာသင် ဖြစ်ရင် ... ခဏကြာကျ ပညာရှင် ဖြစ်မယ် ... ဒီလိုနဲ့ တဖြည်းဖြည်း ကိုယ့်မိတ်ရအောင်စု ... ပိုက်ဆံစု ...။ ပြီးကျ ... ကိုယ့်ကိုယ်ပိုင် သေးသေးကလေး စလုပ်ကြည့်ကြပေါ့ ... ဒီလိုနဲ့ တဖြည်းဖြည်း ကြာရင် တိုးတက်သွားမှာပဲ ..."

ညီနောင်က ... ဘာမဟုတ်တဲ့ ညစ်စုတ်စုတ်၊ ရုပ်ဆိုးဆိုး သာမန်မိန်းကလေးတစ်ယောက်ဟု ထင်ထားမိသူကလေးရဲ့ အတွေးအခေါ်နဲ့ ခံယူချက်တို့ကို ... သဘောကျစိတ်တွေ ဝင်လာမိပါသည် ...။ သူ့ရဲ့မိတ်ဆွေအသစ်များကို ... 'အမှိုက်ကားနောက်လိုက်' ကနေ ... 'ကုမ္ပဏီဒရိုင်ဘာ' ...၊ အဲဒီကနေ အခု 'ဝပ်ရှော့တစ်ခုမှာ ပညာသင်လုပ်သား' ...။ သူ့ဘာသာသူ ထင်ချင်ရာတွေ ထင်၊ မြင်ချင်သလို မြင် ...။ ဒါပေမဲ့ ဆက်ဆံမှု၊ ခင်မင်မှု ပုံစံတို့ကတော့ မပြောင်းမလဲနှင့် ...။ သူမကလေးရဲ့ သဘောကျနှစ်လိုစရာကောင်းသော ကိုယ်ပိုင်အတွေးအခေါ်တို့ကိုလည်း ... မိတ်ဆွေသစ်များထံ ဖြန့်ဖြူး ... အားပေးချင်သူကလေး ဖြစ်သည် ...။

www.burmeseclassic.com



ညီနောင့်လိုပင် ... အောင်ဇော်ကလည်း ခဏတွင်း ချင်းနှင့်ပင် ... ပိုင်နိုင့်ကို ခင်မင်နှစ်လိုမှု အပြည့်နှင့် ဖြစ်နေတော့သည် ...။ နှုတ်နည်းလေ့ရှိသူ ညီနောင်ထက် ... မိန်းကလေးငယ်များနှင့် ပိုမိုဆက်ဆံ ပေါင်းသင်းတတ်လေ့ရှိသူ ... အောင်ဇော်ကပင် ... ပိုင်နိုင်နှင့် ပိုအဖွဲ့ကျနေသလို ဖြစ်နေသေးသည် ...။

အောင်ဇော်ရဲ့ ရာဇဝင်မှာ ... ဒီလိုပုံဆိုးဆိုး ညစ်စုတ်စုတ်ကလေးမျိုးနှင့် ... လုံးထွေးပတ်သက်နေမိစရာ အကြောင်းကို မရှိဖူးခဲ့သော်လည်း ...၊ ("မျှော်ကိုးမှုတစ်ခု"ဆက်ပါနေသေးသည့် ... လာရောက်ပတ်သက်ခြင်းမျိုး ဖြစ်နေခဲ့သော်လည်း ...၊) အောင်ဇော်ကိုယ်၌က ... "တဟီးဟီး ... တဟဲဟဲ ..."နှင့် ပွင့်လင်းရိုးသား ဖြူစင်လှတာ သိသာလွန်းသည့် ဒီကလေးမကလေးကို ... ပုံမှန်စိတ်ထားနှင့် အတော်ကြီး ခင်မင်သဘောကျသွားမိပြီ ...။

ထိုအချိန်၌ ... အိမ်အောက်ခြံထဲက ... သုံးယောက်ကြောင့် ... အိမ်ပေါ်မှာ ... အလုပ်ရှုပ်ဗျာများနေကြသူတွေလည်း ရှိနေကြပါသည် ...။

"ဘယ်ကကောင်လေးတွေလဲ မသိဘူး ... တစ်ခါမှမမြင်ဖူးပါဘူး ..."

"ဒါပေမဲ့ ... ကားနဲ့ ဘာနဲ့ဟဲ့ ..."

"ဒီလောက်ကြီးတော့လည်းပဲ မဟုတ်လှပါဘူး ..."





"ကြက်ဥလာဝယ်ကြတာများ ဖြစ်နေမလား ..."

"ကြက်ဥကို ကားနဲ့လာဝယ်တဲ့ ကောင်ကလေးမျိုးတွေတော့ မကြားဖူးဘူး ... ပြီးတော့ သူ့ကြက်ဥတွေက ဈေးထဲက ကြက်ဥဆိုင်ရယ် ... လက်ဖက်ရည်ဆိုင်ရယ် ... ဟိုးဘက်လမ်းက ကြက်ဥခေါက်မုန့်နဲ့ မုန့်လုပ်ငန်းရယ် ... ကိုပဲ ပုံမှန်ပို့နေကျ မဟုတ်လား ...၊ အိမ်မှာလာဝယ်တဲ့သူ ဘယ်သူရှိလို့လဲ ... ရှုပ်တီးရှုပ်ယှက် ... ငါတို့အိမ်ကို ကြက်ဥရောင်းတဲ့ ဈေးသည်အိမ်ကြီးလို့ ... အမြင်မခံနိုင်လို့ ... အိမ်ထိလာဝယ်တဲ့ လူတွေကို လက်လီစိပ်ရောင်းဝယ်မနေနဲ့လို့ ... ငါ သူ့ကို သေချာမှာထားပြီးသား ..."

"ဒါဖြင့် ဘာတွေတုံး ... ရယ်လို့ မောလို့ဟဲ့ ... သူ့မှာ ကားနဲ့ဘာနဲ့ သူငယ်ချင်းမျိုးကတော့ တစ်ခါမှကို မကြားဖူးတာ ..."

အဒေါ်တွေရဲ့ ကွစိကွစိကို လှမ်းကြားနေရသော ထွန်းတင့်နိုင်က ...

"ဒေါ်ဒေါ်တို့က ဘာဖြစ်နေကြတာလဲ ... ဘယ်သူတွေပဲ ဖြစ်ဖြစ်ပေါ့ ... သူ့မှာလည်း မိတ်ဆွေသူငယ်ချင်း ဆိုတာ ရှိချင်ရှိမှာပေါ့ ... ဘယ်သူလဲ ဘယ်ကလဲ ဘာညာစုံစမ်းဖို့ လိုမယ်ထင်ရင် ... ဧည့်သည်တွေ ပြန်သွားမှ ခေါ်မေးချင် မေးပေါ့ ..."

www.burmeseclassic.com



"အို ... ထွန်းတင့်က ယောက်ျားလေးပဲ ... ဒါမျိုးတွေ အရှည်အဝေးကြီးထိ ကြိုမမြင်တတ်ပါဘူး ... မသိဘဲ ဘာ မှဝင်မပြောနဲ့ ..."

အဒေါ်နှစ်ယောက်ရဲ့ လှုပ်ရှားအဖြစ်သည်းစွာ ချောင်း မြောင်းနေကြဟန်က ... ထွန်းတင့်နိုင်ကိုပါ စိတ်ဝင်စားမှု ကူးစက်လာစေကာ ... ထွန်းတင့်နိုင်လည်း ... ထိုင်နေရာကထလာ ပြီး အဒေါ်နှစ်ယောက်နဲ့အတူ လာဝိုင်းချောင်းမိသည်အထိ ဖြစ် လာသည် ...။

"ဘာဖြစ်လဲ ... ပုံတွေအရတော့ မဆိုးပါဘူး ... ရုပ်ရှင် တွေ တစ်ချက်တည်းကိုပဲ ဆုံးဖြတ်ရရင် ... ခုလောလော ဆယ် စိတ်ပူနေစရာကို မရှိသေးဘူး ..."

"ဟဲ့ ... အဲဒီလို ရုပ်တွေမဆိုးလို့ပဲ ... ဘာတွေလဲလို့ သိချင်နေတာဟဲ့ ... ရုပ်တွေမဆိုးတဲ့ ... ကားနဲ့ကောင်လေး က သူ့ဆီလာစရာ ဘာအကြောင်းရှိသလဲ ... ရှိကိုမရှိဘူး ဒါဆိုရင် ..."

ထွန်းတင့်နိုင်က ဒေါ်လေးငယ်ရဲ့ အပြောကို စိတ် မသက်မသာနှင့် မကျေမနပ်ကြီး ဖြစ်သွားရတဲ့အတွက် "ဟာဗျာ" ဟု ခပ်ကျယ်ကျယ်တစ်ချက် အော်လိုက်မိပါသည် ...။ ထိုအချိန် မှာ ... တင်သီနိုင်ကလည်း တိုက်တိုက်ဆိုင်ဆိုင်ပင် နောက်ဖေး ဘက်ထဲ ဝင်လာခဲ့မိသည်။ ထမင်းစားခန်းကို ကျော်လိုက်တာနဲ့ စတိုခန်းလေးဘေးက ခြံထဲဆင်းသည့် သံတံခါးပေါက်နားမှာ





ရှုန်းစုရှန်းစု ... ပွစိစိ ဖြစ်နေကြသော သုံးယောက်ကို လှမ်းမြင် ပါသည်။ ထိုသုံးယောက်ဟာ ... ပိုင်နိုင်နှင့် အဒေါ်နှစ်ယောက် သာဆိုရင်တော့ ခါတိုင်းလည်း အဲဒီလိုပဲ ... မကျေနပ်သံတွေ၊ ဈိုကျိုကွကျိုသံတွေနှင့် ရုန်းစုလှုပ်ရှားနေတတ်ကြမြဲ ဆိုတော့ သိပ် အဆန်းတကြယ်မဟုတ် ...။ စိတ်ဝင်စားစရာ ရှိလှမည် မဟုတ်ပါ ...။

ခုဟာကတော့ ... အဒေါ်နှစ်ယောက်နှင့် ပွစိစိဖြစ် နေသူမှာ အစ်ကိုဖြစ်သူ ထွန်းတင့်နိုင် ဖြစ်နေတော့ ... သူများ အကာတွေရဲ့ အရေးအရာတွေ၊ တီးတိုးမှုတွေကို စိတ်ဝင်စားလေ့ မရှိတဲ့ ... တင်သီနိုင်ပင် ... "ဘာပါလိမ့် ..."ဟု အနားထိကပ် လာခဲ့မိပါသည်။

"ဒီမယ် ... ထွန်းတင့်ရဲ့ ... 'ဟာဗျာ'... တွေ 'ဟာဗျက်' တွေ လုပ်မနေနဲ့၊ အဲဒါကြောင့် မသိရင် ငြိမ်ငြိမ်နေလို့ ပြောနေတာ ... ရုပ်မဆိုးတဲ့ ကားနဲ့အကောင်ဆိုတာ ... 'တင်သီကလေး'ကို အကြောင်းပြုပြီးတော့သာ ဒီခြံထဲ ရောက်လာစရာ အကြောင်းရှိတယ် ... ဒါကြောင့် ပြော နေရတာ ... ဒါကြောင့် စိတ်ပူနေရတာ ... ကားနဲ့ဆိုပေ မဲ့ ... ပုံစံတွေအရ ... ဘယ်လောက် အဆင့်အတန်းမှန်း လဲလည်း မသိ ...

အဲဒီဟာမကလေးက တင်သီကလေးအတွက် လူကြီး တွေ စီစဉ်သဘောကျထားတဲ့ သူမျိုးတွေကိုသာ ယဉ်ယဉ်

www.burmeseclassic.com



ကျေးကျေး မဆက်ဆံတတ်တာ ... သူ့ကို တိုက်ရိုက်ဝင်ပူးပြီး တစ်ဖက်လှည့်နဲ့ ကြံစည်ချင်ကြတဲ့ သူတွေကိုကျတော့ ... အဟုတ်ကြီးထင်ပြီး ဗွတ်လျှော်အောင်သွယ်နေတော့မှာ စိုးလို့ပေါ့ ... သိရဲ့လား ... လူကြီးဆိုတာ အရှည်ကို ကြိုမြင်တယ် ... ဘာမဟုတ် ညာမဟုတ်တွေကို ကားပါရုံကလေးနဲ့ အဟုတ်ကြီး သွားထင်နေမိမှာစိုးလွန်းလို့ ..."

ရောက်ရောက်ချင်း ကြားလိုက်ရသော စကားရှည်ရှည်ကြောင့် တင်သီနိုင်က ... စိတ်ပျက်လက်ပျက်ပင် ဖြစ်သွားမိပါသည် ...။ အဒေါ်နှင့် အစ်ကိုတို့ လှမ်းကြည့်နေကြရာ ခြံထဲသို့လည်း တစ်ချက် လှမ်းမျှော်ကြည့်လိုက်မိစဉ် ... တင်သီနိုင်မို့ဆိုရင် သည်းကိုသည်းရမှ ဖြစ်သော ဒေါ်လေးကြီးက ...

"ဟဲ့ ... သမီး ... သမီး ... သွားကြည့်မနေနဲ့ ... မတော်... တွေ့များသွားကြရင် ... ဂုဏ်တက်နေကြဦးမယ် ..."

"မဟုတ်ပါဘူး ... ဒေါ်လေးတို့ ပြောနေကြတာ အဓိပ္ပာယ်ကို မရှိဘူး ... တင်သီဆီ လာချင်ရင် ... တင်သီ့ကိုပဲ တိုက်ရိုက်ဆက်ဆံ ဆက်သွယ်မှာပေါ့ ... ပိုင်နိုင့်ကိုပဲ သွားကပ်ရမယ်လို့ ... ဟုတ်ကို မဟုတ်ဘူး ..."

"အေးဟာ ... ပြောစမ်းပါ တင်သီရာ ... နင့်အဒေါ်တွေက နင်ပြောမှ ရတာ ..."

ဒေါ်လေးငယ်က ထွန်းတင့်နိုင်ကို မျက်စောင်းကြီးနဲ့ ရွယ်လိုက်သည်။





"တင်သီ့ဆီ လာချင်တာ မဟုတ်လို့ကတော့ ... ကားကြီးနဲ့ ဘယ်လောက်ပဲလာလာ ... အထင်ကို မကြီးဘူး ... အဲဒီဟာမလေးရဲ့ အပေါင်းအသင်းဆိုရင် ... ကားပိုင်ရှင်ကို မဖြစ်နိုင်တာ ... ဒရိုင်ဘာတွေပဲ ဖြစ်ရမယ် ..."

တင်သီနိုင်မှာ စိတ်ကုန်လက်ကုန်နှင့် ခေါင်းကိုပဲ တအားခါယမ်းလိုက်မိပါတော့သည်။ စကားတွေကို ခပ်များများနှင့် အခြေအတင် အပြန်အလှန်တွေ လုပ်နေရမှာကို ဝါသနာမပါသူမို့ ... ဘာမှ ထပ်ပြောနေချင်စိတ်တော့ မရှိတော့ ...။ ပြောလည်း ရမှာမှ မဟုတ်တာ ...။ ဒီအိမ်က လူကြီးသုံးယောက်ဟာ... ဘယ်သူမှန်မှန်မှားမှား ...။ သူတို့ရဲ့ "ထင်တစ်လုံး"တွေကသာ အမြဲအမှန် ...၊ ကျန်တာ အမှားပဲ ...။ တင်သီနိုင်က ဆက်မပြောတော့သော်လည်း ... ထွန်းတင့်နိုင်ကတော့ ... စိတ်မထိန်းနိုင်သေးတာမို့ ...

"ဒရိုင်ဘာတွေ ဖြစ်နေတော့ကော ... ဘာဖြစ်သေးလဲ ... ဒရိုင်ဘာလည်း လူပဲ ... ကိုယ့်မိတ်ဆွေ အပေါင်းအသင်းထဲ ... ကားမောင်းတဲ့ အလုပ်လုပ်တဲ့သူဆိုတာ ရှိနိုင်တာချည်းပဲ ... အလုပ်မလုပ်တဲ့ ယောကျ်ားလေးတွေနဲ့ စာရင်တော့ ... ဒရိုင်ဘာလည်း အလုပ်ဟူသမျှ ဂုဏ်ရှိစွပဲ ...။ ပြီးကျတော့ ပိုင်နိုင်ရဲ့ အပေါင်းအသင်း ဆိုရင်တော့ ဒရိုင်ဘာပဲ ဖြစ်ရမယ်ဆိုတဲ့ မှတ်ချက်ကလည်း ဟုတ်ကိုမဟုတ်ဘူး ...

www.burmeseclassic.com



"သူ့အပေါင်းအသင်းထဲမှာလည်း ဒီပြင်လူတွေ ရှိနိုင်သလို ... ဒေါ်ရေလေးတို့ အသိမိတ်ဆွေထဲမှာလည်း ကားမောင်းစားတဲ့သူတွေ ရှိချင်ရှိမှာပဲ ... ကျွန်တော့်သူငယ်ချင်းတွေထဲမှာလည်း ... လုပ်ငန်းကြီးတွေ ... ကုမ္ပဏီတွေမှာ ... ကားမောင်းပြီး အဆင်ပြေနေတဲ့ကောင်တွေ အများကြီးပဲ"

"အေးပေါ့ဟဲ့ ... နင်ကတော့ ပြောမှာပေါ့ ... နင်ယောက်ဖတော်ချင်လွန်းနေတဲ့ အကောင်လေးက ... မန်နေဂျာလိုလိုလူယုံလိုလိုနဲ့ နောက်ဆုံးကျတော့ အဲဒီကုမ္ပဏီမှာ ... သူဌေးရဲ့ကားကို မောင်းရတဲ့ ဒရိုင်ဘာကလေးပဲ ဖြစ်နေခဲ့တာကိုးဟဲ့ ..."

ညီမအငယ်ဆုံးကလေး ဖြစ်သူကို နေ့စဉ်နေ့တိုင်း တစ်ခုမဟုတ်တစ်ခု ... အကြောင်းရှာ နှိမ်ချင်နေကြတာပဲဖြစ်တဲ့ အဒေါ်တွေကို ကြဲတုန်း ဝင်ပြောပေးလိုက်မဟဲ့ ... သနားစရာ သိပ်ကောင်းနေပြီဖြစ်တဲ့ ညီမငယ်ဘက်က ရပ်လိုက်မဟဲ့ ... ဟု ရည်ရွယ်လိုက်မိသူ ထွန်းတင့်နိုင်လည်း ... "ဂျူး"ဟု သက်ပြင်းတစ်ချက်နှင့်ပင် နေရာမှ လှည့်ထွက်သွားခဲ့ပါလေပြီ ...။ အဒေါ်တွေဟာ အဲဒီအတိုင်းပါပဲ ...။ ခပ်မြန်မြန်မှ ထွက်မပြေးရင် ... ဘာအပြစ်မှ မရှိရှာဘဲနှင့် ... "အဆင့်အတန်း မတူလို့ သဘောမတူဘူး"ဟု ကျုံးအအော်ခံထားရသူ ... (ထွန်းတင့်နိုင်၏ ချစ်သူကောင်မလေး) နှင်းနှင်းတို့ တစ်အိမ်သားလုံး အကြောင်းတွေပါ သောင်စဉ်ရေမရ ပေါက်တတ်ကရတွေကိုပါ ... (ဟုတ်ဟုတ်





မဟုတ်ဟုတ်) အဟုတ်ကြီးလုပ်ကာ လျှောက်ပြောကုန်ကြတော့မည်လေ ...။

ထွန်းတင့်နိုင်က ရှောင်ထွက်သွားစဉ်မှာ ... တင်သိနိုင်လည်း ပြန်လစ်တော့ဖို့ ပြင်လိုက်စဉ် ... အနားသို့ ဦးလေးဖြစ်သူ ဦးဇော်နိုင်လည်း ရောက်ရှိလာပြန်ပါသည် ...။

"ဟ ... ဟိုကားက ဘာဖြစ်လို့ ... နောက်ဖေးခြံထဲထိ လာဝင်ရပ် ... အောင်မာ ... ကြည့်စမ်း ... ရွှေးသူတောင်းစားကလေးတွေ ... တောက်"

ဦးဇော်နိုင်က ... သပ်ရပ်သားနားလာကာ ... ကားနှင့် ဘာနှင့် ဖြစ်လာသော်လည်း ကိုယ်တိုင်က .. "အင်း ... သနားကမားလေးတွေ ..."ဟု ကရုဏာသက်ခဲ့မိသေးသည့် ကောင်လေးနှစ်ယောက်ကို မြင်လိုက်ရုံနှင့် မှတ်မိပါသည်။

"ဘာလဲ ... ဘာလဲ ... အစ်ကိုနဲ့ သိလို့လား ..."

"ဟုတ်တယ် မောင်ဇော် ... အဲဒါ ဘာကောင်လေးတွေလဲ ...

"အစုတ်ပလုပ်လေးတွေပေါ့ဗျ ... အမဲရိုးနှယ် ဟင်းအိုးမှအားမနာလို့ အပြော်ခံရတာတောင် နာရမှန်းမသိတဲ့ အကောင်မျိုး အဆင့်တွေပါ ... ရပ်ရည်လေးတွေ အားကိုးပြီး ... တင်သို့မှ တက်မှန်းချင်ကြတာတွေလေ ... ဟိုးတစ်ခါကတည်းက ... တစ်ခါတည်း အပြီးပြောလွှတ်ထားလိုက်ပြီးသား ... အဲဒါကိုတောင် အမှတ်ကမရှိ ... ကောင်း

www.burmeseclassic.com



မယ်ထင်တာလေးတွေ ငှားဝတ်ပြီး ... ကားနဲ့ ဘာနဲ့ ဟန်ဆောင်ပြန်ဝင်လာချင်ကြသေးတယ် ...

"ဇော်နိုင့်များ ဒီလိုလှည့်လို့ ရရီးမှတ်လို့ကွာ ... လူကို ငအများ ... မေ့တတ်တဲ့သူများ မှတ်နေလို့လား မသိ ... တောက် ... ဇော်ကားလိုက်တာ ... ဟိုဟာမကလေးကလည်း ... ဘာတွေမှန်းမသိ ... ဘာကောင်မှန်းမသိ ... ဘာတွေ လက်ခံရယ်မောပြီး ... ငပေါထ,နေရတာလဲ ... သိကွာကျသကွာ"

ဒေါ်လေးငယ်က တင်သီနိုင့်ဘက်လှည့်ပြီး ... "ကဲ... ဘယ်နှယ့်ရှိစ"ဆိုတဲ့ ပုံမျိုးနှင့် ကြည့်လိုက်သဖြင့် ... တင်သီနိုင်က ဒေါသထွက်ချင်သွားရပါသည်။ အဒေါ်ဖြစ်သူကို ထွက်မိတာ မဟုတ်ရပါ ...။ သူမျှားအရေးသည်း သိပ်စိတ်မဝင်စား ...။ လူတကာကို မကောင်းကြံမြင်လေ့ ရှိတတ်သူ အဒေါ်တွေရဲ့ လုပ်ရပ်ကိုလည်း မကြိုက်တတ်သည့် တင်သီနိုင်က... ပိုင်နိုင်နှင့် ဦးလေး အဒေါ်တို့ရဲ့ ကိစ္စတွေကို တတ်နိုင်သမျှ ဝင်မပါခဲ့မိတာ ...။ ခုတော့ တစ်ခါလောက် ဝင်ပြောမိ ... အဲဒီတစ်ခါပဲ ကိုယ့်ဘက်က တစ်လွဲ ... ဆိုတာမျိုးနဲ့ ကြုံနေရတာကို စိတ်တိုသွားမိတာပါ ...။

တင်သီကား ... ကိုယ်မှန်တယ်ထင်ထားသည့် ယူဆချက်ကောင်းကောင်းလေးတွေကို ပျက်စီးအောင်လုပ်သူ ရှိပါက စိတ်ဆိုးတတ်လေ့ရှိသူ ...။ ခုလည်းပဲ ဟောဟိုကနှစ်ယောက်ကို





ကော ...။ တဟီးဟီးနှင့် ပြုံးရွှင်ရယ်မော (ဦးလေး နစ်နစ်နာနာပြောသလို ပြောရရင် ... "ငပေါထ")လျက် ရှိသူ ပိုင်နိုင့်ကိုပါ စိတ်တိုသွားမိပြီ ...။

ဦးလေးက ခြံထဲဆင်းသည့် ဘေးတံခါးကို တွန်းဖွင့်ပြီး ဆင်းချသွားရာနောက်သို့ ... အဒေါ်နှစ်ယောက်ကော ... တင်သီပါ လိုက်ပါသွားမိပါတော့သည် ...။

ဒေါ်ဖောင်းဖောင်း မျက်နှာကြီးနှင့် ဦးဇော်နိုင်ကို မြင်လိုက်ရလျှင် အောင်ဇော်ရော ညီနောင်ပါ ... "မှတ်ပြီ"ဆိုတာကို ရိပ်မိလိုက်ကြပါသည် ...။ သို့သော် နှစ်ယောက်စလုံးဟာ ဘပ်ကြီးတစ်တပ် ချီတက်လာကြသလို ... အုပ်စုလိုက်ကြီး ရှုပုပ်လာကြသော လူကြီးသုံးယောက်ရဲ့ နောက်ပါးက ... မရှုမတင်းသော်လည်း တည်တံ့နေသော မျက်နှာပေးကလေးနှင့် မိန်းမလှကလေး တစ်ယောက်ကိုပါ လှမ်းမြင်လိုက်ရလျှင် ... ပါးစပ်တွေပင် အဟောင်းသား ပွင့်ဟာမိကုန်ကြပြီလား ... (ကိုယ့်ကိုယ်ကိုယ်တွေ) ထင်မိလိုက်ကြပါသည်။

အဟုတ်တကယ်ကို ... ဂုဏ်မောက်မာန်ထယ်ချင်သူတွေ မလွန်လောက်အောင်ဘဲ ... လှရှာတဝကိုး ...။

"ဟေ့ကောင်တွေ ... မင်းတို့ကို ငါ ဘာပြောထားသလဲ ... လူကြီးက အေးဆေးပြောရင် မင်းတို့က လက်မခံချင်ကြဘူးလား ... ငါ ရဲတိုင်လိုက်ရမလား ... ပြော ... မင်းတို့ကောင်တွေ ဘယ်လောက်ကြီးပဲ ဟန်ဆောင်ပြီး ပြန်ဝင်

www.burmeseclassic.com



လာလာ ... ငါက မမှတ်မိစရာလား ... ယုံစားစရာလား ... ထွီ ..."

"ဦးလေး ... ဦးလေး ... ဒါ ... ပိုင်နိုင့်သူငယ်ချင်း ... ဟို ... မိတ်ဆွေ ..."

"တိတ်စမ်း ... ငပေါမ ... နင် မသိရင် ပါးစပ်ပိတ်နေ ... ဒီကောင်တွေ အရင်တစ်ခါလည်း ဒီလိုပဲ အလစ်လာချောင်းပြီး ဝင်ဖို့ကြိုးစားလို့ ငါ မောင်းထုတ်ပစ်ခဲ့ရပြီးပြီ ... နင့်ကို ခေါင်းစဉ်တပ်ပြီး ပြန်ဝင်လာတိုင်း အဟုတ်တကယ် မှတ်မနေနဲ့ ... နင်က ဘာမို့လို့လဲ ... ဒီအကောင်တွေက ဟောဒီက ငါ့တူမ တင်သီကိုမှ တုံးခုမှန်းနေကြတဲ့ ... မတန်တရာကောင်တွေ ... သိရဲ့လား ... ဖြစ်ချင်းဖြစ် ... နင်က 'တုံး'ပဲ ဖြစ်နေမှာ ... ငတုံးမ ...။ ငါနဲ့ ဆုံပြီးပြီ ... ငါမောင်းထုတ်ထားတဲ့ ကောင်တွေ ..."

ပိုင်နိုင့် မျက်နှာကလေးက ဝမ်းပန်းတနည်းနှင့် ညှိုးလျော်ကျသွားပါတော့သည်။ ပထမတစ်ကြိမ်ကတော့ ... တစ်ချက်လောက် သံသယဝင်သွားခဲ့မိသေးတာပေါ့နော် ...။ အမြဲလည်း ဒီလိုပဲ ... မမအတွက်မို့သာ ... 'ခုတုံး'... လုပ်နေကျ ... ဖြစ်နေကျဆိုတော့ ... မထင်ခဲ့မိတာတော့ မဟုတ်ပါဘူး ... ထင်တော့ ထင်လိုက်မိပါသေးတယ် ...။ ပြီးကျမှ ... ဒီတစ်ခါတော့ တကယ်ပဲ ... ကိုယ့်ကိုသာ သဘောရိုးအတိုင်း ခင်သွားတာများလားလို့ပါ ...။ နောက်တစ်ယောက်ပါ ထပ်ပါလာပြီး ... မမအကြောင်း





ဆစ်လုံးမှကို မဟကြဘဲ ... ကိုယ်နဲ့သာ ဟေးလားဝါးလား ပျော်ပျော်ပါးပါး ဆိုတော့ ... "တကယ်"များလားလို့ပါ ...။ "တကယ်" ထင်လို့ပါ ...။

"ဟာ ... ဦးလေး ... မဟုတ်ဘူး ... အဲဒီတုန်းကလည်း ပိုင်ပိုင့်ဆီပဲ လာတာပါ ... ဦးလေးက အတင်းမောင်းထုတ်တော့ ... ဘာကြောင့်လဲလို့ ..."

"ဟေ့ကောင်တွေ ... မဟုတ်တာ မပြောနဲ့ ..."

"ဦးလေးက အမဲရိုးတွေ ဟင်းအိုးတွေ လုပ်နေတော့ ပိုင်ပိုင်နဲ့ သူငယ်ချင်းပေါင်း ခပါင်းရမှာပဲ ... ဒါတွေလို သလားလို့တောင် ထင်မိခဲ့သေးတယ် ... ဦးလေး ဘာကို ဆိုလိုချင်နေမှန်း ... ခုမှသာ ... ခပ်ရေးရေး ..."

ပေါက်ကရတွေ ဗလွတ်ရွတ်တာတွေကို လျှောက်ပြောနေပေမဲ့ ... အောင်ဇော်ရဲ့ အကြည့်များကတော့ တင်သီနိုင့် ထံမှ ခွာလို့ပင် မရနိုင်ပါ ...။ ညီနောင်ကလည်း တင်သီနိုင့်ဘက် တစ်ချက်ထပ်ကြည့်လိုက်မိပြီး အောင်ဇော်လက်ကို အတင်းဆွဲကာ ... ကားဆီ ပြန်လျှောက်လာခဲ့ပါသည်။ ဦးဇော်နိုင်ရဲ့ ဒေါသတကြီး အော်ဟစ်ကြိမ်းဝါးသံတို့ကတော့ ထပ်ပြီး ထွက်ပေါ်နေဆဲ ...။

ကားပေါ်ရောက် ... ကားမောင်းထွက်ပြီး ... ခြံပြင်သို့ ရောက်လာခဲ့မှပင် ... ညီနောင်ရော ... အောင်ဇော်ပါ တစ်ပြိုင်နက်တည်း သတိရလိုက်မိကြသည်က ...

www.burmeseclassic.com



"ဟာကွာ … ပိုင်ပိုင့်ကိုတောင် တစ်ချက်လေးလော
ဖြစ်ဖြစ် နှုတ်မဆက်ခဲ့မိဘူး … ကောင်မလေး အရမ်း
နည်းသွားပုံ ရတာကွ … သနားစရာလေး …"

"ငါက ငါတို့ကြောင့် … သူပါ ရောအဆူခံလိုက်ရ
တောင်းပန်ဖို့ တစ်ချက် သတိရလိုက်သေးတယ် … အ
ကြီးရဲ့ စကားလုံးတွေက ပြင်းလွန်းတော့ … မလုပ်မိ
ဘဲ … မင်းကိုပဲ ဆွဲပြေးလာလိုက်တာ … တောင်းလ
မတောင်းပန်လိုက်ရ … နှုတ်လည်းမဆက်လိုက်ရ"

"ကြုံဦးမှာပါကွာ … မကြုံလည်း ကြုံအောင်လုပ်ရမှာ
ညီနောင်ရ … ဒါနဲ့ စကားမစပ် … ဟိုတစ်ယောက
တော့ တကယ်လှသကွာ … မင်းလိုကောင်တောင်
အဓိပ္ပာယ်မရှိတာတွေနဲ့ ဘယ့်နှယ့်ကြောင့် စတန့်ထွင
ရသလဲ … ငါ ခုမှ သဘောပေါက်တယ် … လှတယ်ကွ
သိပ်လှတယ်"

ညီနောင်ကတော့ ကိုယ့်အိပ်မက်ထဲက မျက်လုံး
ပြူးကလေးဟာ … ဓာခန်းဆီးစတစ်ခုရဲ့ နောက်ကွယ်မှာ …
သယောင်ပဲ လှနေရသလား … ဟု အံ့သြတကြီးနှင့် တစ်မျိုး
ပဲ ဖြစ်နေမိပါတော့သည် …။

ခြံထဲက ဖိုကား ပျောက်ကွယ်သွားသည်နှင့်
တင်သီနိုင်က ကိုယ့်ကိုယ်တိုင်လည်း စိတ်ခုသွားမိသော်ငြား
သူစိမ်းယောကျာ်းပျို နှစ်ယောက်ရဲ့ရှေ့မှာ … အပျို့အရွယ်





ဓာန်မဲ့ … ဦးလေးဖြစ်သူရဲ့ အဆူအမံတွေကို လိုမ့်နေအောင် ခံ
လိုက်ရသည့် … ညီမငယ်လေးကို … သနားသွားမိစိတ်နှင့် …
ချော့မော့ ဖျောင်းဖျရအောင် လှည့်ကြည့်လိုက်ပါသည်။

နားဝင်အောင် ချော့မော့ရင်း … နောင် အရှည်သဖြင့်
မှာ … ဘယ်လိုနေထိုင် တွေးခေါ်သင့်တယ် ဆိုတာလေးတွေကို
ပါ … စကားရှည်ရှည် … ဆွေးဆွေးနွေးနွေး ပြောရင်း ဆုံးမကြည့်
လိုက်ဦးမှ … ဟုပါ စိတ်ကူးဝင်သွားမိသော်လည်း … ပိုင်နိုင့်ကို
အရိပ်အယောင်မျှပင် မမြင်ရတော့ပေ …။

"ဘယ်ရောက်သွားပြီလဲ … ဟိုကောင်မလေး …"

တင်သီလိုပဲ လှည့်ပတ်ရှာနေသည့် ဦးလေးကလည်း
အခဲမကျေနိုင်လှသေးသည့် လေသံနှင့် ဆောင့်ကြီးအောင့်ကြီးပင်
အော်မေးလိုက်သည် …။

"အိမ်ပေါ်မှာ သွားပုန်းနေပြီ နေမှာပေါ့ … သူ့အပြစ်သူ
မသိတာမှ မဟုတ်တာ …"

ဦးလေး အဒေါ်တွေရော မမပါ … အိမ်ပေါ်ပြန်
ရောက်သွားကြလျှင် ကြက်ခြံတစ်ခုထဲ လှစ်ခနဲ ပြေးဝင်ခဲ့ပြီး ပုပု
လေးထိုင်နေသည့် ပိုင်နိုင့်ထံမှ … ရှိုက်သံကျယ်ကျယ်လေးတွေ
ထွက်လာပါတော့သည် …။

ပိုင်နိုင်ကဖြင့် … ဒီတစ်ခါတော့ … "တကယ်"ပဲ
လို့ မှတ်လို့ပါ …။

www.burmeseclassic.com



## အခန်း(၄)

"ဒီလူတစ်ယောက်ဟာ သူ့ဘဝတစ်သက်တာ
မှာ ... ဘယ်အလုပ်တစ်ခုကိုမှ ... ကောင်းကောင်းမွန်မွန် အော
ချစိတ်နှစ်ပြီး ... ကြိုးစားပမ်းစား အပင်ပန်းခံဖူးတဲ့ သူတစ်ယော
မဟုတ်ပါဘူး ..."ဟုများ ကိုယ့်ကိုလာစွပ်စွဲခဲ့သူရှိလျှင် ... ဦး
နိုင်က ... "မဟုတ်ဘူး ... မှားတယ် ..."ဟု ရဲရဲဝံ့ဝံ့ကြီး
ကော့ကာ ငြင်းချက်ထုတ်ရပေလိမ့်မည် ...။

မွေးစကနေ ခုချိန်ထိတိုင် ... မိဘကလုပ်ကိုင်
မွေး ရှာပေးခဲ့ကာ ... အမွေအနှစ်ဆိုတာတွေကိုလည်း တော်
လေး ပြည့်ပြည့်စုံစုံကို ချန်ထားစီမံပေးခဲ့တဲ့အတွက် ... စား
နေရေးအတွက်တော့ ခုထက်ထိ အပတ်တကုတ်ကြီး အားမစိုက်
မပူပင်ရသေးတာကတော့ ... ကိုယ်ကုသိုလ်နဲ့ကိုယ်ပေါ့။ ဒါ
ကိုယ်တိုင်က စိတ်ပါခွဲသန်ပြီဆိုရင်တော့ ... စူးစူးစိုက်စိုက် လု





နေတတ်လေ့ရှိတာ ... ဒါ ... ဦးဇော်နိုင်ရဲ့ အကျင့်ကောင်းတစ်
က်လို့ မပြောနိုင်ဘူးလား ...။ ဥပမာဆိုရင် ... ခုနောက်ပိုင်း
ကာလတွေမှာ ... တူမချော တင်သီနိုင့်ကို "ဂရိတ်ကတော်"
ရေး" လှုပ်ရှားမှုစီမံချက်လေ ...။

အစ်မဖြစ်သူနှင့် ညီမဖြစ်သူတို့သည်လည်း ... သူတို့
တိုင်းအတာ ... သူတို့ပတ်ဝန်းကျင်အလျောက် ... သူတို့လှုပ်
ရှားမှုနှင့် သူတို့ ...။ သို့သော် ... သူတို့ မိန်းမသားတွေဟာ
ယောကျ်ားတစ်ယောက် ဖြစ်နေတဲ့ ... ဦးဇော်နိုင်ကိုတော့ သိပ်
မီနိုင်ကြပါဘူး ...။ ကိုယ်က အသိုင်းအဝိုင်းလည်း ကျယ်တယ် ...။
လုပ်ကွက်ခွင်လည်း ကျယ်တယ် ...။ ယောကျ်ားတစ်ယောက်ဖြစ်
နေတဲ့ အတွက် ... တချို့နေရာတွေမှာ မိန်းမတွေထက်လည်း
ဝင်ထွက်စားသောက် လှုပ်ရှားနေဖို့က ပိုတင့်တယ် ... တယ် ...။
ဒါပဲလေ ...။

ခုလောလောဆယ် အနေနဲ့ကတော့ ... နောက်ဆုံး
ပိတ် ဆန်ကာတင်ဖြစ်တဲ့ ... "ဦးကျော်မင်းဦး" စီမံကိန်းကို
ဦးဇော်နိုင်က အင်တိုက်အားတိုက် စီမံဖန်တီး လှုပ်ရှားနေပါသည် ...။
ယောကျ်ားကောင်းတွေ ဆိုတာ ... သူတို့လည်း "ဂရိတ်"တစ်
ယောက်ပဲ ဖြစ်နေခဲ့ရင် ... ကိုယ့်တူမတော်က ဘယ်လောက်ကြီး
ပဲ ချောချော ...၊ ငမ်းငမ်းတက် ... ဆိုတဲ့ အနေအထားကြီးတော့
ဘယ်အဖြစ်ခံမလဲ ...။ ဘာမှမဟုတ်တဲ့ အကောင်စားတွေလောက်
ကသာ ... အလကားနေ အချိန်တွေပိုနေတိုင်း ..."လျှောက်ပြန်

www.burmeseclassic.com



သံပေး ... ခြေအေးဝမ်းယောင် ...”၊ နောက်ကနေ ကားနဲ့လိုက် "ကားဘီးပွန်း ဆီကုန် ...”၊ ဖုန်းတွေဆက်ရလွန်းလို့ “ဖုန်းဖိုးကုန် အာညောင်း”...၊ ဒီလိုတွေ ဖြစ်နေကြရမှာ ...။

ဦးကျော်မင်းဦးလို လူကတော့ ... သူ့ဘက်က “စိတ်ဝင်စားမှုရှိပါသည်”ဆိုတာကို ဦးစွာပြပြီးရင် မိန်းကလေး ဘက်ကလည်း အလိုက်အထိုက် ... ဇလိုက်ဇလျောလေးပါလာစို့ ကတော့ လိုဦးမှာပေါ့ ...။ ကိုယ့်တူမကမှ အဲသလို အလိုက်တသိ မလိမ္မာတဲ့အခါကျတော့ ... ဟန်မပျက် ... ဖုန်းကလေး ဘာလေး တစ်ချက်လောက် ကောက်လှည့်တာကလွဲရင် ... လူကိုယ်တိုင် ကတော့ ... အိမ်တိုင်ရာရောက် ဘယ်ပေါ်လာပါတော့မလဲ ...။

ဒါ ... ပေါ်မလာသူကို အပြစ်ဆို၍ မရ ...။ ပေါ် မလာချင်တော့အောင် ဆီးလုပ်ထားသောသူတွေရဲ့ အပြစ်သက် သက်သာ ဖြစ်သည်လေ ...။ ကိုယ်က လမ်းကြောင်းခင်းပေးပြီး နင်းလျှောက်ကြရုံ ဖြစ်သော်လည်း ... လက်နဲ့ခင်းပေးထားသော လမ်းကြောင်းကို ခြေနဲ့ပြန်ဖျက်ထားကြသောအခါ ... အဲဒီလမ်း ကြောင်း ပြန်ပေါ်လာအောင် ... ကိုယ်ကပဲ ဝီရိယစိုက် ပြန်လုံးပန်း ယူရပေဦးတော့မပေါ့ ...။

ဦးကျော်မင်းဦးနဲ့ရော ... ကိုယ်နဲ့ပါ နှစ်ဖက်ခင်မင် သည့် ကြားခံသူငယ်ချင်းကိုပါ ဖိတ်ကြားကာ ... အကြောင်းဖြ ချက် တစ်ခုခုနှင့် ထမင်းစားဖိတ်ဖို့ စီစဉ်ကြည့်သော် ... ထိုလူက သမီးမင်္ဂလာဆောင်ရှိသည်မို့ မအားလပ်လှပါတဲ့ ...။ ဦးဇော်နိုင်





ည်း ခေါင်းထဲမှာ မီးသီးလင်းကာ ... သူငယ်ချင်းရဲ့သမီး လာဆောင်နဲ့ကပ်ပြီး ... ဦးကျော်မင်းဦးနှင့် တူမချောတို့ကို င်ပြေပြေ နီးနီးစပ်စပ်ရှိရေး ... “တစ်ခုခုခိုင်းပါ”ဟု တောင်း သော် ... သူငယ်ချင်းရဲ့ မိန်းမက ... ပွင့်ပွင့်လင်းလင်း ...

“ကိုဇော်နိုင်ရေ ... ဘယ်လိုမှ မအောက်မေ့နဲ့ ... ရှင့်တူမ က သိပ်လှလွန်းနေတယ် ... မင်္ဂလာပွဲတစ်ခုမှာ ... သတို့ သမီးထက် ထင်းလင်းပြီး ချောလှနေမဲ့သူကို ... နီးနီးကပ် ကပ် တစ်ခုခု ကူညီခိုင်းကြရိုး ထုံးစံမရှိဘူးရှင့် ... ဒီလိုပွဲ ဆိုတာ သတို့သမီးကသာ ... ကျန်ရှိရှိသမျှ မိန်းကလေး အားလုံးထက်ထူးပြီး သာပြီး ထင်းလင်းလှပနေရမှာ ... ရှင့်တူမကို ပန်းကြဲတို့ အရန်တို့မပြောနဲ့ ... လက်ဖွဲ့လက်ခံ၊ ပစ္စည်းကမ်းဆိုတဲ့ နေရာမျိုးမှာတောင် အကူအညီ မတောင်း ရဲပါဘူးရှင် ...”တဲ့ ...။

သူငယ်ချင်းကတော့ အားခပ်နာနာနှင့် ...

“ကိုယ့်မိန်းမက ... ဦးကျော်မင်းဦးနဲ့ ခင်တာလည်းမဟုတ် ဘူး ... ကိုယ်တို့ချင်းကိစ္စကို သိတာလည်း မဟုတ်ဘူး... ကိုဇော်နိုင်ရေ ... ဒီလိုလုပ် ... ညစာစားပွဲတော့ ... ဦးကျော် မင်းဦးကို ကိုယ် မတက်,တက်အောင် ဖိတ်ယူမယ် ... သူငယ်ချင်းက ကိုယ့်မိန်းမကြီးကို နှုးပြီး ... သူငယ်ချင်း တူမကို ... ဒင်နာတော့ ဖိတ်ဖြစ်အောင် စည်းရုံးကွာ ... ခုတည်းက သူ့ရုံးတွေ ဘာတွေ ...“လမ်းကြုံလို့ ဝင်ခဲ့

www.burmeseclassic.com



သယောင်နဲ့ ဝင်ပြီး လက်ဖွဲ့တွေ ဘာတွေ ကြိုပေးပစ်… သူက အားတော့ နာတတ်ပါတယ် ...

ရုံးကနေ လက်ဖွဲ့ကြီး အိမ်ပြန်သယ်လာပြီး အား… စကား ဆိုလာရင် ... လူနည်းနည်းပဲဖိတ်မဲ့ ဒင်နာ… ထည့်ဖိတ်လိုက်ပေါ့လို့ ... ကိုယ်က စကားသွင်းလို… မယ် ... အဆင်ပြေမှာပါ ... အဲဒါ ကောင်းတယ် …

သူငယ်ချင်းဖြစ်သူမှာ ... မိန်းမပြီးမှ ပြီးမည့်သူ… နေတာမို့ ... ကိုယ်က ကိုယ့်ပိုက်ဆံကိုယ် အကုန်ခံပြီး ညစာ… ဖိတ်ချင်တာကိုကျတော့ မကြွ ...။ သူတို့ဖိတ်ကြားမည့် လူနည်း… ညစာစားပွဲမှာပဲ ကိုယ်ကပါ,ပါနိုင်အောင် ကြိုးစားရမတဲ့ … ကဲ ...။ နောက်ဆုံးတော့ ... အဲဒီနည်းကပဲ လောလော… သင့်လျော်သလိုလို ရှိနေတာမို့ ... ဦးဇော်နိုင် ခမျာ ... (တ… ချောကလေး ... ဂရိတ်ကတော်ဖြစ်ရေး ... တို့အရေး) လက်… ထုပ်တစ်ထုပ်ကိုကိုင်ကာ ... သူငယ်ချင်းရဲ့ မိန်းမအလုပ် လုပ်… ရုံးသို့ ကြွရရောဆိုပါစို့ ...။

"တွေ့လိုသူအမည် ... ဒေါ်ခင်ခင်မြင့် ...။ ဧည့်သည်အမ… ဦးဇော်နိုင်၊ တွေ့ဆုံသည့်အချိန် ... နေ့လယ် (၁၂)… ဆယ်မိနစ် ...၊ တွေ့ဆုံလိုသော အကြောင်းအရာ... မင်္ဂလာ… လက်ဖွဲ့ပစ္စည်းပေးပို့ရန် ...၊ ဧည့်သည်ကတ်ပြားအမှတ်… ၀၀၆၊ ဦးလေး ပြန်ထွက်လာရင် ... ဒီစာရွက်မှာ ပြန်လ… ထွက်ခွာသည့် အချိန်နေရာမှာ ... အချိန်နာရီလေး တ…





ဆိတ်လောက် ပြန်ဖြည့်ပေးပါရှင် ... ဦးလေး ဝင်သွားလို့ ရပါပြီ ... ဒေါ်ခင်ခင်မြင့်က လေးထပ်မှာပါ ... ဓာတ်လှေကားနဲ့ တက်သွားပြီး ... ဘယ်ဘက်ကိုချိုးကွေ့လိုက်ပါ ... အထပ်တိုင်းမှာ ဧည့်သည်ခန်း ရှိပါတယ် ... အဲဒီမှာ ဝင်အကြောင်းကြားရင် ခေါ်ပေးပါလိမ့်မယ် ... ကတ်ပြားလေး ချိတ်သွားပါရှင် ..."

အမယ်လေးဗျာ ...။ သူငယ်ချင်းရဲ့မိန်းမ အလုပ်လုပ်သော ကုမ္ပဏီဟာ ... ခမ်းနားကြီးမားသလောက် ... စနစ်ကျသလိုလိုနဲ့ ... အင်မတန်မှလည်း ကြီးကျယ်ချင်ကြတာပါကလား ...။ တော်ရုံအကြောင်းနဲ့ တော်ရုံလူသာဆို ... "မတွေ့ချင်တော့ပါဘူးဗျာ"လို့ ပြန်လှည့်သွားချင်ရအောင်ကို စနစ်ကျ,ကျနိုင်လွန်းသည်။ အ၀မှာတင် ... သေချာလှပစွာ ပက်ကင်ထုပ်ပိုးပြီး ယူဆောင်လာသည့် လက်ဖွဲ့ထုပ်ကိုလည်း ဖွင့်ဖောက်ကာ စစ်ဆေးလိုက်ကြပါသေး။ (သပ်သပ်ရပ်ရပ်နှင့် နဂိုလက်ရာအတိုင်း ရအောင်တော့ ပြန်ထုပ်ပေးလိုက်ကြပါသည် ...။)

ကိုယ့်ကိုယ်ကိုယ် လူတော်တိုးလှပြီ ...၊ စမတ်ကျလှပြီ ...၊ အထက်တန်းကျကျ နေတတ် စားတတ်လှပြီဟု မာန်ထယ်ထားသည့် ဦးဇော်နိုင်ပင် ... သူတို့လုပ်ပုံကိုင်ပုံ၊ ဆီးကြိုပုံများနှင့် ... ရုံးအဆောက်အအုံကြီးရဲ့ အရှိန်ကြောင့် ... Air-con တွေ အထပ်တိုင်း စိမ့်အေးနေအောင် တပ်ထားသည့် ရုံးကြီးအတွင်းမှာ ချွေးများပင် ပြန်ချင်လာရပါသေး ...။

www.burmeseclassic.com



လမ်းတစ်လျှောက်မှာလည်း တွေ့တွေ့သမျှ ... ရုံးယူနီဖောင်းဝတ်စုံလို ဟာမျိုးတွေနှင့်ကော ... သာမန်အပြင်ဝတ်အပြင်စားများနှင့် လူတွေကောဟာ ... တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ပဲဖြစ်ဖြစ် ... ဘေးချင်းယှဉ်ကပ်ပဲဖြစ်ဖြစ် ... လမ်းလျှောက်ကြရင် ... နီးနီးကပ်ကပ်တွေ နီးလာရင် ... ပြုံးပြကြ၊ ခေါင်းလေးငုံ့ပြကြ၊ ညိတ်ပြကြ၊ တချို့ဆို ခန္ဓာကိုယ်လေးတွေပင် ကိုင်းပြမယောင်ပြုကြ ...။

ကျွတ် ... အပိုတွေ ...။ တစ်ရုံးလုံး ဘာတွေ ဒီလောက်ပြုံးပျော် လူမှုရေးကျေညက်နေကြတာလဲ ...။ မျက်နှာချင်းဆိုင် တွေ့သမျှလူတိုင်းဟာတော့ တစ်ယောက်နဲ့ တစ်ယောက် ပျော်လောက်အောင် ခင်မင်နေကြသူတွေချည်း မဖြစ်နိုင်ပါဘူး ...။ တချို့ဆို ဦးဇော်နိုင်လိုပဲ ညည့်သည်ကတ်ပြား အစိမ်းလေးပဲ ချိတ်ဝင်လာကြတာပဲဟာ ...။ အမယ်လေး ... အဲဒီလူတွေကလည်းပဲ ခဏလောက် လေ့လာ အတွေ့အကြုံ ရှိသွားသည် ဆိုရင်ပဲ ... အတုတွေ လိုက်ခိုးကြတော့ကာ ... ပြုံးကြ၊ ခေါင်းညိတ်ကြ၊ ကိုယ်ကိုင်းကြ ...။

ကိုရီးယားကား၊ ဂျပန်ကားတွေ ရိုက်နေကြတာ ကျနေတာပဲ ...။ သို့သော် ... ကြာကြာနေတော့ ... ကိုယ့်တစ်ယောက်တည်း ထီးတည်းကြီး ဘာမှပြန်မလုပ်ရင် ... ကိုယ့်လာ၊ လာပြုံးပြသွားကြသူတွေကြား ... ဦးခင်ဇော်နိုင်ကပဲ ယဉ်ကျေးမှုနားမလည် ... အထက်တန်းမကျတဲ့ တောသားအရိုင်းကြီး ဖြစ်ရ





ဦးတော့မှာမို့ ... ခဏကြာလျှင်တော့ ... လေးထပ်သို့ တက်ရမည့် ဓာတ်လှေကားက အောက်ဆုံးထပ်သို့ ဆင်းသက်မလာသေးခီ အချိန်အတွင်း ... အတုပ်ကြီးတစ်ခုကို မြှောက်ကိုင်ထားရသော ဦးဇော်နိုင်သည်လည်း ... ပြုံးပြလိုက်၊ ဦးညွှတ်လိုက်၊ ကုန်းကွလိုက် ...။

သူတို့ကမှတော့ ... ရုံးကြီးကို တမင်တကာ လူမရှိန်ရှိန်အောင် လုပ်ကြထားကြတာ ...။ ဖွီ ...။ သူဌေးဆိုတဲ့ လူတွေဟာ ချွှားသောအားဖြင့်တော့ သူများထက် ထူးနေကြတဲ့အပြင် ... သူများဆက်လည်း အနည်းငယ်တော့ ပိုရူးနေတတ်ကြတဲ့ သူတွေပဲ ...။

လေးထပ်သို့အရောက် ... သူငယ်ချင်းရဲ့မိန်းမနဲ့ တွေ့ပြီး ပစ္စည်းထုပ်ကြီး ကမ်းလိုက်တော့ ... သူငယ်ချင်းရဲ့မိန်းမဟာ ... သူ့ယောကျ်ား ကြိုမှန်းထားတဲ့အတိုင်း ... သူ့သမီးအပေါ် ကြိုကြိုတင်တင် ဂရုတစိုက် အားကြိုးမာန်တက် သိတတ်လှသည်ဟု ... အားတွေနာ ... ဝမ်းတွေသာနေပြီးတော့လျှင် ...

"ကိုဇော်နိုင်ရယ် ... လူရင်းတွေချင်း တကူးတကရှင် ..."

"တကူးတကရယ်တော့လည်း မဟုတ်ပါဘူး ... ကြိုကြိုတင်တင်ကလေးကလည်း ဖြစ်ချင် ... အိမ်အထိလာရမှာကလည်း နည်းနည်းလှမ်းနေတော့ မြို့ထဲလာရင်း ရုံးပဲဝင်လိုက်တော့မယ်ပဲလို့ ... အလုပ်ချိန်ကြီး လာရတာ အားတော့နာတယ်ဗျာ ... ဒေါ်ခင်ခင်မြင့်တို့ ရုံးကလည်း စည်းကမ်းကကြီးပုံရသနဲ့ ... ချွေးတောင် ပြန်ရပါတယ် ..."

www.burmeseclassic.com



"ရုံးက စည်းကမ်းကြီးပြီး ... ယဉ်ကျေးမှုတို့ ... လူမှုရေး ဆက်ဆံမှုတို့မှာ အများနဲ့မတူတဲ့ သတ်မှတ်ချက်တွေ ထုတ်ပေးထားတယ်ဆိုပေမဲ့ ကုမ္ပဏီအုပ်ချုပ်သူ ပိုင်ရှင်တွေက သဘောကောင်း နားလည်တတ်ကြပါတယ် ... တစ်ခါတလေ လူမှုရေးကိစ္စမျိုးကို ဘာမှ မပြောတတ်ကြပါဘူး ... ရပါတယ် ..."

"ရပါတယ်"ဆိုသော်ငြားလည်းပဲ ဒေါ်ခင်ခင်မြင့်ဟာ ဦးဇော်နိုင်ကို ဧည့်သည်ခန်းအတွင်းက ထိုင်ခုံများမှာ ဝင်ထိုင်ကြရင်း ခပ်ကြာကြာ စကားလက်ဆုံကျချင်ပုံ သိပ်မရ ... ဧည့်သည်ခန်းရဲ့ အပြင်ကော်ရစ်ဒါမှာ မတ်တတ်ရပ်ပင် တွေ့ဆုံ လက်ခံစကားပြောရင်း ... တစ်ချိန်လုံးမှာ ... ဖြတ်သွားဖြတ်လာ အပေါင်းတို့နှင့် ပြုံးပြလိုက် ... ခေါင်းညိတ်လိုက် ...။ ဦးဇော်နိုင်သည်လည်း ထိုနည်းတူပင် တစ်ချိန်လုံး ... အကျင့်ပါလိုက် ...။

"ရှင့်သူငယ်ချင်းက ရှင့်ကို ညဘက် ဒင်နာပါ ဖိတ်စေချင်တာ ... လာဖြစ်အောင် လာခဲ့လိုက်ပါနော် ... ဆွေမျိုးတွေနဲ့ လူရင်းတစ်ယောက် နှစ်ယောက်ပဲ ပါမှာ ... ဖိတ်စာပို့တန်းကတောင် ညဘက်ဖိတ်စာ ထည့်မပေးလိုက်မိဘူး ... သပ်သပ်ပို့နိုင်းလိုက်ပါဦးမယ် ..."

ဦးဇော်နိုင် လိုချင်သည်မှာလည်း သည်စကားနှင့် သည်ဖိတ်စာပါပဲ ...။ လူရင်းတွေ ဆိုပေမဲ့ စောစောကတော့ ထည့်ဖိတ်ဖြစ်ဖို့ ဆန္ဒမရှိလို့သာ ဖိတ်စာပေးစဉ်က ... ညဘက်ဒင်နာ ဖိတ်စာပါ၊ ပါမလာတာပေါ့ ...။ ခုတော့ အားနာနာ ရှိတာနှင့် ဖိတ်မိပြီ ...။ "ရှင့်သူငယ်ချင်းက ရှင့်ကို ဖိတ်ချင်တာ ..."ဆိုသော်လည်း ... လူနည်းနည်းပဲ ကြွရမည့် ဒင်နာပွဲကို ဦးဇော်နိုင်က မျက်နှာပြောင်တိုက်ကာ ... ကိုယ်ချည်းတစ်ယောက်တည်း မဟုတ်ဘဲ ... တူမချောကိုပါ ခေါ်ကြွတော့ကော ဘာဖြစ်သေးသတုန်း ...။

ဟဲ ဟဲ ဟဲ ... ကိုယ့်တူမသည် ပွဲရှင်တွေ မဖြစ်စေချင်သလို ... သတို့သမီးနှင့် အလှချင်းသွားပြိုင်နေမှာလည်း မဟုတ် ...။

အထူးဧည့်သည်တော်တစ်ယောက်ပဲ ဖြစ်မဲ့ ဦးကျော်မင်းဦးနှင့် တစ်စားပွဲတည်းကျကာ စကားလက်ဆုံကျ ဖြစ်နေကြလျှင် တော်ပြီ ...။

ထိုအခိုက်မှာ ... ဦးဇော်နိုင်နှင့် ဒေါ်ခင်ခင်မြင့်တို့ စကားရပ်ပြောနေကြသည့် ဧည့်သည်ခန်းရဲ့ဘေး ... ဒေါ်ခင်ခင်မြင့်တို့ရဲ့ ရုံးခန်းဟောလ်ခန်းကြီးထဲမှ ... လူတစ်ယောက် ထွက်လာပါသည်။ ထိုသူ ထွက်လာသည်ဆိုလျှင်ပဲ ... ဖြတ်သန်းသွားလာတို့ရဲ့ အပြုံးတွေ ... ခေါင်းညိတ်တွေ ... ကိုယ်ကိုင်းတွေဟာ ပို၍ ကုန်ကြသလိုရှိလျက် ... ဦးဇော်နိုင်နှင့် စကားပြောလက်စ ဒေါ်ခင်ခင်မြင့်ကြီးသည်လည်း လိုအပ်တာထက်ပိုပြုံး၊ ကိုယ်ညွတ်ကာ ...

www.burmeseclassic.com



"မင်္ဂလာပါ ကိုညီ … ဘယ်တုန်းက ရောက်လာလဲ … သိ
တောင် မသိလိုက်ဘူး"

"မင်္ဂလာပါ အန်တီမြင့် … ဖေဖေ ခေါ်ထားလို့ ခဏလာ
တာပါ … လေးထပ်မှာဆိုလို့ … နောက်ဘက်လှေကားက
ပဲ တက်လာလိုက်တာ … မတွေ့ခဲ့ပါဘူး … အောက်ပြ
ရောက်သွားပြီ ထင်ပါတယ် …"

"ဒီချိန်ဆို နှစ်ထပ်က အစည်းဝေးခန်းထဲမှာ ရှိနိုင်ပါ
တယ် …"

"ဟုတ်ကဲ့ … ကျွန်တော် ဆင်းသွားကြည့်လိုက်ပါဦးမယ်…"

ထိုသူမှာ ဒေါ်ခင်ခင်မြင့်ကို ပြုံးပြဦးညွှတ်ကာ
လှည့်ထွက်သွားတော့မည့်ဟန်ရှိဆဲ … ဒေါ်ခင်ခင်မြင့်ရဲ့ နံဘေး
က … ငြိမ်သည်ဝင်ခွင့်လက်မှတ်နှင့် ဦးဇော်နိုင်ကိုပါ မြင်တွေ့
သွားလျှင် … မျက်ခုံးလေးနှစ်ဖက် မြင့်တက်ကာ … အံ့သြမှု
တစ်မျိုးကလေး ဖြစ်သွားဟန်လည်း ရှိပါသည်။ သို့သော် ချက်
ချင်းပင် … သူ့ရဲ့အံ့သြသွားဟန်ကို ထိန်းချုပ်ပြုပြင်လိုက်ကာ
ကိုယ်နှင့်ခေါင်းကို ယောင်ယောင်မျှ ကိုင်းညွှတ် …၊ မျက်နှာ
လည်း အပြုံးနှင့် …

"မင်္ဂလာပါ …"

"အဲ … အဲ … အင်း … မင်္ဂလာပါ … မင်္ဂလာပါ …"

"ခွင့်ပြုပါဦးခင်ဗျာ …"





"ခွင့်ပြုပါတယ် … အဲလေ … မဟုတ်သေးပါဘူး …
မင်္ဂလာပါ … ဟဲ ဟဲ ဟဲ … ဟဲ"

ဦးဇော်နိုင်မှာ … အယောင်ယောင် အမှားမှားနှင့် …
ခန္ဓာကိုယ်ကလည်း အများတကာလို လှရုံလေး၊ သင့်ရုံလေး …
ယဉ်ကျေးမှုကို ဖော်ဆောင်တယ် ဆိုရုံလေး … မဟုတ် …။ တစ်
ဆစ်ချိုးကြီးတာမျှပင် ကိုင်းမိလို ကိုင်းမိ …။ နှုတ်ကလည်း ဘာ
တွေမှန်းမသိ ပြောမိ ဆိုမိ …။ ဓာတ်လှေကားထောင့်ကွေ့ချိုးသို့
ထိုသူ ဝင်ရောက်ပျောက်ကွယ်သွားတော့မှပင် …

"ဒေါ်ခင်ခင်မြင့် … သူက ဒီရုံးကပဲလား … ဘယ်သူတဲ့တုံး"

"ဒီက ကုမ္ပဏီအုပ်ချုပ်သူလူကြီးရဲ့သားလေ … 'ညီနောင်
ဘွား'တဲ့ … ပိုင်ရှင်ရဲ့ တစ်ဦးတည်းသော သားကလေးပေ
မဲ့ … သူက ဒီမှာလုပ်တာတော့ မဟုတ်ဘူး … သူက သူ့
ကိုယ်ပိုင်လုပ်ငန်းနဲ့သူ သပ်သပ်တစ်ခု ရှိတယ် … ဒီကို
တစ်ခါတလေကျမှ သူ့အဖေက ခိုင်းစရာရှိလို့ ခေါ်မှာလိုက်
မှ ခဏတဖြုတ် လာတတ်တာ … သဘောကောင်းပါတယ်၊
ကုမ္ပဏီလူကြီးရဲ့ သားဆိုပေမဲ့ … လူတကာပေါ်မှာ အောက်
သက်ကျေပြီး … သိပ်ကျိုးကျိုးကလေး နေတတ်တာ …
မသိသူတွေ အပြင်မှာမြင်ရင် … ဒီကုမ္ပဏီကြီးမျိုး သူ ပိုင်
တယ်ဆိုတာ … သိပ်ပိုက်ဆံရှိကြတယ်ဆိုတာ … သိနိုင်ကြ
မှာကို မဟုတ်ဘူး … သိပ်တော်တယ် … နေပုံထိုင်ပုံက
တော့ …"

www.burmeseclassic.com


အား ...။ ဦးဇော်နိုင်မှာ ကိုယ့်နဖူးကိုယ် ... လက်ဖနောင့်နှင့် "ဖမ်း"ခနဲသာ ရိုက်ချလိုက်မိပါတော့သည် ...။ အင်း မြင်မြင်ချင်း ... အဲဒီလိုပဲ ထင်လိုက်မိလို့ ... အယောင်ယောင် အမှားမှားတွေလည်း ဖြစ်ကုန်မိရတာ ...။ တောက် ...။ အမှန်စင်စစ်ကတော့ လက်ဖနောင့်နဲ့သာမဟုတ် ...။ ပေါက်ဆိန်နဲ့ကို ပေါက်ချထည့်လိုက်သင့်တာ ...။ အဲဒါကြောင့် ... အသွေးအမွေးနဲ့ ရုပ်ရည်တွေကိုက သားနားပါတယ် ... လို့ ... ထင်ခဲ့မိရတဲ့နဲ့ ... လူတကာကို အပေါ်ယံအဝတ်စားလေး တစ်ချက်နဲ့ ဆုံးဖြတ်ချက် ဓောချင်မိတာကိုး ... ညံ့ပါ့ ဇော်နိုင်ရာ ...။

ဦးဇော်နိုင်မှာ ... ဒီရုံးကအပြန် ... ငယ်သူငယ်ချင်း တစ်ယောက်ထံ ဝင်ပြီး ... လေကန်အာရိုက်နေဦးဖို့ စဉ်းစားထားမိသော်ငြား ... အစီအစဉ်ကိုဖျက်ကာ ... ချက်ချင်းပင် အိမ်သို့ တန်းပြန်ချလာခဲ့ပါသည်။ အိမ်ရောက်တာနဲ့ ...

"ပိုင်ပိုင်နိုင် ... ပိုင်နိုင် ... ဟေး ... ပိုင်ပိုင်နိုင် ..."

အိမ်မှာက ဒီအချိန် ... ထွန်းတင့်နိုင်နှင့် တင်သိမ့်နိုင်တို့ မရှိ ...။ အသီးသီး ရုံးသွားနေကြပါသည်။ အဒေါ်နှစ်ယောက်သာ အလန့်တကြား ပြေးထွက်လာကြပြီး ... ဦးလေးရဲ့ ကျယ်လောင်နေတဲ့ အသံကြီးကို ဟိုးခြံနောက်ဘက် ကြက်ခြံထဲက လှမ်းကြားလိုက်ရသော ပိုင်နိုင်ကလည်း ... "ဘာများအပြောခံရဦးတော့မှာလဲ ..."ဟု မျက်မှောင်ကုတ်ကုတ်နှင့် ... အိမ်ကြီးဘက်သို့ ခပ်ဖြည်းဖြည်း လှမ်းလာခဲ့လိုက်၏။

"ဘာလုပ်ထားပြန်ပြီလဲ ဒီကောင်မလေး ..."

"ဘာမှ မဟုတ်ဘူး ... တစ်ခါတလေကျတော့လည်း ... သင်းက ဉာဏ်မရှိပေမဲ့ ကံရှိတယ်လို့ ပြောရမလိုလိုပဲ ကွာ ... ဟော ... ကဲ ... ကဲ ... လာ လာ တူမ ... နင့်ကို ငါ မေးစရာရှိတယ် ... ညည်း 'ညီနောင်ဘွား' ဆိုတဲ့ ကောင်ကလေးကို သိတယ်မဟုတ်လား ..."

ပိုင်ပိုင်နိုင်က တက်ကြွဖျတ်လတ်ကာ ... သူစိတ်ဆောင်နေရင် ဖြစ်နေကျ ပုံစံအတိုင်း မျက်နှာကြီးပါ နီရဲနေသောလေးဖြစ်သူကို မျက်လွှာလေး လှန်ပင့်ကြည့်ကာ ... "ဟုတ်ကဲ့" ဟု မပွင့်တပွင့် ဖြေလိုက်သည် ...။

"အေး ... ကိုယ့်မိတ်ဆွေသူငယ်ချင်းက လူကောင်း သူကောင်း လူကြီးသူမ သားသမီးထဲက ဆိုရင်လည်း ... ကိုယ်လူကြီး အုပ်ထိန်းသူတွေ စိတ်ချစိတ်အေးထားလို့ရအောင် ... ကြိုတင်ပြောပြထားပါလား ... ပိုင်ပိုင်နိုင်ရဲ့ ... ခုကြည့်စမ်း ... ညည်း နှုတ်နည်းခဲ့ပုံက ... ငါတို့ကို တစ်ဖက်က လူကြီးလူကောင်း မဆန်ပါလား ... မယဉ်ကျေးပါလား ... ထင်ကုန်တော့မှာပေါ့ ... ခက်တာပဲ ... ငါ နယ် ... ဘယ့်နယ်ပြန်ပြီး အဖတ်ဆယ် တောင်းပန်ရမလဲ တောင် အတော်စဉ်းစားယူရတော့မယ် ..."

ပိုင်နိုင်က ဦးလေး ဘာတွေပြောနေမှန်း မသိသဖြင့် ငိုငိုလေးသာ စိုက်ကြည့်နေမိသည်။ ဦးလေးက တရားလွှန်ဆောင်နေကြပြီဖြစ်တဲ့ သူ့အစ်မနဲ့ နှမတို့ကို ... မျက်လုံးပြူး ကာဆန်ပြူးတို့နှင့် ...

www.burmeseclassic.com



“ဟိုတလောကလေ … သူကတစ်ဆင့် … တင်သို့ကိုကစ် ချင်ကြတဲ့ ကောင်ကလေးနှစ်ကောင် … စုတ်တီးစုတ်ဖတ် နဲ့ဟာ … ဆိုတာတွေ ရှိပါရောလား … အမယ်လေးဗျာ အဲဒါ ဘယ်သူတွေမှတ်လို့တုန်း … ညီနောင်ဘွား ဆိုတာ ပါဝါ(Power) သွင်းကုန်ထုတ်ကုန်လုပ်ငန်း ကုမ္ပဏီကြီးရဲ့ တစ်ဦးတည်းသောသားတဲ့ ခင်ဗျာ … သူကိုယ်တိုင်က လည်း သူ့ကိုယ်ပိုင်လုပ်ငန်းနဲ့ ရှိပြန်သေးသတဲ့ … အဲ ပါဝါကုမ္ပဏီကြီးများ ခင်ဗျားတို့ ရောက်ဖူးလိုက်ကြရင် ဟိုတစ်နေ့က နင်ပဲငဆ ဖြစ်ကြရတာကို'ဟယ်'ခနဲ အလုံး ဆို့ပြီး အတော်နှာနှပ်ယူရမယ်ဗျ …

ကုန်ကုန်ပြောမယ် … ရုံးထဲတောင်ဝင်ရဲဖို့ မရှိဘူး အဲသလောက် ကြီးကျယ်သားနား ချမ်းသာကြတာဗျား ဒီမှာ … ဒို့ပြင်လူတွေလို ခါတိုင်းလို … ခတ်ပုံလေးဖြ ပြပြီး လိုက်စပ်နေရတာတောင် မဟုတ်ဘူးနော် … ကိုယ့် တူမကို စိတ်ဝင်စားလွန်းလို့ … ဟန်ဆောင်ပြီး အိမ်တိုင် ရာရောက် ဝင်လာကြတဲ့သူတွေ …။ လိုက်,လိုက်ဖမ်းနေ ရာကို မလိုဘူး … မျက်နှာချိုတွေသွေး …၊ လူကြီးတန် အရှက်မရှိတဲ့ ဂိုက်ဖမ်းပြီး တဟီးဟီး တဟဲဟဲ လုပ်နေရ လည်း မလိုဘူး ဆိုတော့ကာ … လက်လွှတ်ခံလို့ကို မဖြ တဲ့ အနေအထားများ …”





ဦးလေးဖြစ်သူရဲ့ မစားရဝခမန်း အပြောတွေမှာ အဒေါ်ဖြစ်သူတွေ မျက်လုံးပြူး … ပါးစပ်တွေဟ …။ သွားရည်များပင် တပေါက်ပေါက် ကျလာကြတော့မတတ် …။ ဘာမဆိုင် ညာမဆိုင်နှင့် ပိုင်နိုင့်ကိုလည်း လှည့်မျက်စောင်းစွယ်လိုက်မိကြတာက ရှိသေး …။

“အဲဒါ ညည်းက ကျုပ်တို့ကို ဘာလို့ ကြိုမပြောသလဲ …”

ပိုင်နိုင်သာ လိမ်လည်တတ် … ကိုယ်ကောင်းဖို့ အတွက် ကိုယ်လှည့်ဖြားပြီး ပြောတတ်မယ်ဆိုရင် … “ပြောချိန် တော ရလိုက်လို့လား … ပိုင်နိုင့်ဆီ ပထမဦးဆုံးအကြိမ် လာ ည်တဲ့အခေါက်မှာ … ပိုင်နိုင့် မိတ်ဆွေလို့ တစ်ခွန်းပဲ ပြောလိုက် ရုံရှိသေး … ဦးလေးတို့ ဒေါ်လေးတို့ပဲ ဘာမှ အမေးအစမ်း… အပြောအဆိုမခံဘဲ မောင်းထုတ်ပစ်လိုက်ကြတာပဲ မဟုတ်ဘူး လား …”လို့ … အနိုင်ယူပြီးပြောလို့ ရကောင်းရနိုင်ပါမည် …။ သို့သော် … အဲဒီလို ပြောတတ်လေ့မရှိတဲ့ ပိုင်နိုင်ကတော့ … အရင်းအတိုင်းသာ …

“သူတို့က လူချမ်းသာကြီးတွေပါလို့ … ပိုင်နိုင်မှ မသိခဲ့တာဘဲ …”

“မသိစရာလား … မသိဘူး ဆိုတာကိုက အဓိပ္ပာယ်မရှိတာ …”

“ကဲ … ကဲ … နေကြပါဦး … ရှေ့ဆက်ပြီး … လူကောင်းလား … စိတ်ဓာတ်က ဘယ်လိုရှိသလဲ … သူ့အဖေအမေ

www.burmeseclassic.com



မိသားစုကကော သူ့သားပြီးရင် ပြီးမှာလား ... ဒါ့တွေ
စုံစမ်းယူရဦးမယ် ... ကောင်လေးကတော့ ငါ ထင်ပါတ
လူကောင်းကလေးပဲ ဖြစ်မှာပါ ... ရိုးဂုဏ်လေးရှိလို့သာ
သူဌေးသား ... ကိုယ်တိုင်လည်း သူဌေးဖြစ်နေရက်နဲ့
အကျိုးစုတ်နဲ့ပဲ ဝင်ထွက်ချင်တာပေါ့ ... ကုမ္ပဏီမှာဆို
လည်းကွာ ... သူ့ဒီလောက် အော်ဟစ်ငေါက်ငမ်းထာ
ငါ့ကို ကုန်းကိုင်းပြီး နှုတ်ဆက်သွားလိုက်တာများ ...
ပါတယ် ... အေးလေ ... ဒါလည်း ငါ့တူမ တင်သီနိုင်
မျက်နှာကလည်း ရှိသေးတာကိုး ... အဟေးဟေး
ဟေး ..."

"နေပါဦး အစ်ကိုရဲ့ ... ခုဟာက ကောင်လေးနှစ်ယော
ထဲက တစ်ယောက်အကြောင်းပဲ သိခဲ့ရသေးတာ မဟု
လား ... အစ်ကိုပြောတော့ ကောင်လေးတွေက ဒီအိမ်
ပေါက်ချလာတိုင်း နှစ်ယောက်တွဲဆို ... တော်တော်ကြာ
တင်သီကို တကယ်ကြိုက်နေတာက ... အဲဒီပါဝါသူဌေး
သား မဟုတ်ဘဲ နောက်တစ်ယောက် ဖြစ်နေတော့ ဘ
လိုလုပ်မလဲ ... နောက်တစ်ယောက် အကြောင်းက
စုံစမ်းပြီးပြီလား ... သိလာခဲ့ပြီးပြီလား ..."

ဦးလေး အနည်းငယ် ခပ်တွေတွေ ဖြစ်သွားသည်
ပိုင်နိုင်က သက်ပြင်းလေးတစ်ခုကို အပြီးသတ် ချလိုက်မိပါသည်
စိတ်မကောင်း ဖြစ်ရတယ်ဆိုတာလည်း ... ဒီတစ်ကိစ္စနဲ့ မဟု





င် ... ဟိုတစ်ကိစ္စနဲ့ ... ဆိုတော့ ... ကြာတော့ ... ထုံဟုန်နေ
ပြီပဲ ဥစ္စာ ..." ထူးဆန်းသလား ..."

ကိုယ့်အပေါ် တကယ်ပဲ ခင်မင်သူဟု ထင်ခဲ့မိသူ
ာ ... မမတင်သီ အတွက် "ခုတုံး"လုပ်လိုသူသာ ဖြစ်နေပြန်
အပြင် ... (ဒေါ်လေးပြောသလို ... "လောက်ကောင်က လောက်
ကောင်ကိုပဲ ခင်မင်ချင်တယ်"ဆိုသလို) ကိုယ်နဲ့ လက်ရည်တစ်ပြင်
ည်း၊ တန်းတူရည်တူထား ပေါင်းဖော်ထိုက်သူဟာ ... ရုပ်အရမ်း
နေပေမဲ့ ... အမှိုက်ကားနောက်လိုက်ပဲ ...၊ ကုမ္ပဏီကဒရိုင်
ာပဲ၊ ဝပ်ရှော့က အလုပ်သင်ယာဉ်မောင်းပဲ ... ဆိုတဲ့ အတွေး
... တန်းတူရည်တူ၊ Level တူ ထားပေါင်းနိုင်မည့်သူဟု ထင်
တ်ထားခဲ့မိတာသည်လည်း လက်စသတ်တော့ ... အလိမ်ခံလိုက်
တာသက်သက် ...။

အလွန်တရာ သားနားချောမောတဲ့ လူတစ်ယောက်
ာ သူဌေးသားတစ်ဦးပါ ဖြစ်နေသေးတယ် ဆိုတာကိုများ ကြို
သိခွင့်ရခဲ့ရင် ... "ငါ့သက်သက်ကိုပဲ တကယ်ခင်ချင်၊ စေတနာရှိ
ချင်တာ ထင်ပါရဲ့ ..."လို့ ... ရုပ်ဆိုးညစ်ပတ်သော "ကြက်ချေးမ"
လေးက ... ထင်ဝံ့ခဲ့ပါ့မလား ... "ညီနောင်ဘွား"ဆိုသောသူ
ယ် ...။

"ဟိုဘက်က ကိုအောင်ဇော် ... ဆိုတဲ့ တစ်ယောက်က
အဖော်လိုက်လာတဲ့သူပဲ ဖြစ်မှာပါ ... မမနဲ့ တကယ်တမ်း
ပတ်သက်ချင်တာက အဲဒီ ညီနောင်ဘွားပါပဲ ... ဒေါ်လေး

www.burmeseclassic.com



တို့ကသာ မသိလိုက်ကြတာ ... သူက ပိုင်နိုင်ကို လ
ပေါင်းပြီး ... သူ့တစ်ယောက်တည်းတောင် ဒီခြံထဲရော
ပြီးပြီ ... ပိုင်နိုင်တို့ ဒီအိမ်က အိမ်သားတွေအကြောင်း
လည်း မသိမသာ လာစပ်စုသွားပြီးပြီ ... သူပဲ ... မ
ဘူး ..."

ဦးလေးရော အဒေါ်များပါ ... မျက်နှာတွေ ဝ
လက်ရှင်လန်းသွားကြသည်။ ပိုင်နိုင်က ... ကိုယ်သိထားသော
သူတို့ရဲ့ ... ဝပ်ရှော့လိပ်စာလေးကို ထုတ်ပြောပြလိုက်လေသည်

ညက အိပ်မက်က ... အရင့်အရင် မက်နေကျတွေ
ထက် ပိုထူးခြားလာသဖြင့် ... ညီနောင့် စိတ်ထဲ မနက်ကတည်း
က တစ်မျိုးကလေး ဖြစ်နေမိပါသည်။ ညက အိပ်မက်ထဲမှာ
ထုံးစံအတိုင်း စိတ်မောရသော ... မပြီးဆုံးနိုင်တော့သော ... ကြ
သိနေနှင့်ပြီးသား ဖြစ်သော လမ်းကြောင်းကြီးအတိုင်း ညီနော
က ... မထူးခြားလှတဲ့ သမားရိုးကျ အုတ်တိုင်နှစ်ခုရှိရာ ဂိ
ပေါက်ကတစ်ဆင့် အဲဒီခြံကြီးထဲဆီသို့ ရောက်သွားခဲ့ပါရော ...

အဲဒီကစလို့ နည်းနည်းစတင်ပြီး အိပ်မက်က ပြော
လဲခဲ့တာပါ။ ခါတိုင်းအိပ်မက်တွေတုန်းက ကိုယ့်မျက်စိထဲ ဖျ
ခနဲ ... လွင့်ခနဲ မြင်လိုက်ရပြီး ဘာမှန်းမသိ ပျောက်ပျောက်သွ





ခဲ့သော အရာကလေးများသည် ... ဒီတစ်ချီ အိပ်မက်ထဲမတော့ ကြက်ပေါက်စဝါဝါကလေးတွေ ...၊ ကြက်သားအုပ်မကြီးတစ်စု ... တစ်စု ... အုပ်လိုက်တွေ ဖြစ်နေခဲ့ကာ ... အိပ်မက်ထဲမှာပင် ... အမောက်တွေ ... ဇလုပ်အရေပြားတွေ ထင်ရှားနီရဲတွတ်လို့နေသော ကြက်ဖကြီးတို့ရဲ့ ... "အောက်အီးအီးအွတ်"အသံတွေက လည်း ကျယ်ကျယ်လောင်လောင်နှင့် အသိသာကြီး ထင်ထင်ရှား ရှား ...။

ဓာပဝါ ... သို့မဟုတ် ... ခန်းဆီးစဖြူပါးပါးရဲ့ နောက်ကွယ်က မျက်လုံးပြူးပြူးကလေးကို လှမ်းမြင်လိုက်ရချိန်မှာ ... ညီနောင်ရဲ့ နံဘေးမှာ ... ကြက်တွေ ... ကြက်တွေက တော်တော်ကြီးပဲ များပြားထူထပ်လို့ နေခဲ့ပြီ ...။ ညီနောင်က ကိုယ့်နံဘေးမှာ ကြက်တွေ အဲဒီလောက် လာများနေခဲ့တာကို (အိပ်မက်ထဲမှာပဲ) အံ့သြတကြီး ဖြစ်နေလျက် ... ခါတိုင်းလို ဓာဖြူစနောက်က မျက်နှာလေးကို ဖျတ်ခနဲ ပြန်ပျောက်သွားမှာပဲ ... ဟုလည်း မထင်မိ ...။ ခပ်ကြာကြာ ဆက်ပြီးရပ်ငေးကြည့် နေမိလျှင် ... ထင်ထားတဲ့အတိုင်း ... အဖြူစကလေးက မျက်နှာပုံရိပ်ရဲ့ ရှေ့ကနေ ... "ဖတ်"ခနဲကွာကျကာ ...။

ကြိုတင်မျှော်လင့်ထားမိတဲ့ အတိုင်းပါပဲ ...။ ကွာကျသွားသော ဓာဖြူစလေးရဲ့ နောက်ကွယ်က ပေါ်ထွက်လာခဲ့တဲ့ မျက်နှာကလေးဟာ ... ဂုဏ်မောက်လှသော ဦးလေး အဒေါ်များရဲ့ ... တူမချော ... အကြီးမကလေးပင် ...။ ထူးခြားတာက ...

www.burmeseclassic.com



သူ့ဘာသာသူ ကွာကျပြီးသား ခန်းဆီးစကို ကောင်မလေးက ... သူ့ရှေ့ကနေ "ဖြုန်း"ခနဲ ထပ်မံဆွဲဖယ်ပစ်လိုက်ပြီးမှ ... ငေးကြည့်နေမိဆဲဖြစ်သော ... ညီနောင့်ကို ကျောခိုင်းကာ လှည့်ထွက်ခွာသွားခဲ့တာ ...။

ထွက်ခွာသွားတဲ့ မိန်းကလေးဟာ ပထမတော့ ... လှပလှတဲ့ ကောင်မလေး ...။ ညီနောင်က အကြည့်မဖယ်သေးဘဲ ... ဆက်ငေးကြည့်နေရင်း ... ကြည့်နေရင်း ... ကပင် ... တဖြည်းဖြည်း ... ရွဲ့ရွဲ့ ... စုတ်ချာ လာခဲ့ပြီးလျှင် ... မိန်းကလေးဆန်ဆန် အချိုးကျကျကလေးကနေ ... ရုပ်အကျိုပွကြီး ...၊ ကာကီဘောင်းဘီစုတ်ကြီးတို့နှင့် ဖြစ်နေခဲ့တာ ...။ အဲဒီအဖြစ်အပျက်ကို "ဟာ"ခနဲ အံ့အားတသင့် ရှိရဆဲမှာပင် ... အိပ်မက်ကနေ လန့်ပြီးတော့တောင်မှ နိုးထခဲ့ရ ပါသည် ...။ ပြီးလျှင်တော့ ... မနက်ခင်း မိုးလင်းသွားတဲ့တိုင် ... ပြန်အိပ်လို့ မရနိုင်တော့ပါ။

ဘာမှန်းမသိတဲ့ ... ဘစ်ခုခုကလေးနဲ့ ... စိတ်ထဲမှာ ... တကယ့်ကို တစ်မျိုးကလေး ...။ အလုပ်ထဲကို အစောကြီးပဲ ထထွက်လာဖြစ်ခဲ့တဲ့ ညီနောင်က အောင်ဇော်ပါ ရောက်လာခဲ့တဲ့အခါ ... ခုထက်ထိ မပြောပြဖြစ်သေးသော ... ကိုယ့်အိပ်မက်အကြောင်းကို ... ဖွင့်ပြောပြလိုက်တော့မို့ ဆုံးဖြတ်လိုက်ပါသည်။

အိပ်မက်နှင့် စတင်ကာ မြင်ဖူးပတ်သက်ခဲ့ရပြီး ... လူကိုယ်တိုင်ပါ အပြင်မှာ ရောက်ဖူး ... တွေ့ဖူး ...၊ ကြုံဖူးလိုက်





ပြီးတဲ့အခါ ... တကယ်ကြုံတွေ့လာရတဲ့ အပြင်က အဖြစ်အပျက်တွေအရ ... အိပ်မက်ကလည်း စိတ်ရွဲမိစွဲရာ လိုက်ပြောင်းရတာဖြစ်မှာပဲ ... ဆိုတာ ... ညီနောင် ကိုယ်တိုင်က ... နားလည်သိရှိနိုင်ပါသည် ...။ ဒါပေမဲ့လည်းပဲ ... ကိုယ့်စိတ်ထဲမှာ ခိုးလိုးခုလု ... ကျလိုကျလိ ရှိနေပြီဖြစ်တဲ့ ... ဘာမှန်းမသိတဲ့ ... "တစ်ခုခု"ကလေးအတွက် ... ခုချိန်မှာ တိုင်ပင်ဖော် တိုင်ပင်ဖက် ... တစ်ယောက်တော့ လိုလောက်ပြီ ... ဟု ညီနောင် ထင်သည်။

"ဟ ... တိုက်ဆိုင်လှချေလား ..."

အရင်က မက်ခဲ့တဲ့ အိပ်မက်တူတွေနှင့် ... အဲဒီခြံထဲကို အဲသလိုကြောင့် စိတ်ဝင်တစား ရောက်ခဲ့ရပါသည် ... ဆိုတော့ ... အောင်ဇော့် ကြည့်ရတာ ... အတော်ကြီး အံ့သြသွားဟန် ရှိသည် ...။ မယုံမကြည် ပုံစံတို့ ...၊ "ဒီကောင် စတန့်များဆ,ထွင်ချင်တာလား"ဟု မသင်္ကာစွာ ဟားချင်လာသည့် ပုံစံတို့ ... အောင်ဇော့်ထံမှာ မမြင်ရသည့်အတွက် ... ညီနောင်က အတော်ကြီး စိတ်သက်သာ ... နေရထိုင်ရ သက်သာနေရသည်။

"ညကကျတော့ ... ငါ့အိပ်မက်က တစ်မျိုးဖြစ်သွားတယ်"

ဒုတိယအိပ်မက်သစ် အကြောင်းကို ကြားအပြီးမှာတော့ ... ခုနက အံ့သြယုံကြည် လက်ခံပြီးသား အောင်ဇော့် မျက်နှာ အချိုးအချိတ်ဟာ ... ရယ်ဟဟ ... ပြောင်တိပြောင်ချော် ... အသွင်ကို ရုတ်ခြည်းပင် ပြောင်းသွားခဲ့ကာ ...

www.burmeseclassic.com



"ဘာမှ စဉ်းစားမနေနဲ့တော့ ... မင်း ဇာခန်းဆီးနောက် ကွယ်က ကောင်မလေးဟာ ... ပိုင်ပိုင်ပဲ ... မင်းနဲ့ ဖူးစာ ပါနေတာ ... အကြီးမကလေးလို့ ထင်မနေပါနဲ့တော့ ... အငယ်မပါ ... သေချာပါပြီ ..."

ညီနောင်က အောင်ဇော့် လက်မောင်းကို လက်သီး နှင့် တစ်ချက်ပိတ်ထိုးပစ်လိုက်သည် ...။

"ဩော် ... မယုံဘူးပေါ့ ... အိပ်မက်တွေ အတိတ်ကောက် တဲ့နေရာမှာ ... ငါ့အဆင့်က မသေးလှပါဘူးကွ ... အိပ် မက်တိဗ္ဗဒံ့ကျမ်းကြီးကို ပြုစုခဲ့တဲ့ ဆရာကြီး ... ဦး(......) ဟာ ဘယ်သူထင်လဲ ..."

"မင်း ဘကြီးလား ..."

"ဟား ဟား ဟား... မင်းကိုသာ ဘယ်သူလဲလို့ မေးတာ ... ငါကိုယ်တိုင်က ဘယ်သူမှန်း မသိဘူး ... ဟား ဟား ... ခန်းဆီးနဲ့ ကွယ်ထားတုန်းက ဘယ်လောက်မှေးမှေး ... အံ့သြဖွယ်တွေ ... ထိတ်လန့်တာတွေနဲ့ ကြုံကြရရင် ... ဗျူ တိုင်း ပြူးထွက်သွားကြမဲ့သူချည်းပဲ ... အဲဒါ ပိုင်ပိုင်ထ မင်းကို အံ့သြတကြီးနဲ့ ပြူးကြည့်နေတာကွ ... ဒါပါပဲ ကွာ ... မယုံမရှိနဲ့ ... ငါပြောတာကိုပဲ လက်ခံလိုက်စမ်း ပါ ... မင်းနဲ့ ဖူးစာပါနေတာ ပိုင်ပိုင်ပါပဲ ... အကြီးမလေး ကတော့ ... ငါ့အတွက်ပဲ ဖြစ်ချင်လည်း ဖြစ်မယ် ..."





ညီနောင်က အောင်ဇော်ရဲ့ ပြောင်လှောင် အနိုင်ယူ စကားတွေကို မခံချင်စိတ် ...၊ အမိပ္ပာယ်မရှိတာ ... ဟု ထင်မြင် စိတ်တွေနှင့် ပြည့်နှက်နေရသည် ဖြစ်သော်လည်း ... အတင်းကာ ရောကြီး အော်ဟစ်ငြင်းဆန်ပစ်ပြီး ... မခံချင်ဖြစ်မိတာတွေကို ထုတ်ဖော်ပြသလိုက်ရမှာကိုကျတော့ ...(ကိုယ့်အနီးအနားမှာ ရှိနေ တာလည်း မဟုတ်သည့် ... အဝေးတစ်နေရာက) ကလေးမကလေး ကို အားနာ... ကရုဏာသက်မိသလိုလိုကလေး ဖြစ်နေရသေးသည်။

"ဟာ ... ကွက်တိပဲဗျာ ... ဟိုမှာ ... လိုက်လာပါပြီ ..."

ညီနောင်က ... အောင်ဇော့်ထံ မျက်စိစွေကြည့်ကာ "တော်လောက်ပြီကွာ ... တစ်ဖက်သားက လှမ်းသိမနေနိုင်ပေမဲ့ အားနာဖို့ ကောင်းပါတယ် ..."ဟု ခပ်ဟန့်ဟန့် ပြောလိုက်စဉ် ... အောင်ဇော်က ... ညီနောင့်နားရွက်နှစ်ဖက်ကို ဆွဲကိုင်ကာ ... ဝပ် ရှော့ဝင်းကြီး တစ်ခုလုံးရဲ့ အပေါက်ဝ ဂိတ်ပေါက်ဝရှိရာဆီသို့ ... ညီနောင့်ဦးခေါင်းကို ... လှည့်ချပေးလိုက်ပါသည်။

"ဟာ ... အဘိုးကြီးပါ ... ပါလာတယ် ခင်ဗျာ ..."

အောင်ဇော့်ထံမှ ရယ်သံတွေ "တကိကိ"နှင့် လျှံ တက်လာရပါသည် ...။ ခြံဝမှ လိမ့်ရုံလေး ဝင်လာသော ကား ကလေးမှာ မီးခိုးမည်းတွေ တအူအူ တလူလူနှင့် အသံကလည်း နှစ်ယောက်စလုံးရဲ့နားထဲ ... "ဒီဇယ်ပန့် Head လဲဖို့ လိုကိုလိုနေ ပြီ ..."။ "Rotary Pump Head ထိနေပြီ ..."ဟု သတင်းပေးနေ သလို ရှိသည်။

www.burmeseclassic.com



"ကားက အခြေအနေ ဆိုးနေပြီ ... အဘိုးကြီးကိုယ်တိုင် မောင်းလာတာဆိုတော့ တိုက်ဆိုင်သွားတာနဲ့ တူပါတယ် ညီနောင်ရာ ..."

ညီနောင်ရော ... အောင်ဇော်ပါ ... သူတို့ရဲ့ ရုံးခန်းကလေးထဲက မှန်ချပ်ကြီးတွေကတစ်ဆင့် ... လှမ်းမျှော်ကြည့်နေမိကြရင်း ... အောင်ဇော်က ... သူ ပြောင်ထား စထားမိတာတွေအတွက် ... "ဖြေ"သော စကားမျိုးကို ခြေဆင်းစပျိုးလိုက်သည်။

"ဘယ်ကလာ ... မင်းလိပ်စာပေးပစ်ခဲ့တာပဲ အောင်ဇော်ရ ... ကောင်မလေးက ဒီလိပ်စာမှာ ငါတို့ရှိမှာပဲဆိုတာ သိပြီးပြီ ... သူ့အဘိုးကြီးက ဒီမှာပဲ ပြင်မယ်ဆိုရင်တောင် ငါတို့နှစ်ကောင်တော့ ရှိနေတယ်နော်လို့ သတိပေးကိုယ်မှာ အမှန်ပဲ ... ဒါ တိုက်ဆိုင်တာ မဟုတ်နိုင်ဘူး ..."

"ဒါဖြင့် ... ဦးလေးကြီးပါ ဘာကြောင့် ကြွလာစရာရှိသလဲကွာ ..."

ညီနောင်က တစ်ချက်ကလေး ပြုံးလိုက်မိပါသည်။ အောင်ဇော် တစ်ခါက ကြိမ်းဝါးဖူးသလို "ပိုးတိုက်ပုံနဲ့ ပိုးပုဆိုးဝတ်ခဲ့ပြီးတော့ကို တစ်ခေါက် ပြန်လာဦးမယ်ကွာ ..."ဆိုသလို ... ညီနောင့်ကို ... ဖေဖေတို့ရုံးမှာ တစ်ခေါက် ကြုံလိုက်ပြီးတဲ့အခါ ပြောင်းလဲသွားနိုင်ချေရှိတဲ့ ... လူကြီးတစ်ယောက်ရဲ့ သဘောထားကို ... ကိုယ်က ကြိုမြင်နိုင်ပြီးနေပါပြီ ...။





"ဆိုးဝါးလှချည့် ..."ဟုတော့ အပြစ်မပြောလိုတော့သမျှ ... ကောင်းတယ်လည်း မဟုတ်တဲ့ ... ကိုယ်တိုင်ကလည်း သိပ်မနှစ်မြို့က်လှတဲ့ ... အဲဒီလို ... "လူ"သက်သက် မဟုတ် ဘဲ ... "ဘေးအကာအရံ"တွေပါ ထည့်စဉ်းစားတတ်သူတို့နှင့် ညီနောင်က ... တရင်းတနှီးကြီး မဆက်ဆံချင် ... မဆက်ဆံဘဲတော့ ...။ အပြစ်ရယ်လို့ မပြောလိုသေးတာကတော့ ...

"ကိုယ်ကိုယ်တိုင်ဟာ ဒီအသက်အရွယ် ... ဒီအခြေအနေနဲ့မို့ ဒါမျိုးစိတ်ပဲ ရှိနေရတာလား ... ကိုယ်က အဲဒီလူကြီးလောက် အရွယ်သို့ ရောက်ခဲ့ပြီ ... ကိုယ့်အခြေအနေကလည်း တစ်မျိုးဆိုရင် ... ကိုယ့်ရဲ့အတွေးအခေါ် ... အဆုံးအဖြတ်တို့ဟာ ... ဘယ်လိုရှိလိမ့်မလဲ ..." ဆိုတာမျိုး ကိုယ့်ကိုယ်ကိုယ် ... သေချာကြီး မဆန်းစစ်မိထားရသေးလို့ ဖြစ်ပါသည်။

ကိုယ့်ကျ ဘယ်လိုရှိမလဲ ... အတိအကျကြီး မပြောနိုင်သေးဘဲနှင့် ... သူများ တစ်ယောက်ကို အပြစ်တွေကြိုတင် ... အပြစ်နင်းကန်ဖို့ နေဖို့ မသင့်တော်ဘူးလေ ...။

"ဒါကြောင့် မင်းပဲ သွားလိုက်ပါကွာ ... အောင်ဇော်ရာ... ထွက် ... ထွက် ... သူတို့က ဒီတိုင်း အလုပ်အပ်မဲ့သူတွေကို မဟုတ်ဘူး ... ငါတို့နာမည်ကို မေးကို မေးမှာပဲ ... တော်ကြာ တစ်ယောက်ယောက်က ဒီထဲလိုက်ပို့ပေးနေလို့ ဒီထဲထိကို ရောက်လာကြဦးမယ် ... အဲသလို မဖြစ်ခင် ... မင်းပဲ ထွက်လိုက် ..."

www.burmeseclassic.com



အောင်ဇော်က အပြောင်အပြက်ကင်းသော ပုံမှန်မျက်နှာနှင့် ...

"မင်းကလည်း ... ခုနစကားတွေက ... ငါကစတာပါကွ ဘယ်လိုလဲ ..."

"မဟုတ်ဘူး ... ငါ့စိတ်ထဲမှာ နဂိုဓာတ်ခံကိုက ... ငါ့အိပ်မက်ထဲက ကောင်မလေးဆိုတာ အပြင်မှာ ဘယ်သူပဲဖြစ်နေ ဖြစ်နေ ... အပြင်မှာ တကယ်ရှိနေသူဆိုရင် ... မြင်ဖူးရုံပဲ လိုချင်တာ ... ဒါပဲ ...။ ခု အဲဒီအိမ်မှာ မိန်းကလေး ငယ်ငယ်နှစ်ယောက် ရှိရင် ... နှစ်ယောက်စလုံးကို မြင်ဖူးပြီးပြီ ... ပြီးပြီပေါ့ ... ရှေ့ဆက်စရာ ... ဘာမှမရှိဘူး ..."

"မင်းသေချာလား ... ဟိုချောချောလေးနဲ့ရော ..."

"ဘာမှမရှိဘူး ..."

အောင်ဇော့် မျက်နှာက အတည်အတံ့ကနေ ပြောင်ချော်ချော် ပြန်ဖြစ်လာကာ ... လေကလေးပင် ... "တရှိုးရှိုး" တမင်တကာ ချွန်လိုက်သေးလျက် ... ရုံးခန်းမှန်တံခါးကြီးကို တွန်းဖွင့်ကာ အပြင်သို့ ထွက်သွားပါတော့သည် ...။ ညီနောင်ကတော့ ... မှန်ချည်းသက်သက်နှင့် ဆောက်ထားသော Glass House မှန်စန်းကလေးရဲ့ အထဲမှ ကြိုးဆွဲခန်းဆီးရှည်ကြီးများ ... ကိုကြိုးအမြန်လိုက်ဆွဲရင်း ... ခေါင်းတခါခါနှင့် ကျန်ရစ်သည်။





အပြင်မှာတော့ ညီနောင် ကြိုစိတ်ပူသလို ... ဝပ်ရှော့မှ အလုပ်သမားလေးတို့က ... နာမည်မေးတိုင်း ... ရုံးခန်းထဲ တန်းလိုက်ပို့ပေးလိုက်ကြတာမျိုး ... အလိုက်မသိ တစ်ယောက်မှ မရှိပါ ...။ "ဆရာညီတို့ ... ဆရာအောင်တို့ ရောက်ကြပြီလားတော့မသိဘူးခင်ဗျ ... မတွေ့မိသေးဘူး ... ကြည့်ပေးပါမယ် ..." ဟု မယုတ်မလွန် စကားလောက်သာ ပြောထားကြသေးချိန် ...။ ရုံးခန်းထဲမှ အောင်ဇော် တစ်ယောက်တည်း လှမ်းထွက်လာသော အခါ ... "ဟော ... ဟိုမှာ ... ဆရာအောင်တော့ ရောက်နေပြီ ခင်ဗျ ..."ဟု လက်ညှိုးညွှန်ပြလိုက်ပါသည်။

ပိုင်နိုင်က ... လည်ပင်းကြီးပင် ရှည်ထွက်လာပြီး တစောင်းလိမ်သွားမတတ် ခေါင်းငုံ့မျှော်ကြည့်လိုက်သည့် ဦးလေးကို (မရနိုင်မှန်း သိပြီးဖြစ်ရက်) သတိပေးသလို တစ်ချက်လှမ်းကြည့်ပြလိုက်သည်။ အိမ်ကတည်းကရော ... လမ်းတစ်လျှောက်လုံးမှာပါ ... ပြောပိုင်ခွင့် ... သတိပေးပိုင်ခွင့် တစ်စက်မှ မရှိတဲ့ ကြားထဲက ... အအော်အငေါက်ခံပြီး ...

"ဦးလေး ... အတင်းကာရောကြီးတော့ ... လွှတ်သိသာ မနေစေနဲ့ဦးနော်"

"လာချင်နေတဲ့သူဆိုတာ ... တားထားလည်း လာကိုလာမှာပဲ ... ဖိတ်ခေါ်နေဖို့ မလိုဘူး သိလား ... လမ်းကြောင်းကို မသိမသာလောက် ဖွင့်ပြရုံပဲ ..."

www.burmeseclassic.com



"ခုလောလောဆယ် ... ဦးလေးကို သူတို့က ရှိန်နေကြတာ နော် ... အဲဒီ 'အရှိန်'လေးကို ဆက်ထိန်းပြထားနိုင်မှ — နောက်ပိုင်းမှာ ပိုလှုပ်ရှားသာတာတို့ ... ကိုယ့်စကားအောင် တာတို့ ... ဖြစ်လာနိုင်မှာ ..."

ပိုင်နိုင့်မှာ ... "နင့်ပါးစပ် ပိတ်ထား ..."တို့၊ "နင်က အဒေါ်လား ... ငါက ဦးလေးလား ..."တို့ ...။ ငါ ဘာလုပ်ရမလဲ ငါ့ဘာသာ အကောင်းဆုံးကို သိတယ် ... နင် ဝင်သင်ပြနေစရာ မလိုဘူး ..."တို့ ...။ ဦးလေးတစ်ယောက် မျက်နှာနီနီကြီးနှင့် (လက်ပင်ပါတော့မတတ်)ဆူမံအော်ဟစ်တာတွေကို ခံပြီး ဖွတ်ပြော့ယူထားရတာတွေ ...။ ခုလိုပုံနဲ့တော့ အရာထင်မည်လည်း မထင်ပေ။

ဦးလေးဟာ သူ့ရဲ့ ကားဖွတ်ချက်ကို ထုတ်မောင်းယူလာခဲ့ပြီ ဆိုကတည်းက ... ဒီကိစ္စမှာ ဘယ်လောက် သဲကြီးမဲကြီး ဝီရိယကြီးတော့မလည်း ဆိုတာ ... ပိုင်နိုင်ကလည်း သဘောပေါက်သင့်တာပေါ့ ...။ အဲဒီကားဖွတ်ချက်ဟာ ပိုင်နိုင်တို့အိမ်မှာ — ဆီထုတ်ရောင်းရုံကလွဲရင် ... ဦးလေး၊ အဒေါ်တွေပင် မစီးကြတဲ့ကား ...။ စီးလို့လည်း ရလှတာမှ မဟုတ်တာ ...။ နှစ်လိုမ့်လောက် မောင်းလိုက်ပြီးတာနဲ့ ... တစ်ခုမဟုတ် ... တစ်ခုကတော့ ... ပျက်စီးယိုယွင်းကာ စီးသူ ... မောင်းသူများကို ဒုက္ခပေးပြီ ...။





"ခင်ဗျားဟာက အင်ဂျင်ကျနေပြီ ... ပန့်ကျနေပြီ ... ဝှင်တော့ ... ရုံထိုးတော့ ..."စသဖြင့် သိလို့ အကြံဝင်ပေးကြသူတွေ ရှိသော်ငြား ... "မျက်ချေးငါးပိလုပ်ချင်တဲ့" လူကြီးများက "စီးမှမစီးတဲ့ဟာ ... ပြင်စရာကော လိုသေးလား ... သုံးရက်တစ်ခါလောက် ... ဓာတ်ဆီဆိုင် အသွားအပြန်လောက်ရောက်နေရင်-ပြီးတာပဲ' ..."ဆိုတဲ့ အစားတွေထဲကပါ ...။

ဒီကားကိစ္စကတော့ ... အစားအသောက်၊ ထမင်းဟင်းကိစ္စလို ... "ကပ်စည်းနည်းလိုက်တာဟယ် ..."ဟု ပိုင်နိုင်က လူကြီးတွေကို အပြစ်သိပ်မတင်ချင်လှပါ။ "ကား"ဆိုတာကတော့ သိတဲ့အတိုင်း ...။ လှုပ်လိုက်တာနဲ့ ပိုက်ဆံက နောက်ကနေ "ဝေါ"ခနဲ လိုက်ကုန်ရတော့မည့်အစား ဆိုတော့ ... လူကြီးတွေလည်း မပြင်ချင်လှတာ ... အဆိုးမဆိုသာပါ ...။ သနားစရာတောင် ကောင်းသင့်ကောင်းရမည် ...။ "ကိုယ့်ဦးလေး အဒေါ်တွေ အသက်ကြီး ကြီးကျကာမှ အိမ်မှာရှိတဲ့ကားတောင် ကောင်းညွန့်နေအောင် ပြင်မထားနိုင်လို့ ... မစီးကြရပါကလား ..."လို့လေ။

ခုတော့ ကြည့်ရတာ ... ပြောစကားတွေအရ ... ဝပ်ရှော့ပိုင်ရှင်နှင့် သွားပတ်သက်ချင်မှတော့ ... "ဘယ်လောက်ကုန်ကုန်ခမ်းခမ်း ... ရင်းပစ်လိုက်ဦးမယ် ... အကျိုးမယုတ်ပါဘူး ... ကိုယ့်ကားကလည်း ပြင်သင့်နေတာ ကြာလှပြီပဲ"ဆိုသလားလို့ ...။ မျက်စိစုံမှိတ် ... ငွေထုတ်ကုန်ပြီး ... ရင်းနှီးမှုလမ်းကြောင်းအတွက် "အရင်းအနှီး"ကိုမမှုပါဘူး ... ဆိုတဲ့ ပုံကြီးတွေ

www.burmeseclassic.com



နဲ့ ...။ သို့သော် ပြောနေကြတဲ့ စကားတွေထဲကကို သိသာ
လွင်နေတာက ...

"မမမျက်နှာနဲ့ဆိုရင် .... သူတို့ဘက်က ပဇ္ဇ
ကီရိယာဖိုးသာသာလောက်ပဲ ... ထုတ်ကုန်ခွင့် ရမှာပါ ...
ဆောင်မှုလက်ခကတော့ ... မမမျက်နှာလည်း ရှိသားပဲ ... ပဇ္ဇ
ဖိုးဆိုတာတောင် လျော့လျော့ပေါ့ပေါ့ သက်သက်သာသာပဲ
မှာပါ ..."ဆိုတဲ့ ... မျှော်လင့်ချက်ကြီးတွေကလည်း ပါဝင်
ကြသေးတာလေ ...။

အဲဒီလို မျက်နှာပူစရာ နေရာမျိုးကြီးကိုမှ "ပိုင်နိုင်
ခများ ... ကိုယ့်ကိုယ်ပိုင်မျက်နှာကြီးကို မျက်နှာပြောင်တိုက်
သယ်ဆောင်ပြီး ... တာဝန်နဲ့ ဝတ္တရားရှိတဲ့အတိုင်း ... မိသာ
ဝင် ညီမတစ်ယောက် ပီသပြရဦးမတဲ့ ...။ "ပြီးကျ ... နင်တို့
ကောင်းစားကျန်ရစ်မှာ ... ငါတို့ကတော့ အသက်ပဲ ကြီးနေပါပြီ
ဆိုလား ... ဟား ဟား ဟား ...။ ဘာလုပ်ဖို့လဲ ... အစ်မ
သူမွေးမင်းနဲ့ရလို့ ... ညီမဝမ်းကွဲထိပါ လိုက်ကောင်းစားဖို့
လင့်နေတာမျိုးသည် ... (ပညာမဲ့တွေ ... အဆင့်အနေနိမ့်နိမ့်တွေ
ကလည်း မဟုတ်ခဲ့ကြပါပဲနှင့်) အတွေးအခေါ်တွေကကျတော့
"အောက်"လွန်းလှသည်ဟု ... ပိုင်နိုင်က မြင်ပါသည် ...။

ပိုင်နိုင့်အဖို့ကတော့ ... ကိုယ့်မှာ အုပ်ထိန်း
(ကျေးဇူးရှင်)လူကြီးမိဘတွေ မရှိကြတော့ဘူး ဆိုတဲ့အခါ
ဘယ်လိုအခြေနေနဲ့ ကျန်ရစ်ကျန်ရစ် ကိုယ့်ခြေထောက်ပေါ်ကို





ပိုင်ပိုင်ရပ်ဖို့ပဲ ခေါင်းထဲရှိသည်။ ခုကတည်းက အဲလိုပဲ ရပ်နိုင်ဖို့
ကြိုးစားထားပြီး လမ်းစရှာနေခဲ့ပြီပဲ ဥစ္စာ ...။ ဘာမဟုတ်က
ဟုတ်ကတွေကို လှမ်းမျှော်နေရဦးမှာလဲ ...။

ဒီဦးလေး အဒေါ်တွေရဲ့ အကျင့်အကြံကြီးတွေနဲ့
တော့ ... မမလို ရွှေမင်းသမီးလေး တစ်ယောက်ကိုမှ ... လိုချင်
ခက်မောမိကြရှာမည့် "ကံထူးရှင် သတို့သားလောင်း" ဆိုတာကို
ကြိုပြီးတော့တောင်မှ သနားမိပါသေး ...။ သူ့ခများ ... ဒီအလှအပ
လေးမက်မိတာနဲ့ ... ဒီဦးလေး အဒေါ်ကြီးတွေကို တစ်သက်တာ ...
တာဝန်ယူပေးရမဲ့အပြင် ... ဘာမှမဆိုင်တဲ့ ... ဝမ်းကွဲညီမတွေ
ဘာတွေ အထိပါ လိုက်တာဝန်ရှိနေရဦးမတဲ့လား ...။ ကျွတ် ...။

လူကြီးတွေကတော့ ... မမကို ဒီအရွယ်၊ ဒီပုံ၊ ဒီ
ပညာ၊ ဒီအဆင့်အတန်းလေးနဲ့ ဖြစ်လာအောင် ... ငယ်ကတည်းက
ကျေးဇူးရှိခဲ့ကြလို့ ... ဆိုလည်း ထားလိုက်ပါတော့လေ ...။ ဒါ
တောင် ကဲဒီကျေးဇူးသည် မမကသာ သိနေဖို့ ... ဆပ်ဖို့ ခေါင်း
ထဲထည့်နေရမှာဖြစ်ပြီး ... "မမကို လိုချင်တဲ့ သကောင့်သားက
ဆပ်"လို့ ... လူကြီးတွေက လှမ်းမျှော် စီစဉ်နေရမှာမျိုးတော့
မဟုတ်ချေ။ ရပ်ဆိုးလှပါသည်လေ ...။

အေးလေ ... ဆိုးကာမှ ဆိုးရော ... ခုနေတော့ ...
အိမ်ကနေ သင်ကြားခံလာခဲ့ရတဲ့အတိုင်း ...။ ညီမတို့ရဲ့ ဘာဝန်နဲ့
ဝတ္တရားရှိတဲ့အတိုင်း ... အနားရောက်လာပြီဖြစ်တဲ့ ... ကိုအောင်
ဇော်ကို သွားဖြလေးနဲ့ ဆီးကြိုကာ ...

www.burmeseclassic.com



"ပိုင်နိုင်က ကိုအောင်ဇော်တို့က ဒီဝပ်ရှော့မှာ လုပ်တာ
ပြောလိုက်လို့လေ ... ဦးလေးကလည်း သူ့ကားကို စိ
ချရတဲ့ ဝပ်ရှော့တစ်ခုခုမှာ ထိုးချင်နေတာနဲ့ အတော်
တဲ့ ... အဲဒါ ကားကိုလည်း ကြည့်ပေး စစ်ပေးပြီး ... ဘ
လောက်ကျနိုင်မလဲ ... မှန်းပေးပါဦး ... ပိုင်နိုင် ပြော
လိုက်လို့ ... ကိုအောင်ဇော်တို့က အလကား အခြေအမြ
မရှိတဲ့သူတွေ မဟုတ်မှန်း ... အလုပ်နဲ့ အကိုင်နဲ့ ရှိ
သူတွေမှန်း ... ပိုင်နိုင့် မိတ်ဆွေတွေမှန်း ဦးလေး
သဘောပေါက်သွားပါပြီ ..."

"ဟုတ်လား ... ကောင်းတာပေါ့ ..."

"ဒါပေမဲ့ ... ဒီရောက်မှ ... ဒီကလူတွေက 'ဆရာညီ'တို့
'ဆရာအောင်'တို့နဲ့ ... ဘာတွေ အဆင့်အတန်းတွေ ပြ
နေကြတာလဲ ..."

အောင်ဇော်က ပိုင်နိုင့်ရဲ့ မသိနားမလည်ဟန် ရှ
နေသော ရိုးသားမှုဟန်လေးတွေကို သဘောတကျနှင့် ... "တ
ဟား" ရယ်နေစဉ်မှာ ... ပိုင်နိုင်ကတော့ ... ကိုယ့်ကိုယ်ကို
သာ ရှုံ့ရှာနေမိပါတော့သည်။ ပိုင်နိုင်ဟာ အမြဲတမ်း မလိမ်
တတ်ခဲ့ဘဲ ... အမြဲ ရိုးသားပွင့်လင်းခဲ့တဲ့ ... အရှိကို အရှိအတိုင်း
ဘွင်းဘွင်းပွင့်ပွင့် ... နေတတ် ပြောတတ်ခဲ့တဲ့ သူတစ်ယော
ဖြစ်ခဲ့ရက်နဲ့ ... ခုကျတော့ ကြည့်စမ်း ...။ သူတို့ဟာ "သူ
မင်း"တွေသာဖြစ်ကြောင်း ... ခုမှပဲ ... ဒီကျမှပဲ ...၊ ကိုယ့်
ရှိလို့ လာမိကာမှပဲ ... "ဘွား"ခနဲ သိလိုက်ရတော့သလိုလိုနဲ့





ဟန်လုပ်ပြောနေရတာလေ ... ရွံစရာကောင်းလိုက်
တာ ...။ ကိုယ့်ရဲ့ နဂိုဟန်ကို သိထားပြီးသူတွေကတော့ ...
"အစစ်တွေ" ထင်နေရှာမည် ...။ အေးလေ ... ဘာဖြစ်တုံး ...။
သူတို့ကတောင် ... လာလိမ်ပြီး စပတ်သက်သေးတာ ... ကိုယ်
လည်း ... ပြန်လိမ်ပစ်မယ် ... ဟန်ဆောင်ပစ်မယ် ... ဘာဖြစ်
သေးလဲ ...။ အလိမ် ... အလိမ်ချင်း ... ကိုယ့်ကိုယ်ကိုယ်မှ ထူးရှုံ့
နေနဲ့ ...။ သူတို့က လာစလိမ်လို့ ... ပြန်လိမ်ပြရမှာ ...။ ဒါပဲ ...။

အောင်ဇော်ရဲ့ ရယ်သံတွေအဆုံးမှာ ... ဦးလေး
ကြားအောင် ခပ်တိုးတိုးပဲ ပြောရသလိုလို ... ဘာလိုလိုနဲ့ ...
"အိမ်လာလည်ကြဦးနော ... ရပြီ ..."ဟု ဆိုလိုက်တော့ ...
အောင်ဇော်က သဘောတကျနှင့်ပင် ... "လာလည်ရမှာပေါ့ ..."
တဲ့ ...။ ပြီးလျှင်တော့ အလုပ်သမား ကောင်လေးတွေ တာဝန်
ရှိသူတွေကို လှမ်းခေါ်ပေးကာ ... ဦးလေးရဲ့ကားကို "ဘာတွေ
ပြင်ရမယ် ... ဘာတွေ လိုအပ်တယ် ... ဘယ်လောက်ကုန်ကျ
နိုင်တယ်"ဆိုတာကို တွက်ချက်ခိုင်းလိုက်ပါသည် ...။

ပိုင်နိုင်က ကိုယ့်ကို လှမ်းကြည့်နေသော ဦးလေး
ရဲ့ မျက်ရိပ်မျက်ခြည်တို့ကို မသိကျိုးကျွန် ပြုထားရကာ ...
"ကိုညီနော်ရော ..."ဟု မမေးလိုက်မိအောင် စိတ်ကြီး မနည်း
တင်းထားလျက် ... နှုတ်က တာဝန်တော့ ရှိတဲ့အတိုင်း ...

"လျှော့ပေါ့မှန်းပေးနော် ... ဈေးကြီးရင် မပြင်တော့ဘူး ..."

"ဟား ဟား ... လုပ်ပေးရမှာပေါ့ ... သူငယ်ချင်းတွေပဲ
ဟာ ..."

www.burmeseclassic.com



ဦးလေးကတော့ သူ့ရဲ့ အဓိက Target (ပစ်မှတ်) ညီနောင်ဘွားကို မေးစေ့ချင်နေလှပါပြီ ...။ ပုံမှန်အဟိုင်းဆိုလည်း မေးသင့်နေပြီ ...။

သို့သော် ကိုယ့်စိတ်ကိုယ် မလုံချင်တာရော — ရွံ့ချင်တာနှင့်ရော ... ပိုင်နိုင်က မေးကိုမမေး ...။ ကြာတော့ — ဦးလေးကပဲ မအောင့်အီးနိုင် ဖြစ်လာကာ ...

"ပိုင်နိုင့်မိတ်ဆွေက ... မောင်ရင်တို့ ... နှစ်ယောက်ရှိတယ် မဟုတ်ဘူးလား"

အောင်ဇော်က ... "အမဲရိုး"တို့၊ "မတူမတန်"တို့ အော်ဟာစ်သောင်းကျန်းပြထားတာ ခုကျတော့ သူပဲ မဟုတ်သလိုလို နဲ့ နေတတ်လှသော အဘိုးကြီးကို ... "ဆရာကြီးပဲ ..."ဟု လေး ပဲ လေးစားရတော့မလိုလို ရယ်ချင်ပက်ကျိနှင့် ...

"ဟုတ်ခဲ့ခင်ဗျ ... ညီနောင်ဘွားက မရောက်သေးပါဘူး — ဒီနေ့ ဒီကိုမလာဘူးနဲ့တူပါရဲ့ ..."

"ဩော် ... ဟိုဘက်ရုံးဘက် သွားရမယ်နဲ့ တူပါတယ် — အေး ... အေး"

ပိုင်နိုင့် မျက်နှာတစ်ပြင်လုံး ... ပုရွက်ဆိတ်အနီ အကောင်တစ်ရာလောက် ဝိုင်းကိုက်ခံလိုက်ရသလို ... ထူပူရဲတွတ် ပြီး ကျိမ်းတက်သွားရပါသည် ...။ စိတ်ကုန်စရာကြီး ကောင်း လိုက်တာ ...။ ကိုယ်က ဒီရောက်မှ ... သူတို့ ... "ဆရာညီတို့ ဆရာအောင်တို့" ဖြစ်နေတာကို သိလိုက်ရဟန်ဆောင် ...။ ဦးလေး





က ... ဟိုဘက်ရုံးအထိပါ လိုက်သိပြီးနေတာကို မနေနိုင် မထိုင် နိုင် ဖွင့်ဟမိ ...။ အင်း ...။ ဟုတ်တော့နေပြီ ...။ ပိုင်နိုင့်မှာ အောင်ဇော့် မျက်နှာကိုတောင် ... ထပ်မကြည့်ရဲရတော့မလိုလို ရယ် ...။

ခဏကြာတော့ ... ဦးလေးရဲ့ကားကို စစ်ဆေးတွက် ချက်ကြည့်ပြီးသွားကြသူတွေက စာရွက်လေးတစ်ရွက်နှင့် အသေး စိတ် ရေးပေးထားသည့် စာရင်းစာရွက်ကို အောင်ဇော့် လက်ထဲ လာထည့်ပေးပါသည်။ သူတို့ ဒီဝပ်ရှော့မှာ ဒီလိုပဲ ပြင်မယ်မပြင် မယ် မပြောခင် စစ်ဆေးတွက်ချက်ပြကြမြဲလား ...။ ပိုင်နိုင်မို့ လုပ်ပေးတာလားတော့ ပိုင်နိုင် မသိ ...။ အောင်ဇော်က စာရွက် ထဲက စာရင်းကို တစ်ချက်ကြည့်လိုက်ကာ ... စာရွက်လေးကို ပိုင်နိုင့်ဘက် ကမ်းပေးလိုက်ရင်း ...

"အားလုံးပေါ့နော် ... လက်တင်စီး ... ဝိုး ... ဒေါက် ... ဖြစ်သွားအောင် ... လုပ်ပေးရမယ် ဆိုရင်တော့ ... အဲဒီ လောက် ဖြစ်သွားမယ် ပိုင်ပိုင် ..."

"အာ ... ဆေးတွေ ဘာတွေ ပြန်သုတ်မှာ မဟုတ်ဘူး နော်..."

"အေးပါ ... စက်ပိုင်း အင်ဂျင်ပိုင်းနဲ့ တခြားလဲရမဲ့ ... ပြင်ရမဲ့ ပစ္စည်းလေးတွေချည်းပဲ ... တွက်ပေးထားတာ..."

ပိုင်နိုင်က သုံးသိန်းခွဲ နီးပါးတောင် ကျနေသော စာရင်းကို မျက်လုံးပြူးကြီးနှင့် ကြည့်ကာ ...

www.burmeseclassic.com



"အား ... သေရောပေါ့ ... အဲလောက်ကြီး များနေရင်တော့ မပြင်တော့ဘူး ... သိပ်စီးတဲ့လည်း မဟုတ်ဘူးဟာကို ... တွန်းပြီးတော့ပဲ ပြန်မောင်းယူသွားလိုက်တော့မယ် ..."

ကိုယ့်အိမ်အခြေအနေ ကိုယ်သိတာမို့ ... ပိုင်နိုင်က ဆုံးဖြတ်ချက်တစ်ခုကိုပဲ လျင်လျင်မြန်မြန်ပဲ ချပေးလိုက်တာပါ ... ပိုင်နိုင့်ရဲ့ စကားကြောင့် ဦးလေးက ပိုင်နိုင့်ကို မကျေမနပ်ကြီး တစ်ချက်ကြည့်ကာ ... "ပြစမ်းပါဦး"ဟု လက်ထဲက စာရွက်ကို ဆွဲယူကြည့်လိုက်သည်။ ဦးလေးကြည့်ရတာ ... သူ မျှော်လင့်ထားသလို ... ညီနောင်ဘွားနဲ့ တန်းမတွေ့ရတဲ့အပြင် ... စက်ဆရာတာဝန်ရှိသူက တွက်ချက်ယူလာပေးတာကို ... အောင်ဇော်က ... "ဟာ ... ဒီလူ ဒီလူတွေကို ..."ဆိုတဲ့ အပြောမျိုးနဲ့ ... ပြန်မဖြတ်ပေးဘဲ ... ပိုင်နိုင့်လက်ထဲ တန်းထည့်လိုက်တာ ...။ ပိုင်နိုင်ကလည်း ... "လျှော့ပေးပေါ့ ..." ဘာညာ တစ်ခွန်းမဆိုဘဲ ... "မပြင်တော့ပါဘူး ... မတတ်နိုင်ဘူး ..."ဟု တန်းပြောချပစ်လိုက်တာ ... တွေကို စိတ်ထဲ အတော်ကြီး မကြည်မလင် ဖြစ်သွားဟန်ရှိသည်။

"ဟ ... ပစ္စည်းဖိုးအပြင် ... လက်ခကလည်း မနည်းဘူးကြီးပဲ ... ဒါဆိုရင်တော့ မောင်ညီနောင်ဘွားနဲ့ တွေ့မှ ပြီးမယ်နဲ့ တူတယ် ..."

အောင်ဇော်ကတော့ အေးအေးပြုံးပြုံးပါပင် ... ပိုင်နိုင့်မှာသာ ... စိတ်အညစ်ကြီး ညစ်ရကာ ...





"ဟာ ... ဦးလေးကလည်း ... ဒီမှာနှစ်ယောက်လုံးက 'ဆရာ'ချည်းဥစ္စာ ... ဘယ်သူတွက်တွက် ... ဒီအဖြေပဲ ရှိလိမ့်မပေါ့ ... ကိုယ်တတ်နိုင်ရင် ပြင်ရုံ ... မတတ်နိုင်ဘူးထင်လည်း ... လူရင်းတွေပဲ ... မရှက်ပါ ... အားမနာပါဘူး ... မပြင်တော့ဘူးပေါ့ ... ပြီးတာပဲ ... မတတ်နိုင်ပါဘူး ... ဟုတ်တယ်မှတ်လား ... လာ ... လာ ... ပြန်ကြမယ် ... အိမ်နားက ဝပ်ရှော့သေးသေးတွေမှာပဲ ... လက်ပူတိုက်ပြီး ... ဆက်စီးဦး ... ဒီမှာမှ ပြင်ချင်သပဆိုလည်း ပိုက်ဆံနည်းနည်း စုလိုက်ဦး ... နောက်လ ... နောက်လတွေမှ လာပြင်မယ် ... နော် ... ကိုအောင်ဇော် ..."

"သဘောအတိုင်းပါပဲ ... ခင်ဗျာ ..."

"ကားမပြင်ဖြစ်ပေမဲ့ ... အိမ်တော့ လာလည်ပါဦး ..."

"ဟုတ်ပါပြီ ... ကြက်ဥလက်ဆောင် ရမှာလား ..."

"အောင်မာ ... သူတို့ဆီမှာ ကားပြင်ချင်ရင်တောင် ပိုက်ဆံနဲ့ပေးပြင်ရမဲ့ဥစ္စာ ... ကြက်ဥစားချင်ရင်လည်း ... လက်ဆောင်မတောင်းနဲ့ ... ပိုက်ဆံပေးဝယ် ..."

"ဟား ဟား ဟား ဟား ... ဟုတ်ပါပြီ ညီမရယ် ... အလုပ်အားရင် လာခဲ့မယ်နော် ... ဟား ဟား ..."

ပိုင်နိုင်က စာရင်းစာရွက်ကြီး လက်ထဲကိုင်ကာ မျက်နှာကြီး ခပ်နီနီဖြစ်နေသော ဦးလေးကို အတင်း လက်ကနေ

www.burmeseclassic.com



ဆွဲခေါ်ကာ ... မကောင်းတတ်တာရော ...၊ ဦးလေးစိတ်ကြိုက်လေး တစ်ချက်လောက် ဖြစ်အောင်ရော ...၊ အဲဒီလိုမှ မပြောရင်လည်း ... သဘာဝမကျ ... အမိပ္ပာယ်က မရှိလှတာရော ...။ (ပြီးကျတော့ ... ကိုယ့်စိတ်ရင်းထဲ တကယ်လည်း ရှိ,ရှိတဲ့အတိုင်းရောပေါ့နော်)။

"ကိုညီနောင့်ပါ ခေါ်ခဲ့ပြီး ... နှစ်ယောက်လုံး လာခဲ့ပါနော် ..."

ပိုင်ပိုင်နိုင်တို့ တူဝရီး ... မီးခိုးမည်းတွေ တအူအူစက်သံတဆူဆူနှင့် ပြန်ထွက်သွားကြပြီးမှ ... အောင်ဇော်က မှန်ခန်းလေးထဲ ပြန်ဝင်လာခဲ့ပါသည် ...။

"တကယ် ကားပြင်ချင်ကြတာ မဟုတ်ဘူး မှတ်လား ..."

အောင်ဇော်က ... "ဘာဖြစ်လို့ အဲဒီလို ကြိုပြောနိုင်ရတာလဲ"... ဆိုတဲ့ မျက်ခုံးပင့်ကြီးနှင့် ညီနောင့်ကို လှမ်းကြည့်လိုက်မိရင်းက ...

"*ကားကတော့ တကယ်ပြင်ချင်တာပါ ... ကောင်မလေး*က ပြောတာတော့ ... အဲဒီလောက် ပိုက်ဆံမရှိသေးဘူးတဲ့ ... အဘိုးကြီးကတော့ မင်းနဲ့တွေ့ရင် ... ငါပြောတဲ့ဈေးထက် ထပ်လျှော့ပေးပြီး ... အလကားပဲတင်းလောက်နီးပါးနဲ့ တစ်စီးလုံး ပြန်မွန်းပေးလိုက်မှာပဲ ... ဆိုတာမျိုးလောက်တောင် မှန်းထင်နေပုံရတယ် ..."





"ငါက ... !ကျွတ် ...။ ဟား ... ဘယ်လိုဟာကြီးလဲ ..."

"မင်း ဘယ်သူဆိုတာ အော်ငေါက်ပြီးမှ သူ သိသွားတဲ့ပုံကွ ..."

"သေချာတာပေါ့ ... အဲဒီအတိုင်းပဲဟာ ..."

"ဟုတ်လား ... မင်းက ... ငါ့တော့ ကြိုမပြောထားဘူး ... ကောင်မလေးကတော့ ... ဒီရောက်မှသိတာကွ ... အံ့အားသင့်ပြီး အော်ဟစ်နေတာပဲ ..."

"ထင်သလားကွာ အောင်ဇော်ရာ ... တစ်အိမ်တည်းနေတဲ့ တူဝရီးကို"

"အဲဒါလေးကတော့ ရိုးရိုးလေး ... ခင်စရာပါ ... ကိုညီနောင့်ပါ ခေါ်ပြီး အိမ်လာလည်ကြပါဦးတဲ့ ... လာခဲ့မယ် ... လို့ ပြောလိုက်တယ် ..."

"မင်းပဲသွား ... ငါမလိုက်တော့ဘူး ..."

အောင်ဇော်က ပခုံးနှစ်ချက်လောက် တွန့်ပြလိုက်ရင်း ... ရုံးခန်းရဲ့ နောက်ဘက်ထဲက အဝတ်လဲခန်းထဲ လှမ်းဝင်လိုက်လေသည်။

www.burmeseclassic.com



ညီနောင်က ... "ရှောင်နေတယ်"ဆိုတာမျိုးထက် ... "ဓာတ်လမ်းက ပြီးပြီပဲ ... ဘာဆက်နေစရာ ရှိသေးသလဲ ..." ဆိုတာမျိုးလောက် အထိကို စိတ်ကပိုင်းဖြတ်ထားနိုင်ပြီးသားလိုလို မို့ ... "ကဲ ... တော်ပါပြီ ... စိတ်ဖြတ် ..."ဟု ကိုယ့်ကိုယ်ကိုယ် ပဲ သတိပေးလိုက်ပါသည် ...။ သို့သော် ... ကိုယ့်ကိုယ်ကိုယ် ... အဲသလို တမင်တကာကြီးကို ပြောယူရခြင်းမှာ ... ပြောယူရခြင်း သက်သက်မျှသာလျှင် ဖြစ်လျက် ... လူကတော့ လှုပ်တောင် မလှုပ်မိ ...၊ နေရာမှလည်းမရွေ့ ...။ ချိုတုံချတုံနှင့် အကြာကြီး ဆက်ငေးကြည့်နေမိပါသေးသည် ...။

ဆုံပြန်ပြီလေ ...။ ဟိုမိန်းကလေးငယ် ဗရုတ်သုတ်ခ ရှုပ်တီးရှုပ်ယှက်ကလေးကို ...။ ဆုံလိုက်ရတိုင်း သူ့မှာဘယ်တော့မှ အေးဆေးသပ်ရပ်နေသည် မရှိ ...။ စုတ်တီးစုတ်ဖတ်နှင့် အလုပ် များရင်များနေ ... ဒါမှမဟုတ်ရင်တော့ ဗူလိနတ်စ ... ဖြုတ်ခ ဗျင်းတောင်းများနှင့် ရှုပ်ထွေးပွေလီကာ အကူအညီလိုရင်လည်း လိုနေ ... ဒါချည်းပဲ ...။

ဒီတစ်ခါမှာတော့ တစ်ယောက်တည်း အလုံးအရင်း နှင့် ရှုပ်ပွဗျာများနေပြန်တဲ့ ကလေးမကို ... ကူညီမည့်သူ၊ ကူညီ လိုသူကလည်း နံဘေးမှာတော့ အဆင်သင့်ကလေးနှင့်ရယ်ပါ ...





အွးမြူရေးအစာများ ဖြစ်ဟန်တူသည့် မြွေအရေခွံအိတ်ကြီး သုံး လေးလုံးက ... ကလေးမရဲ့ပစ္စည်းများ ဖြစ်မည်ဆိုလျှင် ... ထို အိတ်ကြီးများနံဘေးမှ ... (......)နို့ဆီလုပ်ငန်းတံဆိပ်ပါ ... သွပ် နို့ဆီပုံးကြီးသုံးပုံးက သူ့ကိုကူညီလိုသူ ကောင်ကလေးရဲ့ ပစ္စည်း များပဲ ဖြစ်ရမည်ပေါ့ ...။ ချက်နို့ဆီတွေ ဒီလောက်များများစားစား ကြီးက ပိုင်ပိုင်နှင့်မှ မဆိုင်နိုင်ရာတဲ့ ဥစ္စာလေ ...။

ထိုကောင်ကလေးဟာ သူ့ရဲ့ နို့ဆီပုံးကြီးများနဲ့ အိမ်အပြန်ခရီးမှာ ကားတစ်စီးစီးကို ငှားကို ငှားရတော့မည်မို့ တက္ကစီတစ်စီး လက်တားကာ ဈေးစကားပြောလိုက်၊ နို့ဆီပုံးတွေ နှင့်တကွ ... မြွေအရေခွံအိတ်တွေကိုပါ တင်သယ်သွားဖို့ကြံလိုက်၊ ပိုင်ပိုင်နိုင်က ဖွတ်ငြင်းဆန်ကာ သူ့ပစ္စည်းတွေ သူပြန်ဆွဲချလိုက်၊ စကားပြောထားသော တက္ကစီဆရာက စိတ်မရှည်ဖြစ်ကာ ထွက် သွားလိုက် ...၊ ကောင်လေးနဲ့ ပိုင်ပိုင်တို့ တွတ်တွတ်တွတ်တွတ် လုပ်ကြပြန်လိုက် ...၊ ကောင်လေးက ဖွတ်ပင် တက္ကစီနောက် တစ်စီးကို လက်တားပြန်လိုက် ...၊ ခုနကအတိုင်း အဆွဲအလွဲ အငြင်းအခုန်တွေ ဖြစ်ကြပြန်လိုက် ...။

ကြည့်ရတာ ... ထိုကောင်ကလေးနှင့် ပိုင်ပိုင်နိုင်တို့ ဟာ သူငယ်ချင်း အသိမိတ်ဆွေတွေတော့ဖြင့် ဖြစ်နေကြဟန်ရှိ ပြီး ... အိမ်ချင်း ... သွားကြရမဲ့ ခရီးချင်းလည်း နီးပုံရတဲ့အတွက် ကောင်လေးက ... နှစ်ယောက်အတူ တက္ကစီတစ်စီး ငှားပြန်လို ဟန် ...။ ပိုင်ပိုင်နိုင်က အဲဒါကို ဘယ်နည်းနဲ့မှ မကြိုက်နိုင်ဟန်။

www.burmeseclassic.com



ဟော့ဗျာ ... လမ်းမလယ်ကောင်ကြီးမှာ ... ကလေးကြီးတွေလို ရန်ဖြစ်နေကြပြန်ပါပြီ ...။ ဟား ဟား ... ကောင်လေးလေးကလည်း မိန်းကလေးနှင့် အပြိုင်ဆိုသလိုပဲ အော်ဟစ်ကာ အလောတော် အချိန်ကိုက်ကလေး ဘီးလေးလိမ့်ပြီး ရောက်ရှိလာတဲ့ တက္ကစီလေးဘီးတစ်စီးကို "ဖျတ်"ခနဲ တားချ ... စကားတစ်ခွန်း နှစ်ခွန်းလောက် ဆိုပြီးသည်နှင့် ... သူ့နို့ပုံးကြီးတွေကို တင်ကာ ထွက်ခွာသွားလေတော့ပြီ ...။ ကားပေါ်ကနေ ပိုင်ပိုင်နိုင့်ရဲ့ မျက်နှာကြီးပင် မဲ့ပြသွားသေး ...။ ပိုင်ပိုင်နိုင်ကလည်းပဲ ... သူ့လက်ထဲက အရိုးရှည်ရှည်နှင့် ထီးမည်းကြီးကို တုတ်တစ်ချောင်းလိုကိုင်ကာ မြှောက်ပြ ကြိမ်းဝါးရင်း ... ကျန်ရစ်ပါသည်။

တစ်ယောက်တည်း ကျန်ရစ်တဲ့အခါ ... သူ့နံဘေးက မြွေအရေခွံအိတ်ကြီး တစ်လုံးကို "ဘုံး"ခနဲ ပိတ်ကန်လိုက်ရင်း ... ပိုင်ပိုင်နိုင်က ဘာတွေမှန်းမသိ ... ပွစိစိ ဆက်လက်ရေရွတ်နေလေသည် ...။ ညီနောင်မှာလည်း ... "ကဲ ... တော်ပါ စိတ်ဖြတ်"ဟု ကိုယ့်ကိုယ်ကိုယ် သတိပေးပြီးကာမှပင် ... နို့ပုံးကြီးများနှင့် ကောင်ကလေး မရှိတော့မှပဲ ... ကိုယ့်ကားကို စနိုး ... ဘီးကလေး အသာလိမ့်ကာ ... ပိုင်ပိုင်နိုင် ရပ်ကျန်ရစ်သော နေရာဆီ ကားခေါင်းလေး ဦးတည်ပြီး သွားထိုးလိုက်ရက်သား ဖြစ်နေပါတော့သည် ...။

"ပိုင်ပိုင် ..."





ခေါ်သံကြောင့် ကားလမ်းမကြီးဘက် တစောင်းကျော့ပေးပုံစံနှင့် ရပ်နေသော ပိုင်နိုင်က ထခုန်မိတော့မတတ် လန့်ဖျပ်သွားရပြီးမှ ကိုယ့်နံဘေးသို့ သူရဲလာခြောက်လိုက်သလို အသံတိတ် ရောက်ရှိနေသော ကားလေးကို မျက်လုံးကြီးပြူးကာ လှည့်ကြည့်လိုက်မိပါသည် ...။ ပိုင်နိုင်ရဲ့ အကြည့်နဲ့ ထူးဆန်းအံ့သြသလို မျက်လုံးပြူးပြူးကြီးကို ... ညီနောင်က အနေရခက်လှသလို ... ချောင်း တစ်ချက် နှစ်ချက် ဟန့်ကာ ရင်ဆိုင်လိုက်ရင်း ...

"တက္ကစီနဲ့ ဘာလို့ မပြန်ချင်ရတာလဲ ..."

"ဟင် ... ခုနတည်းက တစ်နေရာရာကနေ မြင်နေရတာလား ..."

"ဒါပေါ့ ... ကြာလှပြီ ... ပထမလိုက်နှောင့်ယှက်နေတာတောင် ထင်လို့ ... ခဏကြာမှ ... သူငယ်ချင်းတွေပဲ ဖြစ်ရမယ်လို့ တွက်မိလိုက်နိုင်တာ ..."

ပိုင်နိုင့်မှာ သက်ပြင်းကြီးတစ်ချက်နှင့် ... လက်ဖက်ရည်ဆိုင်က ကိုယ့်ရဲ့ဘော်ဒါ သူငယ်ချင်းကောင်းလေး "စိုးလွင်"ကို "လူဆိုးကြီးပဲ ဖြစ်လိုက်ပါတော့ ..."ဟု ဆုတောင်းလိုက်ချင်သလိုလိုပင် ရှိရသည် ...။ စိုးလွင်သာ တကယ်ပဲ လိုက်နှောင့်ယှက်နေတဲ့ လူဆိုးကြီး ဖြစ်နေခဲ့ရင် ... "နှောင့်ယှက်နေတာထင်လို့ ရပ်စောင့်ကြည့်နေတာ ..."ဆိုတဲ့ ကိုညီနောင် တစ်ယောက် ... ကိုယ့်ကို ဘယ်လိုများ ... မိတ်ဆွေကောင်းပီသ ... ကူညီနိုင်မှာ

www.burmeseclassic.com



လဲ ... ဆိုတာကို ... ဒက်ထိ ... ကိုယ်တွေ့လေး ကြုံဖူးလိုက်ချင် လို့ပါ ..."

"ကားကြုံခေါ်နေတာပဲ မဟုတ်လား ... ဘာဖြစ်လို့ လိုက် မသွားတာလဲ"

ညီနောင်ရဲ့ အမေးမှာ ... ကလေးမလေးရဲ့ရုပ် အတော်ကြီး စိတ်အနှောင့်အယှက် ဖြစ်သွားတာ ပေါ်လွင်သိသာ လှလေသည် ...။

"အိမ်က တက္ကစီစီးတာလည်း မကြိုက် ... သူနဲ့ပေါင်းတာ လည်း မကြိုက်တဲ့ဟာ ... မကြိုက်တာကြီးနှစ်ခုကို ပူးရ ကျူးလွန်လို့ ဖြစ်ပါ့မလား"

"မပေါင်းစေချင်တာကတော့ အကြောင်းရှိနိုင်လို့ ထား တော့ ... တက္ကစီမစီးစေချင်ဘူး ဆိုတာကတော့ ဒီအထုပ် ကြီး သုံးလေးထုပ်နဲ့ ခင်ဗျားလေးက ဘယ်လိုများ စည် ကမ်းလိုက်နာဖြစ်မယ် စိတ်ကူးထားလို့လဲ ... ဒါကြီးတွေ ဘတ်စ်ကားက ဘယ်လိုစီးမှာလဲ ... ထမ်းပြန်မလို့လား"

တကယ်တမ်း ပြောရရင် ... "စိတ်ဖြတ်"ဟု ကိုယ့် ကိုယ်ကိုယ် ဆုံးမနေရသော ညီနောင်ဟာ ... ပိုင်နိုင်ဆိုတဲ့ ဒီဟာ မကလေးကိုလည်း၊ သိပ်ကြီးတော့ အမြင်မကြည်လင်နိုင်လှချိ ဖြစ်ပါသည်။ ရိုးသားမွင့်လင်းပြီး ဟန်ဆောင်မှုကင်းသော အရိုး စိတ်ကလေး တစ်ခုသည်သာ ဒီကလေးမလေးထံမှာ တန်ဖိုးအရှိ ဆုံး ... အဖိုးထိုက်ရတနာသဘောပဲ မဟုတ်လား။ အောင်ဇော်





ရော ညီနောင်ပါ အဲဒီ အဖိုးတန်စိတ်ကလေးကိုပဲ ရိပ်မိနိုင်ကာ အသိုင်းအဝိုင်း၊ အသက်အရွယ်၊ အခြေအနေချင်း မတူညီပါဘဲ နှင့် ... ဒီဟာမကလေးကို ... နှစ်ယောက်လုံး ခင်မင်မိခဲ့ကြသည်။

ခုချိန်မှာ ... အောင်ဇော်ကတော့ နဂိုရှိမြဲစိတ်ပဲ ရှိ လျက် ... ညီနောင်ကတော့ ..."ဝပ်ရှော့ကိုရောက်မှ "ဆရာ"တွေ ဖြစ်နေမှန်း သိတော့တယ်"ဟူသော (အောင်ဇော် ပြန်ပြောပြသည့်) ကားတစ်ခွန်းနှင့်တင် ဒီကောင်မလေးကို အမှတ်တွေ လျှော့နေ မိချိန် ...။ "စိတ်ဖြတ်"ဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီးကာမှ ... ကိုယ်တိုင် အမှတ်တွေလျှော့ ... မကြည်မလင် ... အထင်မကြီး ချင်သူကလေးရှေ့ ... ကားခေါင်းထိုးပြီး ... (မနေနိုင် မထိုင်နိုင်) ရောက်မိပြန်တဲ့အခါ ... ညီနောင်က သူ့ကိုရော ... ကိုယ့်ကိုယ် ကိုယ်ပါ ... ဒေါသတွေ ထွက်နေမိတော့မလို အချိန်လည်း ဖြစ် ပါသည် ...။

"ကိုညီနောင့်ကိုရော ... ဘယ်သူက ... စေတနာအပြည့်နဲ့ ကားကြုံခေါ်ဦးမလို့လား ... လို့ မေးမိလို့လဲ ... ဘာမှဖြင့် မပြောရသေးဘဲနဲ့ ... ကိုယ့်ဘာသာ ထမ်းပြန်ပြန် ...၊ ပိုက်ပြန်ပြန် ...၊ ရွက်ပြန်ပြန် ..."

ဟ ...။ ကိုယ်က ... ကရုဏာဒေါသောနှင့် စိတ် ကလည်း ခပ်တိုတိုမို့ ဘုတောလိုက်မိစဉ်မှာ ... ပိုင်ပိုင့်ဘက်က တစ်ခွန်းမခံသော နှုတ်လှန်စကားတစ်ခွန်း "ဖျတ်"ခနဲ ပြန်ထွက် လာသည့်အတွက် ညီနောင်ပင် အတော်ကြီး အံ့သြသွားမိပါသည်။

www.burmeseclassic.com



သိပ်မကြုံစဖူးတာလည်း ပါတာပေါ့နော် ...။ များသောအားဖြင့်က တော့ ... ကိုယ့်ကို မျက်နှာသာ (Favour)တွေ စွတ်ပေးချင်တတ် ကြကာ ... ဟန်ဆောင်ပန်ဆောင် ရှိတတ်လှသော မိန်းကလေးမျိုး တွေနှင့်ပဲကြုံဖူးပြီးသား ညီနောင်ဟာ... ကိုယ်ကတင်းရင် ချက်ချင်း လျှော့ပစ်လိုက်ကြသည့် ဖြစ်ရပ်မျိုးများနှင့်သာ ရင်ဆိုင်နေရကျ...။

ဒါတောင် ... ရုပ်ရည်၊ ပညာ၊ မိဘအသိုင်းအဝိုင်း။ တခြားပစ္စည်းဥစ္စာ ဂုဏ်ဒြပ် ... အလုပ်အကိုင်တွေပါ အားလုံးမ ကျန် ... ဒီကလေးမလေးထက်တော့ အချက်တိုင်း အဘက်ဘက် က "သာ"နေကြတဲ့ မိန်းကလေးမျိုးတွေဆီကနော် ...။ ဘာမှလဲ မဟုတ်သေး၊ ဟန်ကလည်း ဆောင်သေးနှင့် ဒီလောက်တင်းချင် သည့် သူမျိုးများ ... မကြုံဖူးပါလား ...။

"ဒါဖြင့် အခုခေါ်ရင်ကော ... မလိုက်ဘူးပဲလား ... ဒီအိတ်ကြီး လေးလုံးနဲ့ ဘတ်စကားဂိတ်ကိုတောင် ရောက် အောင်မသွားနိုင်ပဲနဲ့ ..."

"တစ်ခါလေး လမ်းကြုံလိုက်ဖူးတာနဲ့ပဲ ... အမြဲမျှော်ကိုး မယ်ပဲ ထင်နေတယ် ... ကိုညီနောင် ပေါ်မလာလည်းပဲ ဘက်စ်ကားဂိတ်တော့ သွားမယ်စိတ်မကူးပါဘူး ... ဘယ်သူ ကြုံကြုံ မကြုံကြုံ ... ကိုယ့်ပိုက်ဆံနဲ့ကိုယ်ပဲဟာ တက္ကစီငှားပြီးတော့ပဲ ပြန်မှာ ... စီးလွှင်နဲ့သာ တစ်ယောက် တစ်ဝက် မစီးချင်တာ... ကိုယ့်ဘာသာကိုယ်တော့ တက္ကစီ နဲ့ပဲ ပြန်ကိုပြန်မှာ ..."





"ဟုတ်ပြီ ... ဒါပေမဲ့ မပြန်ခင်ကလေးမှာ ပြောသွားစမ်း ပါဦး ... မင်းက ကိုယ့်ကို ဘာတွေများ နာနာကြည်းကြည်း နဲ့ စိတ်ကိုနေရစရာ အကြောင်းရှိနေပါလိမ့် ဒေါ်ပိုင်ပိုင်"

ခုမှပင် ကလေးမကလေးမှာ ... သူ့ပုံစံလေးနှင့် လိုက်မဖက် ... ဒေါသတကြီးကြီးတွေ ... တစ်ခွန်းမခံ တင်းမာ သည့်ဟန်ကြီးတွေ ကွယ်ပျောက်ကာ ... (အားမနာ လျှာမကျိုးတွေး မယ်ဆိုရင်တော့ ... ရုပ်ရည်ကလေးနှင့်ပါ လိုက်လိုက်ဖက်ဖက်) အားငယ်ငယ် ဝမ်းပန်းတနည်းဟန်ကြီးတွေ ပြန်ပေါက်လာလျက်...

"ကိုညီနောင်တို့ နှစ်ယောက် ... သိပ်ဆိုးတယ် ... တကယ် လိမ်ရက်ကြတာပဲ ... ပိုင်နိုင်ကတော့ ... တကယ်ပဲ ဒရိုင် ဘာတွေ ဝပ်ရှော့အလုပ်သမားတွေ ထင်လို့ထင် ...။ ကိုယ့်တကယ် ခင်မင်ချင်လို့ မဟုတ်ဘဲ ... မမကို ကြိုက် လို့သာ လာကပ်နေကြတာမှန်း သိသိကြီးနဲ့တောင်မှ ... သူတို့ဘက်ကလိုက်ပြီးတော့ ... သနားပါတယ် ... ဒီလိုပုံစံ တွေနဲ့တော့ ... မမနဲ့ နီးရဖို့ အကြောင်းမမြင်ရှာပါလား ... နဲ့ လိုက်တွေးပေးနေရသေးတယ် ...

တကယ်တမ်းကကျတော့ ဘာသနားစရာရှိသလဲ... လူလိမ်တွေပဲ ... ဦးလေး ပြန်ပြောမှ သိလိုက်ရတော့ ... ကိုယ့်မှာ သနားထားမိတာလေးတွေတောင် အလကား ဖြစ်ရလို့ ... ရှက်စရာတောင် ကောင်းသေး ...

www.burmeseclassic.com



တစ်လက်စတည်း ပြောလိုက်ဦးမယ် ... ဝပ်ရှော 'ရောက်မှ သိတယ်ဆိုတာလည်း မဟုတ်ဘူး ... သိသိကြီး နဲ့ကို လာတာ ... ကဲ ... ဘာပြောချင်သေးလဲ ... ကိုယ့် လာလိမ်ခဲ့လို့ ပြန်လိမ်ခဲ့တာပဲ ... ခုကျတော့ကော ... ကိုညီနောင့်ကို ဘယ်သူက ဘာလုပ်လို့ လူကို လာဟောက် နေရတာလဲ ...

နောက်ဆုံး ကိုအောင်ဇော်နဲ့ တွေ့ခဲ့ကြတုန်းက လည်း ... သူ့ဒွေးတွေမှန်း သိပြီးမှ ... "ကဲ ... ဒီလိုဆိုရင် တော့ ခင်ချင်ရင် ခင်တော့ ... ရပြီ" လို့ ခွင့်ပြုပေးခဲ့တဲ့ ဦးလေးကြောင့် ... "အိမ်လာလည်ရင် လည်ပါ ... ရပါပြီ" လို့ပဲ လမ်းဖွင့် ဖိတ်ခေါ်ပေးထားခဲ့တာ ... ရန်ဖြစ်ထားကြတာ လည်း မဟုတ်ဘူး ... အလိမ်ခံထားရတာကို မကျေမနပ် ကြီးကြားက ... ဖိတ်ပဲ ဖိတ်ခေါ်ခဲ့ရတာ ...

မမဆီ လာချင်ရင် ... ဣန္ဒြေရရ ... အထက်တန် ကျကျ လာခွင့်ရှိနေပြီပဲ ... လာပေါ့ ...။ ရှေ့ကြောင်းတွေ နောက်ကြောင်းတွေလည်း အားလုံးချန်ထားရစ်ခဲ့ ... ပိုင်နိုင့်ကိုလည်း ခုတုံးလုပ်ပြီး ... ဖားချင်နေစရာ မလိုတော့ ဘူး ... လမ်းဆေါက်က ရှင်းရှင်းကြီး ပွင့်နေပြီပဲ ... အစိုး က မမပဲ ... မမနဲ့ပဲ သက်ဆိုင်တော့တာ ... အဲဒါကြောင့် ပိုင်နိုင့်ကို ကားကြုံတင်စရာ မလိုတော့သလို ... ဟောက်လည်း လာဟောက်နေစရာ မလိုပါဘူး ... အဲဒါကို ပြောတာ ...





ညီနောင်မှာ ... ပါးစပ်အဟောင်းသားကြီး ... ခဏ ဖြစ်သွားပြီးမှ ... အရေးအကြီးဆုံး အချက်တစ်ချက်ကို အမြန်ဆုံး ချက်ချင်း သတိတရ ...

"အင်း ... အင်း ... ကျန်တာတွေက ခဏထားဦး ... လိမ် တာတွေ မလိမ်တာတွေ ... သိတာတွေ မသိတာတွေ ... မကျေနပ်တာတွေကော ... ဟောက်တာတွေရော ... အားလုံး ခဏထားလိုက် ... မင်းမမ ... အဲ ... ဘယ်သူ ..."

"မမတင်သီနိုင် ..."

"အင်း ... အဲဒီ တင်သီနိုင်ကို ... ကျုပ်က ကြိုက်မနေဘူး နော် အမိ ... သူ့ကိုကြိုက်လို့ လာကပ်နေတယ်လို့ ထင် ရင် မမှန်ဘူး ... ဘယ်လောက်ကြီးပဲ လမ်းပေါက်ကပွင့် ပွင့် ... မားမားကြီး လှမ်းဝင်လာချင်စရာလည်း အကြောင်း က မရှိဘူး ... ခင်ဗျားလေးကို ကားကြုံတင်ချင်လွန်းလွန်း လို့ ... ဒီရှေ့မှာ ကားလာထိုးမိတာ ဆိုရင်လည်း ... အဲဒီ အတွက် ဖားချင်လို့တော့ဖြင့် လုံးဝမဟုတ်ဘူး ..."

"ဟင် ..."

ပိုင်ပိုင်နိုင် တစ်ယောက် ကြက်သေ,သေသွားသည် မှာ ကျောက်ရုပ်ဖြစ်သွားပြီလား ထင့်ရသည် ...။ ခဏကြာမှ ... အံ့အားတသင့် အသံကြီးနှင့် ...

"ဒါဖြင့် ... ကြိုက်နေတဲ့သူက ကိုအောင်ဇော်လား ... ဟုတ်လား ..."

www.burmeseclassic.com



ကျွတ် ... ခက်တာပဲ ...။ သူတို့အိမ်နှင့် သွားပတ်သက်မိတဲ့ သူစိမ်းယောကျ်ား နှစ်ယောက်မှာ ... တစ်ယောက်ယောက်ကတော့ ... သူတို့ရဲ့ ရွှေမင်းသမီးလေးကို ကြိုက်ကိုကြိုက်နေရမှာပဲ ... ဆိုတဲ့ တရားသေ ... ယူဆချက်ကြီးတွေနဲ့ပါဗျား။ ဒါတော့ ညီနောင်က ... "အောင်ဇော်လည်းပဲ မဟုတ်ဘူး"ဟုတော့ ... ကိုယ့်ကိုယ်ကိုယ် ပိုင်ပိုင်ကြီး ပြောရဲသလို အပြတ်မပြောလိုက်ချင်ပါ ...။ တော်တော်ကြာကျ ... ခပ်ချောချောမြင့်ရင် စိတ်ဝင်တစားကို ရှိတတ်တဲ့ ကောင်က ... "ဟုတ္တဲ့တယ်ကွ ... ကြိုက်နေပါပြီ"ဆိုတော့ ... ကိုယ့်စကားကို ဘယ့်နှယ်လုပ်ပြီး ပြန်ဘွာခတ်မတုန်း ...။

"ဒါတော့ ... သူ့မေးကြည့်မှ သိမှာပေါ့ ..."

ပိုင်နိုင်မှာ ... ဒီအစ်မတစ်ယောက် ... "ဂရိတ်ကတော်" ဖြစ်ရေး ... တို့အရေး ...၊ အမြဲတက်ကြွနေတတ်ကြသည့် ဦးလေးအဒေါ်များကို အရင်အချီတွေက အမြင်တွေကုတ် ... ကြည့်လို့ကိုမရ ... ဖြစ်ခဲ့မိတာတွေ ... ခုကျတော့ ရုတ်ခြည်း ... သနားစိတ်ဝင်ကာ ဝမ်းနည်းမိရတော့မယောင်ပင် ရှိရပါသည် ...။ အဟုတ်ကို မျှော်လင့်တကြီးတွေ စိတ်အားထက်သန်နေကြတာနော် ...။ ကိုအောင်ဇော် ... ဆိုတာ သူတို့ရဲ့ စာရင်းထဲ အတွေးထဲမှာတောင်မှ မရှိ ...။ (ခုပုံအတိုင်းဆို ... ကိုအောင်ဇော်လည်း ဟုတ်ချင်မှ ဟုတ်မှာပါ)။





ဦးလေးတွေ အဒေါ်တွေထက် ပိုဆိုးနိုင်တာက မမပင် ...။ မမဟာ အဲဒီလို ကိစ္စမျိုးမှာ အတော်သနားစရာကောင်းလှကာ (ကိုယ့်ကိုယ်ကိုယ် ... ငါဟာ တယ်ကံမကောင်းတဲ့သူပါလား ... ဟု အမြဲထင်နေတတ်လေ့ရှိသည့် ပိုင်နိုင့်ထက်ပင်) ကံဆိုးလှသူ တစ်ယောက် ဖြစ်နေပါသေးသည်။ ဦးလေးတို့အဒေါ်တို့ "အောက်"လှသမျှကို ဒိုင်ခံ မျက်နှာချင်းဆိုင် မျက်နှာပူရလေ့ရှိတာ ... ပိုင်နိုင်တို့လို ကိုကြီးတို့လို ... ဘေးလူတွေထက် ကာယကံရှင် မမကသာ အဆိုးဆုံး မဟုတ်လား ...။

သူ့ကြည့်လိုက်လျှင် ဘာမှ မခံစားရသလို ... ဘာခံစားချက်မှ မရှိသလို ... လူပုံလေးအေးအေး ... မျက်နှာထားလေးအေးအေးနှင့် မမဟာ ... သူ့စိတ်တွင်းထဲမှာရော သူ့မျက်နှာလောက်အေးဆေးနိုင်ပါ့မလားလို့ (ကိုယ်ကတော့ မအေးနိုင်တိုင်း) ပိုင်နိုင်က အမြဲထင်သည် ...။

ခုကိစ္စဆိုလည်း ... ကိုညီနောင်တို့ ကိုအောင်ဇော်တို့ကို သေချာတောင် မျက်နှာချင်းဆိုင်ပြီး အတိအကျ မြင်ဖူးရရှာသေးပုံမရှိတဲ့ မမခမျာ ... နေ့စဉ်နဲ့အမျှ ... ဦးလေးဆီက "ညီနောင်ဘွား" တရားတွေကို နာနေခဲ့ရပြီးပြီ ...။ "ရွယ်တူတန်းတူ ဖြစ်တာ ...၊ အဆင့်အတန်းမြင့် ချမ်းသာတာ ...၊ ရိုးဂုဏ်လေး နိမ့်ချသော အကျင့်လေး ရှိတာတွေအပြင် ... မမကို မြတ်နိုးလွန်းလို့လည်း ... ကြိမ်ကြိမ်ရာတွေနဲ့ သေတော့မတတ် ..."ဆိုတာတွေဟာ "ညီနောင်ဘွားကို ပြန်လည်လက်သင့်ခံသင့်သော အချက်များ"အနေနဲ့ ...

www.burmeseclassic.com



မမခေါင်းထိ ... စားစားသွားသွား ... အချိန်ရှိတိုင်း ရိုက်သွင်း ခံနေရတဲ့ အကြောင်းများသာ ...။

ခုကျတော့ ... ဘေးလူ ဦးလေးရဲ့ ထင်တစ်လုံးများ အရ မဟုတ်ဘဲ ... ကာယကံရှင်ကြီး ကိုယ်တိုင်ကိုယ်ကျရဲ့ နှုတ် ဖျားက ... "ခင်ဗျားအစ်မကို ကျုပ်က ကြိုက်မနေဘူးနော် အမိ ... တဲ့ ...။ ပိုင်နိုင်သည် ... သူဌေးမင်းတစ်ယောက် ဖြစ်ရက် ... ဆင်းရဲမွဲတေ ကောင်ကလေးလိုလို ဘာလိုလို သူ ဟန်ဆောင်ခဲ့ ဖူးတာကိုလည်း သတိမရချင်ပါပြီ ...။ "လိမ်ပြန်ပြီများလား" လို့ လည်း မတွေးချင်ပါပြီ ...။

သူ ဝင်ချင်လျှင် လမ်းက အပွင့်ကြီး ပွင့်နေပြီး တာ ... ရဲရဲကြီး ရိပ်မိနိုင်လောက်တဲ့ အချိန်မှာ ... "မကြိုက်ဘူး" ဟု ယတိပြတ် ပြောချရဲတာကိုလည်း ... "တကယ်တမ်း သူသာ တကယ်ကြိုက်နေရိုးမှန်ရင် ... ခုချိန်မှာ ဘာမှ ဒီလိုပြောစရာမရှိ ဘူး ... တကယ်ပဲ ... တကယ့်ကိုပဲ မကြိုက်လို့သာနေမှာ ..." ဟု ... တစ်ခွန်းတည်း ... တစ်ချက်တည်းနှင့်ပင် အယုံကြီးယုံ ကြည်မိပါသည်။

"မမတော့ ခက်ပြီ ... သနားစရာ သိပ်ကောင်းတာ ပဲ ..."ဟု စိတ်မကောင်း ဖြစ်သွားရသည့်ကြားက ... ခုမှပဲ "ဗုန်း" ခနဲ သက်ပြင်းလုံးကြီး ချလိုက်မိသလို စိတ်လက်ပေါ့ပါး ရွှင်လန်း ကာ ကျေနပ်သွားမိရတာကိုလည်း ကိုယ့်ဘာသာ တစိမ့်စိမ့်နှင့် ပြန်ရိပ်မိ သိရှိနေရပါသည် ...။





ကဲ ... နောက်ကြောင်းကို လှန်မကောက်ချင်တော့ ပေမဲ့ ... အတွေးဆိုတာကိုတော့ ထိန်းချုပ်တားထားနိုင်တဲ့သူ ရှိ လို့လား ...။ ဒါဖြင့်ရင် ဟိုး ... အရင်တစ်ခါကတည်းက ... ကား ကြုံတင်ခေါ် ... စေတနာ ထားချင်ခဲ့ခြင်းသည် ... လူမှားပြီး ကြက်ဥလက်ဆောင်ပေးခဲ့တဲ့ ကောင်မလေးကို ... အမှိုက်ကား နောက်လိုက်ကောင်ကလေးအဖြစ် ... သဘောတကျ ခင်မင်သွား မိတဲ့ ကိုညီနောင်ရဲ့ ... တကယ့်စေတနာအရင်းအမှန် ... အစစ် ကြောင့်ပေါ့နော် ...။

"အင်း ... ဘာလုပ်မှာလဲ ... ကားငှားမှာလား ... ဒါပဲ လား ... သွားရတော့မှာလား ... အကူအညီ လိုမယ်ထင် လို့ လာမေးကြည့်တာ ... မလိုလည်း ပြီးတာပဲ ... သွား တော့မယ် ... ဟော့ ... ဟော့ ... အဲဒီလို မျက်လုံးကြီးပြူး ပြီးတော့,တော့ စိုက်ကြည့်မနေပါနဲ့ ... ဟာ ... မျက်လုံး မပြူးပါနဲ့ဆို ..."

ပိုင်နိုင်က "တဟီးဟီး"သဘောတကျ ရယ်လိုက် ကာ ... ရုတ်တရက်ပင် သူ့ကားကြီးရဲ့ နောက်ခန်းတံခါးကို ဆွဲဖွင့်ပြီး ... ကိုယ့်မြွေအရေခွံအိတ်ကြီးတစ်အိတ် ... ပစ်ထည့် လိုက်သည်။

"ဟာ ... တင်မယ်ဆိုလည်း ပြောပါလား ... ဟိုးနောက် ဘက်က ပစ္စည်းထည့်တဲ့ အဖုံးလေး ဖွင့်ပေးမှာပေါ့ ... လုပ်လိုက်ရင် အရမ်းကြီးပဲ ... အထဲက ဘာတွေလဲ ..."

www.burmeseclassic.com



"အမယ်လေး … ကားကလည်း နှမြောသေးတယ် …"

"လယ်သာစ … မဟုတ်ဘူးဟ … ရှမ်းမိုင်းစ ဖြစ်နေတာမို့လို့ …"

ညီနောင်ရဲ့ … "ငါထင်သလောက် မရိုးသားဘူးထင်တယ် … ဟန်ဆောင်တတ်တဲ့ ကောင်မလေး …"ဟု ပိုင်ပိုင့်အပေါ် စိတ်ပျက်ချင်မိသလိုလို စိတ်တွေလည်း ဤတစ်ခဏတစ်မှုဟုတ်ချင်းမှာပင် ပြန်လည်ပျောက်ကွယ်သွားခဲ့ရပါပြီ …။ ညီနောင်က ကားပေါ်ကဆင်းကာ … နောက်ဖုံးတံခါးကို ဖွင့်ပေးလိုက်ပြီး … လမ်းမပေါ်က အိတ်တွေကိုပါ တစ်ဆက်တည်း … ကောက်,မ,တင်ပေးလိုက်သည် …။

ဪ … ပိုင်နိုင်ကသာ သေချာမကြည့်မိ … မသိမိတာ …။ ဒါဖြင့်ရင် ဒီတစ်ခါကားဟာ … ဟိုတစ်ခါကားလည်း မဟုတ်ပြန်ဘူးပေါ့နော် …။ အင်း … ဦးလေးတို့ခမျာလည်း လွှတ်ရတဲ့ငါးက အတော်ကြီး ကြီးရှာမယ် …။ စိတ်မကောင်းကဖြစ်ချင်လာရပြန်ပြီ …။ အဲ … ဒီလိုဆိုရင်ဖြင့် … ပိုင်နိုင်က ဒီကားကြီးနဲ့ အိမ်ပြန်သွားလို့မှ ကောင်းနိုင်ပါ့မလား …။ ကြည့်စမ်း … ငပေါမ … ဒါကိုတော့ ကြိုမတွေးမိလိုက်ဘဲ … "ကိုယ့်အပေါ် တကယ့်စေတနာ …"ဆိုတဲ့ အတွေးတောင် သေချာမဆုံးလိုက် … ကားပေါ်ပစ္စည်းထုပ်တွေက ပစ်တင်မိရက်သားပဲ ဖြစ်နေခဲ့ပြီ …။





ဒီကားကြီးနဲ့ ခြံထဲဝင်ချသွားတော့ … မတော်တဆဦးလေးနဲ့တိုး …၊ ပိုဆိုးတာက … ဦးလေးရဲ့လေတွေ အပြောတွေကို နားညည်းလောက်အောင် လက်ခံနားထောင်ထားရတဲ့ မမနဲ့တိုး …။ ဘယ့်နှယ်လုပ်မတုန်း …။ ပိုင်နိုင်ရယ် … စဉ်းစားဉာဏ်မရှိလိုက်တာ …။

"ဘာတွေ မျက်လုံးပြူးနေရပြန်ပြီလဲ … အဲဒီမျက်လုံးကြလည်းပဲ … မပြူးစမ်းပါနဲ့ဆို …"

ညီနောင့်မှာလည်း တစ်မျောက် …။ ပိုင်နိုင်ရဲ့ မျက်လုံးပြူးတွေကို မြင်လိုက်တိုင်း … အနားမှာမရှိတဲ့ အောင်ဇော်ရဲ့ ရယ်သံပြုံပြုံကိုပဲ ပြေးပြေး သတိရနေမိတော့တာ …။

"ကို … ကိုညီနောင်နဲ့ … ဒီကားကြီးနဲ့ အိမ်ပြန်သွားလို့မှ ဖြစ်ပါတော့မလားလို့ … အဲဒါ …"

အင်း … ကလေးမလေးကတော့ … "ကြိုက်မနေဘူးဟေ့ …"ဆိုမှ ရင်ထဲ ရှင်းလင်းသွားပုံနဲ့ … ပုံမှန်ပြန်ဖြစ်လာတာ။ သူ့ဦးလေး ဆိုရင်တော့ဖြင့် … အဲဒီစကားဟာ တကယ့် "မဟာအမှားအပြစ်"ကြီး ဖြစ်သွားခဲ့ပြီပေါ့ …။ ဒီလိုလား …။ ဟား … ရှုပ်ယှက်နေတာပဲ …။

"ဒီမှာ … ညည်းကို ညည်းတို့လမ်းထိပ်မှာတင်ပဲ … အဲဒီအထုပ်ကြီး လေးထုပ်နဲ့ ဖြစ်ချင်ရာဖြစ်လို့ … ပစ်ချထားပေးခဲ့မယ်နော် အမိ … ညည်းဘာသာညည်း … ခုနကပြောသလို … ရှက်ပဲပြန်ပြန် … ပိုက်ပဲပြန်ပြန် … ဆိုက်ကားပဲ ငှားစီးစီး … ဟုတ်ပြီလား …"

www.burmeseclassic.com



ပိုင်နိုင်က "တဟီးဟီး"နှင့် ရယ်လိုက်မိပါတော့သည် ...။ ရှုပ်ယှက်နေတဲ့ဟာတွေနဲ့မှ သွားပတ်သက်မိရသလားရယ်လို့ ... ကိုယ့်ကိုယ်ကိုယ် "ငါကတော့ စံပါပဲ ..."ဟု ဩချစိတ်တိုချင်နေမိသော ညီနောင်သည်လည်း ... ရွဲ့ပြောသော စကားရဲ့နောက်ဆုံးမှာတောင် ..."ဆိုက်ကားငှားစီး"ဟု ... အကြံအမှန်တွေ ထည့်ပေးနေမိသေးတာမို့ ... ကိုယ့်အဖြစ်ကိုယ် "ဟူး"ခနဲ တစ်ချက် ခပ်တိုးတိုး အော်ဟစ်လိုက်မိပါသည် ...။

"ပိုင်နိုင့်မှာလေ ... အဲသလောက်ချောပြီး ... အဲသလောက်ကြီးလည်း ချမ်းသာတဲ့ သူငယ်ချင်းမျိုး ရှိကိုမရှိဖူးတာ ... ဟား ဟား ဟား"

ကဲ ... ညီနောင်ဘွား ...။ အသင် ဘာများတတ်နိုင်ဦးမယ် ထင်ပါသနည်း ...။ အဲဒီလို ... ကိုယ်အောက်မအောက် ... လျော့မလျော့ သေချာတောင် မဆုံးဖြတ်တတ်ဘဲ ယောက်ျားတစ်ယောက်နဲ့ သူငယ်ချင်းဖြစ်ခွင့်ရတာကို နှုတ်ကနေတောင် အရင်းအတိုင်း ဖွင့်ချပြကာ ... ပျော်ရွှင်ကျေနပ်နေတတ်သော သူငယ်ချင်းမိန်းကလေးမျိုးကိုလည်း ... ဘယ်နေရာ ဘယ်ကမ္ဘာမှာများ ... နောက်ထပ် တစ်ယောက် ထပ်ရှာတွေ့နိုင်ဦးမယ် ထင်ပါသနည်း။ "စိတ်ဖြတ်"ကြည့်ဖို့များ အောင်မြင်မယ်လို့ကော ထင်နေပါသေးသလား ...။





## အခန်း(၅)

ပိုင်ပိုင်နိုင်က ထွန်းတင့်နိုင်ကို မကြည့်ရဲဘဲ ... မျက်နှာကြီး အောက်ချကာ ငုံ့ထားရင်း ... မဟာပထဝီမြေကြီးကိုပဲ သဲကြီးမဲကြီး စူးစမ်းနေသယောင် ရှိသည် ...။ ထွန်းတင့်နိုင်ကလည်း စိတ်ညစ်ညစ်နှင့် ... အဲဒီမြေကြီးတွေကိုပဲ ... အငြိုးတကြီး ... ဖိနပ်ဦးနှင့် ဆောင့် ... ဆောင့် ကော်ထုတ်ကာ ... စကားကို ဘယ်လိုဆက်လို့ ဘယ်ကပြန်စရမည်မှန်း မသိနိုင်ချေ။

ခုလောလောဆယ် ... အိမ်က စစ်မြေပြင်က အကြောင်းအရာတစ်ခုတည်းကို ဦးတည်ကာ ဗုန်းဒိုင်းကြဲ စစ်ဆင်ရေးဆင် ... အသံထွက်နေပါသည် ...။ အမြဲတမ်းလိုလိုမှာလည်း ဘာသိဘာသာနှင့် ကြည့်ရှောင်နေတတ်သော ထွန်းတင့်နိုင်တို့ ... တင်သီနိုင်တို့ နှစ်ယောက်ကသာလျှင် ... အသံကျယ်စစ်ပွဲများမှ လွတ်နေတတ်လေ့ရှိပြီး ... ပုံမှန်ဒိုင်ခံ ဖြစ်နေလေ့ရှိတတ်သည့် ပိုင်နိုင်သည် ... ဦးလေးနှင့်သော်လည်းကောင်း ...၊ ဒေါ်လေးကြီး

www.burmeseclassic.com



ဒေါ်လေးငယ်တို့ ပူးပေါင်းတွဲနှင့်သော်လည်းကောင်း ...၊ တစ်ယောက်စီနှင့်သော်လည်းကောင်း ... ဖြစ်နေကျပင် ...။

ခုလောလောဆယ်ကတော့ ... သုံးယောက်ပူးနှင့် တစ်ယောက်။ စစ်ပွဲက မညီမမျှနှင့် အတော်ကြည့်ရ၊ ကြားရ ရုပ်ဆိုးနေပုံရှိသည် ...။ ပထမတော့ ထွန်းတင့်နိုင်ဟာ ... နားညည်း စိတ်ကုန် လုတာနှင့်ပဲ ... "ကိုယ်အေးပြီးရော" ဘေးထွက်ရှောင်နေ မလို့ ...။ နည်းနည်းကြာတော့ ... "တစ်ကိုယ်ကောင်း ကျင့်နေမဲ့ အစား ... ဒီထက်ပို နည်းနည်းနားညည်းစိတ်ညစ်ခံလိုက်ပြီး ညီမငယ်ဘက်က ဝင်ပါလိုက်ရင် ... ဒီပွဲတွေက ရုပ်ချင်လည်းရုပ် သွားနိုင်မှာ" ဟု ဆုံးဖြတ်ပြီး ... ဝင်ပါပြောဆိုဖို့ စီစဉ်မိပြန် သည် ...။

ခုတစ်ကြိမ် ဆုံးဖြတ်ချက်ကကျတော့ ... ဝင်ပါမှာ ကတော့ ဝင်ပါမှာပဲ ဖြစ်လျက် ... ညီမငယ်ဘက်ကနေရပ်ပြီး ... အဒေါ် ဦးလေးတွေကို ပြန်တိုက်မဲ့သဘောမျိုး မဟုတ်တော့ ...။ အဲဒီညီမငယ်ကိုပဲ သေသေချာချာ စစ်စစ်ပေါက်ပေါက် ... မေး မြန်းစုံစမ်း ... စစ်ဆေးကြည့်မိတော့မှာမျိုး ဖြစ်လေသည်။

အဒေါ်တို့ ... ဦးလေးတို့တွေ ... အမြဲတမ်းလိုလို... ဒီညီမ်တစ်ယောက်ကို "သာသနာဖျက် ... အကြံအစည်ဖျက် ...၊ အစီအစဉ်လေးက ကောင်းပြီကောင်းရဲ့နဲ့ လုပချောမွေ့နေပြီဆို ရင် ... သူက ဝင်ဖျက်ဆီးပြီး ... အစ်မကောင်းစားမှာကို မနာလို ဘူး ..." စသဖြင့် ... အစဉ်အဆက် ... စွပ်စွဲလာကြတဲ့ ကိစ္စတွေ





ကို ... ထွန်းတင့်နိုင်ရဲ့ စိတ်ထဲမှာ ... တစ်ခါမှ မှန်ကန်သည်... ဘရားမျှတသည် ... ဟု မထင်ခဲ့ပါ ...။

"လူကြီးတွေက လက်နဲ့ရေးရေးသမျှ ... ဒီညီမက ခြေနဲ့ချည်း ဝင်ဝင်ဖျက်နေတယ်"ဟု စွပ်စွဲနိုင်ရအောင် ... ကလေး က ဘယ်လောက်များ အစွမ်းအစ ရှိနေခဲ့လို့လဲ ...။ ဦးလေး အဒေါ်တို့ ရှာဖွေလာသမျှ ... "ဂရိတ်"တို့ဟာ ဒီဘာမဟုတ် ညာ မဟုတ် သူငယ်မကလေးကြောင့်ချည်း အဝေးလွင့်လွင့် ပြေးကုန် တယ် ဆိုကြရအောင် ... အဲဒီသကောင့်သားတွေအပေါ် ... ကလေး ရဲ့အာဏာက ဘယ်လောက်များ ရှူးနေမှာမို့လဲ ...။ သူကလေးက ဘာမို့လို့ ဟိုလူတွေက သူ့စကားတွေကိုချည်း ယုံစားနားဝင်နေ မှာတဲ့လဲ ...။ ဒီလိုသာ ထင်ခဲ့သည်။

ခုတစ်ကိစ္စမှာလည်း ... ကြည့်ရတာ ... ဦးလေး ဦးဆောင်ပြီး အားတက်သရော ဝမ်းသာတက်ကြွနေပြန်မှုဟာ အောင်မြင်လာပုံ မရပြန်ပါချေ ...။ "ဆင်းရဲဟာန်ဆောင်ပြီး ... ဝင်ဖို့၊ စာပ်ဖို့၊ လုံးဖို့ ...။ ဒီခြံထဲကို ရောက်ခွင့်ရဖို့ချည်း လုံးပမ်းကြိုးစား နေခဲ့ကြသော သကောင့်သားများဟာ ... ဘဝမှန်ကို လူကြီးတွေက သိရှိကျေနပ်နိုင်သွားကြပြီး ... လမ်းဖွင့်ဖိတ်ခေါ် ခွင့်ပြုပေးလိုက် ကြကာမှ ... ပေါ်လို့ကို မလာကြတော့ဘူးပဲ ..." ဆိုလား။

ပေါ်တော်မူ မလာကြသူတွေကို ... ထပ်မံဖိတ်ခေါ် လမ်းကြောင်းသစ် ဖွင့်ပေးနိုင်ဖို့ကို ... အဓိကလုပ်နိုင် ... လှုပ်ရှား နိုင်သည့် ... ပိုင်ပိုင်နိုင်နိုင်က အဓိပ္ပာယ်မဲ့ ဂျစ်ကန်၊ ကပ်ဖဲ့တိုက်၊

www.burmeseclassic.com



တွက်ကပ်၊ နှောင့်နှေးနေတယ် ... ဆိုလား ...။ လူကြီးတွေက "ကားပြင်ရန်"ဆိုတဲ့ လမ်းကြောင်းနဲ့ ဝင်ချင်တာတောင်မှ သူက "မပြင်တော့ဘူး ... ရတယ်"လို့ အပြတ်ဖြတ် ... စခန်းပိတ်ပစ်ခဲ့တယ် ... ဆိုလား။

ကြားခါစကတော့ ... "ဦးလေးတို့ ထင်တစ်လုံးတွေက မှန်ချင်မှမှန်မှာပေါ့ ...။ ကလေးကလည်း ဒီလောက် ပိုင်ပိုင်နိုင်နိုင်ကြီး ဝင်ပါလို့ အကွက်ချလို့ ရနိုင်တဲ့ အနေအထား ဟုတ်ချင်မှ ဟုတ်မှာပေါ့ ...၊ တစ်ဖက်ကလူတွေနဲ့လည်း အဆက်အသွယ်မရှိ ... အတင်းကြီး သွားဝင်လုံးချင်နေတာမျိုး ... ရချင်မှရမှာပေါ့ ..."ဟု ... ဝင်သာမပါမိသေးတာ ... ထွန်းတင့်နိုင်ရဲ့ ရင်ထဲမှာ ... အတင်းကာရောကြီးတွေ သိပ်ဆန့်ချင်နေကြတဲ့ လူကြီးတွေကိုတောင်မှ ... စိတ်ကွက် စိတ်ပျက်နေခဲ့မိသေးတာ ...။ ခုတော့ ...

ထွန်းတင့်နိုင်တို့လမ်းနှင့် အလှမ်းဝေးပေမဲ့ တစ်မြို့နယ်၊ တစ်ရပ်ကွက်တည်းပဲ ဖြစ်သော ဈေးကလေးထိပ် ... လက်ဖက်ရည်ဆိုင်မှာ ပိုင်နိုင်ရဲ့ သူငယ်ချင်း ကောင်ကလေးတစ်ယောက်ရှိတာ ထွန်းတင့်နိုင်က နဂိုတည်းကသိပါသည် ...။ အဲဒီ လက်ဖက်ရည်ဆိုင်မှာ ထိုင်ခဲ့သော်လည်း ... တစ်ခါတလေလောက် ရောက်သွားမိလိုက်ရင် ... အဲဒီကောင်ကလေးဟာ ... ညီမငယ်ရဲ့ မျက်နှာနဲ့ ကိုယ့်ကို ဖားချင် ...၊ အရောဝင်ချင် ...၊ အလကားတိုက်ကျွေးပြုစုလိုက်ချင်လွန်းလို့ ... ထွန်းတင့်နိုင်မှာ မျက်နှာပူပူနှင့် ... ရှိတတ်ရတဲ့ ကောင်ကလေးပါ ...။





မျက်နှာပူတတ်ရလွန်းလို့ ... တတ်နိုင်သရွေ့ မသွားချင်လှပေမဲ့ ... အဲဒီတစ်နေ့ကတော့ ... "နှင်းနှင်း"က ကိုယ့်ကို အဲဒီကိုပဲ ချိန်းခေါ်လေတာမို့ ... ဆိုင်သို့ရောက်ရသည့်အခိုက် ...

"အစ်ကို့ညီမက ရှုးနေတယ် ... သူ့ထက် နည်းနည်းအသက်ကြီးတဲ့ ချမ်းချမ်းသာသာ ခပ်ချောချော အကောင်တစ်ကောင်နဲ့ တွဲနေကြတယ် ... နည်းနည်းပါးပါးလေး ဦးနှောက်ထဲထည့်ပြီး မစဉ်းစားဘူးလား ... ဟိုက သူ့ကို အတည်ယူမလား ... အပျော်သက်သက် ကြံနေတာနေမှာ ... အိုဗျာ ... အဆန်းထွင်နေတာ သက်သက်ပါ ..."

ပထမတော့ ... "ချမ်းချမ်းသာသာ ခပ်ချောချောကောင်နဲ့ တွဲနေတဲ့ အစ်ကို့ညီမ ..."ဆိုတော့ ... တင်သီနိုင်ပဲ ပြေးမြင်မိတာပေါ့ ...။ အဲဒီတော့ ... "ဟိုက သူ့ကို အတည်ယူမလား ... အဆန်းထွင်၊ အပျော်ကြံတာပါ ..."ဆိုတဲ့ စကားအတွက် "ဖျင်း"ခနဲ ဖြစ်လိုက်ရသေး ...။ "အတည်မယူရအောင် ငါ့ညီမက ဘာမို့လဲ ..."ပေါ့ ...။ နောက်မှ ... တင်သီနိုင့်ကို ပြောနေတာ မဟုတ်ဘဲ ... ပိုင်ပိုင်နိုင့်ကိုသာ ဆိုလိုနေမှန်း သိလိုက်ရတာ ...။

အဲဒီလို လူပြောင်းပြီး အမှန်ပြန်သိလိုက်တဲ့အခါ ... "ဟုတ်သားပဲ ... အပျော်ကြံ၊ အဆန်းထွင်တာ သက်သက်ဆိုဘယ့်နှယ်လုပ်မလဲ ..."လို့ ပူပန်စိတ် ဝင်မိတာနဲ့ တစ်ပြိုင်နက် ... တင်သီကို ဆိုရင်တော့ အပျော်ကြံတာ မဖြစ်နိုင် ...၊ ပိုင်နိုင်ကျ

www.burmeseclassic.com



ကာမှ ... "အပျော်ကြံတာများလား"ဟု ပြောင်းလဲတွေးမိရတဲ့ အဖြစ်ကို ... ထွန်းတင့်နိုင်က ... (ညီမငယ်ကလေး ပြန်မသိနိုင်မှန်း သိရက်) သနား ... သွားလိုက်မိရတာ ... ဆိုတာ ...။

ကောင်လေးကလည်း ... သူ့အသည်းပဲ ကျွဲဝင်ခတ် ခံရလို့လား ...။ သူငယ်ချင်း အတွက်ပဲ တကယ် စိတ်ပူနေရ *လို့လား ...။ အစ်ကိုဖြစ်သူနှင့် ကြုံတုန်း ... တိုင်ပြောတဲ့သဘော* ပေါ့လေ ...။ အဲဒီအခါမှာလေ ... လူတွေရဲ့စိတ် ပြောပါတယ် ...။ အဲဒီကောင်ကလေးကို အကဲခတ်ကြည့်ရသလောက် ...

"အင်း ... ကြည့်ရတာ ... လက်ဖက်ရည်ဆိုင်ပိုင်ရှင်ရဲ့ သား ဖြစ်ပုံပါပဲ ... အဝေးသင်ဒုတိယနှစ် တက်နေတာ တဲ့ ... ပုံကလေးကြည့်တော့လည်း ... ရိုးရိုးသားသား ... အပိုးကျိုးကျိုး ပိပိပြားပြား ... အောက်သက်ကျေကျေပုံ ကလေးနဲ့ ... အလုပ်မှာလည်း စိတ်ဝင်တစား ကြိုးစားလို စိတ် ရှိပုံရတယ် ... ဒီကောင်လေးမျိုးက ငါ့ညီမငယ် အတွက် အသည်းကျွဲခတ်ခံနေရတယ်ဆိုလည်း ... မဆိုး ဘူးပဲ ..."

ကြည့်စမ်း ...။ "ချမ်းချမ်းသာသာ ခပ်ချောချော ကောင် ..."ဆိုရင်တော့ လူမမြင်ရသေး ...။ "အတည်ကြံတာ မဖြစ်နိုင်"ဟု တစ်ခါတည်း တန်းစိတ်ပူပစ်ပြီး ... ရုပ်ကလေးက အိမ်ကညီမနဲ့ သူမသာ ... ကိုယ်မသာ ခပ်ခေခေ ...၊ လက်ဖက် ရည်ဆိုင်ရှင်တစ်ယောက်ရဲ့သား ... ဆိုတာလောက်နဲ့ကျတော့ ...





သူ့စိတ်ဓာတ်တွေ ... ပတ်ဝန်းကျင် အသိုင်းအဝိုင်း မိသားစုတွေ ... အကြောင်း ဘာမှ ထုပ်မစုံစမ်းမိရသေးခင်မှာ ... "မဆိုးဘူးပဲ ..." ဟု သဘောတူချင်မိပြီးသားလိုလိုများ ဖြစ်နေရတယ်လို့ ...။ လူ့စိတ် ...၊ လူ့စိတ် ...၊ ကိုယ်လည်း လူထဲကလူပဲကိုး ...။ ဒီလောက် တော့ ရှိမှာပေါ့ ...။

အဲဒီလိုအတွေးတွေကြောင့်ပဲ ညီမငယ်ကလေးကို သနား၊ အားနာမိကာ ... ဟိုကောင်ကလေး တိုင့်လိုက်တဲ့ကိစ္စ ကို ... "ပြီးပြီးရော ... ကိုယ်အေးပြီးရော ..."လို့ သဘောမထား ဘဲ ... "ဘယ်လိုအခြေအနေလဲ ..."လို့ တိတ်တဆိတ် လိုက်စုံစမ်း မိဖို့အထိ စိတ်ပါဆုံးဖြတ်ခဲ့မိတာပါ ...။

ဒါနဲ့ပဲ ညီမငယ်ရဲ့ အသွားအလာ ...၊ အနေအထိုင်၊ တယ်လီဖုန်း အပြောအဆို ...၊ အပြင်ထွက်ထွက်နေရတဲ့ သူ့အလုပ် ကိစ္စ ...။ ဒါတွေကို နည်းနည်းလေးလောက် မသိမသာ အကဲခတ် ...ိုက်တဲ့အခါ ... တကယ်ပါပဲ ... လူကြီးတွေ မသိအောင် အပြင်မှာ သုံး၊လေးခါလောက် ထွက်တွေ့ ...၊ တယ်လီဖုန်းပြော ... သေဖြင့် ... ဟိုကောင်ကလေး ပြောလိုက်သလို ... "တွဲနေကြ တယ်"ဆိုတဲ့ အခြေအနေ ရောက်လား မရောက်လား မပြောနိုင် သေးမဲ့ ... အဆက်အသွယ်ရှိစွာ ပတ်ပတ်သက်သက် ဖြစ်နေကြသူ ... "ချမ်းချမ်းသာသာ ... ခပ်ချောချော ..."ဆိုသူမှာ ... ခုတလော ဦးလေးတို့ရဲ့ ဓာတ်လိုက်ကျော်ကောင်ကလေး "ညီနောင်ဘွား" ဖြစ်နေတာကို "ဘွား"ခနဲပင် သိလိုက်ရတော့တာ ...။

www.burmeseclassic.com



ထွန်းတင့်နိုင်က အဲဒီ ညီနောင်ဘွားနဲ့ သူ့သူငယ်
ချင်း အောင်ဇော် ဆိုတာတို့ကို ... ကိုယ့်အိမ်ရဲ့ ခြံထဲမှာ အဆ
အချာကြီးကို မြင်ဖူးထားတယ်လေ ...။ မှတ်မိသိရှိနေတာပေါ့ ...
ဒီလိုဆိုရင်တော့ ကောင်မလေးဟာ ...

"အဆက်အသွယ် မရှိဘူး ...၊ သူတို့ကမှ လာမပ
သက်ချင်တာ ... ပိုင်နိုင်က ... "လာလည်ပါ"လို့ ပြောနိုင်ရဲ့အပြ
ဘာများ သွား,သွားပြောနေလို့ ရမှာလဲ ...၊ အဲဒီလောက်ကြီး
မခင်ဝဘ ... အပြောမပိုင်တာ ... ငါတို့ကားကို အလကားနီးပါ
နဲ့ ပြင်ပေးပါလား ... လို့ ဘယ်လိုလုပ် ပြောလို့ရနိုင်မှာလဲ ...
မတွေ့မိဘူး ...၊ ဖုန်းနံပါတ်လည်း မသိဘူး ..."စသဖြင့်သော
စကားများဟာ ...။

ထွန်းတင့်နိုင်က ... "ပိုင်ပိုင်နိုင်နိုင် စကားပြောကြည့်
ဖို့ လိုပြီ ..."ဟု ဆုံးဖြတ်လိုက်ရပါသည်။ ဒီကိစ္စမှာ ဝင်ပါလို့ရနိုင်
တာ ကိုယ့်တစ်ယောက်တည်းဆိုပေမဲ့ ကိုယ့်အနေအထားကလည်း
အတော်လေး ခက်လှတာ ...။ "အတည်မကြံရင် ခက်ရချည့် ..."
ဟု စိတ်ပူမိတာက သပ်သပ်၊ လူကြီးတွေ လက်နဲ့ရေးချင်နေတာ
ကို ခြေနဲ့ဖျက်ဖို့ ... ကျိတ်ကြံသလိုလို ရှိနေတာ ...၊ ဖုံးကွယ်လိမ်
ပြောနေတာ ...၊ "အစ်မအကြီးအတွက် ကောင်းရာ မွန်ရာ ..."
ဟု ရည်မှန်းထားပြီး ဖြစ်နေတာကိုမှ ... သူက တစ်ခုခုအကြံအစည်
နဲ့ ဖြစ်ချင်နေသေးတာ ...။ ဒါတွေကို ဆုပ်ပူဆုံးမရမှာက သပ်
သပ် ...။





မကောင်း့လို့ မကောင်းဘူး ... မဖြစ်နိုင်ဘူး ...
ပြောရမှာမျိုး ဖြစ်သော်လည်း ... တင်သိနိုင်က ကိုယ့်ရဲ့အရင်း၊
သူကလေးက ဝမ်းကွဲ ...။ အရင်းကိုထိလို့ ဝမ်းကွဲကို ဆုပ်ပူသည်
ဆန့်ကွက်သည် ... ဟု ထင်မြင်မှာကလည်း စိုးရသေးသည်လေ ...။
ဆကယ်တမ်းဆိုရင် ... ဟို"ညီနောင်ဘွား"ဆိုသော အကောင်ရဲ့
အကြံလည်း ဘယ်လိုလဲ မသိဘူး မဟုတ်လား ...။ ဒီအိမ်သို့ ပုံစံ
တစ်မျိုးနှင့် ဝင်လာပြီး ... လူကြီးတွေက ... "ချောမောပြည့်စုံ"သည့်
အကြီးမနှင့် ကောင်းရာကောင်းကြောင်း လမ်းဖွင့်ခွင့်ပြုပေးကာမှ ...
"ဖြစ်နိုင်ချေမရှိ"တဲ့ ... အငယ်မကလေးကို လာပြီး ခိုးကြောင်
ခိုးဝှက်နဲ့ ဆိုတော့ကာ ...။ စိတ်ပူချင်စရာ ကောင်းလှပါသည် ...။

ဘေးလူအနေနဲ့ကတော့ ... ကြည့်လိုက်တာနဲ့ ...
သဘောရိုးပုံမှန်၊ ဖြစ်ရိုးဖြစ်စဉ်ဟု မြင်လို့မရနိုင်တာ ... အသိသာ
ကြီးလေ ...။

"နင့်ကို ငါ ... ပြောစရာရှိနေလို့ ပိုင်နိုင် ... နင်နဲ့ငါ အေး
အေးဆေးဆေး စကားပြောကြရအောင် ..."

နောက်ဆုံးတော့ ထွန်းတင့်နိုင်က မပြောမပြီး မတီး
မမြည် ဆိုသလို ... ဖွတ်ကို စကားစပစ်လိုက်ရပါတော့သည် ...။

"အေး ... ငါကိုတော့ လူကြီးတွေနဲ့ တစ်ဂိုဏ်းတည်း၊
တစ်သဘောတည်းလို့လည်း မမှတ်နဲ့ ... ဘယ်လိုစိတ်မျိုး
နဲ့မှား မေးတာ ပြောတာလဲလို့လည်း လျှောက်မစဉ်းစားနဲ့ ...
အစ်ကိုကြီးတစ်ယောက်က ညီမတစ်ယောက်ကို သတိပေး

www.burmeseclassic.com



စရာ ... ဆုံးမစရာရှိလို့ ... ဘဲကယ့်စိတ်ရင်း စေတနာ
ပဲ ပြောတယ်လို့မှတ် ... ကြားလား ...”

အဲဒီလို စကားစကတည်းက မျက်လုံးကလေးပြူး
နေပြီဖြစ်တဲ့ ... ပိုင်နိုင်ဟာ ... ထွန်းတင့်နိုင်က လိုရင်းကို တို
တုတ်တုတ်ပဲ တိုက်ရိုက်မေးချလိုက်တဲ့အခါကျတော့ ... ခေါင်းက
ကမ္ဘာမြေရဲ့ ဆွဲငင်အားနောက်သို့ လိုက်ကာ ... ငိုက်စိုက်ပင်
သွားခဲ့ပြီ ...။ လုပ်ပုံကိုင်ပုံကို စိတ်တိုကာ ရိုက်ချင်နေသလို
သော ထွန်းတင့်နိုင်လည်း ... ပိုင်နိုင်ရဲ့ ဖြစ်ပျက်သွားပုံက
ကို ကြည့်ကာ ... ရှေ့ကို ဘယ်လိုဘယ်ပုံ ဆက်ပြောရမည်မသိ
နှုတ်ဆွံ့ရပြီ။ စကားကို ဘယ်လိုဆက်လို့ ဘယ်က ပြန်စရမ
တောင် မသိနိုင်တော့ချေ ...။

ထွန်းတင့်နိုင်နှင့် ပိုင်ပိုင်နိုင်တို့ နှစ်ယောက်
အိမ်ပေါ်ကနေ လှမ်းမြင်ကာ ..."ဘာဖြစ်နေကြပါလိမ့် ..."
“ထိတ်”ခနဲ သံသယဝင် ...။ ကိုယ်ထင်ရာကို ဆွဲတွေးပြီး
ဒေါသစိတ်နှင့် တစ်ကိုယ်လုံး ရှိန်းဖိန်းတက်လာသူမှာကတော့
တင်သီနိုင်ပဲ ဖြစ်ပါသည် ...။ တင်သီနိုင်က ခုတလော စိတ်သိ
ဆတ်နေသူလည်း ဖြစ်သည် ...။ ဘာကိုမဆို ... နည်းနည်း
လောက် စိတ်အခန့်မသင့်လျှင်ပင် ဝုန်းဒိုင်းကြဲ ထပေါက်ကွဲပစ်လို
ချင်လောက်အောင် အထိ ဖြစ်နေသူမို့ ... ဘေးပတ်ဝန်းကျင်
ရှိရှိသမျှ လူတကာကို ... “ကြည့်ကျက်သာ နေကြနော် ...”
သတိပေးထားချင်သူလည်း ဖြစ်နေပါသည်။





အခိက အရင်းအမြစ်၊ အစစ်အမှန်တရားခံတို့က
တော့ ဦးလေး အဒေါ်များပင် ...။ တင်သီနိုင်ဟာ ... ကိုယ့်ပညာ
ကိုယ့်ရုပ်ရည်၊ ကိုယ့်အခြေအနေ အဆင့်အတန်း အနေအထားနှင့်
ဆိုရင် ... ဘယ်သူ့ကိုမှလဲ အောက်ကျို့ခယနေစရာမလို ... ဘာ
ကိုမှလဲ ဂရုစိုက်နေစရာ မလိုဘဲ ... ကိုယ့်ထမင်း ကိုယ်စားကာ
ကိုယ့်ဘဝမှာ အေးအေးကလေး ခေါင်းမော်နေနိုင်သူ ...။ ဒါပေမဲ့
ခုနောက်ပိုင်းနှစ်တွေမှာ အဲဒီအနေအထားမှန်ကနေ တဖြည်းဖြည်း
နိမ့်ပါးလျော့ကျလာသလို ခံစားနေရတာ ကြာပြီ ...။

အခိက,ကတော့ “ဂရိတ်”တစ်ယောက်ယောက်ကို
အမြန်ဆုံး ရရှိချင်ကြတဲ့ ပြဿနာလေ ...။ အဲဒါနဲ့ပဲ ... တင်သီနိုင်
မှာ ... မျက်နှာနာရ၊ နာမည်လည်း အနည်းငယ်ပျက်ရ ...၊ ကိုယ့်
သတ်မှတ်ချက်အရဆိုရင် လူ့အောက်လည်း ကျရပါရ ...။

“ဦးလေး အဒေါ်တွေကြောင့်ပါ ...”လို့ အတိအကျ
လက်ညှိုးထိုး ပြောနိုင်ပေမဲ့လည်း ... “ကျေးဇူးရှင်တွေ”ဆိုတဲ့
စကားလုံးက ပိနေသည်။ “တစ်သက်လုံး ... နှုတ်လှန်မထိုး၊ ပြန်
မပြော၊ မငြင်းဆန် ... မွေးရကျေးရကျိုး နပ်လှသည့် သမီးတူမ
အလိမ္မာကလေး ...”ဆိုတဲ့ စကားက ပိနေသည် ...။ အဲဒီတော့
ဘယ်မလဲ တင်သီနိုင်ရဲ့ ထွက်ပေါက်က ...။ ထွက်ပေါက်မရှိလေ
သမျှ ... ထွက်ဖို့ပွင့်ဖို့လည်း မကြိုးစားတော့ဘဲ ... တစ်သက်လုံး
မျိုချ ... မျိုချ ... ထိန်းသိမ်းနှင့် ... ခုတလောတော့ ဝုန်းဒိုင်းကြဲ
ပြီးတော့ကို ထပေါက်ကွဲပစ်လိုက်ချင်နေမိတော့တာ ...။

www.burmeseclassic.com



ဦးလေး အဒေါ်တွေကိုပဲ ပေါက်ကွဲရမှာဆိုလည်း ပေါက်ကွဲပစ်မိတော့မှာပဲ ... ဆိုတာလောက်အထိ ရည်ရွယ်ထားပြီးကာ ... "ခေါင်းတပ် တရားခံ"ကို ရှာနေတာကြာပြီ ...။ တင်သီနိုင်က ခုတလော အိမ်မှာ တိုးတစ်မျိုး ကျယ်တစ်ဖုံ ဖြစ်ပွားနေကြတဲ့ ..."ညီနောင်ဘွား"ဆိုတဲ့ ပြဿနာမှာ ... ဦးလေး အဒေါ်တွေကိုရော ... ပိုင်ပိုင်နိုင့်ကိုပါ ကြည်လင်လှသည် မဟုတ်ချေ ...။ "တံခါးဖွင့်ဟပေးလိုက်ကာမှ ဝင်ရောက်မလာတဲ့ပြင် ခြေဦးတောင်မလှည့်တော့သူ ..."ဆိုတဲ့ အဖြစ်ဟာ ... တင်သီနိုင်ရဲ့ အတ္တနဲ့မာနကို (လူမသိ သူမသိပင် ဖြစ်ပါစေဦး) ဘယ်လောက်ရိုက်ချိုးဖျက်ဆီးထားလိုက်သလဲ ...။ လဲသေပစ်လိုက်ချင်စရာတောင်ကောင်းသည် ...။

ပိုဆိုးမိတာက အဲဒီ "ညီနောင်ဘွား"ဆိုသော သူကိုလူကိုယ်တိုင် မြင်ဖူးပြီးသား တင်သီနိုင်က ... ဦးလေးရဲ့ "အောင်သွယ်နားချ ဝေါဟာရ"တတွတ်တွတ်များကို ကြားရတဲ့အခါ ... အရင် ခုါတိုင်းလူတွေလို ... "ဘာကြီးပဲဖြစ်နေနေ ... နောက်ဆုံးမှာတော့ "ဆောရီး"ပဲ ..."ဆိုတဲ့ စိတ်မျိုး ထားခန့် မဝင်ခဲ့မိခြင်းတည်း ...။ အဲဒါ ဘယ်သူမှ မသိလိုက်ပါ ...။ ကာယကံရှင်တင်သီနိုင်ပင်လျှင် ... ခုမှ စိတ်တိုလာမှ ... သတိရလိုက်မိတာပါ ...။

ဒါပေမဲ့ ဘယ်သူမှ သိသိ မသိသိ ... နေ ...။ ကာယကံရှင်ဖြစ်တဲ့ ကိုယ်တိုင်သိပြီးသွားပြီဆိုရင် ... ဒါ သိပ်ကို အောက်လွန်း ... လျော့လွန်းလှတဲ့ အဖြစ်အချေကြီး ဖြစ်သွားပြီ ...။ တင်သီနိုင်ရဲ့ ဒေါသတွေကလည်း ပိုပိုထွက်လို့လာပြီ။

အားလုံးကို "ကြည့်ကျက်နေကြ"ဟု ချောင်းနေချိန်မှာ ... အစ်ကိုဖြစ်သူနှင့် ပိုင်ပိုင်နိုင်တို့ရဲ့ မျက်ပျက်ပျက် ... တီးတိုးကောဝိုင်းတစ်ခုကို လှမ်းမြင်လိုက်ရတဲ့အခါ ... "ဒါပဲဖြစ်ရမယ် ... အစ်ကိုပါ, ပါလာရပြီဆိုမှတော့ ... ဒီတစ်ကိစ္စ တစ်ကြောင်းပဲ ရှိတယ် ..."ရယ်လို့ ... ဒေါသစိတ်တွေက လျှံထွက်ကာ တစ်ကိုယ်လုံးလည်း ရှိန်းဖိန်းထူပူလာသည် ...။

တင်သီနိုင်က ခြံထဲသို့ ဆင်းချလာခဲ့ပါသည် ...။

"သူနဲ့ ဆက်သွယ်နေမိတာကတော့ သူ့ကို ပိုင်နိုင် ခင်မိလို့ပါ ... သူကလည်း ကိုယ့်ကို ခင်တယ်မင့်တယ်လို့ထင်လို့ပါ ... ရှင်းရှင်းပြောရရင် ပိုင်နိုင့်မှာ အဲဒီလိုအခြေအနေမြင့်မြင့်နဲ့ တင့်တင့်တယ်တယ်ရှိတဲ့ မိတ်ဆွေအပေါင်းအသင်းမျိုး တစ်ယောက်မှကို မရှိဖူးတော့ ... သူနဲ့ခင်မင်ခွင့်ရတာကို ဂုဏ်ယူပြီး ပျော်ရွှင်နေမိလို့ပါ ...

ဒီလောက်ပါပဲ ... ကိုကြီး စိတ်ပူသလို "မဖြစ်နိုင်ဘူး"ဆိုတဲ့ အခြေအနေကြီးက ဖြစ်ကို ဖြစ်မလာပါဘူး ... ဖြစ်လာစရာလား ... ပွင့်ပွင့်လင်းလင်းနဲ့ ခပ်ရိုင်းရိုင်းပဲ ပြောပစ်လိုက်ရရင်တော့ ကိုကြီးရယ် ... သူဟာ လူယုတ်မာတစ်ယောက် ဖြစ်နေလို့ ... 'အပျော်ကြံချင်တဲ့စိတ်' ရှိနေသူဆိုရင်တောင်မှ ... သူမို့အပျော်ကြံချင်ရင် ... ပိုင်နိုင့်




စေတနာစာပေ

www.burmeseclassic.com



ထက် သာတဲ့ လှလှပပ တင့်တင့်တယ်တယ်တွေ အများ ကြီးပဲ ရနိုင်ပါတယ် ... ဒါသေချာနေတာပဲ ... အဲဒါကြောင့် 'မဖြစ်နိုင်တဲ့ ကိစ္စကြီးမို့ အပျော်လာကြနေတာများ ဖြစ်နေ မလား'လို့လည်း ပိုင်နိုင်က ဘယ်တော့မှ မတွေးမိပါဘူး ... တွေးစရာကို မရှိတာ ...

ဦးလေးတို့ ဒေါ်လေးတို့ ဒီလောက်ပြောဆိုနေကြ ရက်နဲ့ ... အဆက်အသွယ်လည်း အမြဲရှိနေပါရက်နဲ့ 'မသိဘူး ... မသိဘူး'ချည်း လုပ်ပစ်နေခဲ့မိတာကတော့ လူကြီးတွေကို အမြဲလိမ်,လိမ်နေရသလို ဖြစ်နေတာ တော့ ..."

ထွန်းတင့်နိုင်က ကိုယ့်အနေနဲ့ ကြည့်တော့ "ကျွတ်"ခနဲပင် ထုတ်ဖော်အော်ဟစ်လိုက်ချင်စရာများ ...၊ ပိုင်ပိုင် နိုင်ရဲ့ အတွေးထဲကျတော့ သူ့ကိုယ်သူ မှားနေပြီ ... အောက်မေ့ ပြီရယ်လို့ ... တစ်စက္ကန့်မှ ထင်ပုံမရ ...၊ သူ မှန်နေတယ်ထင်တဲ့ အရာများကို ခပ်ရဲရဲပင် ပြောချပြလိုက်ရဲပြီး ... နောက်ဆုံးနား ကျမှ ... လာတစ်ပြီး ... အ,ထစ်နေသည့် ညီမငယ်ကို မော့ကြည့် လိုက်သည် ...။ နှစ်ယောက်လုံး ကိုယ့်ကို မမြင်ရအောင် ... ကား ဂိုဒေါင်အဟောင်းလေး နောက်ကွယ်မှာ တိတ်တဆိတ် ရပ်နား ထောင်နေမိသည့် တင်သီနိုင်လည်း၀် ... တစ်ဆို့နေရတဲ့ အကြောင်း အရာကို ဒေါသဖောနဲ့ မျှော်မောကာ အသက်ပင် မရှူမိတော့သူ ထင်သည် ...။





ပိုင်ပိုင်နိုင် ဆိုတဲ့ ဟာမကလေး ရှေ့,ရှေ့က ပြော သွားသမျှတို့ကို ... ကိုယ့်စိတ် ကိုယ့်ခံယူချက်တို့နှင့် နှိုင်းကာ ... "အောက်လိုက်တာ ... အောက်လိုက်တာ ..."ဟု ဒေါသတွေ တစီစီ ထွက်နေမိတော့တဲ့ တင်သီနိုင်က ... ခုထပ်ထွက်လာမဲ့ အကြောင်းအရာကို "ဘယ်လောက်တောင်များ ထပ်အောက်နေ ဦးတော့မှာလဲ"ဟု ... ဖြစ်နိုင်ရင် ... ပုန်းကွယ်နားထောင်နေမိရာ ကတောင်မှ ပြေးထွက်ကာ ... ပိုင်ပိုင်နိုင့် တစ်ကိုယ်လုံးကို အရိုး ရာတွေ ထပ်သွားအောင်ပင် ရိုက်ချပစ်လိုက်ချင်နေမိသည်။

"သူ ... သူက လုံးဝကြီးကို ငြင်းပါတယ် ကိုကြီးရယ် ... ပိုင်နိုင်လည်း စကားပြောဖြစ်ကြတိုင်း ... တွေ့ဖြစ်ကြ တိုင်း ... အကြောင်းသင့်တိုင်း ... အထပ်ထပ် အခါခါကို မေး,မေးကြည့်နေတာပါ ... ဟို ... ဟို ... ဦးလေးကတော့ ဘာဖြစ်လို့ အဲဒီလိုကြီး ဒက်ထိယူဆပစ်ပြီး တိကျသေချာ နေသလဲ ဆိုတာ ... ပိုင်နိုင် မသိပါဘူး ... သူကတော့ ... ကာယကံရှင် ကိုယ်တိုင်ကတော့ ... ဒီ ... ဒီအိမ်နဲ့ပတ် သက်ရမယ်ဆိုရင် ... ပိုင်နိုင့်ကို ညီမတစ်ယောက်လို ခင် မိတာကလွဲပြီး ... မမ ... မမကို သူ ... သူ ... မကြိုက် ဘူးတဲ့ ... ကိုကြီးရဲ့ ...။ အဲဒါ ပိုင်နိုင်တို့ အထင်မှားနေ ကြတာပါတဲ့ ... တစ်ခါတည်း မဟုတ်ပါဘူး ... မေးလိုက် တိုင်းကို ငြင်းတာချည်းပါပဲ ... ပိုင်နိုင် ဘာလုပ်ရမလဲ ..."

www.burmeseclassic.com



ပိုင်နိုင့်ကို ပြေးရိုက်လိုက်ချင်နေသည့် တင်သီနိုင်တစ်ယောက် ... မမြင်ရတဲ့ တစ်စုံတစ်ရာက ကိုယ့်ကို ဖြတ်ရိုက်ချလိုက်သလိုပဲ ခံစားလိုက်ရကာ ... မျက်လုံးထဲ ... လျှပ်စစ်စီးကြောင်းတွေ ... ကြယ်တွေ ... လ,တွေ ဝင်းလက်သွားသလိုလည်း ခံစားလိုက်ရတော့သည် ...။ ပိုင်နိုင် ဆက်ပြောနေသော စကားများကိုလည်း မကြားတစ်ချက် ကြားတစ်ချက်ကနေ လုံးလုံးလျားလျား ... တစ်စက်မှကို မကြားရတော့သည့် အဖြစ်ဆီသို့ ...။

"ပိုင်နိုင်ကလည်း သူနဲ့မှ ခင်ချင်နေတော့ ... ဖုန်းပြောမိတာတွေ ... တွေ့ဖြစ်မိတာတွေ ရှိမိပါတယ် ... ဦးလေးကလည်း သူ့အထင် တစ်ဖက်သတ်ကြီးနဲ့ အတင်းဖိတ်ခေါ်စေချင်နေ ...၊ သူကတော့ ပိုင်နိုင်ကသာ ထပ်ဖိတ်ခေါ်ရင် ... ဦးလေးတို့နဲ့ ဘာဖြစ်ဖူးထားထား လာရဲမဲ့ပုံပါ ... လူကြီးတွေ မသိအောင် ကျိတ်ခင်မင်နေတယ် ဆိုတာ အဓိပ္ပာယ်မရှိဘူး ... တော်တော်ဆိုးတဲ့ အဖြစ်ပဲလို့ အမြဲလိုကို ပြောတာ ...

ဒါပေမဲ့ သူသာ အိမ်ထိရောက်လာခဲ့ရင် ... ဒီဦးလေးတွေ ဒီအဒေါ်တွေနဲ့ ... ဘယ်လိုဆက်ဖြစ်ကြမှာလဲ ... စဉ်းတောင် မစဉ်းစားရဲဘူး ... ပြီးကျတော့ မမပဲ အသည်းအသန် စိတ်ညစ်ရမှာ ... မျက်နှာပျက်ရမှာ ... အားလုံးက အတင်းဝိုင်းလော်ကြပြီဆိုရင် ... သူက မမ့ရှေ့မှာ အဖြစ်





မှန်အတိုင်းကြီး ပြောချပြလိုက်တော့ ဘယ်လိုလုပ်မတုံး ... ပိုင်နိုင် လုံးဝမတွေးရဲဘူး ...

အဲဒါတွေကြောင့်ပဲ ပိုင်နိုင်လည်း သိပ်စိတ်ညစ်နေရတာပဲ ... တစ်ခါမှ မလိမ်စဖူး ... မလိမ်ချင်ဘဲနဲ့ လိမ်ချည်းနေရတယ် ... အမြဲညာဖြီးနေရတယ် ... ကိုယ့်ကိုယ်ကိုယ်တောင် မုန်းလာပြီ ... မပျော်ဘူး ...။ အဓိက,က တော့ မမပါပဲ ... မမဘာသာ ... 'ဘွား' ခနဲကြီး မဟုတ်ဘဲ တစ်နည်းနည်းနဲ့ သိသွားခဲ့ရင်တော့ ... ဦးလေးတို့ကို သူက ပြောဆိုပိုင်ခွင့်ရှိတော့ ... အဆင်ပြေချင်လည်း ... ပြေသွားနိုင်တယ် ... ဒါပေမဲ့ အဲဒီလို သိသွားရင်လည်း သူ အရမ်းဒေါသထွက်ပြီး စိတ်ထိခိုက်မှာမို့ ... သူသိသွားမှာကိုလည်း ကြောက်တယ် ... သိပ်ကြောက်တာပဲ ..."

"အား ... အမယ်လေး ... လာကြပါဦး ... ဒီမှာ တင်သီကလေး ဘာဖြစ်နေပြီလဲ မပြောတတ်ဘူး ... ဟဲ့ ... ထွန်းတင့်နိုင် ... ပိုင်ပိုင်နိုင် ... ဘယ်ရောက်နေကြသလဲ ... ဒီမှာ တင်သီကလေး ဘာဖြစ်သွားသလဲ မသိဘူး ... သမီး ... သမီး"

ပိုင်နိုင်ရဲ့ ဆို့နင့်နင့် စကားသံလေးတွေ ... ထွန်းတင့်နိုင်ရဲ့ ဘယ်နကြိမ်မြောက်မှန်း မသိတဲ့ သက်ပြင်းမောကြီးတွေကို ဒေါ်လေးငယ်ရဲ့ စူးစူးဝါးဝါး အော်သံကြီးတစ်ခုက ဖြတ်တောက်တပ်လှန့်ပစ်လိုက်ပါသည် ...။ မောင်နှမနှစ်ယောက်လုံး အော်သံ

www.burmeseclassic.com



ကြီး ထွက်ပေါ်လာသည့် ... ကားကိုဒေါင်ဟောင်းဘက်ဆီသို့ ... ပြိုင်တူ ပြေးထွက်ခဲ့မိကြသည် ...။

"ကောင်မလေးက ... ငါ့ဆီလည်း ဖုန်းမဆက်ဘူး ... သူ့ဆီလှမ်းဆက်ကြည့်တော့လည်း ဘယ်တော့မှ မရှိဘူးပဲ ... ခါတိုင်းဆို ... တဟီးဟီးနဲ့ ပေါ်,ပေါ်လာပြီး ...,ဘယ်နားမှာ မုန့်လိုက်ကျွေးမလားတို့ ... ဘယ်သွားချင်လို့ ကားနဲ့လိုက်ပို့ပေးမလားတို့ ဘာတစ်ခုမှကို မရှိတော့ဘူးကွ ..."

အောင်ဇော်က သူ့ကားကို ... ဟိုက်ဒရောလစ်ခုံကြီးပေါ် မောင်းတင်လိုက်ပြီးကာမှ ... လေမှုတ်စက်ကို မဖွင့်ဖြစ်တော့ဘဲ ... ကားပေါ်က ပြန်ဆင်းပြီး ... ညီနောင့် အနားသို့ရောက်ရှိလာသည်။ သူ့ကိုယ်ပေါ်မှာ ဝတ်ဆင်ထားပြီးဖြစ်သည့် ပလတ်စတစ်မိုးကာလို ဝတ်စုံကြီးကို ကြယ်သီးတွေ တဖြောက်ဖြောက် ပြန်နှိပ်ပြီး ဆွဲချွတ်ပစ်လိုက်သည်။ လက်က သားရေလက်အိတ်ကိုပါ ဆွဲချွတ်လိုက်ပြီး ကြွရာသို့ တော်သလို ... ပစ်တင်လိုက်ရင်းက ...

"မင်းကို ငါ အဲဒါကြောင့် ပြောတယ်နော် ... ညီနောင် ... အစောကြီးတည်းက ပြောတယ် ..."





"ဘာပြောတာလဲ ..."

"လူ့စိတ်ဆိုတာ ကြောက်ဖို့ကောင်းတယ် ... ကိုယ့်ကိုယ်ကိုယ် ... 'သူများမှ မဟုတ်ဘဲ ... ငါပဲ'လို့ အထင်ကြီးတွက်ထားလို့ ရကိုမရပါဘူးလို့ ... လူတိုင်းနီးပါး ဘယ်သူပဲဖြစ်ဖြစ် ... အဲဒီ ကြောက်စရာစိတ်ကြီးရဲ့ တန်ခိုးအာဏာတစ်ခုကို ကျော်လွှားနိုင်ဖို့ ခဲယဉ်းတတ်ကြပါတယ်လို့ ... နီးစပ်မှုဆိုတာ ..."

"တော်စမ်းပါကွာ ..."

ညီနောင်က အောင်ဇော်ရဲ့ စကားကို ဖြတ်ပြီး ဝင်အော်ပစ်လိုက်သည် ...။ လုပ်ငန်းခွင်ထဲ ကိုယ်တိုင်ဝင်ဖို့ စပြင်လိုက်ပြီးကာမှ ... "ဒီနေ့တော့ ဘာပဲဖြစ်ဖြစ် ... လုည့်လို့ကို မကြည့်တော့ဘူးကွာ ..."ဟု ပြင်ဆင်ဆုံးဖြတ်လိုက်ပြီး ဖြစ်ဟန်တူတဲ့ အောင်ဇော်က ... စားသောက်ခန်းထဲ တောက်လျှောက်ဆက်ဝင်ချသွားကာ ... ကော်ဖီဖျော်စက်အိုးကို ခလုတ်သွားဖွင့်လိုက်သည်။ ဖျော်စက်ထဲ ရေနွေးထည့်၊ Premier coarse grgnnd ကော်ဖီမှုန့်တွေကို ဇွန်းခွက်လေးနဲ့ ချိန်ထည့် ... လုပ်နေရင်းကမှ နောက်ကနေ ဝင်လိုက်လာတဲ့ ... ညီနောင့်ဘက်ကို လှမ်းပြီး ...

"ဒါဖြင့်ရင်လည်း ... ပြီးတော့လည်းပဲ ပြီးသွားတာပဲပေါ့ကွ ... မဟုတ်ဘူးလား ... လူ့လောကကြီးထဲမှာ ... ဒီလူနဲ့ ဒီလူနဲ့ ... ဒီအချိန် ဒီနေရာမှာ လာဆုံကြတယ် ... ကံပါတာကိုး ... ဒါပေမဲ့ တစ်ချိန်ကျတော့လည်း ... ဘာမှ

www.burmeseclassic.com



မဖြစ်ဘဲ ... မတွေ့ဖြစ်ကြတော့ဘူး ... ရေစက်က ဒီလော
ပဲရှိတာကိုး ... ပြီးပြီပေါ့ ... 'ကံကုန်သွား' တွေချည်းပဲ
သူလည်း သူ့လမ်းသူလျှောက် ... သူ့ဘာသာ ဖြစ်ချင်ရာ
ဆက်ဖြစ် ... ကိုယ်လည်း ခဏကြာကျ ... "သြော် ... သူ
ရှိခဲ့ဖူးပါလား ..." ဆိုတာ အမှတ်တောင် မရမိတော့ပါဘူး
ကိုယ့်လမ်းကိုယ်လျှောက် ... ကိုယ်ဖြစ်ချင်ရာ ဆက်ဖြစ်

ဟား ဟား ... မင်း ပြောတဲ့ ... ငါ ညဘက်(၁၂)
နာရီကြီး သူ့ခြံရှေ့ သွားလမ်းလျှောက်ခဲ့မိတဲ့ ... 'နှယ်
အေး' ကို ခုချိန်ကျတော့ ... သူကလေးဟာ ဘယ်လို
ရုပ်ရည် ... ဘယ်လိုပုံ ရှိခဲ့တာပါလိမ့် ... ဆိုတာကိုတောင်
အတင်းကြီး မျက်စိစုံမှိတ် ပြန်စဉ်းစားကြည့်ရင်တောင်မှ
အနီးစပ်ဆုံးလောက်ပဲ ရတော့မယ် ... နာမည်တောင်
ဟိုတလောက မင်းပြန်ပြောပြထားလို့ ခုချက်ချင်းပြန်
ယူလို့ရတာ ... ဟဲ ဟဲ ဟဲ ..."

"ရုတ်တရက်ကြီး ချက်ချင်း မပတ်သက်ချင်တော့
ဘာအကြောင်းများ ရှိရမလဲကွာ ..."

"ကျွတ် ... ဘာကြောင်းမှ မရှိဘူး ဟော့ကောင် ... ဒီ
ပဲပေါ့ ... အလုပ်နဲ့ အကိုင်နဲ့ ဖြစ်နေကြရတဲ့ အချိန်
ပဲဟာ ... မင်းနဲ့ ငါတောင် လုပ်ငန်းစပ်တူ ပါတနာ
မို့ ... နို့မို့ဆို ဘာအကြောင်းနဲ့ တွေ့ဖြစ်နေကြစရာ
သလဲ ... မင်းကျော်တို့ ... အေးအေးဦးတို့ ... ကဲ





အောင်လှင်းကွာ ... မြချိုကွာ ... ခင်ခင်စုကွာ ... ဘာလဲ ...
တစ်ယောက်နဲ့မှကို မတွေ့ဖြစ်ကြတော့ဘူး ... ဘာဖြစ်လဲ ...
ဘာမှမဖြစ်ဘူး ... မတွေ့ဖြစ်ကြတော့တာလည်း အကြောင်း
ရှိလို့ မဟုတ်ဘူး ... တွေ့စရာအကြောင်းလည်း မရှိဘူး ..."

အောင်ဇော်မှာ သူ့ရဲ့ ကဖျက်ယဖျက် စကားတွေက
ညီနောင့်အပေါ်မှာ ... "မအောင်" လေမှန်း ရိပ်မိသွားနိုင်တဲ့အခါ ...
"ဝူး" ခနဲ စိတ်ပျက်လက်ပျက် လေသံကြီးတစ်နကို အကျယ်ကြီး
ပဲ အော်မြည့်ပစ်လိုက်လျက် ...

"မတန်ပါဘူးကွာ ... မင်းဟာက ..."

"ဘာကွ ..."

"သြော် ... အဲဒီလောက်ကြီး စိတ်ဆိုးမာန်ဆိုး ထဖြစ်ပြ
စရာလည်း ဘာမှမရှိပါဘူး ... ငါလည်း အဲဒီသတ္တဝါမ
ကလေးကို ခင်တယ်လေ ... တော်တော့်ကို ခင်မိတာပဲ ...
ခင်စရာလည်း ကောင်းတာကိုး ... ဒါပေမဲ့ကွာ ... ငယ်
ပေါင်းလည်း မဟုတ် ... ကိုယ့်ညီမရင်းလည်း မဟုတ် ...
ကိုယ့်ရည်းစားလည်း မဟုတ် ... နေဦး ... စိတ်ထဆိုးမယ်
မကြံနဲ့ ... ဥပမာ ... ဆိုတာ ဒီလိုပဲ အကုန်ပေးရမှာချည်း
ပဲ ... ဘယ်သူမှ မဟုတ်တဲ့ ... ရင်းနှီးချိန်သက်တမ်းဆို
တာလည်း ဘာမှမကြာလိုက်ရသေးတဲ့ ... သူလိုကိုယ်လို
ကောင်မလေးတစ်ယောက်အတွက်နဲ့ ..."

"ဘာလဲ ... သူလိုကိုယ်လိုဆိုတာ ..."

www.burmeseclassic.com



"ဟ ... သူလည်းလူ ကိုယ်လည်းလူ ... နှယ်နီအေးလည်း အမြီးပေါက်မနေဘူး ... ပိုင်ပိုင်နိုင်ကလည်း ဂျို(ချို)ထွက် မနေဘူး ... ခင်ခင်စုတို့ကို လွမ်းမနေအားရင် ... သူတို့ နဲ့ ဘာမှမကွာတဲ့ ... လူထဲကပဲဖြစ်တဲ့ ... အဲဒီဟာမကလေး ကိုလည်း အလုပ်ပျက် အကိုင်ပျက် ထိုင်ဖွေး ... ခေါင်း ထဲထည့် တကျွတ်ကျွတ် တကျက်ကျက် ဖြစ်နေစရာ ဘာ မှမရှိဘူး ... ဒါကို ပြောချင်တာ ... တကတည်းဗျာ ... ဘာမှကို မပြောရတော့ဘူးလား ... ဆတ်ဆတ်ထိမခံလိုလို နဲ့ ...

ကဲ ... ပြောမယ် ... သူလိုကိုယ်လို ... သာမန် ... ဘာမှ မထူးခြားဘူး ...၊ လူထဲကလူ ...၊ သမားရိုးကျ မိန်း ကလေး ... ဘယ်လမ်း ကောက်ထွက်လိုက် ထွက်လိုက် ... ဒါမျိုး အယောက်တစ်ရာလောက်ထက်မက တွေ့နိုင် တယ် ... မရှောင်နိုင်ရင် ဝင်တောင်တိုက်မိနိုင်သေး ... ကဲ ... နှာဦးမလှား ... နှာစမ်းကွာ ... အထူးတဆန်းဖြစ်ရ အောင် ဆိုရင်လည်း ... သူများထက် နည်းနည်းလေးပို ပြီး ရုပ်ဆိုးနေတာလေး တစ်ချက်တော့ ထူးချင်ထူးမယ် ကွာ ... ပြော ... ဘာဖြစ်လဲ ... ရုပ်ဆိုးလို့ ဆိုးတယ်ပြော တာ ... ရုပ်ဆိုးမ ... သူ့အိမ်ကအခေါ်အဝေါ်အရ ဆိုရင် 'ကြက်ချေးမ' ... ကဲ ... နာသေးလား ... မတန်ဘူးဆို တာ ... အဲဒီလို သူလိုကိုယ်လို သမားရိုးကျ ... ကြက်ချေး





ကလေး တစ်ယောက်အတွက် ... ကိုယ့်မှာ အလုပ်ပျက် ... အစားပျက် ... စိတ်ပျက်နေရမယ်ဆိုရင် တန်သလား ...

အမှန်ကတော့ ... ကိုယ့်မိဘ ... ကိုယ့်မိသားစု ဆွေမျိုး ... ကိုယ်နဲ့ အသက်ပေးချစ်ကြတဲ့ ချစ်သူရည်းစား သူငယ်ချင်းဆိုတာမျိုးတွေ အတွက်ကလွဲရင် တခြားဘယ် သူ့အတွက်မှ ဒါမျိုးခံစားနေရမယ်ဆိုရင် မခံစားထိုက်ဘူး... မတန်ဘူး ... အေး ... ဒါပေမဲ့ ငါသာဆိုရင် ... မတန် တာချင်းတူတူမှာ ဆိုရင်တောင် ... Gwyneth Paltrow အတွက်ပဲ ခံစားလိုက်မယ်ကွာ ... Angelina Jolieအတွက် မို့ အလုပ်ပျက် စိတ်ပျက်ရမယ်ဆိုရင်လည်း မတန်ပေမဲ့ တော်သေးတယ်ကွာ ..."

"ဘာမှ မပျက်ဘူး"

ညီနောင်က ပြောပြောဆိုဆို ... ဆူပွက်ပြီး အောက် က ဖန်အိုးထဲကို တစ်စက်ပြီး တစ်စက် အပြီးသတ်ကျနေပြီဖြစ် သည့် ... ကော်ဖီစက်ကလေးနား ခဏသွားရပ်စောင့်နေလိုက် သည်။ ကော်ဖီရည်တွေ အကျရပ်သွားလောက်ပြီဆိုမှ ... ဖန်အိုး လေးကို လက်ကိုင်ကိုင်းကနေ ဆွဲယူလိုက်ကာ ... သူ့တစ်ယောက် စာ မတ်ခွက်ထဲ တစ်ဝက်လောက် လောင်းထည့်လိုက်လေသည်။

"တော်တော် တရားကျစရာ ကောင်းတဲ့ကောင် ..."

အောင်ဇော်က မဲ့ရွဲ့ကာ တီးတိုးရေရွတ်မိနေဆဲ ... ညီနောင်က ... ကော်ဖီဖျော်စက်လေးရဲ့နံဘေး စင်ကလေးပေါ်

www.burmeseclassic.com

က ... သကြားအိတ်နှင့် နို့မှုန့်အိတ်တို့ကို တစ်အိတ်စီ ဆွဲယူလို့ ကာ ... အလုပ်ရုံဘက်သို့ လှမ်းထွက်သွားခဲ့ချေပြီ ...။ အောင် မှာတော့ ... ကိုယ်သောက်ချင်လာလို့ ထဖျော်မိသည့် ကော်ဖီ ပင် မသောက်အား၊ ဆက်မဖျော်အားနိုင်သေး ...။ ခပ်လှမ်းလှမ်း ထိ ရောက်သွားပြီဖြစ်တဲ့ ညီနောင်ရဲ့ အရိပ်အခြေကို လှမ်း ကြည့်နေရင်းက ... ကိုယ့်အိတ်ထဲက မိုဘိုင်းဖုန်းလေးကို ဆွဲထု ယူလိုက်ရပါသည်။

"အန်တီပါလား ... ဟုတ်ကဲ့ အောင်ဇော်ပါ ခင်ဗျ ... မှ မဖြစ်ပါဘူး အန်တီ ...။ ဒီကောင်လည်း ရောက်ပါပြီ ခု ရုံထဲရောက်နေပြီ ... ကျွန်တော်ကသာ အန်တီ့ကို စရာလေးတစ်ချက် ရှိနေလို့ ... ဟုတ်ကဲ့ ... ဒီကော အကြောင်းပါ ... ဘာမှတော့ သိပ်မဖြစ်လှသေးပါ အန်တီ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

"ဘာမှမပျက်ဘူး"ဆိုသည့် ညီနောင်ကတော့ အလုပ်ရုံထဲမှာ ကော်ဖီခွက်ကြီးကိုင်သောက်ကာ မတ်တတ် စုံရပ်နေရင်း ...၊ အလုပ်သမားအပေါင်းရဲ့ ကြည့်ကွက်ကွက် တီးတိုးတိုးများကို သတိမမူမိစွာ ခံယူနေမိရင်း ...၊ "ဘာလဲကွာ" ဟု အတွေးနယ်ချဲ့နေမိလေသည် ...။





"သားက အိပ်မက်တွေ ဘာတွေ အယုံအကြည် ရှိတတ် လို့လား ..."

မေမေ့ဆီက ဒီလို စကားတစ်ခွန်းလောက် ထွက် လာပြီဆိုရင် ... ဟိုအကောင် အောင်ဇော်နဲ့ မေမေတို့ စကား သချာပြောပြီးကြလောက်ပြီဆိုတာ ... သေချာပြီ ...။ ညီနောင့် နေနဲ့ ... ဘာမှ ဖုံးဖိ၊ သိုဝှက်၊ မပြောချင် မဆိုချင်သလို ဆက် နေလို့ မရတော့လောက်ဘူး ဆိုတာလည်း သေချာပြီ ...။

မေမေဟာ ... ညီနောင်တို့ မိသားစု ဆွေမျိုးအသိုင်း ဝိုင်းကြီး နှစ်ဖက်စလုံးထဲမှာ ... "စကားပြောတတ်သူ ...၊ နား ည်တွေးခေါ်ပေးတတ်သူ ... ဉာဏ်အမြော်အမြင်ကြီးသူ ...၊ းမပဲ့ပြင်တတ်သူ ..."စသဖြင့် နာမည်ကောင်းတွေနဲ့ ... သတင်း ကျော်စောသူ ဖြစ်ပါသည် ...။ ဆွေမျိုးမိတ်သင်္ဂဟ လူကြီးမိဘ သိုင်းအဝိုင်းတို့က ... မိမိတို့ရဲ့ သားသမီးတွေကို ဆုံးမဖို့လိုလာ င် ...၊ ပြောမရကြတော့ပြီ ဆိုရင် ...၊ ကြားလူဝင်ဖို့လိုပြီဆိုရင် ...၊ သာအသိဉာဏ် ပြည့်စုံသော အကြံကောင်းတွေ တောင်းခံဖို့လိုပြီ ဆိုရင် ...၊ အချိန်ပေးစကားပြောယူမှ ပြောလို့ရမဲ့ သဘောတွေရှိလာ င် ...၊ မေမေ့ဆီ တမင်တကာပဲ ပို့လွှတ်ကာ... ဆုံးမဩဝါဒ ယူခိုင်းတတ်ကြတဲ့ ... ဓလေ့ထုံးစံလည်း ရှိကြပါသည် ...။

www.burmeseclassic.com



အဲသလို မေမေဟာ ... ဤတစ်ချိန်မှာတော့ဖြင့် ... သူ အချိန်ပေး စကားပြောယူရတော့မဲ့သူဟာ ... တခြားလူမဟုတ်ဘဲ ... သူ့သားအရင်း "ညီနောင်ဘွား"ပဲ ဖြစ်နေခဲ့ပြီလို့ ... ဆုံးဖြတ်ယူကြည့်လိုက်ပြီလား ...။ ညီနောင်က ... ဘာရယ်မဟုတ် လှမ်းပြောသလိုလိုနှင့် ... စကားလေးတစ်ခွန်း စလိုက်သော မေမေ့ရှေ့မှာ ... သေချာကြီးပင် ဝင်ထိုင်ချလိုက်ပါတော့သည် ...။

မေမေလည်းပဲ "အချိန်ယူ"ချင်နေရှာမည် ...။ ညီနောင်ကလည်းပဲ ... အဲဒီလို အချိန်ခပ်ကြာကြာယူကာ စကားပြောဖြစ်ကြဖို့ကိုပဲ ပိုမိုလိုလားနေပါပြီ ...။ လူတကာ မက်မောအထင်ကြီး၊ ခံယူချင်ကြသည့် မေမေ့ရဲ့ အတွေးအခေါ်နဲ့ ဆုံးဖြတ်ချက်တို့ကို ... (ဒီကိစ္စမှာ) ညီနောင်လည်း နားထောင်ချင်ပါသည်။

"သားက သားဖေဖေလောက်တော့ ... 'ဟင်း'... အစိမ့်တွေမရှိတာတွေ'လို့ ... ဆတ်ဆတ်ကြဲ ကဲကဲဆတ် ... ပစ်ပစ်ခါခါကြီး ငြင်းထုတ်ပစ်တတ်တာမျိုး မရှိပေမဲ့ ... အကြားအမြင်၊ ဗေဒင်လက္ခဏာတို့ ...၊ ဂြိုဟ်တို့ နက္ခတ်တို့ ... နိမိတ်တို့ ... အဲဒါတွေကို သိပ်အယုံအကြည် မရှိလှတာ ... မေမေ သိနေတယ်လေ ... အဲဒီလို သားက အိပ်မက်တစ်ခု ကိုကျတော့ ... အစွဲအလမ်း ထားတတ်သလား ... ယုံကြည်ချင်သလား ... လို့ပါ ..."





"အဲဒီလိုတော့လည်း အတိအကျ မဟုတ်လှဘူး မေမေရဲ့ ... အဲဒီအကြောင်းတွေ အားလုံးကို ... ဒေါ်ခင်ဖော်က မေမေ့ကို အကုန်ပြောပြပြီးသား ထင်ပါတယ်နော် ... အိပ်မက်အရဆိုရင် ... အဲဒီအိမ်က အကြီးမကလေးကို ... သားအနေနဲ့ ပိုပြီးတော့ စိတ်ဝင်တစား ရှိနေရမယ် ... ခင်မင်လိုစိတ် ရှိရမယ် ... ခုဟာက ..."

"ဒါဖြင့်ရင် အိပ်မက်တစ်ခုကို စိတ်ဝင်စားမိတာက သပ်သပ် ... အိပ်မက်ထဲက တစ်ယောက်နဲ့ကကျတော့ အနေနီးစပ်ခွင့် မရှိသလိုမို့ ... အနေနီးစပ်တဲ့သူ အပေါ်မှာပဲ ... ကိုယ့်အာရုံက ရောက်သွားလိုက်ရတော့တာမျိုးလား ..."

"အကြီးမလေးနဲ့လည်း အနေနီးစပ်ချင်ရင် နီးစပ်ခွင့်ရှိပါပါတယ် ... သူ့လူကြီးမိဘ အုပ်ထိန်းသူတွေက သားဘယ်သူဆိုတာ သိသွားပြီးခဲ့တဲ့ နောက်ပိုင်းမှာ ဝင်ထွက်လည်ပတ်ခွင့် ... ရင်းနှီးခင်မင်ခွင့် ပေးပါတယ် ... ဒါပေမဲ့ အဲဒီလို အခွင့်အရေး ရလိုက်တော့မှပဲ တိတိကျကျ ပိုရှိသွားတာလေ ... သားက အိပ်မက်ထဲက အဲဒီမိန်းကလေးကို ... 'ဩော် ... ဒီတစ်ယောက်လား'ဆိုတာထက် မပိုဘူး ... ထပ်ပတ်သက်ဖို့တို့ ... ခင်မင်ချင်တာတို့ မရှိဘူး ... အငယ်မနဲ့မှ ခင်မင်မိသွားကြတာကကျတော့ ... အိပ်မက်နဲ့ သိပ်မဆိုင်ဘူးနဲ့ တူတယ် ..."

www.burmeseclassic.com



"သားအိပ်မက်ထဲက တစ်ယောက် ဆိုတာကကော ... အကြီးမကလေး ဆိုတာ သေချာရဲ့လား ..."

မေမေ့ စကားကြောင့် ညီနောင့်မှာ တစ်မျိုးကြီးပင် ဖြစ်သွားရပါသည်။ နောက်ဆုံး မက်လိုက်တဲ့ အိပ်မက်ထဲမှာတော့ ဇာပဝါနောက်ကွယ်မှ ထွက်လာခဲ့တဲ့ ကောင်မလေးဟာ တင်သီနိုင် ဖြစ်နေရာကနေမှ ကြည့်နေရင်း တဖြည်းဖြည်းနဲ့ ရွဲ့တွဲ ... စုတ်ချာ ... အသွင်ပြောင်းလာပြီး ပိုင်ပိုင်ပဲ ပြန်ဖြစ်သွားခဲ့ရတာလေ ...။ အောင်ဇော်ကတောင်မှ ... "ငါပြောတာကိုပဲ လက်ခံလိုက်စမ်းပါ ... မင်းနဲ့ ဖူးစာပါနေတာ ... ပိုင်ပိုင်ပါပဲ ..."ရယ်လို့ ... ညီနောင့်ကို ပြောင်ခဲ့ဖူးတာလေ ...။

အဲသလို ... အနိုင်ယူရပြီးရော ... ပြောင်လှောင်စနောက်ခဲ့ဖူးတဲ့ အောင်ဇော်ဟာ ... ခုလိုချိန်ကျတော့ ... "မင်းကိုပြောမရရင် ... မင်းလူကြီးမိဘထိ တက်တိုင်ပစ်မကွာ ..."ဆိုတဲ့ အချိုးမျိုး ချိုးချင်လာရတာ ... "လူ"ပီသလွန်းလှပါတော့သည် ...။

သားဖြစ်သူဆီက အဖြေစကား မရတော့ မေမေက မျက်ခုံးခပ်ဖင့်ပင့်လေးနှင့် ...

"ကလေးမ အငယ်မလေးက ... မောင်အောင်ဇော် ပြောသလောက်ကို ... သူ့ရုပ်ရည်ကလေးက ... ခပ်ဆိုးဆိုးလေးထဲကပဲလား ... သား ..."

လျှော့ပေါ့ ... လိုက်ဖော့ပေးနေစရာ အကြောင်းမရှိဘူးဟု ညီနောင်က ထင်သည်။





"အသားကလေးက ခပ်ညိုညို ... အတော်ကလေး ညိုပဲထားပါတော့ ... ကိုယ်လုံးကိုယ်ပေါက်က ပြားချပ်ချပ်၊ ပိန်ကပ်ကပ် ...၊ လူက ပုသေးသေးကလေးနဲ့ ... မျက်စိခပ်မှေးမှေး ... နှုတ်ခမ်းထော်ထော် ...၊ နှာခေါင်းပြားပြားကလေးဆိုရင် ... မေမေ့မျက်စိထဲ မြင်ယောင်ကြည့်လို့ရမလား ..."

ကြည်လင်အေးချမ်းလှသော မေမေ့ရဲ့ မျက်နှာပြင်ပေါ်မှာ ... ညီနောင့်ဆီက အချက်တစ်ချက် ထွက်လာလိုက်တိုင်း အရိပ်အယောင်တစ်မျိုးကလေး ဖြတ်ဖြတ်ပြေးသွားတတ်တာ ... ညီနောင်က ခံစားရိပ်မိနေသည် ...။ သို့သော် ... အရေးကြီးသော စကား မှန်သမျှကို သတိထား ပြောတတ်လေ့ရှိကာ ... သူတစ်ပါးကို နှုတ်နဲ့တော့ဖြင့် ... မရိုက်တတ်၊ မသတ်တတ်၊ အကုသိုလ်ပြုတတ်လေ့မရှိတဲ့ မေမေဟာ ...

"အမယ်လေး ... ဒီလိုဆိုရင်ဖြင့် ... မင်းဟာက ဘာကျန်သေးသလဲ ... သားရယ် ... တော်တော့ကို ဆိုးနေရှာမဲ့ ရုပ်ကလေးပါလား ... ဘယ်လိုဖြစ်ရတာလဲ ... ဒီပုံဆိုရင်တော့ ဒုက္ခပါပဲ ..."စသဖြင့်ကိုတော့ ဘယ်တော့မှ လက်လွှတ်စပယ် ပြောထွက်လိမ့်မည် မဟုတ်ပါချေ ...။

သို့သော် ... သူ့ခွေးကလေးတွေ ... ကြောင်ကလေးတွေနှင့် စကားပြောနေကျ ... မေမေ့"လေ" ... "အသုံးအနှုန်း" ... "စကားလုံး"တွေကို ညီနောင်က ပြန်သတိရနေမိပါသည် ...။

www.burmeseclassic.com



မေမေ့မှာ ကြောင်မလေးတစ်ကောင်၊ ခွေးအထီးလေးတစ်ကောင် ရှိသည် ...။

"ပီရူးတို့ ... မိကျားတို့နော် ... ပြောထားပါပေရဲ့ ... မေမေ့အတွက် ခွေးမတွေ ... သမက်တွေများ အိမ်ခေါ်လာမယ်ကြံရင် ... ရုပ်ဆိုးကြီးတွေ ညစ်ထေးကြီးတွေတော့ စဉ်းစားမလာကြနဲ့ ... မြေးကလေးတွေ ရလာရင်တောင် ကောက်ချီချင်စရာ တစ်စက်မှ မရှိမဲ့ မည်းမည်းသည်းသည်း ... ရုပ်ဆိုးဆိုး ... ပုံမွဲတောတောကလေးတွေ ဆိုရင် မြေးတွေရော ... သမီးတွေ၊ သားတွေ၊ သမက်တွေ၊ ချွေးမတွေပါ ... အကုန်လုံး ... အမွေပြတ် စွန့်လွှတ်ပစ်မယ်မှတ်...

မေမေ့အိမ်ပါလာပြီး ... ရုပ်ဆိုးမျိုးဆက်ကြီးတော့ ထွန်းကားစေမယ် မကြံကြနဲ့ ... မေမေက သိပ်အလှကြိုက်တာ ... သားတို့ သမီးတို့လည်း သိရက်နဲ့။ မိကျားနော်... ဟိုဘက်အိမ်က 'တစ်ဖက်လပ်'ကြီးနဲ့ ... ဟိုတစ်နေ့က... မီးသွေးအိတ် အမှုန်တွေကြားထဲ တိုးဝင်နေကြတာ ... မေမေ လှမ်းတွေ့နေရတယ် ... ကျပ်ကျပ်သတိထား ... မကြိုက်ဘူး ..."

မေမေက အဲဒီလိုဆိုရင် ဖေဖေက ... "မင်းတစ်နေ့ တစ်နေ့ မှာကြားနေတာတွေကို ... မင်းသားသမီးတွေက ... နားလည်သဘောပေါက်ကြသလား ... ဟုတ်လား ..."တဲ့ ...။ မေမေ့ကို စ,တာပါ ...။ မေမေကလည်း အတင်စီးတော့မခံ ...





"အမယ် ... ဘာလို့ နားမလည်ရမှာလဲ ... ခွေးတို့ ကြောင်တို့ ဆိုတာ လူနဲ့ သိပ်နီးစပ်ကြတဲ့ဟာတွေ ...၊ စကားအမြဲအမြဲ ပြောပြောပေးနေရင် ... ပိုနီးစပ်တယ် ... ကိုယ် ဘာဆိုလိုချင်သလဲ ... မျက်နှာရိပ် မျက်နှာကဲနဲ့ တင် သိသိလာတတ်တယ် ... ပီရူးတို့ မိကျားတို့က ... သာမန်ခွေးကြောင်တွေမှ မဟုတ်တော့တာ ... မေမေက သားသမီးလို စကားပြောပြောထားတာ ... မေမေ ဘာပြောချင်သလဲ ... သူတို့ သိပါတယ် ..."တဲ့ ...။

အဲဒီတုန်းကတော့ အဖေနဲ့သား နှစ်ယောက်ပေါင်းပြီး မေမေ့ကို ရယ်ခဲ့ကြရတာပေါ့လေ ...။ ခုမှ သေချာပြန်စဉ်းစားကြည့်ရရင် ... မေမေဟာ ဖေဖေ့ကို တစ်ခွန်းမှ အတင်စီးမခံ၊ အနိုင်မခံ ပြန်ပြောချင်နေတာမျိုးမှ ... က,ရဲ့လား ...။ သူ့ရင်ထဲက ဆန္ဒတွေကို ... တစ်ဦးတည်းသောသား ... "ညိုနောင့်"ထံ တစ်ဖက်လှည့်နဲ့ ကြိုတင်နားသွင်း ... ထည့်ပေးထားချင်တာမျိုး ကော မဖြစ်နိုင်ဘူးလား ...။ အား...။ အဲဒီလို အတွေးမျိုးကို ခုချိန်မှာ ... ဘာကြောင့် တွေးမိရမှာလဲ။ မဟုတ်သေးဘူးထင်တယ်... ဆိုင်လို့လား ...။

"မေမေတွေ့တောင် တွေ့ဖူးချင်လာပြီ သား ... သားရဲ့ သူငယ်ချင်း မိန်းကလေးအသစ်ကို မေမေနဲ့ မိတ်ဆက်ပေးဖို့ မစီစဉ်ကြည့်ချင်ဘူးလား ..."

www.burmeseclassic.com



ညီနောင်က စိတ်ပျက်လက်ပျက် ဆန်လှသော လေပူကြီး တစ်လုံးကို "ဖူး"ခနဲ အရင်မှုတ်ထုတ်ပစ်လိုက်ရင်းက ... "ဘာအကြောင်းကြောင့်နဲ့မှန်းကိုမသိ ... သားတောင်တွေ့ခွင့် စကားပြောခွင့် မရတော့တာ ... နှစ်ပတ်ကျော်သွားပြီ... သုံးပတ်ထဲ ရောက်သွားပြီ ..."ဟု စိတ်ဆာဆာနှင့် ခပ်ဆတ်ဆတ်ပဲ ပြောချပစ်လိုက်ပါသည် ...။ ညီနောင်ရဲ့ လှုပ်ရှားပြောဆိုပုံ၊ လုပ်ပုံကိုင်ပုံနှင့် မျက်နှာထားတို့ကို မေမေ အကဲခတ်နေတာ သိသည်။ မပြင်ချင် ...။ ထိန်းချုပ်မထားချင် ...။ ဖြစ်ချင်ရာဖြစ်နေပါစေ ...။

"အဲဒီလို ရုပ်ကလေး ဆိုးနေတယ်ဆိုတဲ့ အတွက်လေ ... မေမေက ... နီးစပ်မှုလေးလောက်နဲ့ အာရုံငြိတွယ်တာမျိုး ဖြစ်နေမှာ သိပ်စိုးတယ် ... ဒါပေမဲ့ တစ်ဖက်က ပြန်စဉ်းစားကြည့်ရရင် ... အဲဒီလို ရုပ်ဆိုးဆိုးလေး ဆိုတာအတွက်ကြောင့်လည်းပဲ ... နီးစပ်မှုတွေ၊ အတွေ့အကြုံတွေ၊ အခွင့်အရေးတွေ အများကြီး ရှိခဲ့ပြီဖြစ်တဲ့ ... မေမေ့သား အနေနဲ့ ... 'နီးစပ်မှုကြောင့်'လို့ ခေါင်းစဉ်တပ်လို့ မရအောင် ပြန်ဖြစ်နေပြန်တယ် ..."

မေမေရဲ့ လမ်းကြောင်းဖွင့်ချလိုက်သော အပြော ကြောင့် ... ညီနောင်က ခေါင်းကို ဘယ်ပြန်ညာပြန် ခါယမ်းနေ မိရင်းက ...





"တကယ်တော့ ... ရုပ်ရည်ဆိုတာ အဲဒီလောက်ကြီး အရေးပါတဲ့ အရာလားလို့ ... သားကလေ မေမေ ... ရုပ်ဆိုးမှုဆိုတာ ... အသိုင်းအဝိုင်း တစ်ခုအတွင်းမှာ ... စာရိတ္တပျက်မှုတို့ ... နာမည်ပျက်ရှိမှုတို့ ... မျိုးရိုးမကောင်းမှုတို့... အဲဒါတွေလောက်နဲ့ တန်းတူ ... တာသွားနိုင်မလားလို့လည်းပဲ ... စဉ်းစားနေမိတယ် ..."

မေမေက ညီနောင့်ကို ကရုဏာသက်လှသည့် အကြည့်ကလေး တစ်ချက်နှင့် ကြည့်လိုက်ပါသည်။ အဲဒီအကြည့်ကြောင့်လည်းပဲ ... ညီနောင်ရဲ့ သနားကရုဏာ မှန်သမျှတို့က လည်း မေမေ့အပေါ် ... ထပ်တူ ပြန်လည်တည်ဆောက်ပြီးသား ဖြစ်သွားရသည်။

"နာမည်ပျက်တို့ ... စာရိတ္တပျက်တာတို့ကတော့ ပိုဆိုးတာပေါ့ ... လက်သင့်ခံနိုင်ဖို့လည်း ပိုခဲယဉ်းတာပေါ့ ... ဒါပေမဲ့ တစ်ဖက်လှည့်အတွေးနဲ့ ပြန်တွေးကြည့်ရရင် ... လောကမှာ 'ပျက်အငဲ့ ပြင်ခဏ'ဆိုတဲ့ စကားပုံလည်း ရှိတယ် ... 'ချီးမွမ်းခုနစ်ရက် ... ကဲ့ရဲ့ခုနစ်ရက်'ဆိုတဲ့ စကားပုံကလည်း ရှိနေတယ်ဆိုတော့ သားရယ် ... နာမည်ပျက်ရှိဖူးသူ တစ်ယောက်ဟာ ကိုယ့်လက်ထဲရောက်ပြီးမှ ပြုပြင်နေထိုင်မယ် ... လူလက်ခံနိုင်လောက်အောင် ကောင်းလာခဲ့မယ် ဆိုရင် ... အရင်က အကြောင်းအရာ ဆိုတာ

www.burmeseclassic.com



ကြာ လာလေ ... မှိန်ဖျော့အောင် လုပ်ယူလို့ ရနိုင်လေလည်း ဖြစ်နိုင်တာပဲ ...”

“မေမေ ဆိုလိုချင်တာကတော့ ... ‘ရုပ်ဆိုးနေတယ်’ဆိုတာကြီးကကျတော့ ... ကိုယ့်လက်ထဲ ရောက်ပြီးသည့်တိုင်အောင်တောင်မှ ... ပြုပြင်ယူလို့မရ ...၊ သူများတကာရဲ့ အတွေးတွေ စကားတွေထဲမှာ ဒါကို မပါတော့အောင် ... မှိန်ဖျော့မေ့လျော့သွားကြအောင် ... လုပ်ယူလို့လည်းမရ ...။ ဒီရုပ်ကြီး မြင်နေသရွေ့ကတော့ ... မသေမချင်း လူပြောစရာကြီးပဲ ဖြစ်နေလိမ့်မယ် ... သေချာစဉ်းစားကြည့်ဦး ... ဒီလို ဆိုချင်တာ မဟုတ်လား ...”

မေမေက လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပုံစံနှင့် ရယ်ချလိုက်သဖြင့် ညီနောင်လည်း လိုက်ရယ်လိုက်မိပါသည် ...။

“သားရဲ့ဖေဖေသာ ဆိုရင်တော့ ... စာရိတ္တမကောင်းတဲ့ မိန်းကလေးဆီက ‘မြေးအင်’ကြီးတွေကို ချီထိန်းနေရမဲ့ အစား ... ‘မြေးအစစ် ရုပ်ဆိုးလေး’တွေကိုပဲ ... ‘အစစ်’မို့ ပိုချီချင်သေးတယ်လို့ ပြောမှာပါပဲ ... သေချာပါတယ်”

“အဲဒီလောက် လိုက်တွေးထားရမဲ့ အဆင့်လောက်တော့ မရောက်သေးပါဘူး ... ဟင်း ဟင်း ...”

“မေမေကတော့ အဲဒီလောက်အထိကိုပဲ ကြိုတွေးထားတော့မယ် သား ...”





“သားနဲ့ စကားပြောကြည့်လိုက်တော့ မေမေ ဘာတွေရသွားသလဲ ... မြင်နိုင်သွားလို့လဲ မေမေ ...”

“အဘက်ဘက်က ပြည့်စုံကောင်းမွန်နေလွန်းလို့ကိုပဲ မေမေ့သားကို ... မိုးနတ်မင်းက ... တစ်ချက်လောက် ကျီစယ်ချင်တာများ ဖြစ်နေမလားလို့ ... အဲဒီလိုကြီး ပြောရင်တော့ သားရှင်မိခင်တစ်ယောက် အနေနဲ့ ဘယ်တရားမလဲ သားရယ် ...။ သားရဲ့ အသက်အရွယ် အတွေ့အကြုံအရလည်း အဆန်းထွင်ချင်တာတို့၊ ကိုယ့်စိတ်ကိုယ် သိပ်နားမလည်နိုင်တာတို့ ဖြစ်ရမဲ့ အချိန်တွေကို ကျော်လွန်လာခဲ့ပါပြီ...

ဒါပေမဲ့ တစ်ချက်ကလေးပါ ... တစ်ချက်ကလေးပဲ သတိပေးချင်တာ ... နောင်တစ်ချိန်မှာ နောင်တရကောင်း ရလာနိုင်မယ်လို့ ထင်တဲ့ ... ဘယ်အလုပ်မျိုးမဆို ... ခုကတည်းက ရှိုတ်ပြတ်ပြီး မလုပ်မိရင် အကောင်းဆုံးပဲ ...။ ဘယ်သူ့ပယောဂ တိုက်တွန်းမှုမှ မပါဝင်ဘဲ ... ကိုယ့်တစ်ယောက်တည်းရဲ့ ‘ဆုံးဖြတ်ချက်’နဲ့ပဲ ရှေ့ဆက်မဲ့ သားက အဲဒီဆုံးဖြတ်ချက်ကို ခုမှပြင်ချင်လာပါပြီ ... ဆိုတာမျိုးတော့ နောင်အခါမှာ မဖြစ်မိစေနဲ့ပေါ့ ...

အဲဒါလေးပါပဲ ... အမိက,ကတော့ သားတစ်သက်လုံး ... နောင်တတွေ ... အမှားပြင်ချင်စိတ်တွေ ကင်းကင်းနဲ့ ပျော်နေနိုင်ဖို့ အရေးကြီးတယ်”

www.burmeseclassic.com



ညီနောင်က အောက်နှုတ်ခမ်းကို သွားနှင့် အသ
ကိုက်ကာ မျက်မှောင်ကြီးကုတ်ပြီး ခပ်ကြာကြာ ငြိမ်နေမိသည်
ခုချမိတဲ့ "ဆုံးဖြတ်ချက်"ကို နောင်တစ်ချိန်ကျမှ ... ပြန်ပြင်
လာတာမျိုး ...၊ "ငါ အဲဒီလို မဖြစ်ခဲ့ရကောင်းလား"လို့ နောင်
ရချင်လာတာမျိုး ... မဖြစ်ပါစေနဲ့တဲ့ ...။

ခုချိန်မှာ ချမိတဲ့ ... ဆုံးဖြတ်ချက် ...။

ပြန်ပြင်ယူလို့ မရနိုင်တော့မဲ့ ... လမ်းတစ်လ
ပဲ သေချာရွေးချယ်ယူရတော့မဲ့ ဆုံးဖြတ်ချက် ...။





## အခန်း(၆)

တွေ့ပါပြီ ...။ ကောင်မလေးဟာ ... သူ့အိမ်နဲ့အနီးကလေးဖြစ်တဲ့ ဈေးလေးနား အနီးက ... တိရစ္ဆာန်အစာကုမ္ပဏီသို့တော့ ခြေဦးမျှပင် လှည့်တော့ပုံ မရပေမဲ့ ... သူ့ကြက်တွေကတော့ ငြိမ်နေကြမှာ မဟုတ် ... ဥကို ဥနေကြမည်ဖြစ်ရာ ... ကြက်ဥတွေကိုတော့ဖြင့် ဖောက်သည်တွေ ဆိုင်တွေ ရှိရာဆီ ... ဇကျက်မကွက် အရောက်ပို့ပေးနေရမဲ့ တာဝန်တော့ ရှိနေသည်ပဲ မဟုတ်လား ...။ အမိပ္ပာယ်မဲ့ အိမ်တွင်းပုန်းချင်နေလို့ကတော့ မရနိုင်ပေ ...။ နေ့တိုင်း မဟုတ်တောင် ... တစ်နေ့ခြား တစ်ခါလောက်တော့ အပြင်သွားကိုသွား ... အိမ်က ထွက်ကိုထွက်ရပေမည် ...။

အဲဒီလိုအတွေးနဲ့ ... ဝီရိယလုံ့လရှိရှိကလေး စောင့်ဖမ်းလိုက်သောအခါ ... မနက်စောစောစီးစီး ဝေလီဝေလင်းကြီးအချိန်မှာ ... သူတို့ရဲ့ခြံထဲ (သမားရိုးကျ အုတ်တိုင်နှစ်တိုင်ရဲ့

www.burmeseclassic.com



အထဲ)ကနေ ... ကြိမ်ခြင်းတောင်း အကြီးကြီးနှစ်လုံး ... တစ်
တစ်လုံး ကိုင်ဆွဲကာ ... ခေါင်းကလေး ငိုက်စိုက်စိုက်နဲ့ ...
လာတဲ့ ကလေးမကို ... လှမ်းမြင်လိုက်ရတော့တာပဲပေါ့ ...

သူ့ရဲ့ ပုံသေစတိုင်အတိုင်း ... ရှပ်အင်္ကျီစုတ်
ကာကီဘောင်းဘီစုတ်ကြီးတို့နှင့် မတွေ့ရလျှင် ... ရှပ်အင်္ကျီလ
တို အဖြူကလေး ... ဘောင်းဘီနက်ပြာကလေးတို့နှင့်သာ ဖြ
မည်ဖြစ်ပေရာ ... ခုလည်းပဲ ထိုဝတ်စုံပင် ...။ အင်း ... ကာ
ရောင် အစုတ်အပြတ် ပွပွကြီး ဝမ်းဆက်နဲ့ ဖြစ်မနေတာကပဲ
ကံကောင်းလှပြီလို့ ... တွေးရမဲ့ပုံပါပဲ ...။

ကြိမ်ခြင်းကျားကြီးတွေကလည်းပဲကွာ ... သူက
သယ်နေရတာမို့ သူ့ထက်ပုကြသေးတာတော့ မှန်ပါရဲ့ ...
ထက် ကြီးကိုကြီးနေကြတာကကော ... ဘာသဘောလဲ
ကြိမ်ခြင်း အကြီးကြီး နှစ်ခုကြားမှာ အရပ်ကလေး နည်းနည်
မြင့်ထွက်နေတာကလွဲပြီး လူတစ်ကိုယ်လုံးတောင် ကွယ်ပျော
တော့မတတ် ဖြစ်နေတာကို ... ကရုဏာသက်လှစွာ ... ကား
တင်ခေါ် ... ဝိုင်းသယ်မပေးလိုက်တာမျိုး လုပ်ချင်မိသော်လည်
ညီနောင့်က စိတ်ထိန်းကာ ... ခပ်အေးအေးပဲ ဆက်ကြည့် ...
နေလိုက်ပါသည်။

ခုနေ ထွက်ဖမ်းလိုက်ရင် ... ရှောင်ပြေးချင်တာ
အတွေ့မခံလိုတာတွေ စိတ်ထဲ ဦးစားပေးကာ ... သူ့ကြက်ဥ
က သူသွားပို့ပေးရမဲ့ နေရာတွေဆီကို ရောက်ရှိရတော့မှာ မဟု





လန့်ဖျပ်ထွက်ပြေးလို့ ကွဲရင်လည်း ကွဲကုန်မည် ...။ လမ်းမလယ်ကြီး ဒီတိုင်းပဲ ချန်ရစ်ပစ်ခဲ့လို့ ... ပုံသဏ္ဍာန်ပျက်ချည်းလည်း ဖြစ်ရင်ဖြစ်ကုန်မည်။

ညီနောင့်မှာ ... သူကလေးရဲ့ တုံ့ပြန်တော့မဲ့ အချိုးအချိုတ်ကို ကြိုသိစွာပင် ... "အလေးအပင်ကြီးတွေကွာ" ဟု ကရုဏာသက်ရစိတ်တို့ကို ထိန်းချုပ်မျိုချကာ ... အိမ်ကနေဈေး ... မနီးလှသည့် အကွာအဝေးကို ခပ်ဖြည်းဖြည်းချင်း လျှောက်နေတာကိုပဲ အဝေးကနေ ကားဘီးလေး တလိမ့်လိမ့်နှင့် လိုက်ပါနေရပါတော့သည် ...။

ဈေးထဲရောက် ... ခြင်းတောင်း တစ်တောင်းစာလွတ် ...၊ မုန့်လုပ်ငန်းက ကွန်တိန်နာ ကားကလေးတစ်စီး ရပ်ထားရာဆီသို့ရောက်၊ နောက်ခြင်းတစ်ခြင်းနီးပါးစာမျှလွတ် ...။ ပြီးလျှင်တော့ ပိုင်ပိုင့်ရဲ့ ဦးတည်ရာဟာ ... ဈေးထိပ်က လက်ဖက်ရည်ဆိုင်ကလေးဆီသို့ ဖြစ်သည်။ အဲဒီဆိုင်က ကောင်ကလေးကို ညီနောင့်စိတ်ထဲ သိပ်ကြည့်လို့ ရလှတာတော့ မဟုတ်ပါ ...။ စကားပုံကတော့ သိပ်မကောင်း ..."မြွေမြွေချင်း ... ခြေမြင်တယ်" ဆိုလား ... ဟား ဟား ...။

ကောင်ကလေးကလည်းပဲ ညီနောင့်ကိုမို့ မြင်လျှင်ကြည်လင်ပုံမရ ... သဘောတွေ့လှပုံ မရှိပါ ...။ ခုလည်းပဲ မနက်မိုးလင်းစ အချိန်မျိုး ... လက်ဖက်ရည်ဆိုင်တွေ အလုပ်ကျတတ်သည့် အချိန်မျိုးမှာပင် ... ထိုသတ္တဝါလေးဟာ ကြက်ဥလာဝင်ပို့

www.burmeseclassic.com



တဲ့ ကောင်မလေးကို မပြိုးနိုင် မပိုင်နိုင် ဘာတွေ အလွမ်းသ
နေပြန်တော့သည် မသိ ...။ အိမ်က ထွက်လာကာစက မကြည်
မလင် ခပ်ငူငူနှင့်သာဖြစ်သော ပိုင်ပိုင့်ရဲ့ မျက်နှာကလေးပင် ...
ပြုံးယောင်သမ်းသလိုလို ... တစ်ချက် တစ်ချက်မှာ သွားကလေး
တွေပါ ပေါ်လာအောင် ရယ်ပဲ ရယ်ချလိုက်သလိုလို ဖြစ်လာသည်

ညီနောင်က စိတ်ခပ်ပုပ်ပုပ်နှင့်ပင် လက်ဖက်ရည်
ဆိုင်ရှေ့ တည့်တည့်ကြီးမှာ ကားကို သွားထိုးရပ်ပစ်လိုက်ပါတော့
သည်။

"ပိုင်ပိုင် ..."

"ဟင် ..."

အား ...။ အရင်အချိန်တွေတုန်းက ပြူးပြူးမပြ
ချင်သော ... မျက်လုံးမှေးကလေးရဲ့ ... ကြောက်အားလန့်အား
အကြည့်က ... ခုတစ်ကြိမ်တော့ ညီနောင့် ရင်ထဲ "ဒိုင်း"
ဆောင့်ခုန်ဝင်သွားသလို ရှိသည် ...။

"ကိုညီနောင် ..."

"အင်း ... ဟုတ်တယ် ... လာ ... ကားပေါ်တက် ..."

ပိုင်နိုင်က ... လက်ဖက်ရည်ဆိုင်က ကောင်လေး
စိုးရိမ်မကင်းသလိုလေး တစ်ချက်လှမ်းကြည့်လိုက်သေးသည်။
လျှင်တော့ ... စိတ်ရှုပ်ရှုပ်ပုံစံကြီးနှင့်ပင် လက်ထဲက ခြင်းကြီး
လုံးကို ကားနောက်ဘက်ခန်းထဲ တံခါးဖွင့်ကာ ပစ်သွင်းလိုက်
တော့သည် ...။





"ထိုင်ခုံက ... သားရေမဟုတ်ဘဲ ... ရှမ့်ပြင်းစတွေ ဖြစ်နေ
ပြန်ပြီ ..."

"ဘာဖြစ်ဖြစ် ... ညစ်ပတ်ရုံမကလို့ ... စုတ်ကုန်ပလေ့စေ"

ညီနောင်ရဲ့ ဘောက်ဆတ်ဆတ် ငေါက်တောက်
တောက် လေဟန်ကြောင့် ပိုင်နိုင့် မျက်နှာက ပြုံတော့မည့်မိုးလို
ညှိုးကျသွားပါသည် ...။

"ကိုညီနောင် ... ပိုင်နိုင့်ကို တမင်သက်သက် လာဆူပြန်
ဦးမလို့လား ..."

"တမင်သက်သက်မှ မဟုတ်ဘဲ ... မင်း ဘာလို့ ကိုယ့်ကို
အရှောင်ကြီး ရှောင်နေတာလဲ ပိုင်ပိုင် ... အဲဒါ မင်းဘယ်
လောက်ဆိုးထားလိုက်သလဲ ... မင်းကို ကိုယ် ဘာလုပ်မိ
လို့လဲ ... ဖုန်းလည်း မဆက်လာ ... ကိုယ်ဆက်တော့လည်း
မရှိ ... ကိုယ့်ဆီလည်း မလာ ... ကိုယ်က လာချောင်းတော့
လည်း အရိပ်အယောင်တောင် မမြင်ရ ... အဲဒါ ဘာလုပ်နေ
တာလဲ ... ဘာဖြစ်လို့လဲ ... ခုကော... မင်းကို တမင်သက်
သက်ကလေး ... ဆူရရုံလေး ... မနက်အစောကြီးတည်းက
မင်းတို့ခြံရှေ့ကနေ ... လာထိုင်စောင့်နေခဲ့တယ်လို့ ...
ထင်နေလို့လား ..."

"အို ... ကိုညီနောင်က ... ကိုညီနောင်က ဒါတွေ ဘာလို့
လုပ်ရမှာလဲ ... ပိုင်နိုင့်ဆီများ ... ဖုန်းတွေဆက် ... အိမ်
လာချောင်း ... အိုး ..."

www.burmeseclassic.com



"ဘာလို့ မလုပ်ရမှာလဲ ... မလုပ်ဘဲ ပြောတယ်ကော ထင်နေလို့လား"

ညီနောင်က တရှူးရှူး ထွက်နေမိသော ဒေါသစိတ်တို့ကို မျိုချထိန်းသိမ်းပြီး ... "ဗျူး"ခနဲ အသံထွက် အော်လိုက်ပါသည်။ ဒီကလေးမနဲ့ ပတ်သက်မိပြီးကာမှ ဒီလို အသံထွက်ထွက်ပြီး အော်ရပေါင်းကလည်း များပြီ။ တကယ်တော့ ... "ငါ ဒီလိုဖြစ်နေရသလား"လို့ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ကြီး ဖြစ်ချင်နေရတာမျိုး ဆိုရင် မကောင်းဘူးလေ ...။ ကိုယ့်ကိုယ်ကိုယ် အသည်းယားပြီး စိတ်တိုနေလေစရာ ဘာမှမရှိ ...။ ကိုယ်ရွေးချယ်တော့မဲ့လမ်းကို ... ပျော်ပျော်ကြီး လှမ်းဝင်သွားရမှာလေ ...။

မဟုတ်ပါဘူး ...၊ ဟိုကောင်ကလေးနဲ့ ပြုံးရယ်နေကြတာကို မကျေနပ်နိုင်တာ ... ဟုတ်တယ် ... အဓိက,ကတော့ ဒါပဲ ...။ အဲဒါပဲ ...။ ကဲ ... လျှော့ ... လျှော့ ...။

"ပိုင် ... ပိုင်နိုင်တို့အိမ်မှာလေ ... ပြဿနာတွေ ဖြစ်သွားကြလို့ပါ ... လူကြီးတွေကလေ ကိုညီနောင့်ကို မမကိုဝလာကြိုက်နေတာလို့ ထင်နေကြတာ မဟုတ်လား ... အဲဒါ မဟုတ်တော့ဘူးဆိုတာ သိလိုက်ရတော့ ..."

"သြော် ... ပိုင်ပိုင်က ပြောပြလိုက်ပြီပေါ့ ..."

ပိုင်နိုင်က ခေါင်းညိတ်ပြလိုက်သည်။ "မမဖြင့် ... သူ့မာနကို ထိခိုက်လွန်းလို့ ... သတိလစ်ပြီးတော့တောင် လဲကျတယ် ..."ဆိုတာမျိုးအထိတော့ မပြောချင်ပါ ...။ မမက ပိုင်နိုင့်ကို





ဘယ်လို သဘောထားသလဲ မသိရပေမဲ့ ... ပိုင်နိုင်ကတော့ မမကို တန်ဖိုးထားပါသည်။ မမရဲ့ မာနတွေ သိက္ခာတွေကို ထိပါးနိုင်တာမျိုးဆိုရင် ရှောင်ရှားချင်ပါသည် ...။ မမဟာ နဂိုတည်းက စိတ်အေးအေးသမားမို့ ပိုင်နိုင့်ဆိုရင် ညီအစ်မချင်းရယ်လို့ တိုင်ပင်စရာ တိုင်ပင်ဖက် သဘောမျိုး မရှိရတဲ့အထဲ ... အဲဒီကိစ္စ ဖြစ်သွားပြီးလိုက်တဲ့ နောက်ပိုင်းမှာ ပိုပြီးတော့တောင်မှ ခပ်တန်းတန်းဖြစ်သွားသလားလို့ ...။ ပိုင်နိုင့်မှာ ဘာအပြစ်မှ မရှိတာတော့ သူသည်း သိမှာပေါ့ ... ဒါပေမဲ့ ဟက်ဟက်ပက်ပက် ဆက်ဆံချင်ပုံမရတာပါ။

လူကြီးတွေကတော့ ... "မဟာအရှက်တော်တွေကွဲရချည့်"ဆိုပြီး "ဆက်ပေါင်းရဲ ပေါင်းကြည့်"ဆိုတာမျိုးအထိ အားကြိမ်း ကြိမ်းထားကြတာ ရှိတာပေါ့လေ ...။ ပိုင်နိုင့် ကိုယ်ဆိုင်ကလည်း ဆင်ခြင်နေလိုက်တာလည်း ပါတာပါ ...။ အဲဒီတော့ ဘာချောင်းတယ် ဆိုတာလည်း မသိရ ... ဖုန်းဆက်တယ် ဆိုတာလည်း မသိရ ...။ အဲဒီလိုတွေ လုပ်တယ်တဲ့တော် ... အထူးတန်းကြီးတွေကို ဖြစ်လို့ ...။ ကိုညီနောင်ဟာ ပိုင်နိုင့်ကို ပိုင်နိုင်နဲ့ ထပ်တူကို တကယ်ခင်မင်နေတော့တာပဲလား ...။

"ဒါဖြင့်ရင် ... အခု နောက်ထပ်တစ်ခုလည်း ထပ်ပြောပြလိုက်ဦး ... တကယ်ပြောတာနော် ... သူတို့ကို ရဲရဲတင်းတင်း ... ပွင့်ပွင့်လင်းလင်းနဲ့ ပြောကိုပြောပြရမယ် ... မြိုထားတာတွေ ... ကျိတ်လုပ်တာတွေ ကိုယ်မလိုချင်ဘူး"

www.burmeseclassic.com



"ဘာ ... ဘာကိုလဲဟင် ..."

"ပိုင်ပိုင့်ကို ... ကိုယ် ချစ်တယ် ... တစ်နေ့ကျရင် ... ခွင့်တောင်း လက်ထပ်ပြီး ယူချင်တယ် ..."

ပိုင်နိုင့်ထံမှ ... "ဟင်"ဟူသော အသံလေးပင် ထွက်ပေါ်မလာတော့ပါ ...။ ဒီတစ်ခါ မျက်လုံးကျယ်ကျယ်လေးများကတော့ ... ညီနောင့်ဆီကို မဟုတ်ဘဲ ကားဒက်ရှ်ဘုတ်ပေါ်သို့သာ စိုက်ရောက်နေကြသည်။ ညီနောင်က ကားကို လမ်းဘေးသို့ ညင်သာစွာ ထိုးကပ်ရပ်လိုက်လေသည် ...။

"ပိုင်ပိုင် ..."

"မဖြစ်နိုင်တာ ..."

ပိုင်နိုင့်ထံမှ ... ဖျစ်ညှစ်ပြောလိုက်ရဟန် ရှိသော စကားသံလေးများ ခပ်အက်အက်တိုးတိမ်တိမ်ကလေး ထွက်ပေါ်လာကြသည်။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ ပိုင်ပိုင် ... ပိုင်ပိုင့်ဘက်က မဖြစ်နိုင်တာလား"

"ဟင့်အင်း ... ဟင့်အင်း ... မကျိစားပါနဲ့ ကိုညီနောင် ရယ် ... ပိုင်နိုင့်ကို ခင်တယ်ဆိုရင် ... ဒီလိုတော့ မခ နောက်ကောင်းပါဘူး ..."

မိုင်ပိုင်ရယ် ...။ ညီနောင့်မှာ မချိတင်ကဲ ... ရင်နာ ရလွန်းစွာနဲ့ ပိုင်နိုင်ရဲ့ ပခုံးလေးကို ကျူးဖက်ကာ ကိုယ့်ရင်ခွင်ထဲ ဆွဲသွင်းပြီးတော့ နှစ်သိမ့်ပေးလိုက်ချင်စိတ်တွေ ... ပြင်းထန်လာ





ရသည် ...။ ဒါပေမဲ့လည်း ... အယုံအကြည်မရှိစွာ ... တုန်လှုပ်စိတ်မကောင်း ဖြစ်နေရှာတဲ့ ကလေးမကလေးကို ပိုပြီးလန့်ဖျပ် ထွက်ပြေးသွားလောက်တဲ့ အပြုအမူမျိုးတွေ မလုပ်သင့်သေးပါဘူး။ အဓိက,ကတော့ ... ညီနောင့်ကို ယုံကြည်လာနိုင်ဖို့ဆိုတာ ... ကိုယ့်ကိုယ်ကိုယ်ပဲ ယုံကြည်မှုရှိဖို့ အရင်လိုအပ်နေလေတာ ...။

"ပိုင်ပိုင် ... ကိုယ် နောက်နေတာ မဟုတ်ဘူး ... ဒီကိစ္စမျိုးဟာ နောက်နေစရာလည်း မဟုတ်ဘူး ... ကိုယ်ကအဲဒီလိုမျိုး နောက်တတ် ပြောင်တတ်တဲ့ သူတစ်ယောက်ဆိုရင်တောင် ... ပိုင်ပိုင့်ကိုတော့ မနောက်ဘူးကွာ ... ဒါမျိုးနဲ့ နောက်နေတော့ကော ... ဘာအကျိုးအမြတ် ရှိမှာလဲ ... ဘယ်သူ ပျော်ရမှာလဲ ..."

"ကို ... ကိုညီနောင် ... ခုနက ပြောလိုက်တာ ... ဘာ... ဖြစ်တယ် ..."

"ဗျို ... ပိုင်ပိုင့်ကို ချစ်တယ် ... ပိုင်ပိုင့်ကို ကိုယ်ချစ်တယ် ... ဟောဒီက ဒေါ်ပိုင်ပိုင်နိုင့်ကို ကျွန်တော်မျိုးကြီး ညီနောင်ဘွားက သိပ်ချစ်နေတယ်"

"မမကိုတောင် မကြိုက်ဘူးဆိုတဲ့ ... ကိုညီနောင်က ..."

"လာပြန်ပြီ ... လူပဲ ... ကိုယ်ချစ်ချင် ကြိုက်ချင်တဲ့သူကိုမှ ချစ်မှာ ကြိုက်မှာပေါ့ ... ဘယ်သူ့,ကိုတောင် ... တို့၊ ဘယ်ဝါကိုတောင်တို့ ... အတိအကျ သတ်မှတ်ပြဋ္ဌာန်းထားလို့ မရပါဘူး ..."

www.burmeseclassic.com



ပိုင်နိုင်က ရုတ်တရက် ... သူ့မျက်နှာကလေးကို လက်ဖဝါးနှစ်ဖက်ထဲ မှောက်ချကာ ... ကြုံကြုံပါအောင်ပင် အော်ဟစ်ငိုယိုပစ်လိုက်ပါတော့သည် ...။ ညီနောင့်မှာ ရုတ်တရက်ကြီးမို့ ... "ဟာ ... ဟာ ..."နှင့် ... "ဘာလို့ငိုရတာလဲ ..."ဟု တတွတ်တွတ် လိုက်မေးနေမိပြီးမှ ... "ကဲ ... ငိုချင်ရင်လည်း ငိုပစေ ..."ဟု လွှတ်ပေးထားလိုက်တော့သည်။ ငိုငို ... အားရအောင်ငို ...။ ငိုပြီးသွားရင်လည်း ... ဒါက ဒါပါပဲ ကောင်မလေးရာ ...။ ခေါင်းကိုက်ပြီး မျက်နှာကြီး ဖူးယောင်လာမှာကလွဲရင် ဘာမှ ပြောင်းလဲမသွားပါဘူး ...။

ပိုင်နိုင်ကတော့ ... "တဟီးဟီး ..."ကနေ "တဟင့်ဟင့်"။ အဲဒီကမှ ရှိုက်ရှိုက်နေသေးတာလေးတွေ မပြီးမပိုင်နိုင်အောင် ဆက်ရှိနေပြီးမှ ...

"ပိုင်နိုင် သွားတော့မယ် ..."

"ဟာ ... ဒီလိုတော့ မရဘူးလေ ..."

"အိမ်ကိုတော့ ပြန်လိုက်မပို့ပါနဲ့ ... မရဘူး ..."

"ဒါဖြင့် ... ကိုယ်ဖုန်းပြန်ဆက်လိုက်မယ်နော် ..."

"ဟင့်အင်း ... ဟို ... ပိုင် ... ပိုင်နိုင်ပဲ ... ဆက်လိုက်ပါ့မယ် ..."

"သေချာတယ်နော် ... မညာနဲ့ ..."

"မညာတတ်ပါဘူး ..."





"တစ်ချက်လောက် ဝတ္တရားကျေ ကောက်ဆက်ပြီး ... နှစ်ပတ် သုံးပတ် တစ်လ ဆက်တိုက် ပြန်ပျောက်နေတာ၊ အပြီးပျောက်သွားတာမျိုးလည်း မဖြစ်ပါနဲ့ ပိုင်ပိုင်ရယ် ... နော် ...။ လူကြီးတွေကိုလည်း အမြန်ဆုံး ပြန်ပြောပြပြီး ခွင့်တောင်းပေးပါ ... ဟုတ်ပြီလား ..."

"ဟုတ် ..."

"ဟုတ် ... ဆိုတဲ့ အသံလေးကလည်း အိချောက်ချောက်နဲ့ ... တကယ်နော်"

"ဟုတ် ... ဟင့် ..."

"အား ... ကဲ ... ကဲ ... ငိုတော့ ပြန်မငိုလိုက်နဲ့ ... ခုနက တအားငိုထားပြီးပြီဥစ္စာ ... တော်ပြီပေါ့ ... မျက်နှာက ဖြစ်ပျက်နေတာ ... အိမ်ရောက်ရင် မှန်လည်း ပြန်ကြည့်လိုက်ဦး ... ဒါဖြင့် ... ကိုယ်သွားမယ် ... ဖုန်းက နေ့လယ်ကျ ... ဆက်လိုက်မလား ..."

ပိုင်နိုင်က "ဟုတ်"ပင် မဟုတ်တော့ဘဲ ... ခေါင်းလေးပဲ အသာညိတ်ပြပါသည် ...။ ညီနောင်ဘွားက ပိုင်နိုင့်ကို ပြုံးပြုံးလေး တစ်ချက်ကြည့်လိုက်ကာ ...

"ခြင်းတောင်းကြီးတွေလည်း ပြန်ယူပါဦး ... ရော့ ရော့... အဲဒါကြီးတွေထဲမှာ ... ကိုယ့်အချစ်တွေ အပြည့်အသိပ် ဖြည့်ထည့်ပေးလိုက်တယ် ... ကောင်းကောင်းလေး ဆွဲသွား၊ ခေါင်းထဲမှာကျတော့ ... 'ယုံကြည်တယ်'လို့ မှတ်သွားနော်"

www.burmeseclassic.com



ပိုင်နိုင်က ... ခြင်းအလွတ်ကြီးတွေကို ငုံ့ကြည့်လိုက်ကာ ခပ်တိုးတိုး ...

"နေ့လယ်ကျမှ ... ဒါမှမဟုတ် ... နက်ဖြန်လောက်ကျမှ 'ငါနောက်တာ ...'ဆိုလည်း ... ပိုင်နိုင် စိတ်မဆိုးပါဘူး ကိုညီနောင် ... ပိုင်နိုင် ဝအောင် ငိုလိုက်ပြီးသွားပြီပဲ ... ကိုညီနောင်နဲ့အတူ လိုက်ပဲ ရယ်နေနိုင်တော့မှာပါ ... ပျော်မှာပါ"

"ဟာ ... ဗျူး ... ကဲ ... သွား သွား ... မနောက်ဘူး ... လုံးဝမနောက်ဘူး ... ခေါင်းထဲမှာ သေချာမှတ်သွား ... နေ့လယ်ရော ... မနက်ဖြန်ရော ... နောင်တစ်သက်လုံး ကော ... သေတဲ့အထိ ... ကျုပ် ညည်းကိုချစ်တာ ... နောက်တာ မဟုတ်ဘူး ... အစစ်အမှန် တကယ် ..."

ဟား ... တစ်သက်တာလုံး မရိုးမဖြောင့်ချည်းပဲ ရှိခဲ့တဲ့ ... ငလိမ် ညော ဂျပိုးကောင် တစ်ကောင် ဆိုရင်တောင် သူ့ရဲ့"ချစ်စကား"တစ်ခွန်းကို အခု ညီနောင့်လို ကျမ်းကိုင်ကျိန် ရတော့မတတ် ... ပြောဆိုနေရပါ့မလား မသိချေ ...။ ညီနောင့်မှာတော့ လာမည် ... သိသည် ...။ ကြိုသိကို သိသည်။ ကာယကံရှင် မိန်းကလေးပြီးရင် ... သူ့ရဲ့အုပ်ထိန်းသူ လူကြီးများ ...။ အဲဒီ အခါကျရင်တော့ တကယ့်ကို ကျမ်းစာအုပ်ကိုင်ပြီးမှ သွားရမည် ထင်သည်။





ညီနောင်က ပိုင်နိုင့်ကို ..."လူကြီးတွေကို အမြန်ဆုံး ပြောပြ"ဟု အထပ်ထပ်ပင် ပြောလိုက်သော်ငြားလည်း ... တကယ် တမ်းကျတော့ ပိုင်နိုင်က ဘယ်လိုလုပ်ပြီးတော့များ ... ပြန်ပြော ပြရဲရမှာတဲ့လဲ ...။ ပြန်ပြောပြလို့ မဖြစ်နိုင်ဘူးဆိုတာ ... ပိုင်နိုင့် ရင်ထဲမှာ ကျိန်းသေနေသည် ...။

ယုံချင်ပါတယ် ကိုညီနောင်ရယ် ... အော်ဟစ်ပြီး တော့တောင်မှလည်း ဝမ်းသာပေးလိုက်ချင်ပါသေးတယ် ...။ ဣန္ဒြေ မဲ့တဲ့ မိန်းကလေးတစ်ယောက်တော့ မဟုတ်ပေမဲ့ ... တခြားမိန်း ကလေးတွေနဲ့လည်း ဘဝပုံစံချင်း သိပ်မတူလှတဲ့ ပိုင်နိုင်က ... "ပိုင်ပိုင့်ကို ... ကိုယ်ချစ်တယ် ..."ဆိုတဲ့ စကားကို ကြားကြား ပြီးပြီးချင်းမှာတင်ပဲ ... "ပိုင်နိုင်ရောပဲ ..."ဆိုတာ ပြန်သာ မပြော ဖြစ်လိုက်တာ ... ကိုယ့်ရင်ထဲ တစ်ဖက်သတ်ကတော့ သေချာပြီး သွားခဲ့တာပါပဲ ...။

တစ်ခါတည်း ပြန်မပြောလိုက်မိတာလည်း ... ထိန်း ချုပ်နိုင်စွမ်း ရှိလွန်းလှလို့ မဟုတ် ...။ အဲဒီလောက် ကပြောင်း ကပြန်နဲ့ ... ပေါက်ကရနိုင်လှတဲ့ ဖြစ်ရပ်ကြီးမျိုး ... ဤကမ္ဘာမှာ ဖြစ်ပွားလာခဲ့သေးသလား ... ဆိုတာကို ... အငိုက်မိ ... ရှော့(ခ်) ရကာ ... သေချင်သလိုလိုကြီးတောင် ဖြစ်နေမိရတာမို့ ... အဲဒီ စကားက "လွတ်"ခနဲ ထွက်မသွားလိုက်ခဲ့နိုင်တာပါ။

ပိုင်နိုင်လေ ..."မမအတွက်သာ ရည်မှန်းသူ ..."ဆို တုန်းကရော ...၊ "ညည်းမမကို ကိုယ်မကြိုက်ပါဘူး ..."ဆိုတုန်း ကရော ...၊ "ပိုင်နိုင့်ကိုသာ တကယ့်စေတနာမှန်နဲ့ ခင်မင်နေချင်

www.burmeseclassic.com



တာ"ဆိုတာ သိလိုက်ရတုန်းကရော ...၊ ပိုင်နိုင့်ဘက်ကနေ — ဒီလိုလူတစ်ယောက်ကို ... (အထူးသဖြင့်ကတော့ ချစ်စကားပြော ကြားလာဖို့နေနေ ... မိတ်ဆွေသူငယ်ချင်း အဆင့်မျှလောက်မှာယ် မရှိဘူးသော ဒီလိုလူတစ်ယောက်ကို) ကိုယ်ကလည်း ရှုးရှုးမိုက် မိုက်နဲ့ ... (အို ... ပြောပါရစေတော့ ... ရူးတာရော မိုက်တာရော အပြင်အသိဉာဏ် ဦးနှောက်မရှိတာရော ... စိတ်ကူးယဉ်ပေါချာ တတ်တာရော ... ဘာပဲပြောပြော ...) ..."ချစ်သူ"တစ်ယောက် အနေနဲ့ ချစ်မိသွားခဲ့လိမ့်မယ်လို့များ ... ကိုယ့်ကိုယ်ကိုယ် ယောင်လို့ တောင် မထင်ခဲ့မိပါဘူး ...။

ခုကျတော့ ... သူလည်း အရူး ...။ ပိုင်နိုင်လည်း အရူး ...။ သူ ပိုင်နိုင့်ကို ရည်ရွယ်ချက်တစ်ခုခုနှင့် လုပ်ကြံပြော ဆိုတာ ဆိုရင်လည်း ... ရူးလို့ ...။ ဖွဟဲ့ ... ဖွဖွ ... တကယ့်ကို ချစ်မိသွားခဲ့တာပါ ဆိုရင်လည်း ... အရူးတကာ့ အရူး ...။ ပိုင်နိုင် ကတော့ ... ခုဏကယ်ပဲ ချစ်မိပြီမို့ ... ဒီနေ့ကစလို့ ရူးပြီ။

ပိုင်နိုင့် ဘဝဟာ သူနဲ့(ဖွဟဲ့) ဆက်ချစ်ခွင့် ရခဲ့ရင် ဖြစ်ဖြစ် ... အဓိပ္ပာယ်မရှိလို့ ... ကံကြမ္မာနတ်မင်းက မကြည်ဖြူ ကာ ကွဲကြရရင်ပဲဖြစ်ဖြစ် ... ပိုင်နိုင်ဟာ အရူးတစ်ပိုင်း ဘဝထဲ က တက်ရတော့မှာ မဟုတ်ပါ ...။ ဒါပေမဲ့လည်း အဲဒီလို ရူးနေ ရတာ ... ရူးခွင့်ရလိုက်တာလေးကိုပဲ ... ပိုင်နိုင်က သေတဲ့အထိ — တသ,သ ကျေနပ်နေဦးတော့မှာ ဆိုတာလည်း ကိုယ့်ဘာသာသိ နေရပါသည်လေ ...။





ညီနောင်က "လူကြီးတွေကိုပြော"ဆိုပေမဲ့ ... ဖွင့် ပြောရဲမှာ မဟုတ်တဲ့ ပိုင်နိုင် တစ်ယောက် ... ပြောခွင့်လည်းမရ လိုက်ပါ ...။ ပိုင်နိုင် အိမ်ပြန်ရောက်သွားတဲ့အခါ ... လက်ဖက် ရည်ဆိုင်က ကောင်ကလေး စိုးလွင်က ထွန်းတင့်နိုင်ဆီ ... ဖုန်း ကြိုဆက် အကြောင်းကြားကာ တိုင်တန်းထားခဲ့ပြန်ပြီမို့ ... ထွန်း တင့်နိုင်မှာ ... စိတ်ပျက်ဒေါသတို့နှင့် ခြံဝထိထွက်ကာပင် မျှော် နေမိချိန် ဖြစ်နေပါသည် ...။ ဒီတစ်ခါတော့ ... အရင်းဘက်ပါ ကာ ... တစ်ဝမ်းကွဲကို ဖိနှိပ်တယ်ပဲ ပြောပြော ...

"ကိုယ့်အိမ်မှာ ဒီလောက် ပြဿနာကြီးထားကြ တာ ... နင် ထပ်မပတ်သက်ရရင် ဘာဖြစ်သွားမှာမို့လဲ ... အဲဒီ လောက် အသိဉာဏ်ကင်းမဲ့ရသလား ..."ဆိုပြီး ... "ကားပေါ်တက် လိုက်သွားပြန်ပြီ ..."ဆိုတဲ့ ညီမငယ်ကို ... နားပန်တစ်ချက် လောက် ကျင်းပစ်လိုက်ဖို့ အထိပင် ... ထွန်းတင့်နိုင်က စဉ်းစား ထားပြီး ... စောင့်နှင့်နေသည်။

သို့သော် ... လမ်းပေါ်မှာ ခြင်းကြီးနှစ်လုံးကိုင်ဆွဲ ကာ တလှုပ်လှုပ်နှင့် လမ်းလျှောက်လာရင်း ... ပါးပြင်နှစ်ဖက် ပေါ်မှာလည်း မျက်ရည်စီးကြောင်းကြီးတွေနဲ့ ...၊ မျက်နှာတစ်ပြင် လုံးကလည်း နီရဲထူအမ်းလို့ ... အသံမထွက်ဘဲ မျက်ရည်ကျလာ ပုံရတဲ့ ညီမငယ်ကို လှမ်းမြင်လိုက်ရတဲ့အခါ ... ဆူမဲ့ ရိုက်မဲ့ အတွေးတွေ ချက်ချင်းပျောက် ...။

www.burmeseclassic.com



"ဟိုက် ... ဘာများ ဖြစ်လာပြီလဲ ..."ဟု စိုးရိမ် ပူပန်စိတ်က ငယ်ထိပ်မှာပင် တက်မွန်သွားရတော့သလိုပါ ...

"ပိုင်နိုင် ... ပိုင်နိုင် ... နင် ဘာဖြစ်လာသလဲ ... ဟို

အကောင် ... ဟိုအကောင် ... နင့် ... နင့်ကို ... ဘာလုပ် ..."

ပိုင်နိုင်က အနားသို့ ရောက်လာသည့် အစ်ကိုဖြ သူရဲ့ခါးကို ကျုံးဖက်ကာ ... ရင်ဘတ်ထဲ မျက်နှာထိုးဖွက်ပ လိုက်ရင်း ...

"သူ ... သူက ... ပိုင်နိုင့်ကို ချစ်တယ်လို့ ... ပြောလိုက် လို့ ... ကိုကြီး ..."

"ဟာ ..."

ထွန်းတင့်နိုင်က လမ်းမကြီးပေါ်မှာ သရုပ်ပျက်လျှ သည့် ညီမငယ်ကို သူ့ရင်ခွင်ထဲမှနေ၍ တွန်းခွာပစ်လိုက်သည်။ ကျွတ် ... စံပါပဲကွာ ...။ ဘယ်လိုကောင်လဲကွာ ...။

သို့သော် ... ညီနောင်ဘွားကို မြင်လည်းမြင်ဖူးပြီး သား ...၊ ကိုယ်တိုင်လည်း တည်တံ့သည့် စိတ်ထားရှိသော ယောက်ျားတစ်ယောက်ပင် ဖြစ်တဲ့ ထွန်းတင့်နိုင်က ... ထိုစကား ထိုအဖြစ်ကို တစ်ခွန်းကြားရုံနှင့် တစ်ခါတည်းကို တန်းပြီးယုံကြည် လေသည် ...။ စံပဲကွာ ... "တင်သီနိုင့်ကို မကြိုက်ပါဘူး ... ဆိုတဲ့ အကောင်က ... ပိုင်ပိုင်နိုင့်ကိုကျမှ ... ချစ်ပါသတဲ့ ... တကယ့်ကောင်ပဲ ...။





"ကဲ ... ကဲ ... သွား သွား ... အိမ်ထဲဝင် ... လူမြင်မ ကောင်း သူမြင်မကောင်း ... နင်လုပ်ခဲ့ပုံနဲ့ပေါ့ ... ဟို ကောင်လည်း ခုလောက်ဆို အိမ်မှာ ကျွမ်းပြန်ထိုးနေရတော့ မယ်မှန်း သိနေလောက်ပါပြီ ... သွား ... လူကြီးတွေ မမြင်ခင် မျက်နှာသစ်ပစ်လိုက်ဦး ... သူတို့ကိုတော့ ငါပဲ ကြည့်ပြောပေးမယ် ... ပေးစမ်းပါ ... နင့်ခြင်းကြီးတွေက ငါကိုင်ခဲ့ပါ့မယ် ..."

ပိုင်နိုင်က ခြင်းတောင်းနှစ်လုံးကို ဆွဲယူထပ်ပြီး ကိုင်ပစ်လိုက်သည့် ထွန်းတင့်နိုင်ရဲ့ လက်ထဲမှ ... "ဟင့်အင်း ... ရတယ် ..."ဆိုပြီး ... ချက်ချင်း ပြန်လုကာ ... သပ်သပ်စီ တစ် လုံးစီ ဖြစ်သွားအောင် ... ပြန်ခွာပစ်လိုက်ပါသည် ...။ (ဒီခြင်း တွေထဲမှာက ... လူမမြင်နိုင်တဲ့ သူ့ချစ်ခြင်းတွေ အပြည့်အသိပ်နဲ့ လေ) ခြင်းတောင်းတစ်လုံးစီကို ခပ်ရွရွကလေးတွေ (ရတနာရွှေထုပ် တွေလို) တယုတယ 'ဆွဲကိုင်သယ်ဝင်သွားတာကို ကြည့်ရင်း ထွန်းတင့်နိုင်က ခေါင်းကြီး ယမ်းခါကာ ကျန်ရစ်ရလေတော့ သည် ...။

ညီမငယ်ကလည်းပဲ ရူးပေါပေါစိတ်နဲ့ ဆိုရင် ... အဲသလို ... "တကယ့်ကောင်"မျိုးနဲ့မှပဲ ဖြစ်မှာပါ ...။

www.burmeseclassic.com

"အဲဒါတကယ်လည်းပဲ ဖြစ်ချင်ဖြစ်နေမှာဟဲ့ ... ခုတလော အိမ်ကိုလာနေတဲ့ ဖုန်းတွေ ... ငါချည်းကိုင်တာ ... ယောကျ်ား သံနဲ့ ... အဲဒီ ကြက်ချေးမကို ခေါ်တာချည်းပဲ ... ဟိုကခဲ ဖုန်းတကျည်ကျည် ဆက်နေတာနော် ... သူ့မှပဲ ... ချစ်လှ ပါချည့်ဆိုတာ ... တကယ်ပဲ ဖြစ်နေမလား"

"ဖြစ်နိုင်မလား ... စဉ်းစဉ်းစားစားလည်း ပြောပါဦး ... တင်သီလို မိန်းကလေးမျိုးကိုတောင် 'မကြိုက်ပါဘူး' ဆို တဲ့ ဖင်ခေါင်းကျယ်ကျယ် မာနကြီးကြီး ကောင်မျိုးက ... ဒါ အကြံအစည် တစ်ခုခုတော့ ရှိရမယ် ... ဒီမိသားစု ... ဒုက္ခရောက် အရှက်ရပါစေ ... ဆိုတဲ့ စိတ်နဲ့ ချိုးချင်တာ များလား ... ဒီလိုဆိုရင်တော့ အဲဒီကောင်ဟာ ... ချစ်ပါ တယ်ဆိုရုံလောက်ကလေးနဲ့ က,မှာမဟုတ်ဘူး ... သတိ သာ ထားနေကြ ..."

"ဟယ် ... အလကားနေရင်း ချိုးချင်နေရအောင် ... ငါ တို့က သူ့ဘာလုပ်ထားလို့တုန်း ... သူကသာ တင်သီလေး ကို ပစ်ပစ်ခါခါ [illegible]းလို့၊ ငါတို့က နာကြည်းရမယ့်ဆို ဟုတ်တုတ်တုတ်





"ဪ ... အစ်မကလည်း ... ရိုးနေပြန်ပါပြီ ... သူ့ကို အစ်ကိုက အော်ငေါက် မောင်းထုတ်ထားတာတွေ ဘာ တွေ ရှိတယ်လေ ... 'ငါလိုကောင်ကိုများ' လို့ ငြိုးရင် ငြိုး ထားခဲ့မှာပေါ့ ..."

"ဟဲ့ ... ဒီလောက်ကလေးနဲ့ အဲသလောက် ငြိုးစရာရှိ သလား ... ငြိုးခဲ့တယ် ဆိုရင်တောင် ... 'လာလည်ကြပါ' လို့ တင်သီနဲ့ လမ်းဖွင့်ပေးထားတုန်းက လာချိုးမှာပေါ့ ... ပြောထားတာက "တင်သီနဲ့ မတန်ဘူး" လို့ ပြောထားမိ တာပဲဟာ ... ချိုးချင်းချိုး ... တင်သီပဲ ပြန်ချိုးချင်မပေါ့ ... အဲဒီတုန်းကတော့ လာမချိုးဘဲ ... ခုမှ ... သူများတွေ မယုံမကြည်ကြီး ဖြစ်ချင်စရာ ဇာတ်လမ်းမျိုးနဲ့မှ ... ချိုးဖို့ ကြံပါ့မလား ..."

"ဘာပဲဖြစ်ဖြစ် ယုံချင်စရာကို မရှိဘူး ... ဘယ်နည်းနဲ့မှ ကို မဖြစ်နိုင်ဘူး ... ဘယ့်နှယ်လဲ ... လူတွေကို အရူးတွေ မှတ်လို့ ... အဲသလိုပြောတိုင်း ... 'ဟာ ဟုတ်တယ်ထင် တယ် ...' လို့ ဟဲ ဟဲ ဟဲ နဲ့ ထရူးရလောက်အောင်တော့ မဟုတ်သေးဘူးဟ ..."

ဒေါ်လေးကြီးနဲ့ ဒေါ်လေးငယ်တို့ရဲ့ အငြင်းအခုန် ကားဝိုင်းက ခပ်တိုးတိုးလည်း မဟုတ်တာမို့ ... ပိုင်နိုင်ရဲ့နား ထဲ လိုမှ့လို့သာ ဝင်လာနေပါသည် ...။

www.burmeseclassic.com



"အကြီးနဲ့ လွဲပေမဲ့ အငယ်နဲ့တော့ ရနိုင်သားပဲဟဲ့ ... လို့ စိတ်ကူးတွေလည်း ယဉ်မနေချင်နဲ့ အစ်မရေ ... တင်သီ ကလေးလည်း နည်းနည်းပါးပါး အကဲလေး ဘာလေး ခတ်ကြည့်ချေဦး ... သူ့ မကြိုက်ပါဘူးဆိုတဲ့ အကောင်က ... ခု ပိုင်ပိုင်နိုင်နိုင်ကျမှ 'ချစ်ပါတယ်'ဆိုတော့ ... အစ်မ တူမ အကြီးရဲ့မာနနဲ့ ... အဆိပ်သောက်သေရင်တောင် သေနိုင်တယ် ... စောင့်ကြည့်နေ"

ဒေါ်လေးငယ်က မမတင်သီနိုင့် အပေါ်မှာ ... အချစ်ပိုကို ပိုလှသည့် ဒေါ်လေးကြီးရဲ့ အညှာကို ကိုင်လှုပ်ဖစ် လိုက်ပါသည်။ ထိုအခါတွင်မတော့ ... "ဖြစ်ချင်လည်း ဖြစ်နိုင် နေမှာပဲ ..."ဟု ဒိုင်ခံပြန်ငြင်းပေးနေခဲ့တဲ့ ဒေါ်လေးကြီးရဲ့ စကား သံတွေလည်း ချက်ချင်းဖင် တိတ်ဆိတ်ကာ ပျောက်ကွယ်သွားပါ တော့သည် ...။ ပိုင်နိုင်မှာ ကိုယ်ကိုယ်တိုင်က မယုံမရဲစိတ် ... "ဖြစ်နိုင်ပါ့မလား"ဆိုသည့် အတွေးတို့နဲ့ အိပ်ပျက်နေရပြီ ဖြစ် သော်လည်း ... "ဒေါ်လေးငယ်က ဘာကြောင့် အဲသလောက် အထိ ... ဆတ်ဆတ်ခါခါ မယုံကြည်နိုင်ကြီး ဖြစ်နေရတာလဲ ..." လို့ ဝမ်းပန်းတနည်းပင် သိချင်နေမိပါသည် ...။

မယုံဘူး ... ဆိုရင်လည်း ... မယုံဘူး ... မဖြစ်နိုင် ဘူး ... အေးအေးဆေးဆေးပေါ့နော် ... ခုဟာကတော့ ဘာကိုမှ ဒီလောက် ဒေါသတွေလည်း ထွက်နေသလိုလို ဖြစ်နေရတာလဲ လို့ ...။ မယုံရင် ကိုယ့်ဂဲကိမ်ဓမောင်းကိုယ် လက်သည်းနဲ့ ဆိတ်





ဆိတ်ကြည့်နေပေါ့ ...။ ဘယ်ညာလက်ဖျံနှစ်ခုစလုံး လက်သည်း ကွင်း အရာတွေနဲ့ ပွထသွားတဲ့အထိ ဆိတ်နေပေါ့ ...။

"ယုံကြည်တယ် ... မယုံကြည်ဘူး ... ဖြစ်နိုင်တယ် ... မဖြစ်နိုင်ဘူး ဆိုတာက ဒီကိစ္စမှာ အဲသလောက်ကြီး အဓိက မကျလှဘူး ... ဟိုက တကယ်မပြောလိုက်ဘဲနဲ့ ... ပိုင်နိုင်က အရူးထပြီး လိမ်ညာပြောထားတာမျိုးလည်း မဖြစ်နိုင်ဘူး ... ဆိုတော့ကာ ... ဒီမိန်းကလေးတစ်ယောက် ကို 'ချစ်ပါတယ်'လို့ ဖွင့်ပြောထားပြီးသား ယောကျ်ားတစ် ယောက်ဟာ ... သူ့ရင်ထဲ ဘာရှိရှိ ... ခဏကြာကျရင် 'အိမ်လာလည်ပါရစေ'ဆိုတာမျိုး ဖြစ်လာတော့မယ် ..."

"အဲ ... ဟုတ်တယ် ... အစ်ကိုပြောတာ ဟုတ်တယ် ... အဲဒီလိုသာ လာ,လာနေလို့ကတော့ တင်သီလေးနဲ့ တစ် နေ့မဟုတ် တစ်နေ့တွေ့ကြတော့မှာပဲ ... ကြည့်စမ်းပါဦး ... တင်သီက ဘယ်လိုမျက်နှာကြီးနဲ့ နေ,နေရမှာလဲ ..."

"ငါ ပြောတာက အဲဒါလည်း ပါတယ် ... အဓိက,က အချက်နှစ်ချက် ရှိတယ် ... နံပါတ်တစ်က နင်ပြောသလို ... တင်သီ အရမ်းစိတ်ဓာတ်ကျသွားမဲ့ကိစ္စ ရှိတယ် ... ငါတို့ မှာက တင်သီအတွက် ... ဒါမဟုတ်ဒါ ... ဆိုတဲ့ ရှေ့ လျှောက် အစီအစဉ်တွေ အများကြီး ဆက်ထားနေရဦး မှာ ... ဒီလိုကိစ္စမျိုးမှာ တင်သီ အရမ်းစိတ်ဓာတ်ကျသွား ပြီး ... 'အိမ်ထောင်မှုကို စိတ်မဝင်စားတော့ပါဘူး'ဆိုတာ

www.burmeseclassic.com



မျိုးလောက်ထိ ဖြစ်မသွားစေဖို့ … ဒါက နံပါတ်တစ် အရေးကြီးတယ် …”

“ဟုတ်တယ် …”

“နံပါတ်နှစ်ကတော့ … ဒီကောင်ဟာ … အကြံအစည်တစ်ခုနဲ့ မဟုတ်ဘဲ … တစ်လွဲဆံပင်ကောင်းပြီး အရှုးထမိတာ ဆိုလို့ရှိရင် … အဲဒီလို လာ,လာနေပြီး … တင်သို့လို ထိုက်ထိုက်တန်တန် မိန်းကလေးနဲ့ အမြဲပြန်တွေ့နေရရင် … သူ လွတ်ခနဲ အရှုးထမိတာကို အချိန်ကိုတိုနဲ့ နောင်တ ပြန်ရသွားတော့မှာပဲ …”

“ဒါလည်း ဟုတ်တယ် …”

“ခုနက နင်ပြောသလို … အကြီးနဲ့ လွဲပေမဲ့ အငယ်နဲ့တော့ ရသေးသားပဲဟဲ့ … လို့ ပျော်မနေနဲ့ ဆိုသလိုပဲ … ဒီကိစ္စ ဟာ တည်မြဲမဲ့ကိစ္စကို မဟုတ်ဘူး … ဒီသူဌေးပဲကို တူသမက် တော်ရတော့မလိုလို ဘာလိုလို ဂုဏ်ပြန်ပေမဲ့ … အငယ်မနဲ့ ဆိုရင်တော့ … အနေးနဲ့အမြန် … ပျက်ကိုပျက်မဲ့ကိစ္စ … လက်ဆုပ်လက်ကိုင် စိတ်ချထားလို့တော့ လုံးဝမဖြစ်နိုင် ဘူးဆိုတာ ငါတို့ခေါင်းထဲ ထည့်ကို ထည့်ထားရမယ် …

ခု … မိနေသလိုလို ရှိပေမဲ့ ခဏကြာကျ ပြန်လွတ် ကို လွတ်နိုင်တဲ့ အဲဒီငါးကြီးရဲ့ ကြီးပုံကြီးနည်းကတော့ … ငါ နင်တို့ကို ထပ်ပြောရင် နင်တို့ ပိုစိတ်တိုလာဖို့ပဲ ရှိ မယ် … ငါ ထပ်,ထပ် သိလာရတာတွေ အများကြီးရှိ





သေးတယ် … သူ့အသိုင်းအဝိုင်း ဆိုတာကြီး တစ်ခုလုံးက လည်း သူ ပြီးရင် ပြီးတာပဲဆိုတဲ့ အဆဲကပဲ …”

“အဲဒီတော့ အစ်ကိုက ဘာကို ဆိုလိုချင်နေတာလဲ … မရှင်းဘူး …”

“ခုဒီကိစ္စကို ထပ်ခါတလဲလဲ စကားထဲ ထည့်မနေကြနဲ့ … မှိန်ဖျောက်ပင်လိုက်ရမယ် … အရှုးထပြီး လွတ်ခနဲ ယောင် ထွက်မိတာ … နောက်တာ … ဒါမျိုးပဲရှိစေရမယ် … နင်တို့ ခေါင်းထဲမှာ ထည့်ထားကြ … အငယ်မနဲ့ ဆိုလို့ကတော့ မြဲမှာကိုမဟုတ်ဘူး … အကြီးမနဲ့မှပဲ သေချာမှာ … ဒါပဲ …”

စကားဝိုင်းက ခေတ္တ အသံတိတ်သွားကြတာနဲ့ ထပ်တူ … ပိုင်နိုင်သည်လည်း ပါးစပ်လေး အဟောင်းသားဟကာ အံ့သြငြိမ်သက် တွေဝေသွားမိပါသည်။ ဦးလေးဟာ ယခုအချိန် ထိ … မလျှော့နိုင်သေးဘူး …။ ဘာတွေကို သူ့ခေါင်းထဲ ဆက် ထည့်ထားဆဲ ဖြစ်ပါသလဲ …။ သူ့ရဲ့ မပြီးဆုံးနိုင်တော့သော အကြံဉာဏ်များက ဘာပါလဲ …။ ဒါမှမဟုတ် … မမကိုယ်တိုင်က လည်းပဲ … ကိုညီနောင့်ကို စိတ်ပါလက်ပါ စိတ်ဝင်တစား ရှိမိ သွားပြီ … ဟု ဦးလေး ယူဆလို့များ၊ ဒါမှမဟုတ် သိကိုသိရှိ ထားလို့များ … ခုလိုအချိန်မျိုး ရောက်ပြီးတဲ့အထိ … “မြဲမှာ မဟုတ်တဲ့ကိစ္စကို မှိန်ဖျောက် ….”…။ “မမနဲ့မှ မမနဲ့ပဲ …”ဟု သူ့ရည်မှန်းချက် ပန်းတိုင်ကို ဖွဲ့ဆက်မလျှော့ချင်ဆဲ … ဖြစ်နေတာ ပါလား …။

www.burmeseclassic.com



ဝမ်းနည်းဖို့ သိပ်ကောင်းတာပါပဲ ...။

ပိုင်နိုင်က ... "အပြင်တွေ ဘာတွေ ... လတ်လျား လတ်လျား ထွက်ပြုနေမယ် မကြံနဲ့ ... စည်ကမ်းရှိရှိ ... အထက်တန်းကျကျ သင်ပြည့်ဆွန်ပြထားတဲ့ ... လူကြီးမိဘ အုပ်ထိန်းမှု အောက်က မိန်းကလေးပီပီ ... ဣန္ဒြေနဲ့နေ ... မျက်စိနောက်လာရင် အသေကို သတ်ပစ်မှာ ... ကြားသလား ..."ဟု ခြိမ်းခြောက်သတိပေးခံထားရတဲ့ ကြွားတည်းကပင် ... အိမ်ကနေ တိတ်တိတ်ကလေးပဲ ... အပြင်ထွက်လာခဲ့မိပါတော့သည် ...။

ဟင်း ဟင်း ... ဟိုအရင်ကများဆို ... ပိုင်နိုင်ဟာ ဒီလို "အပြင်မထွက်ဖို့ ..."အတားခံထားရတဲ့ မိန်းကလေးမျိုးမှ မဟုတ်ခဲ့တာပဲ ...။ ကိုယ့်ခြံရှေ့မှာ ကာလသားကောင်ကလေးတွေ အုပ်လိုက်ကြီး လာစုနေကြတဲ့ အချိန်ပဲ ဖြစ်ပါစေ ...။ ညကြီးအချိန်မတော် သန်းခေါင်ဖြစ်ဖြစ် ...၊ မိုးလင်းစ အရုဏ်ချိန်ဖြစ်ဖြစ် ... အပြင်ထွက်ဖို့ကို အမြဲသင့်လျော်တဲ့ မိန်းကလေးပဲ ...။ မမကိုသာလျှင် ... စောင်နဲ့အုပ်၊ တောင်းနဲ့အုပ်၊ သံကွန်ချာခုနစ်ထပ်နဲ့အုပ်၊ အပြင်မထွက်လေ ... လူမမြင်လေ ... ဂုဏ်တက်လေ။ စည်းကမ်းရှိရှိ၊ အတက်တန်းကျကျ သွန်သင်ညွှန်ပြမှုတွေဟာ ... အခြေအနေ အချိန်အခါ တစ်ခုမှာကျတော့ ... ပြောင်းလဲလို့သွားခဲ့ကြတယ်ပေါ့ ... ဟား ဟား ...။

ပိုင်နိုင်က (၁၀)မိုင်၊ (......)ရပ်ကွက်မှာရှိတဲ့ အမေ့ အမျိုးများဆီသို့ အရောက်သွားလိုက်ပါသည်။ ပိုင်နိုင် ကြီးပြင်း





လာမှ ကိုယ့်ဘာသာ ပြန်လည်ရှာဖွေ ဆက်သွယ်ယူခဲ့ရတဲ့ အမေ့ အမျိုးတွေဟာ ... ပိုင်နိုင့်ကို သူတို့ရဲ့ အမျိုးအဆွေတစ်ယောက် ရယ်လို့ ... ချစ်ကြ၊ ခင်ကြတဲ့အပြင် ...၊ ဦးလေး အဒေါ်တို့ဘက်က အလိုလိုနေရင်း ... အလကားနေရင်း ... "မတူမတန်"ဟု ဂုဏ်မြင့်အော်ဟစ်ထားကြတဲ့အတွက် ... ပိုင်နိုင်ကပဲ သူတို့ထက်နေရင်းထိုင်ရင်း အဆင့်တစ်ဆင့် ပိုမြင့်နေသလိုလို ... ခပ်ရှိန်ရှိန်ကလေး အလေးထား ဆက်ဆံတတ်ကြသူတွေလည်း ဖြစ်ပါသည်။

တကယ်ဆို ... ခုထက်ထိရော ရှေ့လျှောက်ပါ ဘာအလုပ်အကိုင်မှ မယ်မယ်ရရ မရှိ ... ဘိုးဘွားအမွေ ရောင်းချထိုင်စား လုပ်နေကြတဲ့ ဦးလေး အဒေါ်တို့နဲ့ ... မွေးမြူရေးလုပ်ငန်းတွေကို အကြီးအကျယ် လုပ်ကိုင်နေကြတဲ့ အမေ့အမျိုးတွေနဲ့... လက်ထဲ လှည့်လည်သုံးစွဲနေကြသော ငွေကြေးပိုက်ဆံ၊ ပစ္စည်းပိုင်ဆိုင်မှုတို့ကို တစ်ကျပ်တစ်ပြားကအစ ရေတွက်ကြည့်ကြရင် ဘယ်သူက အပုံကြီးသာနေကြမယ် ထင်လို့လဲ ...။ သူတို့လို ... ရပ်ကွက်သင့်သင့်တစ်ခုမှာ ... အိမ်နဲ့ ခြံနဲ့ ... ကားစုတ်တစ်စီးနဲ့ ဆိုတာမျိုးတော့ ... လူမြင်ပိုတင့်တယ်မနေနိုင်ဘူးပေါ့နော် ...။

သို့သော်လည်း အမေ့အမျိုးများဟာ ... ပိုင်နိုင်မို့ဆိုရင် ... (သူတို့ကပဲ ပြန်ကူညီထားရသေးတာတွေ ရှိနေရှိခဲ့တာတောင်မှ) သူတို့နဲ့ ဂုဏ်ရည်မတူတဲ့ ... အမြင့်ထဲကလိုလို ...။ အိမ်မှာဆို "ကြက်ချေးမ"ဖြစ်တဲ့ ပိုင်နိုင်ဟာ ... အဲဒီရောက်ရင်ပဲ ... "ရွှေမင်းသမီး"လိုလို ...။ ဟား ဟား ...။ တစ်ခုရှိတာက

www.burmeseclassic.com



သူတို့တွေဟာ မျိုးနဲ့ ရိုးနဲ့ ချိုလို့ ... တစ်မျိုးလုံး ... တစ်ယောက်မှ အချောအလှမပါ ...။ "ကြည့်ကောင်းပါတယ်"လို့ အားနာနာနဲ့ ပြောရဖို့ပင် မရှိ ...။ ပိုင်နိုင့် အမျိုး ... လို့ မပြောလည်း သိသာစွာ ... မေးတေး၊ ပီပြား၊ ထူအမ်း၊ ညိုမှောင် ... စတဲ့ အချက်အလက်များနဲ့ ပြည့်စုံကြသူချည်းလေ ...။

ခုလောလောဆယ် အဓိက ပြဿနာကလည်း အဲဒီ"ရုပ်ရည်ရူပကာ"ပဲဆိုတော့ ... ပိုင်နိုင်က ... ရုပ်ဆိုးတို့ရဲ့ ကောက်ချက်ကိုလည်း လိုချင်၊ ကြားချင်လှပါသေးသည်လေ ...။

ဟိုရောက်တော့ ပိုင်နိုင်နဲ့ အသက်အရွယ် မတိမ်းမယိမ်းမျှ ဖြစ်သော်လည်း ... အိမ်ထောင်ရက်သားတွေ ဘာတွေကျကာ ... ကလေးတစ်ယောက်အမေပင် ဖြစ်နေပြီဖြစ်သော ... ဝမ်းကွဲအစ်မက ... အလုပ်ခွင်အတွင်းမှပဲ ဝမ်းသာအားရ ဆီးကြိုကာ ...

"ပိုင်နိုင်ရေ ... လာ လာ ... ဝမ်းသာလိုက်တာ ... ဒီလိုလည်း မကြာခဏဆိုသလို ... တစ်ဖြုတ်လောက်တော့ ပေါ်လာဦးမှပေါ့ ... အမေကတောင် ပြောနေသေးတယ် ... မမြင်ရတာကြာလို့တဲ့ ... လာ လာ ... အဆင်ပြေနေလား ..."

အမေ့အမျိုးများဟာ ပိုင်နိုင် လူမှန်းမသိသေးခင်အရွယ်လောက်က ... အုပ်ထိန်းသူ ဦးလေး အဒေါ်များဆီ ရောက်နေတယ် ... ဟု သတင်းကြားနှင့်ပဲ လိုက်ချလာကြကာ ... အမေလည်းမရှိတော့ချိန်မှာ ... သူတို့ကို ပေးလိုက်ဖို့ ... သူတို့ဆီ





ဆက်ကြည့်ရှု စောင့်ရှောက်အုပ်ထိန်းခွင့် ရစေဖို့ ... လာတောင်းခဲ့ကြဖူးပါသတဲ့ ...။ အဒေါ်တို့ ဦးလေးတို့က "မတူမတန်တွေ လက်ထဲ"ဟု ဆတ်ဆတ်ခါကြကာ ... ငြင်းထုတ်ပစ်လိုက်ကြတာ ... ဟု ကြီးလာမှ ပြန်သိရသည် ...။

အဲဒီကတည်းက ပြတ်တောက်သွားလိုက်ကြတာ ... ပိုင်နိုင်က ပြန်ရှာဆက်သွယ်တော့ ဝမ်းသာလုံးတွေဆို့လို့ ...၊ ချစ်ခင်ကျူညီလို့ ...၊ ပေါ်မလာတာ ကြာရင် ဝမ်းနည်းစိတ်တိုလို့ ...၊ သူတို့သားသမီးများနှင့် ယှဉ်ကာ ... ပိုင်နိုင်ကပဲ တအားကြီး ပိုအဆင့်မြင့်နေသယောင်ယောင်နဲ့ ... "အဲဒီတုန်းက ထည့်မပေးလိုက်ကြတာတောင် ... ကျေးဇူးတင်ရဦးမယ် ..."ဟု မုဒိတာတွေ ပွားလို့ ...။

အမှန်မှန်ကတော့ ... ဦးလေး အဒေါ်များနှင့် ရန်ဖြစ် စိတ်နာကြလေတိုင်း ... ပိုင်နိုင်က ... "သူတို့ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ခွင့် ရနေသော အမွေကိစ္စဆိုတာတွေ ... တစ်နေ့မှာ ရှုပ်ထွေးတောင်းဆိုလာနိုင်တာမို့များ ... ထည့်မပေးလိုက်ကြတာ ဖြစ်မလား ..."ဟု နစ်နစ်နာနာကြီး တွေးပစ်တတ်မြဲ ...။ တကယ့် တကယ်ကတော့ ... တစ်ချက်မှ ပြန်လှည့်မကြည့် .. ပေါ်မလာတော့ပေမဲ့ ... တစ်ထောင့် တစ်နေရာကနေ ... စောင့်ကြည့်ချင် ကြည့်နေဦးမည်ဖြစ်သော ... ဖေဖေ့ကို လန့်ကြတာလည်း ပါပါလိမ့်မည် ...။

"အဆင်ကတော့ မပြေဘူး ..."

www.burmeseclassic.com



"ဟယ် ... နင့်ကြက်တွေ ဘာဖြစ်ကုန်ပြီလဲ ..."

"ဟာ ... ကြက်တွေက အသာထားစမ်းပါ ..."

"ဘာဖြစ်လာတာလဲ ... အမေတို့ ကြီးတော်တို့နဲ့ သွားတွေ့လိုက်ချေဦး ..."

"ပြီးမှ သွားမယ် ... အစ်မနဲ့ စကားပြောစရာရှိတယ် ..."

အစ်မက ခြေနင်းစက်နဲ့ နှားစာတွေ စဉ်းနေရာက ရပ်ပစ်လိုက်ပြီး လက်ဆေးရေသုတ်ကာ ... ပိုင်နိုင့်နားသို့ ရောက်လာသည် ...။

"ဒီမှာ ... အစ်မလေ ... ကိုယ့်ရုပ်ရည်နဲ့ ပတ်သက်ပြီး ဘာတွေ ခံစားဖူးသလဲ"

"ဟဲ့ ... ဘာလဲဟဲ့ ..."

အစ်မက ခဏမျှ စဉ်းစားပြီးလျှင် ... "ဘာဖြစ်ရမှာလဲ ... ငါတို့က လှတော့ မလှဘူးလေ ... ဒါပေမဲ့ ငါတို့တစ်မျိုးလုံး ဒီလိုပဲလေ ... ဘာဖြစ်လဲ ... မထူးဆန်းလှပါဘူး ..."ဟုဖြေသည်။

"မလှချင်ဘူးလား ..."

"ဟား ဟား ... နန္ဒာလှိုင်လို ရုပ်မျိုး ဖြစ်ခွင့်ရမယ်ဆိုရင်တော့... မဖြစ်ချင်တဲ့သူ ဘယ်သူရှိမှာလဲ ပိုင်နိုင်ရဲ့ ... ဟဲ့ နင် ငါ့ကို မှန်မှန်ပြောစမ်း ... နင့်ပုံစံက မဟန်ဘူး ဒါမျိုးဖြစ်တတ်တာ ... ရည်းစားသနာကိစ္စနဲ့သာ ဆိုင်တတ်တာမျိုးပဲ ... နင် ရည်းစားတွေ ဘာတွေ တွေ့နေပြီလား နင့်ကောင်လေးက နင့်ဘာပြောလို့လဲ ... အမယ် ... ညီမက ငါတို့လောက်မှ ရုပ်မဆိုးတာကြီး"





"ဖေဖေ့သွေးကလေး နည်းနည်း ဝင်ကယ်လိုက်လို့ ဖြစ်မှာပေါ့ ..."ဟု တွေးမိလျှင် ပိုင်နိုင်သည် အမေတို့ ညီအစ်မတွေဖြစ်သည့် ကြီးတော်နှစ်ယောက်လုံးရဲ့ ယောကျ်ား ...၊ ဘကြီးတို့ရဲ့ ရုပ်ရည်တွေဆီ အတွေးက ရောက်သွားရပါသည် ...။ ဟင် ... ဆိုးလိုက်ကြတာ ...။ ကြီးတော်တို့နဲ့ အပြိုင်ပဲ ...။ အဲဒီတော့ သူတို့ကနေ မွေးဖွားလာကြတဲ့ သားသမီးတွေကကော ...။ ကြီးတော်အကြီးရဲ့သား သုံးယောက်စလုံး ... "ကိုရုပ်ဆိုး"တွေချည်း ...။ ကြီးတော် အငယ်ရဲ့ သမီးတစ်ယောက် သားတစ်ယောက်ကကော ... ဘာထူးလဲ ... "ကိုရုပ်ဆိုး"နဲ့ ... "မပုံမလာ"...။ အဖေ၊ အမေတို့ရဲ့ လမ်းစဉ်ကိုလိုက်ကာ အဖေလိုတစ်မျိုး ... အမေလိုတစ်ဖုံ ... ဆိုးကြ၊ မလှကြတော့သည်ပင် ...။

ကြီးတော်အကြီးရဲ့သားနှစ်ယောက် အိမ်ထောင်ကျကြတော့ရော ...။ ဟင်း ... ယောကျ်ားတွေဖြစ်ရက် ... လှတာလေးမက်ပြီး ... ခပ်လှလှထဲက ရှာကြိုက်မယ် စိတ်မကူး ... ကိုယ်နဲ့မှ မတိမ်းမယိမ်း ဆိုတာတွေကိုချည်း ကြိုက်ပစ်ကြတော့တာ ဝဲ။ ယောက်မအငယ်ကမှ ... သွားလေး တော်တော်ခေါနေတာက လွဲရင် ... ကျန်တာလေးတွေက ဒီလောက်မဆိုး ရွက်ကြမ်းရေကျို ...၊ အသားကလေးက[illegible]ည်း ခပ်လတ်လတ်ရယ်ဆိုတော့ ... သူတို့ဆွေမျိုးစု လူ့အဖွဲ့အစည်းထဲ ... ကွမ်းတောင်ကိုင်တောင်ဖြစ်နေသေးလား မသိ ...။

www.burmeseclassic.com



ဒီအစ်မကရော … ဘာထူးလဲ …။ မိန်းကလေးဆိုတာမျိုးကတော့ ကိုယ့်လာကြိုက်တာတွေထဲကပဲ ရွေးခွင့်ရတယ်ဆိုပေမဲ့ … သူ့ဘ၀တစ်သက်တာမှ ခဲအိုတစ်ယောက်ပဲ ရည်းစားစကား ပြောဖူးသူ ရှိခဲ့တာမို့လား …။ (အေးလေ … ကိုယ်နဲ့လည်း ကိုယ်ချင်းစာပါဦး …။ ကိုယ်လည်း ကိုညီနောင်ကလေး … ပါမှ … နှစ်ယောက်ရယ် …။ ပထမတစ်ယောက်ကတော့ … ဟိုကောင် စိုးလွင် ရုပ်ဆိုး … ပဲပေါ့ …။) အဲဒီတော့ ခဲအိုသည်လည်းပဲ … ဒီပုပ်ထဲက ဒီပဲကမှ ထပ်ပုပ်နေလိုက်သေးတဲ့ ရုပ်နှင့်ပင် …။ အဲဒီတော့ သူတို့ရဲ့ သားကလေးသည်လည်း …။

"အစ်မ … ကိုယ်ကမှ ရုပ်ဆိုးနေရင် … ရုပ်ဆိုးတွေနဲ့ပဲ တန်ရတော့မှာလား … ရုပ်ဆိုးတွေကပဲ ကိုယ့်ကို လာကြိုက်ကြရတော့မလား … ရုပ်ဆိုးတစ်ယောက် အပေါ်ဆိုရင် … ရုပ်ဆိုးတစ်ယောက်ကသာလျှင် မေတ္တာစစ်ရမလား"

အစ်မလည်း အတော်ကြီး ဦးနှောက်ခြောက် ခေါင်းစားသွားဟန်ရှိသည်။ ပြီးလျှင်တော့ အစ်မရဲ့ အတွေးသည်လည်း ကြီးတော်တွေကစလို့ … တစ်မျိုးလုံးဆီ ဖြန့်ကျက်သွားပုံရကာ…

"လူဆိုတာကတော့ဟယ် … လှတာလေးပဲ ကြိုက်ချင်ကြမှာချည်းပေါ့ …"

"အဲဒါ သေချာသလား …"

"ဟဲ့ … ဒီလိုပဲ ဖြစ်ကြတာပဲ …ကိုယ်ကမလှမှတော့ … ကိုယ့်လာကြိုက်ကြမဲ့ သူတွေကို အချောအလှစားကြီးထဲက





မှန်းထားလို့ ဘယ်ဖြစ်မလဲ … အစ်ကိုတို့ဆိုရင် … အလုပ်လေး အကိုင်လေး ဘာလေးနဲ့ …ယောကျ်ားလည်းဖြစ်တာတောင် … မင်းသမီးလောက် ရုပ်ကို တက်ကြိုက်ချင်လို့ ဘယ်ဖြစ်မလဲ… ဘယ်သူက ပြန်ကြိုက်မှာလဲ … အဲဒီတော့ ကိုယ်နဲ့ တန်ရာတန်ရာကလေး … ရနိုင်လောက်မယ်ပဲ ထင်တာကလေးတွေထဲက …"

"ဟာ … လာပြန်ပြီ တန်ရာ … တန်ရာ …"

"ဟယ် … ဒီလိုပဲ ပြောရမှာပဲ … မင်းကုသနဲ့ ပပဝတီဇာတ်ဆိုတာ … ဟိုက ဘုရားလောင်းတို့ရဲ့ ဘုန်းက ရှိသေးတာကို … ဒါတောင် ဘယ်လောက် ခဲယဉ်းခဲ့သလဲ၊ ရိုးရိုးသာမန်လူတွေထဲကတော့ အဲဒီလိုဇာတ်မျိုး မကြားဖူးပါဘူး … ဒီရုပ်ရည်မျိုးဟာ ဒီရုပ်ရည်လောက်နဲ့ပဲ ရမှာယ်၊ အချောတွေ အလှတွေဟာ … သူတို့လို အချောတွေ အလှတွေကိုပဲ ရကြတယ် … ကြိုက်ကြတယ် …"

"ဖေဖေနဲ့ အမေကျတော့ ဘယ်သွားထား,ထားမလဲ …"

"အင်း … မဖြစ်နိုင်တာတွေ ဖွတ်လုပ်ကြတော့လည်း … ဇာတ်သိမ်းမကောင်းခဲ့ကြပါဘူး ညီမရယ် … ဒါတောင် … ဒေါ်လေးဟာ ငယ်ဂုဏ်လေး ရှိတုန်းကတော့ … ရုပ်ဆိုးဆိုးကလေးနဲ့ပင်မဲ့ … ချစ်စရာကလေး ဆိုလား … ခုနေ ဒေါ်လေးသာ ရှိနေခဲ့ရင်လည်း ငယ်ဂုဏ်ဆိုတာက ပျောက်ပြီး အမေတို့ ကြီးတော်တို့လိုရုပ်မျိုး ဖြစ်နေပြီ … နင့်အဖေ

www.burmeseclassic.com



စိတ်ပျက်မပျက် ... ဇက်ဖြတ်ကြေးတောင် လောင်းရဲပါ သေး ... အမေတို့ကျတော့ ... အဖေကလည်း အတူတူနဲ့ အနုနု ... ဟော ... ဘာမှပြောစရာ မရှိဘူး ...

ကလေးကလား ပြောရရင် ... အစ်မလည်း ... လွင်မိုး တို့ လူမင်းတို့ရုပ်မျိုးတွေက ကိုယ့်လာကြိုက်ကြရင်တော့ ပြန်ကြိုက်မိမပေါ့ ... ညီမရယ် ... ဒါပေမဲ့ အရှည်သဖြင့် မှာ ညည်းခဲအိုလောက် စိတ်ချထားလို့ ရနိုင်မလား ... သူ တို့က သစ္စာရှိတယ်ထားဦး ... ကိုယ်က အမြဲ စိတ်ထဲ သံသယနဲ့ ထင့်နေရမယ် ... ပတ်ဝန်းကျင်က ကဲ့ရဲ့စကား ကို ကိုယ်က ခံနိုင်တယ်ထား ... သူက ဘယ်လောက်ခံ နိုင်မလဲ ဆိုတာလည်း ရှိသေးတယ် ... ကိုယ်က ဒို့ထက်ဒီ အိုလာရဦးမှာဆိုတော့ ပိုတောင် ... ရုပ်ဆိုးလာနိုင်သေးတာ ကလည်း ရှိသေးတယ် ... ခုဆို ညည်းခဲအိုကြီး ... အလ ကားမတ်တင်းမကလို့ အစ်မကတောင် အလိုက်ပေးဦးမယ် ဆိုရင်တောင် ယူချင်တဲ့သူ ရှိပါ့မလား ... ဟော ... စိတ် ကိုချရလို့ ... စိတ်ကိုချမ်းသာလို့ ...”

တော်ပါပြီ ... သိပါပြီ ...။ ဒီလောက်ဆို သဘော ပေါက် နားလည်ပါပြီ ...။ ကိုယ်ကသာ မကောင်းမြင်ပေမဲ့ (သူ တို့ကလည်း အပြောဆိုးပေမဲ့) ဦးလေးတို့ စိတ်ပူပင် စိတ်မချနိုင် ဖြစ်နေကြတာသည်လည်း ... ဒါပဲ နေမှာပါပဲ ...။

“ပြန်လိုက်ဦးမယ် ... အစ်မရာ ...”





“ဟဲ့ ... အမေတို့နဲ့ တွေ့သွားဦး ... မင်္ဂလာသတင်းဆို လည်း ... ချန်မထားနဲ့ ... ပြောသွား ... သူတို့က သိချင်မှာ”

ကိုယ်နဲ့ အသက်ချင်း မတိမ်းမယိမ်း ... ငယ်ငယ် ရွယ်ရွယ်နဲ့ လက်တွေ့ထက် စိတ်ကူးယဉ်ကသာ ပိုသာနိုင်ဆဲ ... အစ်မတောင် ... ဒီလို ... ဆိုရင် ... အမေတို့ ဇာတ်လမ်းကို တဖျစ်တောက်တောက် ညည်းတွားညြချခဲ့ကြတဲ့ ... သက်ကြီး ဝါကြီး ... ကြီးတော်တွေနဲ့တော့ ... ဒီအကြောင်း စကားကို လုပ် ပြောမကြည့်ဝံ့တော့ပါဘူး ...။

“ဘာအထိမ်းအမှတ်နဲ့လဲဟေ့ ... အန်ကယ်တို့ရော ... ဝင် ဆွှဲင်းလို့ မရနိုင်ဘူးလား ...”

အောင်ဇော်က ... မျက်နှာတို့က ပြုံးထားကြသော် ငြား ... မျက်လုံးတို့ကတော့ ... သိချင်စိတ်တွေ လက်ဖြာနေခဲ့ သည့် လူကြီးနှစ်ယောက်ကို လှည့်ကြည့်ကာ ပြုံးပြလိုက်ပါသည် ...။ ခုနကတည်းက ... အောင်ဇော်နှင့် ညီနောင်တို့ ဝယ်ရှောကနေ အစောကြီး ပြန်ရောက်လာကြပြီး ... တစ်ခါတည်း ဝင်ဝယ်လာ ခဲ့သော စားစရာ သောက်စရာတို့ကို ... ခြံထဲမှာ ခင်းကျင်းပြင်ဆင် ခင်းကြကတည်းက ... ညီနောင်ရဲ့ မေမေဟာ ... နှစ်ယောက်လုံး ကို အရိပ်အကဲ လိုက်ကြည့်ပြီး အတော်ကြီး သိချင်နေခဲ့ပုံရတော ...။

www.burmeseclassic.com



ဒါပေမဲ့ သားဖြစ်သူကလည်းပဲ မပြော ...၊ အောင်ဇော် ကလည်းပဲ ညီနောင်တို့အိမ်က ကောင်မလေးတွေကိုသာ ညွှန်ကြား ပြောဆိုနေလေတော့ ... အန်တီ့ခမျာ မေးခွင့်သာခဲ့ပုံမရခဲ့ ... ခုတော့ ... ခါတိုင်း အလုပ်ပြန် စောလေ့မရှိတတ်တဲ့ အန်ကယ် တစ်ယောက် တိုက်တိုက်ဆိုင်ဆိုင်ပဲ စောပြန်လာတာလား ... အန်တီကပဲ ဖုန်းဆက်ခေါ်ယူလိုက်တာလား မသိနိုင်ဘဲ ... အန် ကယ်ပါ ပြန်ရောက်လာပြီး ... ခဏအကြာမှာ ... အောင်ဇော်တို့ ဝိုင်းရှိရာ ခြံထဲသို့ ... လူကြီးနှစ်ယောက်လုံး လိုက်ပါလာကြပြီး "ထူးတယ်"ဆိုတာ ရိပ်မိတော့လည်း ... "ဘာထူးလဲ"ဆိုတာ သိချင်ကြမပေါ့လေ ... တစ်ဦးတည်းသော သားကလေးကို ...

"ဟာ ... လာပါ အန်ကယ် ... အန်တီ ... ကျွန်တော် ဖိတ်ပါတယ် ... ကျွန်တော်ကျွေးတဲ့ ပွဲမို့ပါ ... ခုနကတော့ အန်ကယ်လည်း ပြန်မရောက်သေးတော့ ... အန်တီတစ်ယောက်တည်း ... ကျွန်တော်တို့ကလည်း ဘီယာတွေ ဘာတွေနဲ့မို့ လူကြီးကို မလေးစားရာ ကျမှာစိုးလို့ ... မဖိတ်တော့တာပါ ..."

အောင်ဇော်ရဲ့ပွဲ ဆိုတော့ လူကြီးနှစ်ယောက် တစ်မျိုးဖြစ်သွားကြသည် ...။ သူတို့ ထင်နေတာကတော့ ... ခုတလောမှာ စောင့်ကြည့်နေရမည်ဖြစ်တဲ့ ... သူတို့သား၏ ... "ဘာအထိမ်းအမှတ်လဲ"ပဲပေါ့ ...။





"ကျွန်တော်က ကျွေးတဲ့ ကျွန်တော် လုပ်ပေးတဲ့ ပွဲဆိုပေမဲ့ အထိမ်းအမှတ်ကတော့ ဒီကောင့်အတွက်ပါ ... ဘာအထိမ်းအမှတ်လဲ ဆိုရင်တော့ ကောင်မလေးက လုံးဝငြင်းပယ်လိုက်တဲ့ အထိမ်းအမှတ်ခင်ဗျ ... ဟေ့ကောင် ညီနောင် ... လာ ... လာ ... ပျင်းတွဲကြီး လုပ်မနေနဲ့ ... ချီးယားစ်"

ကောင်မလေးတွေ ထပ်ယူလာချပေးသော ခုံတွေမှာ ဝင်ထိုင်လိုက်ကြသည့် လူကြီးနှစ်ယောက် တစ်မျိုးကြီးတွေ ဖြစ်သွားကြပြန်ပြီးမှ ... အဖေကြီးဖြစ်သူက ... သူပါ ... "ချီးယားစ်"ဟု ခပ်မြန်မြန် ဝင်အော်ပေးလိုက်ကာ ...

"ဒင်းတို့ခေါင်းစဉ်က တစ်မျိုးပါလားကွ ... ဟေ ... ဟင်း ဟင်း ဟင်း"

"မဖြစ်နိုင်ဘူး ... လို့ တစ်ဖက်က ထင်နေရင်လည်း ... ခပ်မြန်မြန်ကလေး အဆုံးသတ်ပစ်လိုက်နိုင်တာက ... မင်္ဂလာတစ်ပါး မဟုတ်လား ... အန်ကယ်ရဲ့ ... အဲဒီ မင်္ဂလာရှိမှုကို ကျွန်တော်က ဂုဏ်ပြုပြီး ပွဲလုပ်ပေးတာပါ"

"အော် ... ဒီလိုလားကွ ... အေးပေါ့ကွာ ... အသိဉာဏ် အမြော်အမြင် ရှိတယ် ခေါ်ရမှာပေါ့ ..."

အမေဖြစ်သူကတော့ ... အစားအသောက်များကို ယူစားသလိုလိုနှင့် သားဖြစ်သူကိုသာ အနီးကပ် အကဲခတ်လျက်ရှိသည် ...။ ငြိမ်သက်တိတ်ဆိတ်နေရခြင်းဟာ ... ဘယ်လောက် တန်ဖိုး ဖြစ်နေရသလဲ ... ဆိုတဲ့ အတိုင်းအတာ ပမာဏကို ဖော်

www.burmeseclassic.com



ပြနေသလိုမို့ ... ညီနောင့်မေမေရဲ့ စိတ်ထဲမှာ သားအတွက် ပူပန်စိုးရိမ်ရသလို ... အံ့အားတသင့်လည်း ရှိရလေသည်။

"နောင်တ ပြန်ရ,ရမဲ့ အလုပ်ဆိုရင် မလုပ်နဲ့ ..." လို့ ပြောလိုက်ကာမှ ... "ရင်ထဲမှာ မသေချာဘူး ... ဒါ ချစ်နေတာတော့ မဖြစ်နိုင်ဘူး ... လို့ ထင်နေပြီး ဖွင့်မပြောလိုက်မိတာကို ... နောင်တစ်ချိန်ကျမှ ... နောင်တပြန်ရနေရမှာမျိုး ... မဖြစ်ချင်ဘူး မေမေ ... အသက်ကြီးလာမှ ... 'ငါ အဲဒီအချိန်က သူ့ကို ဖွင့်ပြောဖြစ်ခဲ့ရင် ပြီးရော ...'လို့ ... တနုံ့နုံ့ ... တသသ ဖြစ်မနေချင်ဘူး ..."တဲ့ ...။

အဲဒီတုန်းကလည်း ... "ဘုရားရေ ..."ဟု အံ့သြလိုက်ရတာဆိုတာ ...။ ဒါပေမဲ့ ... သားဖြစ်သူက "သေချာတယ် ... သူပျော်မယ် ... သူ့ဘဝမှာ ဘာလိုအပ်သလဲဆိုတာ သူ အတိအကျ သိပါတယ် ..." ဆိုတော့လည်း ပြီးတာပဲပေါ့ ...။ တားမြစ်ကန့်ကွက်နေစရာ မရှိပါ ...။ ရုပ်မလှတဲ့ မိန်းကလေး ... ဆိုပေမဲ့ ... ကိုယ်တွေနဲ့ ပေါင်းရမှာမဟုတ် ...။ အဲဒီရုပ်ကို ပေါင်းရမဲ့ သားဖြစ်သူက "အိုကေ ... အပြည့်အဝ နှစ်လိုပါတယ်"ဆိုလည်း ပြီးတာပဲ ... ဟုသာ သဘောထား ကျေနပ်ပေးထားခဲ့ကြတာပါ ...။

ခုကျတော့ ... ငြင်းလိုက်သတဲ့ ...။ အဘက်ဘက်က ပြည့်စုံသင့်တာထက်ပင် ပိုကောင်း ပိုနေမည်ဖြစ်တဲ့ သားဖြစ်သူကို ... "ဘာမှမပြည့်စုံဘူး ... အားလုံး လိုနေတယ်လို့ပဲ မှတ်





ထားပေးပါ မေမေ"ဆိုတဲ့ ... မိန်းကလေးက ငြင်းပယ်လိုက်ပါသတဲ့ ...။ သားဖြစ်သူဟာလည်း ဒီကိစ္စကို ... "ပြီးတာပဲ"ဟု သဘောမထားနိုင်ပဲ ... တော်တော်ကလေး ခံစားထိခိုက်ကာ ... မပြီးနိုင်ကော့မှာကို ... အနီးကပ် အမြင်နှင့် မြင်နေရတော့ ... အံ့အားသင့်ရလွန်းလို့ နှလုံးတွေတောင် ခုန်သည်။

သူတို့ အစောကြီး ပြန်ရောက်လာကြတုန်းကတော့လေ ... မောင်အောင်ဇော်က တက်တက်ကြွကြွ တဟီးဟီး တဟဲဟဲ လုပ်ပြနေကာ ... သားဖြစ်သူကတော့ ပုံမှန် ခပ်ငြိမ်ငြိမ်ဆိုတော့ ... အမေ့စိတ်ထဲ ... "ကလေးမလေးက ပြန်လက်ခံဖြစ်လိုက်ပြီမို့ သားက မောင်အောင်ဇော်ကို ကျွေးရတဲ့ပွဲ ..."ဟု ထင်မိတာပေါ့ ...။ အဲဒါကိုမှ သားကပါ ဝမ်းသာအားရ ပျော်ရွှင်နေပုံရမနေတော့ ...

"အဖေကြီး ... ပြန်ခဲ့ပါဦး ... ကလေးမလေးကတော့ ပြန်ခေါင်းညိတ်လိုက်ပြီ ထင်တယ် ... အိမ်မှာ ပွဲလုပ်နေကြလေရဲ့ ... ဒါပေမဲ့ အဖေ့သားရုပ်က သိပ်မဟန်လှဘူး ... 'ငါမှားသွားပြီလား'ဆိုတာမျိုးကို နောင်မှ ကြာမှ မဟုတ်ဘဲ ... ခုကတည်းက ... အဖြေရလိုက်တဲ့ နေ့ကတည်းကစပြီး ... တွေးမိလိုက်နိုင်ပြီ ဆိုရင်တော့ မဟုတ်သေးဘူး၊ ရှေ့လျှောက် ဘာမှ အဓိပ္ပာယ် ရှိတော့မှာ မဟုတ်ဘူး ... ပြန်လာခဲ့ပြီး ကိုယ့်သားနဲ့ကိုယ် စကားလေး ဘာလေး ညှိညှိနှိုင်းနှိုင်း ပြောဆိုကြည့်ပါဦး ...

www.burmeseclassic.com



မိန်းကလေးကို ကိုယ်ချင်းစာစိတ်နဲ့ ... ဒါမျိုးအ ဘွာခတ်လို့ ရကောင်းတဲ့ အရာတော့ မဟုတ်ဘူးပေါ့ ... ဒါပေမဲ့ ပထမဆုံးနေ့မှာတောင် တွေ့ဝေနေရရင် နောင် အရှည် တစ်သက်လုံး ဘယ့်နှယ်လုပ်ရမလဲ ... လုပ်သင့် တာလေးတွေ လုပ်ကြဖို့ ... နည်းလမ်းတို့ ... အကြံတို့ ... အားပေးတာတို့ ... လာပြောပေးပါဦး ... မောင်အောင်ဇော် နဲ့ပါဆုံပြီး ... တိုင်ပင်လိုက်ကြစေချင်တာ ..."

သားရဲ့အဖေကို အဲဒီလိုတောင် တမင် ပြန်ခေါ်ယူ ခဲ့ရတာပါ ...။ ခုတော့ ... လက်ခံလိုက်ပြီမို့လို့ ချက်ချင်းတွေ့ တာမဟုတ် ...။ ငြင်းပယ်ပစ်လိုက်လို့ ... ထိခိုက်မှုက မပြီးဆုံး နိုင်တော့မှာ ...။ ဒီကိစ္စမှာ အမေဖြစ်သူ ထင်လိုက်သမျှ ... အပြ တလွဲတလွဲ ဖြစ်,ဖြစ်နေပါသည် ...။

"အဆုံးသတ်ပြီ ဆိုမှပဲ မေးကြည့်ရတော့မှာ ... မိန်းကလေး က ဘယ်သူလဲ၊ ဘယ်ကလဲ ... ဘယ်သူဘယ်ဝါ့ သားသမီး များလဲကွ ... ကိုယ့်သားက ကြိုက်တယ် ယူမယ် ဆိုတုန်း ကတော့ ... သူကျေနပ်ရင် ပြီးတာပဲလို့ပါ ... ခုတော့ ဉာဏ်အမြော်မြင်ရှိတယ် ဆိုတော့လည်း ဘယ်သူကလေး များလဲလို့ ..."

ကာယကံရှင်က မလှုပ်သဖြင့် အောင်ဇော်ကသာ နှုတ်သွက်သွက်နှင့် ...





"ပိုင်ပိုင်နိုင်နိုင်တဲ့ အန်ကယ် ... မိဘတွေကတော့ ဦးကျော်နိုင် နဲ့ ဒေါ်ခင်လေး ဆိုလားပဲ ... အမေကတော့ မရှိတော့ဘူး တဲ့ ... အဖေကတော့ ရှိသေးသလိုလို ပြောပါတယ် ... ဒါပေမဲ့ နေတာကတော့ ဦးလေး အဒေါ်တွေနဲ့ပဲ နေတာပဲ ... ပထမနှစ် အဝေးသင်တက်နေပြီးတော့ ... သူ့ကိုယ်ပိုင် တစ်နိုင်မွေးမြူရေးလုပ်ငန်းလေးနဲ့ပေါ့ ... ကိုယ့်ခြေထောက် ပေါ် ကိုယ်ရပ်နေတဲ့ ကလေးမျိုးပါ ... နေတာကတော့ ... (--)က ... ခြံအမှတ်(--)၊ (---)လမ်း ... အန်ကယ် ...။ ကျွန်တော် သိသလောက်ကတော့ အဲဒီလောက်ပဲ ..."

"ဦးကျော်နိုင်၊ ဒေါ်ခင်လေး ... ခြံအမှတ်(--) (---) လမ်း ..."

ညီနောင့်ရဲ့ အဖေက "ဟ" ဟု တစ်ချက်အော်လိုက် ပြီး ... ဇနီးဖြစ်သူ၏ မျက်နှာကို ကြည့်လိုက်ကာ ... "ကိုယ်တို့ လူများ ဖြစ်နေမလားပဲ ..." ဟု ပြောလိုက်ပါသည်။ ခင်ပွန်းဖြစ် သူရဲ့ စကားကြောင့် ညီနောင့် မေမေကလည်း ... ရုတ်တရက် ... အိပ်ရာက လန့်နိုးလာသလို ... "ဟယ်" ခနဲ ဖြစ်ရပြီးမှ ...

"အဲဒီအိမ် ... အဲဒီရပ်ကွက်က ဦးကျော်နိုင် ... ဆိုရင်တော့ အစစ်ပါပဲ ထင်ပါတယ် ... အဖေကြီးရေ ... သြော် ... ဖြစ်မှဖြစ်ရလေတယ် ... ဦးကျော်နိုင်ရဲ့ သမီးလေးကိုး ... တိုက်တိုက်ဆိုင်ဆိုင် ... အင်း ... ဖြစ်မှဖြစ်ရလေ ... ကြို

www.burmeseclassic.com



ကျက်များ မသိခဲ့ရပါလား ... သမီးတစ်ယောက် ရှိလေတာလည်း မသိရ ... အင်း ... ဘုရား ... ဘုရား ..."

ဒီတစ်ခါမှာတော့ အောင်ဇော်သာမက ... မလှစ်မ်ရှားကြီး ငြိမ်သက်တိတ်ဆိတ်နေလေတဲ့ ... ညီနောင်ပါ ... ကုလားထိုင်ကို မှီထိုင်နေရာကနေ ငေါက်ခနဲ ထထိုင်ကာ ...

"အဲဒီခြံက ဦးကျော်နိုင် ဆိုတာနဲ့ မေမေတို့က အသိတွေလား ..."

"မင်းဖေဖေရဲ့ ကျေးဇူးရှင် ဆိုပါတော့ ... ဒီလိုသားရေ ... သားကမှတော့ ငယ်ငယ်ပဲ ရှိဦးမှာဆိုတော့ မှတ်မိမှာမဟုတ်ဘူး ... သား ငယ်ငယ်က ဖေဖေ့ အလုပ်က ... နယ်တွေဆင်းပြီး ပစ္စည်းဝယ်ရတယ် ... ငွေတွေကိုချပြီး ပစ္စည်းတွေ ကုန်တွေပေါ်မှ ပြန်ကောက်ရတယ်၊ ခရီးအမြဲထွက်နေရတာ ... တစ်ခေါက်မှာတော့ ... ငွေထုပ်နဲ့ နယ်တကာလိုက်နေတဲ့သူ ဆိုတာ အကြောင်းသိတွေက ဓားပြပြန်တိုက်ချင်တာပေါ့ ... အဲဒီမှာ အဲဒီ ဦးကျော်နိုင်က သူနဲ့လည်း မသိဘဲ ... မပတ်သက်ဘဲ ... အမြင်မတော်တာကို မကြည့်နိုင်တာ တစ်ချက်နဲ့ ဝင်ပြော ... ဝင်ကူတာလေ ... မင်းဖေဖေကတော့ ... ငွေရော လူရော အန္တရာယ်မရှိခဲ့ဘဲ ... ဦးကျော်နိုင်ကတော့ ... ဓားပြလက်ချက်နဲ့ ... ကွယ်လွန်ရရှာတယ် ..."





ပိုင်နိုင့် အဖေက ကွယ်လွန်သွားပြီဆို၍ ... အောင်ဇော်ရော ... ညီနောင်ပါ အတော်ပင် စိတ်မကောင်း ဖြစ်သွားကြရပါသည်။ "အစ်ကိုကြီးနဲ့ မမတို့ကတော့ မိဘတွေ ဆုံးပါးသွားကြပြီ ... ပိုင်နိုင်ကတော့ မေမေ မရှိတော့ပေမဲ့ ဖေဖေတော့ ရှိပါသေးတယ် ... ဘယ်မှာနေမှန်းသာ မသိရဟာပါ ..."ဆိုတဲ့ ... ပိုင်နိုင်ရဲ့ စကားသံလေးတွေကို ပြန်ကြားယောင်နေမိကြသည်။ အဖေဖြစ်သူက တစ်ခါမျှတောင်မှ ပြန်ပေါ်မလာဘဲ ဘယ်ဆီရောက်နေသည် မသိရပေမဲ့ ... "ငါမိဘမဲ့တစ်ယောက်တော့ မဟုတ်ဘူးပေါ့ ..."ဟူသည့် ခံစားချက်က ပိုင်နိုင့်လို ကလေးမလေးတစ်ယောက်အတွက် အားဆေးတစ်ခွက် သဖွယ် ဖြစ်နေနိုင်ခဲ့ပါသည်။

"မေမေတို့ရဲ့ ဦးကျော်နိုင်က အဲဒီခြံက ဦးကျော်နိုင် ဆိုတာ သေချာရဲ့လား မေမေ"

"သေချာပါတယ် ... သားဖေဖေရဲ့ ကျေးဇူးရှင် ဦးကျော်နိုင်က အဲဒီရပ်ရွာမှာတော့ ... တစ်ကောင်ကြွက် တစ်မျက်နှာဆွေပျောက်မျိုးပျောက် ဘဝမျိုး မဟုတ်ဘူး ... သူ့ရွာပနမြေကျဖို့ သူ့ဆွေမျိုး အသိုင်းအဝိုင်းကပဲ ဝိုင်းဝန်းပေးလိုက်ကြတယ်လို့ ဖေဖေတို့က ထင်ခဲ့တာလေ ... အဲဒီကလူတွေက နစ်နာကြေး၊ လျော်ကြေးဆိုတာတော့ မဟုတ်ဘူးပေါ့ ... သင့်တော်သလို သုံးပေးပါဆိုပြီး အလှူငွေပေးတာတောင် လက်မခံကြဘူး ... ရိုးသားကြတယ် ... လှူချင်

www.burmeseclassic.com



ရင် သူ့နာမည်နဲ့ ... စေတီတို့ ဘုန်းကြီးကျောင်းတို့မှာပဲ လှူပေးပါဆိုလို့ ... လှူပေးခဲ့ရတယ် ... ဒါပေမဲ့ ခုလိုကျတော့ ... အဲဒီနယ်က ဆွေမျိုးအသိုင်းအဝိုင်း ဆိုတာတွေက ခင်ရာဆွေမျိုးတွေပဲ ဖြစ်နေကြမယ် ထင်တယ် ... သူတို့ဆီကပဲ ရန်ကုန်မှာလည်း ဆွေမျိုးအသိုင်းအဝိုင်း ကျန်တယ် ဆိုတာရယ် ... ဇနီးနာမည်ကတော့ ဒေါ်ခင်လေး ... ဆုံးသွားပြီ ဆိုတာရယ် သိခဲ့ရတာပဲ ...

အဲဒီက လူတွေက သမီးကျန်ခဲ့တယ်လို့တော့ မပြောပြခဲ့ကြဘူး ... သူတို့ဆီက ရန်ကုန်လိပ်စာနဲ့ ဦးဇော်နိုင်ဆိုတဲ့ နာမည်လည်း ရလာခဲ့လို့ ... ဖေဖေ ရန်ကုန်ပြန်ရောက်လာတော့ ... ဟိုမှာပဲ ဆွေမျိုးအသိုင်းအဝိုင်းနဲ့ ရျာပနက ကောင်းကောင်းမွန်မွန် ပြည့်ပြည့်စုံစုံကလေး မြေကျသွားခဲ့ပြီ ဆိုပေမဲ့ ... ရန်ကုန်က ဆွေမျိုးဆိုတာကိုလည်း ကိုယ့်မှာ လူမှုရေးဝတ္တရား ရှိတဲ့အတိုင်း ... အကြောင်းကြားပေးရအောင်လို့ ... ရန်ကုန်က အဲဒီအိမ် အဲဒီခြံကို ဖေဖေတို့ ရောက်ခဲ့ကြသေးတယ် ...”

“ဟာ ... ဟုတ်တယ် ... အဲဒီအိမ်က ပိုင်နိုင့် ဦးလေးနာမည်က ဦးဇော်နိုင်ပဲ ...”

“အဲဒီလူကတော့ တော်တော်ဆိုးပါတယ် ... (---)နယ်မှာ ဦးကျော်နိုင် ဆိုတာလောက်ပဲ ပြောရရှိသေး ... 'သေရင်တောင် လာအကြောင်းမကြားနဲ့ဗျာ ...' လို့ကိုဖြတ်





ပြောပစ်တာ ... ဖေဖေက 'ဟာ မဟုတ်ဘူး ... ကျွန်တော်လာတာကလည်း အဲဒီစိတ်မကောင်းစရာ သတင်းကိုပဲ ပြောချင်တာပါ ...' ဆိုတော့လည်း 'ဘာတာဝန်မှ မယူနိုင်ဘူး' ချည်း ဇွတ်ငြင်းထုတ်နေတော့တာပဲလေ ... နောက်ဆုံးကျတော့ ဖေဖေ့မှာ ကိုယ်က ဘာမှ မပြောသာဘူး ... သူ့အပေါက်နဲ့ အငြင်းနဲ့ချည်း ပြီးနေရတာနဲ့ ... စိတ်ဖြတ်ပြီး ပြန်လာခဲ့ရတယ် ...

'အင်း ... ငါလည်း ဟိုကဆွေမျိုးအသိုင်းအဝိုင်း ကျေနပ်အောင်လည်း လုပ်ပေးခဲ့ပြီးပြီ ... ဒီမှာကတော့ သတင်းတောင် ပေးခွင့်မရတာ ... တော်ပြီ ...' လို့ပဲ စိတ်ဖြတ်ပစ်ခဲ့တော့ နောက်ပိုင်းလည်း ... အဆက်အသွယ်မရှိ ... သတင်းမကြားတော့ဘူးပေါ့ ... ဪ ... တကယ်တမ်းကတော့ ... အဲဒီအိမ်ကသာ သူ့ရဲ့တကယ့်ဆွေရင်းမျိုးရင်းတွေနဲ့ ... သမီးလေးတစ်ယောက်ပါ ကျန်ရစ်ခဲ့တဲ့ အိမ် ဖြစ်နေခဲ့တာကိုး ... တကယ်တမ်း အဲဒီလိုသာ အတိအကျ သိခွင့်ရခဲ့ရင် ... အဲဒီကတည်းကရော ... နောက်ပိုင်းမှာရော ... အဲဒီသမီးကလေးအတွက် ကိုယ်တတ်နိုင်တဲ့အပိုင်းက ... လူမှုရေးရော ငွေရေးကြေးရေးကော ... တာဝန်ယူ စောင့်ရှောက်မှုတွေ လုပ်ခဲ့ချင်တာပေါ့ ... လုပ်ခဲ့သင့်တာပေါ့ ... အင်း ... မသိခဲ့ကြတာ ... သိခွင့်မရခဲ့ကြတာ”

“ခုလည်းပဲ တစ်နည်းတစ်လမ်း ... တစ်မျိုးတစ်ဖုံနဲ့ ပတ်

www.burmeseclassic.com



သက်ပြီးတော့ တာဝန်ယူ စောင့်ရှောက်လို့ ရနိုင်ပါသေးတယ် ... ဟဲ ဟဲ ဟဲ ...”

“ဩော် ... မောင်အောင်ဖော်ရယ် ... ကလေးမလေးက ‘မဖြစ်နိုင်ပါဘူး’ လို့ ငြင်းထားပြီးတဲ့နောက်တော့ ... အဲဒီလို ပတ်သက်ချင်နေလို့ ရနိုင်မလားကွယ် ... သား စိတ်ချမ်းသာအောင်ရော ... ကိုယ့်အတွက် အသက်ပေးသွားရတဲ့ ကျေးဇူးရှင်သဘော ဖြစ်နေတာရော့ကြောင့် ... ရများရမယ် ဆိုရင် ... ခုချက်ချင်း လိုက်တောင်းပေး ... ဆိုလည်း အန်တီတို့က ဝန်မလေးဘူး ... ဝမ်းတောင်သာကြရဦးမှာပါ ...”

အဖြစ်အပျက်ကို စိတ်ဝင်စားမှု ...၊ ပိုင်ပိုင်နိုင်နိုင်ကို ကုရဏာသက်ရှမှုတို့နှင့် နည်းနည်း လှုပ်ရှား အသက်ပါလာသည့် ညီနောင် တစ်ယောက် ... ကုလားထိုင်နောက်ကျောထက်မှာ ဖြစ်ဆွဲကြီး ပြန်မှီချပစ်လိုက်ပြီး ... လူကလည်း ငုငုငြိမ်ငြိမ်ကြီး ပြန်ဖြစ်သွားလေတော့ပြီ ...။

“သေချာပြီ ... ဦးကျော်နိုင် ဆိုတဲ့ အဘိုးကြီးက မင်းကို အိပ်မက်ပေးချင်တာပဲ ဖြစ်မယ် ... သူ့သမီးလေး အရွယ်ရောက်လာတော့ စောင့်ရှောက်မဲ့လူ လိုတယ်လေ ... မင်း အနေနဲ့က အဓိက တာဝန်ရှိသလိုလို ဘာလိုလို ဖြစ်နေတာ ... မင်း စောင့်ရှောက်လိုက်ပေါ့ ... ဆိုတဲ့သဘော ... သူ့မှာ ဒီသမီးလေး ရှိပါတယ်ဆိုတာ ... မင်းကို ပြောပြချင်





နေတာ ... ဒါပဲ ... ဟဲ ဟဲ ဟဲ ... ဘာမှမပူနဲ့ ... နဖူး စာကတော့ ပါမှာပဲ ... သေချာတယ် ... ဒီလောက် တိုက်ဆိုင်မှုတွေ များနေတဲ့ကိစ္စတစ်ခုဟာ ... မလွဲနိုင်တော့ဘူး”

ညီနောင့်အဖေက အောင်ဖော့် စကားကြောင့် အသာအယာ ပြုံးလိုက်သည်။ ညီနောင့်အမေကလည်း စိတ်ဝင်စားလှသလို မျက်နှာကလေးနှင့် အောင်ဖော့်ကို ကြည့်နေမိရာက ... သားဖြစ်သူထံ အကဲခတ်လှည့်ကြည့်လိုက်စဉ် ... ညီနောင်က မချိပြုံးတစ်ခုနှင့် ငြိမ်သက်နေဆဲ ဖြစ်လေသည် ...။

www.burmeseclassic.com

## အခန်း(၇)

ခေါင်းလျှော်ရည် ဝယ်စရာရှိ၍ ရုံးကားကို လမ်းထိပ်ထိ မပို့နိုင်းတော့ဘဲ ... တစ်လမ်းကျော်က ရှုပါမားကက်တစ်ခုရှေ့မှာတင် ဆင်းကျန်နေရစ်ခဲ့တဲ့ တင်သီနိုင်က ... ရှုပါမားကက်ထဲ မဝင်ဖြစ်ခင်လေးမှာပင် ... ညီမငယ် ပိုင်ပိုင်နိုင့်ကို လှမ်းမြင်လိုက်ရပါသည် ...။ တစ်ယောက်တည်းတော့ မဟုတ် ... ရုပ်ကလေးက ကြည့်မကောင်းရတဲ့ကြားထဲ ဒေါသနှင့် ခက်ထန်ထားသည့်မို့ ... အတော်ကြီး ကြည့်ရဆိုးနေသည့် ကောင်လေးတစ်ယောက်နှင့် တွဲရက် ...၊ ရှုပါမားကက်နံဘေးက အအေးဆိုင်ကလေး တစ်ခုအတွင်းတွင်တည်း ...။

ရုတ်တရက် တင်သီနိုင်က စိတ်တိုသွားရသည် ...။ လူကြီးတွေ မသိအောင်လည်း ကောင်လေးတစ်ယောက်နဲ့ ချိန်းတွေ့ဆိုင်ထိုင်သေး ...၊ လူမြင်ကွင်းကြီးထဲမှာ ထိုကောင်လေးရဲ့ အအော်အငေါက်ကိုလည်း ခံနေရသေး ...၊ အောက်လိုက်တာ ...။





ပြီးကျတော့ ... ပိုင်ပိုင်နိုင်ဟာ ... (ညီအစ်မချင်း ပွင့်ပွင့်လင်းလင်း တစ်ခါမှ မတိုင်ပင်မိရသေးသော်လည်း) ဟို ... အဘက်ဘက်က ပြည့်စုံပြီး လှုံကျမတတ်ပါ ဖြစ်နေတဲ့ "ညီနောင်ဘွား"ဆိုသူ တစ်ယောက်က ... ချစ်ခွင့် လက်ထပ်ခွင့်ကိုပါ တောင်းခံယူထားတဲ့ချိန်ဆို ...။

အဲဒီလို မိန်းကလေးဟာ လူမြင်ကွင်းမှာ ဘာမဟုတ်တဲ့ ကောင့်ကလေး တစ်ယောက်နဲ့ အတူတကွ ရှိနေသင့်ပါသလား ...။ ဒီကောင်လေးဟာ ဒေါ်လေးတို့ တဆူဆူတပူပူ ဖြစ်နေကြတဲ့ ဈေးထိပ်က ကောင်ကလေးဆိုတာပဲ ဖြစ်မှာပေါ့။ ညီနောင်ဘွားနဲ့ ဆိုရင် ဘယ်ဘက်က လှည့်ယှဉ်လို့မှ မယှဉ်သာ၊ မျက်စိမှိတ်ယှဉ်ယှဉ် တစ်ရေးနိုးယှဉ်ယှဉ် ...။ ပိုင်ပိုင်နိုင်ရယ် ... ဘာတွေ လုပ်နေရပြန်တာလဲ ...။

တင်သီနိုင်က ... "ထောင်း"ခနဲ ဒေါပွသွားမိစိတ်ကို အတန်တန် ပြန်လျှော့ထိန်းကာ ... သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပါသည်။ ရှုပါမားကက်ထဲလည်း ဆက်မဝင်ဖြစ်တော့။ လမ်းမပေါ်မှာတင် ... ကိုယ့်ကို ညီမငယ်ကလေး သိပ်လှမ်းမမြင်နိုင်လောက်သော နေရာမှာ မတ်တတ်စုံရပ်လို့ နေမိကာ ... ညီမငယ်တို့ဘက် ဆက်ငေးကြည့်နေမိသည်။

ကိုယ့်ကို ဦးတည်ပြီး တစ်ယောက်မှ လာပြောပြမနေကြသော်လည်း ကြားနေရတာပဲမို့ ... ညီနောင်ဘွားရဲ့ "ချစ်စကား"က ရှူးလို့ ယောင်ထွက်တာမျိုးမို့ ... ပိုင်ပိုင်နိုင်က အခြေ

www.burmeseclassic.com



အနေကို နားလည်စွာနဲ့ပဲ အပြီးသတ် ပြန်ငြင်းပစ်လိုက်ပြီ ... ဆိုတာတွေကို တင်သီက သိနေရပါသည် ...။ အင်း ... ဘာပဲပြောပြော ... ဒါဟာ ... ပိုင်နိုင်က တင်သီ့ကို ငုံကိုင်ငဲ့လိုက်တာပါပဲလေ ...။ ညီနောင်ဘွားလို လူကို ညီမငယ်ကလေး "ငြင်းယူရလောက်အောင် စိတ်မဝင်စားဘူး"ဆိုတာကတော့ ...။ ဦးနှောက်ရှိရင် အသိသာကြီးပါလေ ...။

တင်သီနိုင်က လမ်းနံဘေး ပလက်ဖောင်းအစပ်က ဘတ်စ်ကားမှတ်တိုင်တစ်ခုရဲ့ ထိုင်ခုံလေးတွေမှာ (ဝင်မထိုင်စဖူး) ဝင်ထိုင်လိုက်သည်။ ညီမလေးအကြောင်း ပြန်စဉ်းစားရမယ်ဆိုရင် ... ရင်နင့်စရာတွေက အများကြီး ...။ အတူတူ ကြီးပြင်းလာကြတဲ့အထဲ ... ကိုယ်က လူကြီးတွေရဲ့ ဖူးဖူးမှုတ် အလိုလိုက်ခံ၊ သူက မျက်နှာသာ တစ်ချက်မှ အပေးမခံရဘဲ ဖိနှိပ်ချောက်ချန်းသံတို့နှင့် ကြီးပြင်းခဲ့ရသူ ...။

ဒါတောင်မှ တင်သီဟာ ပိုင်နိုင့်အပေါ် "မနာလိုစိတ်" တို့နှင့် ရင်ထဲမှာ အမြဲကျိတ်မြိုကာ ... မဆက်ဆံ မပတ်သက်ချင်တွေ ဖြစ်နေလေ့ရှိတတ်မြဲဖြစ်တာ ... ကိုယ့်ကိုယ်ကိုယ်ပင် ... ဟိုတလောလေးကမှ ... ခံစားသိရှိလာရသည် ...။ မချစ်တာတော့လည်း မဟုတ်ပေမဲ့ တတ်နိုင်သမျှ ခပ်ဝေးဝေးပဲ နေ့နေချင်တာ ... "မနာလို"ရတာကြောင့် ...။ ကိုယ်လိုလူက သူကလေးကို မနာလိုပါ ... ဆိုရင် ကြားရတဲ့သူတွေကတော့ ရယ်ချင်မည် ...။ ဒါပေမဲ့ ဒါဟာ တကယ်ပါပဲ ...။





တင်သီနိုင့်ရဲ့ မနာလိုရခြင်း အကြောင်းရင်းခံတွေကို ပြန်စဉ်းစားရရင်တော့ ... ကိုယ့်မှာ မပြည့်စုံလေတဲ့ အရာတွေလေ ...။ ကိုယ်က မိဘမဲ့ဆိုပေမဲ့ သူ့မှာတော့ အဖေရှိသေးသည်ဖြစ်ရာ (ဘယ်ပဲရောက်နေနေ ...) မိဘမဲ့ မဟုတ်ဘူးဆိုတဲ့ ခံစားချက်ကတင် နည်းသလား ...။ ပြီးကျတော့ ကိုယ်တွေမှာကျတော့ ... ဦးလေး အဒေါ်တို့ရဲ့ ပုံစံတွေကြောင့်ရော (တင်သီနိုင်ရဲ့ နေထိုင်တတ်ပုံကြောင့်ပါ) အမေ့ဘက်က အမျိုးတွေက နှိမ်ပဲနှိမ်ချင်သလိုလို၊ မဆက်ဆံ မပတ်သက်ချင်သလိုလို ... နဲ့ အနေဆဲ ... အေးစိမ်းပြတ်တောက်ကုန်ကြရချိန်မှာ ... ပိုင်နိုင့်မတော့ ... အမေ့အမျိုး ဆိုတာတွေ တစ်ထောကြီး တစ်လှိုင်ကြီးနဲ့ ... ဝိုင်းအုံလိုလား ချစ်ခင်နေကြပုံ အပြည့်ရှိကြတာသည်လည်း ... တင်သီနိုင့်အတွက် တကယ့်ကို မနာလိုစရာ ...။

ပြီးကျ ... အလိုလိုက် ဖူးဖူးမှုတ်ခံရတဲ့ ကိုယ်က ဘာဘယ်လို ခံစားချက်ဆိုးတွေနှင့် ပြည့်ကျပ်မပျော်ရွှင်နေသလဲ မသိနိုင်ချိန်မှာ ... အမြဲ အနှိမ်အဆူခံနေရသော ပိုင်နိုင်က ... ကြည့်လိုက်ရင် လွတ်လပ်ပျော်ရွှင်ပြီး ... ခံစားချက်တွေ တစ်မွှေ့တစ်ပိုက်နဲ့ ... လောကကြီးထဲ နေပျော်လို့ ...။ ဂရုစိုက်ခံရတဲ့ ကိုယ်က အသက်ကြီးလေ ချုပ်ချယ်ခံရလေ ...။ လျစ်လျူရှုခံရတဲ့ သူက ... ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ခွင့်ရကာ အချုပ်အနှောင် အပိတ်အဆို့တွေ ကင်းစင်လို့ ...။

www.burmeseclassic.com



အဆိုးရွားဆုံးကတော့ ... ဒီလူကြီးတွေ ကြည့်ပေးခဲ့ကြလို့ ... လူလားမြောက်ခဲ့ရတာချင်းတူတူ ... ကြီးပြင်းလာလို့ တစ်ပြန်တစ်လှည့် အနေနဲ့ မိသားစုတာဝန်ကို ပြန်ထမ်း အနစ်နာခံ တာဝန်ယူပေးရမည့်သူကကျတော့ ... (ချောမောလှပနေခဲ့မိတဲ့အတွက်) တင်သီသာလျှင် ဖြစ်နေရပါသတဲ့ ...။ ဒီမိသားစုကြီးတစ်ခုလုံး ... အခြေအနေမပျက် ... ရှိတာလေးတွေ မယိမ်းယိုင် ...၊ ဒီအတိုင်းလေး ဟန်ထည်ထည် ဆက်ရှိနေနိုင်ဖို့ သူဌေးဂရိတ်တစ်ယောက်ယောက်နှင့် ... (ကိုယ့်စိတ်ထဲ ဘာရှိရှိ) မဖြစ်မနေ လက်ထပ်ရမည့်သူဟာ ပိုင်နိုင်မဟုတ် ... တင်သီသာလျှင် ... ဆိုတဲ့ အချက်ကလည်း ... "မလှဘူး ... ရုပ်ဆိုးတယ်" ဟု သတ်မှတ်ခံရသည့် သူ့ရုပ်ရည်လေးကိုပဲ တင်သီက လှမ်းအနာလိုရတော့သည်ပင် ...။

ကိုယ်ကသာ တစ်သက်လုံး အဲဒီလို ...။ ညီမငယ်ကတော့ ကိုယ့်အတွက် အမြဲသိတတ်၊ ချစ်ခင်၊ နားလည်စာနာ တာဝန်ယူ၊ အလျှော့ပေး ဆိုတာတွေ လုပ်ပေးနေတတ်တာလည်း တင်သီက ခံစားသိရှိနေရတာပါပဲ ...။

ခုလည်းပဲ တင်သီ့ တစ်မျက်နှာကိုပဲ ကြည့်ကာ ညီမှောင်းပွားလိုလူကို သူ စွန့်လွှတ်ပစ်လိုက်တာပဲ မဟုတ်လား ဒေါ်လေးငယ်ကတော့ ...

"မဖြစ်နိုင်ဘူးဆိုတာ သူ့ဘာသာ သိလို့ပါ ... ဟုတ်လည်း ဟုတ်တာပဲ ... သူ ဘယ်လိုလုပ် ယုံရဲရမလဲ ... ဟိုထ





နောက်လိုက်တာ ဖြစ်ချင် ဖြစ်နေမဲ့ဟာ ... 'တန်ရာတန်ရာ' ဆိုတာ တကယ့် လိုက်နာသင့်တဲ့ အခြေအနေမို့ ရှေးလူတွေက အတိအကျ ထွင်ပေးခဲ့တဲ့စကား ဖြစ်မှာပေါ့ ... ဘယ်ပယ်လို့ ဖြစ်မလဲ ... လူ တိုင်းသိတယ် ..."တဲ့ ...။ သူတို့ချင်း ပြောနေကြတာပါ ...။

တင်သီကတော့ ... အဲဒီလို ... "မယုံရဲတာ"တို့ ... "တန်ရာတန်ရာ"ဆိုတဲ့ စကားလုံးတို့ဟာ ... တင်သီ့ကို အခြေခံပြီးမှ ဖြစ်ပေါ်လာမဲ့ စကားလုံးတွေပဲဆိုတာ စဉ်းစားနိုင်ပါသည်။ စိတ်မကောင်းစရာ ကောင်းလိုက်တာ ...။ ကိုယ့်ရဲ့ တစ်သက်တာလုံး ကျိတ်မြိုတည်ဖွဲ့ခဲ့သမျှသော မနာလိုမှုတွေ အတွက် ... တင်သီက နောင်မှ နောင်တရနေရမှာလည်း ကြောက်သည်။ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် မှန်အောင်ပဲ နေချင်တဲ့တင်သီဟာ "နောင်တ"ကို ကြောက်သူလည်း ဖြစ်ပါသည်လေ။

ညီမလေး ... ညီမလေး ...။ အခုလည်းပဲ အဲဒီ "တန်ရာ တန်ရာ"ဆိုတဲ့ စကားလုံးရဲ့ ဆိုးဝါးတဲ့ အဓိပ္ပာယ်ကြီးကို မလွန်ဆန်နိုင်ဘဲ ဆက်လက်ပြီး မိုက်မဲစိတ်နဲ့ ကောက်ကောက်ပါနေဦးတော့မလား ...။ တင်သီက ထိုင်ကြည့်နေရာမှ ရပ်ကာ... သူတို့နှစ်ယောက်ရှိရာ အအေးဆိုင်ကလေးဆီသို့ လှမ်းလာလိုက်သည်။ ထင်ရာ လျှောက်လုပ်ချင်လုပ်မဲ့ ညီမငယ်ကို တားရမည်။ ဒီလောက် လူပုံအလယ်မှာ အော်ဟစ်နေသော ကောင်ကလေးမျိုးရဲ့ စိတ်ဓာတ်အခြေအနေဟာ ... ညီမငယ် ထင်နေတဲ့ ညီမငယ်

www.burmeseclassic.com



နဲ့ "တန်ရာ တန်ရာ"ထဲကကို မဟုတ် ...။ "တန်ရာ တန်ရာ" ဆိုတဲ့ စကားလုံးဟာ "ရုပ်ရည်နဲ့ ငွေကြေးမနေ" နှစ်ချက်တည်းနဲ့ ဆုံးဖြတ်ရမှာမျိုးလည်း မဟုတ်ပါချေ ...။

"နင် ငါ့ကို အရူးလုပ်မယ် စဉ်းစားတာလား ... နင်ရူးနေတိုင်း ငါမရူးဘူး"

"အေးလေ ... ပြီးရောပေါ့ဟဲ့ ..."

"ဒါဖြင့် နင် ငါ့ကို ဘာကြောင့် ခေါ်ချိန်းသလဲ ... ငါနဲ့ ဟိုလူကြီးနဲ့ နှစ်ယောက်အပြိုင် နင့်ကို ပြောထားကြတဲ့ စကားကို ... ဟိုလူကြီးကိုတော့ ငြင်းလိုက်ပြီလို့ ... ဘာ ငို့ မျှော်လင့်ချက်တွေ လာပေးတာလဲ ... ဒီရောက်မှ ဘာလို့ ငါ့ကိုလည်းမချစ်နိုင်ပါဘူးလို့ ပြောရတာလဲ ... ငါ အရူးမဟုတ်ဘူးကွ"

"မဆိုင်ပါဘူး ... သူ့ငြင်းတိုင်း နင့်ကို လက်ခံမလို့လို့ တွက်လို့ရမလား"

"ဒါဆို ခုခေါ်ချိန်းတာက နင် ဘာလုပ်မလို့လဲ ..."

"အာပြကြီးတွေနဲ့ အော်မနေစမ်းပါနဲ့ဟာ ... လူကြားလို့ မကောင်းဘူး"

ခပ်လှမ်းလှမ်းထဲက သူတို့ရဲ့ စကားတွေကို ကြား နေရသည် ...။ ကြည့်ရတာ ပိုင်နိုင်ဟာ ... စိတ်လေလေနဲ့ "ဟို မှာ ငြင်းပြီးရင်တော့ ဒီမှာ ခေါင်းညိတ်ပစ်ဖို့ပဲ ရှိတာပဲ ..."ဟု စိတ်ရူးပေါက်မိခဲ့ဟန် တူပါသည် ...။ ဒီရောက်မှ မျက်နှာချင်း





ဆိုင်တွေ့မှ ... အမြင်မှန်ကရ ...။ ဒါပဲ ရှိမှာပေါ့ ...။ အင်း ... ခက်သေးတယ် ...။

"ဒါဖြင့်လာ ... ဒီမှာ လူကြားလို့ မကောင်းရင် ... ဒီ့ထက် အေးဆေးတဲ့ နေရာတစ်ခုမှာ သွားဆက်ပြောကြမယ် ... ပြောစရာက အများကြီးရှိတယ် ... မပြီးသေးဘူး"

"ဟာ ... တော်ပြီဟာ ... ငါက ပြန်တော့မှာ ... စိတ်ညစ် နေရတဲ့အထဲ ..."

"နင်မလိုက်ရင် ငါက အတင်းဆွဲခေါ်မှာနော် ... ကား တင်ပြေးပစ်လိုက်ဖို့ပါ အစီအစဉ်ရှိလို့ ... ဟိုမှာတွေ့လား ... လာကတည်းက ဆိုင်ကကားတောင် ယူလာတာ ..."

တင်သီနိုင်မှာ "ဘုရား"တ,လိုက်မိဆဲ ... ပိုင်နိုင်က ထိုကောင်လေး လက်ဆွဲခေါ်ရာနောက်သို့ ယက်ကန် ယက်ကန် လေး ပါသွားခဲ့ချေပြီ ...။ ဟယ် ... ဘယ်လိုလဲ ... ဘယ်ဖြစ်မလဲ။ "ကားတင်ပြေးပစ်လိုက်မယ်"ဆိုတာသည် သူတို့ ခုခေတ်ကလေး တွေကြားထဲမှာ သမားရိုးကျ အသုံးအနှုန်းလိုလိုနှင့် အလွယ်လေး ပြောထွက်နေကြတာ တင်သီနိုင်လည်း သိပေမဲ့ ... တကယ်ဆိုရင် ဘယ့်နှယ်လုပ်မတုန်း ...။ အို ... ဘယ့်နှယ် ... လက်မောင်းကြီး ကနေလည်း ဘာ့ကြောင့် အတင်းကြီး ကိုင်ဆွဲခေါ်သွားရသလဲ။ ဟိုတစ်ယောက်ကလည်းပဲ ယက်ကန်ကန်ပဲ ဖြစ်နေကာ ... သေချာမရှန်း ...။

www.burmeseclassic.com



တင်သီနိုင်မှာ ... သူတို့ရှိရာသို့ ပြေးလိုက်မတတ် ပင် သွားပါသော်လည်း အမြဲပြေးလွှားနေတတ်ကြတဲ့ ကလေးတွေ က ကိုယ့်ရှေ့ကပဲ လှစ်ခနဲ ဖြတ်ကျော်သွားကာ ... ကားတစ်စီး ရှိရာဆီ ရောက်ရှိသွားပြီ ...။ ကောင်ကလေးက ပိုင်နိုင့်ကို ကား တံခါးဆွဲဖွင့်ကာ အတင်းထိုးကြိတ်ထည့်လိုက်သည် ...။

ဟယ် ... ဘယ်လောက်ကြီးပဲ ခင်ပါစေဦး ...။ ကိုယ့် အဲသလို အတင်းအကျပ် လာလုပ်ရင်တော့ ... ဝန်းကျင်ကို အကူအညီတောင်းရင်တောင်း ... ကားပေါ်က အတင်းပြန်ခုန်ဆင်း ရင်ဆင်း ...။ တစ်နည်းနည်းပေါ့ ...။

သို့သော် ... ကိုယ်တိုင်ကလည်း အတွေ့အကြုံ များများစားစားမရှိလှကာ ... အရာရာတိုင်းမှာ ဆုံးဖြတ်ပြီးတာနဲ့ တစ်ပြိုင်နက် ကောက်လုပ်ပစ်လိုက်ဖို့ ဝန်လေးနှောင့်နှေး ပြန်စဉ်းစား နေတတ်လေ့ရှိတဲ့ တင်သီနိုင်က ... ညီမငယ်ရဲ့ အများတွေ ... လုပ်သင့်လုပ်ထိုက်တာတွေကိုသာ လှမ်းမြင်နေရကာ ... ကိုယ်တိုင် ရဲ့ လုပ်သင့်လုပ်ထိုက်တာတွေကိုကျတော့ မလုပ်ဖြစ်မိပါပေ ...။ ထိုခဏမှာပင် ပိုင်နိုင့်ကို တင်ခေါ်သွားသောကားကလေးက ထွက်ခွာ သွားခဲ့ချေပြီ ...။

ဟယ် ... အဲဒါမှ တကယ့်ကို ဒုက္ခကြီးပဲ ...။ တင်သီနိုင်မှာ ပလက်ဖောင်းအစပ် လမ်းမပေါ်သို့ တိုးကပ်ရပ် လိုက်ကာ ဘာဆက်လုပ်ရမည်မှန်း မသိ ... ဟိုကြည့် ဒီကြည့် ထိုချိန်မှာ တင်သီနိုင်ရဲ့ရှေ့သို့ ကားလေးတစ်စီးက အလိုက်သင့် ထိုးဆိုက်ရပ်လာခဲ့ကာ ...





"တင်သီနိုင် ..."

"ဟင် ... ဟို ... ရှင် ... ဦးကျော်မင်းဦး ..."

"ဟုတ်ကဲ့ပါ ခင်ဗျာ ... အကူအညီများ လိုအပ်နေမလား လို့ပါ ..."

"ဟုတ်ကဲ့ ... ဟို ... တင်သီတို့ ညီမကလေး ... အဲ ... တစ်ဆိတ်လောက် ဟောဟိုက ထွက်သွားတဲ့ ... ဟိုင်းလပ်စ် ပစ်ကပ် အစိမ်းလေးနောက်ကို လိုက်ပေးလို့များ ရနိုင်မလား ရှင် ... အဲဒါ ... ညီမလေးတို့ ကားပါ ..."

"ရပါတယ်ခင်ဗျာ ... တက်ပါ ..."

တင်သီနိုင်က သူ့ကားပေါ်သို့ လျှင်မြန်စွာ တက်လိုက်လျှင် ... ဦးကျော်မင်းဦးက ... တစ်ချက်ပြုံးပြလိုက်ကာ ...

"မမျှော်လင့်ဘဲ ကူညီခွင့် ရလိုက်တာ ဝမ်းသာပါတယ်ဗျာ၊ ကိုယ်က ဒီနားရောက်နေတာ ကြာပြီ ... တင်သီနိုင်တို့အိမ် ဝင်တွေ့ရရင် ကောင်းမလား မကောင်းဘူးလား စဉ်းစား နေပြီး ... ဖုန်းတောင် လှမ်းဆက်ကြည့်လိုက်ဦးမလို့ ... အဲဒီတုန်းမှာပဲ ... လမ်းမပေါ် တစ်ယောက်တည်းရပ် လိုက် ... ဘတ်စ်ဂိတ်မှာ ဝင်ထိုင်လိုက် လုပ်နေတဲ့ တင်သီ နိုင့်ကို တွေ့တာ ... တင်သီနိုင့်ကို အဲဒီလောက် လှုပ်ရှား ဗျာများနေပုံနဲ့ တစ်ခါမှလည်း မတွေ့စဖူး ... ပလက်ဖောင်း လို ... ဘတ်စ်မှတ်တိုင်လို နေရာမျိုးမှာလည်း တစ်ခါမှ မတွေ့ဖူးဘူး ... ဆိုတော့ ... ကိုယ် ဟိုနားမှာ ကားရပ် ပြီး စောင့်ကြည့်နေခဲ့တာ ကြာပြီ ..."

www.burmeseclassic.com



တင်သီနိုင်က တကာယ့်ကို တရမန်းကြမ်း သရဲ… စီး မောင်းနှင်နေသည့် ဟိုင်းလပ်စ်အစိမ်းကို စိတ်စောစွာ လည်ပင်း လေးရှည်ပြီး လှမ်းမျှော်နေမိရာက … ဦးကျော်မင်းဦးဘက်ကို တစ်ချက် လှည့်ကြည့်သည်။ ဦးကျော်မင်းဦးက စိတ်ရှုပ်ထွေး ညစ်ညူးနေပုံရသည့် အချိန်မျိုးမှာတောင်မှ … လှနိုင်ရက်အား သည့် တင်သီနိုင့်ကို ပြုံးပြီးပြန်ကြည့်နေလေသည်။

သူ့ခုတင်ပေါ်မှာ ငူငူကလေး ထိုင်နေသည့် မမတို့ ပိုင်နိုင်က အခန်းထောင့်တစ်နေရာကနေ ငုတ်တုတ်ကလေး ထိုင် ငေးနေမိလေသည်။ အမှန်ပြောရရင် … တသီးတသန့် သိပ်ဆန် တတ်လှတဲ့ မမဟာ … သူ့တစ်ယောက်တည်းနေသည့် သူ့ကိုယ် ပိုင်အခန်းတွင်းသို့ … ပိုင်နိုင့်ကို မပြောနဲ့ အခေါ်နှစ်ယောက်တို့ ကိုတောင်မှ အဝင်အထွက်တွေ သိပ်များနေရင် ကြိုက်လှတာ မဟုတ်ပါ …။

ပိုင်နိုင် ဆိုရင် ခုလောက်ကြာကြာ တစ်ခါမှကို ဝင် ထိုင်မနေခဲ့ဖူးခဲ့ …။ ခုတော့ မမက … လူကြီးများကိုသာ အငြင်း မခံချင်တဲ့သဘောမျိုး တွေ့ရပြီး … ပိုင်နိုင့်တော့ … ဘာမှ ပြော လွှတ်တဲ့အတွက် … ပိုင်နိုင်က … အရဲစွန့်ဝင်ကာ … အခန်းထောင့် တစ်နေရာမှ ကြမ်းပြင်ပေါ်မှာ ငုတ်တုတ်ကလေး လာထိုင်နေမိပါ သည် …။





မမကို ပိုင်နိုင်က အရမ်းသနားမိပါသည် …။ ငယ် ငယ်လေးတည်းက တစ်အိမ်တည်း အတူနေ … အတူစောင့်ရှောက် ခံ ညီအစ်မနှစ်ယောက်မှာ … မမတို့ကကျတော့ မိဘမဲ့ … ကိုယ့် မှာတော့ "အဖေ"ရှိနေသေးတာပဲ … ဆိုတဲ့ အတွေးက … ကိုယ့် ကိုယ်ကိုယ်ကျတော့ ပိုလုံခြုံစေပြီး … မမ အတွက်တော့ ကိုယ် ချင်းစာစိတ်နဲ့ အသနားပိုစရာပဲ ဖြစ်ခဲ့တာ …။ ဘာသိဘာသာနေ တတ်တဲ့ မမရဲ့ သံယောဇဉ်ကိုလည်း ပိုင်နိုင်ကတော့ ကြည့်မြင် တတ်သူမို့ … အမြဲရရှိခံစားနေနိုင်ခဲ့တာလေ …။ အဲဒါကြောင့်ပဲ အနေမနီးစပ်ကြလှပေမဲ့ မမကို ပိုင်နိုင်က ချစ်သည့် … သနားသည် …။

တစ်အိမ်တည်းနေ ညီအစ်မနှစ်ယောက် တူတူမှာ သူက အလိုလိုက် ဖူးဖူးမှုတ်ခံ … ကိုယ်ကတော့ ဖိနှိပ်ငြိုငြင် အော်ငေါက်ခံ … ဖြစ်နေရတဲ့အခါ … တစ်ခါတလေတော့ … သူ့ အပေါ် မနာလိုဝန်ကိုမိတာတွေ ဖြစ်ဖူးတာပေါ့ …။ သူ့ရုပ်ရည် ကလေး လှလွန်းလို့ … ကိုယ့်ရုပ်ရည်ကို လူတွေက သတိပိုထား မိကြတဲ့အခါ … နာကျင်မိတာတွေလည်း ရှိဖူးသပေါ့ …။ အုပ် ထိန်းသူတွေဘက်က မတရားမှန်း သိသာနေရက် … ဝင်ပါမပေး ဘဲ … ဖယ်ကျဉ်နေမှုကို … "လုပ်ရက်တယ်"ဟု ခံစားရဖူးတာ တွေလည်း ရှိတာပေါ့ …။ ဒါပေမဲ့လည်း ကြာကြာကြီး မတည်မြဲ ခဲ့ပါ …။ ပိုင်နိုင်ဟာ မမ အပေါ်မှာ … မကောင်းမြင်နိုင်လည်း ခဏတဖြုတ်ပဲ၊ သူ မချစ်လည်း ကိုယ်ချစ်တယ် … ပြီးတာပဲ … ဟုပဲ ပြန်မြင်နိုင်ခဲ့တာပါ …။

www.burmeseclassic.com



ခုကျတော့ မမဟာ … သူ့ရဲ့ ပိုင်နိုင့် အပေါ်မှာ ထားရှိနေတဲ့ အတွင်းစိတ်ခံစားတက် …၊ မေတ္တာစေတနာနဲ့ … ပူပန်မှု၊ ကောင်းစားစေလိုမှုတို့ကို အတိအလင်းပင် လက်တွေ့ကျကျ ပြသလိုက်သလို ရှိနေပြီလေ …။

ဖြစ်ရပုံကတော့ … သူ့ကိုယ်သူ "ဟုတ်ပြီ"ဟု ထင်ထားတဲ့ စိုးလွင်ဟာ … ပိုင်နိုင်က ငြင်းပယ်စကား ဆိုလိုက်တဲ့အခါမှာ … ဝုန်းခနဲ မထိန်းနိုင် မသိမ်းနိုင် ပေါက်ကွဲတော့တာက စတဲ့ပြဿနာ …။ သူက သူ့ကို အဖြေကောင်းပေးတော့မယ်ပဲ တွက်ထားခဲ့တာကိုး …။ ဟုတ်တော့လည်း ဟုတ်ပါသည်လေ။ ပိုင်နိုင်ဟာ "ဘာမှမဆိုင်ပါဘူး"ဆိုတဲ့ အမြင်မှန်ကိုသာ ရုတ်တရက် ပြန်မရခဲ့ရင် ခုချိန်မှာ စိုးလွင်ကို … ယောင်တိ ယောင်ကန်းနဲ့ ခေါင်းညိတ်ချမိရက်ပြီးသား ဖြစ်နေတော့မလို့ …။

ကိုညီနောင့်ကို ကိုယ့်အတွက် "မတန်မရာ"ဟု သတ်မှတ်မိပြီး ဖြစ်ဟာရော … မမနှင့်သာ "လိုက်ဖက်တန်ရာ" တာဟု တွေးမိတာရောနှင့် … ငြင်းဆန်ပစ်လိုက်မိပြီးချိန်မှာ … ပိုင်နိုင့်ဘဝရဲ့ နောင်တစ်သက်လုံးမှာ … ကိုယ့်တစ်ယောက်တည်း … ကိုယ့်ဘာသာ လမ်းဆက်လျှောက်သွားလည်းပဲ ရနိုင်တာမျိုးပဲလေ …။ "ကိုယ်နဲ့ ဒါကမှ တန်တန်ရာရာ"လို့ ထင်ရတဲ့ တစ်ယောက်ယောက်ကို အလျင်အမြန် ခေါင်းညိတ်ချကာ လက်ခံထားလိုက်ဖို့ မလိုအပ်ကြောင်း … စိုးလွင်ရဲ့ မျက်နှာကို မြင်လိုက်ရမှ … ဖျတ်ခနဲ အလင်းပွင့် အမြင်မှန် ပြန်ရတာပါ။





ဒီတော့ စိုးလွင်လည်း ပေါက်ကွဲတာပေါ့ …။ ဒါပေမဲ့ ပေါက်သာပေါက်ကွဲတာ … လူကောင်းလေးတစ်ယောက်ပဲ ဖြစ်နေတဲ့ စိုးလွင်ကို ပိုင်နိုင်က ယုံကြည်သည် …။ အဲဒါကြောင့်လည်းပဲ မမက "ကားတင်ပြီ"ဟု ယူဆချိန်မှာ … တကယ့်တကယ်က ပိုင်နိုင် ကိုယ်တိုင်က … တောင်းပန်ဖျောင်းဖျ နားချယူဖို့ တက်လိုက်သွားမိတာလည်း ပါကိုပါနေခဲ့တာပါလေ …။ အဲဒါကြောင့်လည်းပဲ … ပဲခူးမရောက်ခင် အင်းတိုင်လောက်နားရောက်တဲ့အခါ … "ဟဲ့ … တော်တော့ … ပြန်လှည့်တော့ …"လို့ တစ်ခွန်းပြောရုံနဲ့ … စိုးလွင်ကလည်း ချက်ချင်းကို ပြန်လှည့်ပေးခဲ့တာပေါ့ …။ ပိုင်နိုင်တို့တွေ … (၁၀)မိုင်ကုန်းက ဆွေမျိုးတွေဆီတောင် ဝင်နှုတ်ဆက်ခဲ့ကြသေး …။

"တန်တန်ရာရာ"ဟူသော စကားကို သူပဲ အထပ်ထပ် ဆိုခဲ့တဲ့ (ကြီးဒေါ်အငယ်ရဲ့ သမီး) ဝမ်းကွဲအစ်မကတောင် သူပဲ နှာခေါင်းရှုံ့ကာ … "ငါ့ညီမကတော့ … ဒီထက်သာတာလေး ရရင်ကောင်းတာပေါ့ ငါတို့လိုမှ မဟုတ်ဘဲ …"ဟု စိုးလွင်ရဲ့ အခြေအနေနဲ့ ရုပ်ရည်ကို … မကြည်ဖြူနိုင်စွာ သူပဲ အတင်းတုတ်ခဲ့ပါသေး …။

ညနေ တော်တော်ကြီး စောင်းစောင်း … ညဦးပိုင်းကလေးပင်ရောက်မှ … ကြောက်ကြောက်နဲ့ … ပိုင်နိုင် … အိမ်ပြန်ရောက်တဲ့အခါ … မနေ့က စနေနေ့မို့ … နေ့တစ်ဝက်အလုပ်ဆင်းပြီး အိမ်ပြန်ရောက်နေရမဲ့ မမတစ်ယောက် ပြန်မ

www.burmeseclassic.com



ရောက်သေးကြောင်း သိရသည်။ လူကြီးတွေဟာ ပိုင်နိုင့်ကို "နောက်ကျရကောင်းလား"ဟု ဆူဖို့ပင် သတိမရနိုင်ပါ ... "ပိုင်နိုင်နဲ့ မမနဲ့ နှစ်ဦးအတူ သွားနေကြတာ ..."ဟု ထင်ထားရာက ပိုင်နိုင့် တစ်ယောက်ပဲ အိမ်ပြန်ရောက်လာတဲ့အတွက် ခေါင်းတောက်ကုန်ကြပါတော့သည် ...။

လူတကာမြင်ရင် မှတ်မိတဲ့ "တင်သီနိုင်"ရော ... လူတကာမြင်ရင် မမှတ်မိနိုင်စရာ မရှိတဲ့ "ပိုင်ပိုင်နိုင်"ရောကို လူတွေက မြင်လိုက်ကြတာကလည်း ရှိတာကိုး ...။ တစ်ယောက်တစ်ပေါက် အပြောနဲ့ ... နှစ်ယောက်ပူးပုံ ကားတစ်စီးတည်းနဲ့ ပါသွားကြသလိုလို ... သတင်းမှားကလည်း ရထားတာကိုး ...။ စိတ်ညစ်စရာ ကောင်းလှတာက ... လူကြီးများဟာ ရပ်ကွက်ရုံးတိုင် ...၊ ရဲတိုင် ...၊ လျှောက်လုပ်ထားကြတာပါပဲ ...။

ပိုင်နိုင်မှာ မိုးမချုပ်ခင် အိမ်ပြန်ရောက်ပေမဲ့ မိုးချုပ်ချိန်အထိ ရပ်ကွက်ရုံးမှာ မေးခွန်းတွေ သွားဖြေနေရသေးသည်။ ပိုင်နိုင်က စိုးလွင့်ကို ကိုယ့်စကားထဲ ထည့်ကိုမထည့်ပါ ...။ "သူငယ်ချင်းတွေနဲ့"ဟုသာ ဖြေရင်း ... "ပဲခူးဘုရားဖူး ..."၊ "ဆယ်မိုင်ကုန်း"စသဖြင့်ပေါ့လေ ...။ တင်သီနိုင့်အကြောင်းကို ရိပ်မိသင့်သလောက် ရိပ်မိကြတဲ့ ရပ်ကွက်လူကြီးတွေက ... "မိုးရာလိုက်တာ"... ဟုတော့ တစ်စက်မှ ခေါင်းထဲမဝင်မိကြဘဲ ... "ကားတင်ပြေး"တို့ ...၊ "ပြန်ပေးဆွဲ"တို့ အမျိုးမျိုးကို ယူဆကုန်ကြတော့တာပါပဲ ...။





တစ်အိမ်လုံး ...၊ တစ်ညလုံး ... ငုတ်တုတ်ထိုင်ကာ မိုးလင်းလိုက်ရမတတ်ရှိပြီး ... မနက်နှစ်နာရီလောက်ကျမှ ... မမက ပြန်ရောက်လာခဲ့ပါသည်။ ခြံထဲသို့ ကားတစ်စီးဝင်လာတဲ့အခါ ... သတိအနေထားနဲ့ဖြစ်နေကြတဲ့ တစ်အိမ်သားလုံး ဝုန်းဒိုင်းကြဲ ပြေးဆင်းသွားကြပါသော်လည်း ... အားလုံးခြံထဲရောက်ကြတော့... ပေါ်တီကိုအောက်မှာ မမတစ်ယောက်သာ ကျန်ရစ်လျက် ... ကားက ချက်ချင်းပင် ပြန်ထွက်သွားခဲ့ပြီ ...။

မမက ... "ပိုင်နိုင်ရှိရဲ့လား"ဟု တစ်ခွန်းပဲမေးကာ ပိုင်နိုင့်ကိုပါ လှမ်းမြင်လိုက်ရတဲ့အခါ ... "ခရီးလွန်နေလို့ပါ ..." တစ်ခွန်းနဲ့ ဘာမှလဲ ထပ်မပြောတော့ပေ ...။ အဒေါ်တွေခမျာ... ဝုန်းဒိုင်းကြဲ ပေါက်ကွဲချင်ကြတော့မဲ့ ... ဦးလေးနဲ့ ကိုကြီးတို့ကို ချော့ဖျောင်းဖျရ ... ဘာတစ်ခွန်းမှ ထပ်ထွက်မလာတော့တဲ့ မမကို စိတ်တိုကြရ ...။ မမကတော့ ... "ရပ်ကွက်ရုံးတွေ ... ရဲတွေ လျှောက်တိုင်ထားတယ် ... အကုန်လုံး အုတ်အော်သောင်းနင်းနဲ့ သတင်းတွေ မြန့်ပြီး ဖြစ်နေနိုင်တယ် ..."ဟု သိလိုက်ရပြီးကတည်းက ... သူ့ခုတင်ပေါ်မှာ ငူငူကလေး ငုတ်တုတ်ထိုင်နေလိုက်တော့တာ ... ခုထိလေ ...။

လူကြီးတွေက မရိပ်စားမိပေမဲ့ ... ပိုင်နိုင်ကတော့... "ပိုင်နိုင်ရှိရဲ့လား"ဆိုတဲ့ စကားတစ်ခွန်းနဲ့ ... မမဟာ သူ့တစ်သက်တာမှာ တစ်ခါမှ မလုပ်စဖူး ... မစဉ်းစားစဖူး ... ကားတစ်စီးစီးနဲ့ ... ပိုင်နိုင့်နောက်က လိုက်ရင်း ... မိုးလင်းခဲ့ရတာ ... ဆိုတာ

www.burmeseclassic.com



ကို ... ပိုင်နိုင်က ..."တန်း"ပြီးတော့ကို သဘောပေါက်လိုက်နိုင်ပြီ ဖြစ်ပါသည် ...။ အဲဒါကြောင့် မမရဲ့အခန်းထဲ ... ကြမ်းပြင်ခြေရင်းမှာ ငုတ်တုတ်ကလေးကို လာထိုင်နေခဲ့တာ ...။ မမရယ် ... ဖြစ်ရလေ ...။ ပိုင်နိုင့်ကို အဲဒီလောက်အထိ ... မေတ္တာနဲ့စေတနာ ပြနိုင်ခဲ့သတဲ့လား ... ဖြစ်ရလေ ...။

"ပိုင်နိုင် ..."

မမဆီက အသံထွက်လာသဖြင့် ... ပိုင်နိုင်ကနေရာကနေ ခုန်ပြီးတော့တောင်မှ ထလိုက်မိပါသည်။ မမခုတင်နား-ပြေးကပ်ခဲ့တော့ ... မမက ... ခုတင်ပေါ်မှာ ထိုင်ခိုင်းကာ ပခုံးလေး အသာဖက်ထားပြီး ...

"နင် ဘာမှမဖြစ်ဘူး မဟုတ်လား ..."

"ဘာလို့ဖြစ်ရမှာလဲ မမရယ် ... မမ ပိုင်နိုင့်နောက်ကိုလိုက်ခဲ့တာပဲ မဟုတ်လားဟင် ... ဖြစ်ရလေ မမရယ် ... စိုးလွင်ဟာ ပိုင်နိုင့်သူငယ်ချင်းပါ ... ပြီးကျတော့ ရှူးရှဲအော်ဟစ်တတ်တာကလွဲရင် သဘောရိုးတဲ့ လူကောင်းကလေးပါ ... သူနဲ့ပတ်သက်ခဲ့တဲ့ နေရာမှာ ပိုင်နိုင့်ဘက်က အပြစ်မကင်းသလို ရှိနေလို့ ... သူ့ကားပေါ် ပိုင်နိုင်က မငြင်းမဆန်တော့ဘဲ တမင်တောင် တက်လိုက်သွားတာပါ ... ပိုင်နိုင်တို့ အင်းတိုင်ကနေ လှည့်ပြန်ခဲ့ကြတာ ... "ဆယ်မိုင်ကုန်း" ကိုလည်း ခဏလေး ဝင်ခဲ့သေးတယ် ... အခု ပိုင်နိုင်က ဘာမှမဖြစ်ဘူး ... ရှင်းရှင်းပြောရရင် ... နာမည်တောင် မပျက်ဘူးမမရဲ့ ... အလွတ်ကြီးပဲ ... မမကသာ ... ပိုင်နိုင့်ကြောင့် ... ပိုင်နိုင် မိုက်မိလို့ ..."





"နေ ... နေ ... မငိုနဲ့ ... အေးဆေးပဲ ပြောကြမယ် ... နင် ဘာမှမဖြစ်ဘူး ... နာမည်တောင် မပျက်ဘူးဆိုတော့ ကောင်းတာပေါ့ ... သိပ်ကောင်းတယ် ... ဒီလိုဆိုရင် ... မမရဲ့ စေတနာကို သိရင် မမပြောစကားကို နားထောင်ရမယ် ... ပိုင်နိုင် ... ညီနောင်ဘွားကို ... ပြန်လက်ခံလိုက်ပါ"

"ဟင် ... မမ ..."

"လက်မခံနိုင်စရာအကြောင်း ... ဘာမှမရှိဘူး ပိုင်နိုင် ... အဲဒါအားလုံးအတွက် ကောင်းတယ် ... ညီနောင်ဘွားအတွက်ရော ... ပိုင်နိုင့် အတွက်ရော ... ပြီးကျတော့ ... ဘာပဲဖြစ်ဖြစ် ... ဘယ်လိုပဲ ဖြစ်ခဲ့ဖြစ်ခဲ့လေ ... ကိုယ့်ကျေးဇူးရှင်တွေပဲ ဖြစ်ခဲ့တဲ့ လူကြီးတွေအတွက်ရော .... သူ့ကိုနင်ပြန်လက်ခံပေးပါ ... လူကြီးတွေ ဖြစ်စေချင်နေကြတဲ့ အတိုင်း သူတို့ကျေးဇူးကို ပြန်သိပြီး ... ပြန်ကြည့် ... ပြန်ဆပ်ခွင့်ရတဲ့ တူမမျိုး ... ပိုင်နိုင် မမအတွက် ... မလုပ်ပေးနိုင်ဘူးလား ..."

"မမ ... မမက ..."

ပိုင်နိုင်က ကိုယ့်စကားကိုယ် ... ရှေ့သို့ ဘယ်လိုထပ်တိုး ... ဆက်ရရင်ကောင်းမလဲ ... မစဉ်းစားတတ်တော့ပါ။ မမက အသာအယာလေး ပြုံးလိုက်ကာ ...

www.burmeseclassic.com



"ငါတို့ကလေ ... နင်တို့နောက် လိုက်သာလိုက်နေရဟာ ... ရန်ကုန်အထွက် Toll Gate ကျော်သွားကတည်းက နင်တို့ကား ကို အမြီးတောင် မြင်ရတော့တာ မဟုတ်ပါဘူး ... မှန်းပြီးသာ ဆက်လိုက်နေရတာ ... လိုက်ရင်း ... လိုက်ရင်းနဲ့ ... ပျဉ်ပုံကြီးရောက်မှ ပြန်လှည့်ဖြစ်တာ ... ပြီးကျတော့ အဲကွန်းက တစ်ချိန်လုံး ဖွင့်ထားတော့ ... ပေါက်ကရ လူမနီးသူမနီး နေရာကြီးမျိုးမှာကျမှ အပူချိန်(Heat)တွေ တက်ပြီး ... ရေဆူလာလို့ ... မီးခိုးတွေ ထွက်လာတာနဲ့ ... ရေတောင်း ရေဖြည့်ပြီး ခပ်ကြာကြာကို ကားရပ်ထားခဲ့ရသေးတာ ... အဲဒါကြောင့် ..."

"မမ ... အဲ ... အဲဒါ ဘယ်သူလဲဟင် ..."

"ဦးကျော်မင်းဦးပါ ... ဒါပေမဲ့ သူလည်း လူကြီးလူကောင်း တစ်ယောက်ပါပဲ ညီမလေးရယ် ... ကိစ္စမရှိပါဘူးလေ ... မမက ဖြစ်နိုင်ချေ ရှိတာတွေ အကုန်တွက်ပြီးသွားပြီ ... သူလည်းပဲ လူကောင်းတစ်ယောက်ပဲ ဖြစ်တာ ... မမပဲသိတယ် ... ခုဖြစ်ပျက်သွားပုံ အခြေအနေအရတော့ ... ဒီရပ်ကွက် ဒီအသိုင်းအဝိုင်းထဲမှာတော့ မမက တစ်ညတော့ ပျောက်ပြီးသွားပြီပေါ့ ..."

"ကိုကြီးက ... ညကတည်းက မမ ပြန်ရောက်ပါပြီလို့ ရဲကိုတော့ သွားအကြောင်းကြားမယ်တဲ့ ..."





"ရပ်ကွက်ရုံးက ဒီမနက်တောင် ဖွင့်ဦးမှာ မဟုတ်ဘူး ... ရပ်ကွက်က လူကြီးတွေကို တစ်အိမ်တက်ဆင်း လိုက်ပြောတယ်ထားဦး ... ဒါကလည်း မိုးစင်စင်လင်းမှ လိုက်ဖြေရှင်းရတဲ့ ဖြေရှင်းစကားသက်သက်ပဲ ဖြစ်မယ်လေ ... တင်သိနိုင် ... ဆိုရင် နဂိုတည်းကမှ ရပ်ကွက်က ... သတင်းစောင့်မျှော်နေကြတာမျိုးလည်း ဖြစ်ချင်ဖြစ်နေမှာ ...

ကိစ္စမရှိဘူး ... နောင်အရှည်သဖြင့်မှာ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွှေ့ပါဘူး ... ဒါပေမဲ့ ... လူကြီးတွေ မျှော်လင့်ထားကြသလို ... ဂရိတ်ကြီး တစ်ယောက်ယောက်နဲ့ ... မှီပြီး ကျေးဇူးဆပ်နိုင်ခွင့်ကတော့ ... ဘယ်လိုမှ အခွင့်မရှိနိုင်တော့ဘူး ... အဲဒါကြောင့် ညီမလေးကပဲ ..."

"ဦးကျော်မင်းဦးကလည်း ... သူ့ကြောင့် နာမည်ပျက်ရတော့မဲ့ဟာကို"

"ဘာဆိုင်လဲ သူနဲ့ ..။ သူနဲ့ဆိုတာ ဘယ်သူမှတောင် မသိနိုင်တဲ့အရာ ... ပိုင်နိုင်လည်း လူကြီးတွေကို ဘာမှသွားပြောပြမနေပါနဲ့တော့ ... ဦးလေးတို့သိကုန်ကြမှာ စိုးလွန်းလို့တောင် ... မနက်က ... ကားကို ချက်ချင်း ပြန်လှည့်ထွက်သွားခိုင်းလိုက်တာ ... သူ့မှာ ဘာတာဝန်မှ မရှိဘူး၊ သူက ကိုယ့်အကူအညီ တောင်းမှုကို လိုက်ဖြည့်ပေးရုံသက်သက်ပဲ ..."

www.burmeseclassic.com



သူက ပဲခူးလောက်ကတည်းက ပြန်လှည့်ကြပါ
လို့ချည်း ပြောတာ ... ပျဉ်ပုံကြီးထိ ရောက်တာ ... မမ
ဖွဲ့ခတ်နေခဲ့လို့ ... နေပါဦး ... လိုက်ပေးပါဦးချည်း ပြော
မိတာ ... ဒီတော့ ... ကိုယ့်နာမည်ပျက်ရတာဟာ ... ကိုယ့်
လုပ်ရပ်နဲ့ ကိုယ့်ကံကြောင့်ပဲ ... သူ့တာဝန်ကို မဟုတ်ဘူး
မသကာ ... ခုကိစ္စမှာ သူပါ နာမည်ပျက်ရပါပြီ ဆိုရင်
တောင် ... အဲဒါကသာ ကိုယ့်မှာ တာဝန်ရှိသလိုလို ဖြစ်
နေတာ ... ကိုယ့်ကြောင့် ...”

ပိုင်နိုင်က မမဘက်ကို မျက်နှာချင်းဆိုင်လှည့်ကာ
ကျစ်ကျစ်ပါအောင်ပင် ကျုံးဖက်လိုက်မိပါတော့သည် ...။ မမ
လည်း ပိုင်နိုင့်ကို တင်းတင်းကလေး ပြန်ဖက်ထားလေသည် ...
နှစ်ယောက်သားကြားမှာ ... “အဓာ” မရှိတော့သော ညီအစ်မ
ယောက်တို့ တစ်ယောက်ဆီကို တစ်ယောက်ရဲ့နားလည်မှုတွေ ...
အကြင်နာတွေ ...၊ မေတ္တာတွေ ...၊ အပြန်အလှန် စီးဆင်းနေ
သလို ခံစားရသည်။ ခံစားချက်ကို ထိန်းနိုင်သော မမက ဘာမှ
ဖြစ် ... ခံစားလွယ်တဲ့ ပိုင်နိုင်ကပဲ မျက်ရည်တွေ စီးကျလာပြန်ကာ

“တကယ်လို့ ... ပိုင် ... ပိုင်နိုင် ... တကယ်၍ ... ကော
စားပြိုင်မှားသွားခဲ့တယ် ဆိုရင်လည်း ... မမကိုပါ အိမ်
ခန်းမှာ ဖူးဖူးမှုတ်ပြီး တင်ထားမှာပဲ ...”

“အမယ်လေးဟယ် ... တကယ်လို့တွေ တကယ်၍တွေ
ဘာ့ကြောင့် ထည့်နေရဦးမှာလဲ ... စိတ်ကောင်းရှိတဲ့သူ
ကံကောင်းတာချည်းပဲတဲ့ ... မမတော့ ... ဒီလိုဆို သူ





တကာရဲ့ အိမ်ဦးခန်းမှာ မိန့်မိန့်ကြီး နေရချေသေး ...
ဟင်း ဟင်း ...”

ပိုင်နိုင်က ရှက်ကိုးရှက်ကန်းနှင့် ... “တကယ်ပြော
နေတာ ...”ဟု ပြောလိုက်စဉ်မှာ ... မမဆီက ရယ်သံလေးတွေ
ချစ် စနိုးလေး ပေါ်ထွက်လာခဲ့လေသည်။ ထိုအချိန်မှာပဲ ...
တံခါး ခေါက်သံနှင့်အတူ ဒေါ်လေးငယ်ရဲ့ ဦးခေါင်းက အခန်းထဲ
ဝင် ပြူလာကာ ...

“တင်သီရယ် ... အိမ်ရှေ့မှာလေ ... ဦးကျော်မင်းဦး
ရောက်လာတယ်ဟဲ့ ... မနက်စောစောစီးစီး ခုနစ်နာရီ...
ရှစ်နာရီကြီးကို ဘာကိစ္စရှိတယ် မသိပါဘူး ... သမီးနဲ့
တွေ့ပါရစေတဲ့ ... ငါနယ်ဟယ် ... ဒီအချိန်မျိုးကျကာမှ
တိုက်တိုက်ဆိုင်ဆိုင် ...။ ခုကိစ္စတွေ အတွက်ကိုတော့
နောင်မှ ပြောစရာရှိလည်း ဖြည်းဖြည်းပြောယူကြတာပေါ့
တင်သီရယ်နော် ... ခုတော့ ထွက်တွေ့လိုက်ပါဦး ... သမီး
ဦးလေးကလည်း တွေ့စေချင်တယ်တဲ့ ...”

မမက မငြင်းမဆန်ဘဲ လိုလိုလားလားပင် မတ်တတ်
ထရပ်လိုက်တဲ့အတွက် ခုမှ အခန်းထဲ ပြေးဝင်လာရဲ့တဲ့ ဒေါ်လေး
ငယ်ခမျာ ... ဘာမှ ကြိုသိမထားရသေးသူ ဖြစ်တဲ့အတိုင်း ...
လောက်ဆို (ရပ်ကွက်ထဲမှာတော့) သတင်းပြန့်နေနိုင်ပြီဖြစ်တဲ့
ကိစ္စကို ... ဦးကျော်မင်းဦးကို ... ချက်ချင်းကြီးတော့ ဖွင့်မ
ပြောလိုက်နဲ့ဦးနော် ... ဟု တတွတ်တွတ် လာသွန်သင်နေချေပါ
တော့သည်။

www.burmeseclassic.com



မမ ညည့်ခန်းဘက် ထွက်သွားတော့ ... ပိုင်နိုင်ပါ ဘာလိုလိုနှင့် ကပ်လိုက်သွားမိပါသည် ...။ လူကြီးတွေကတော့ ဂျစ်ကပ်လှသည့် ပိုင်နိုင့်ကို အတင်းဆွဲဆိတ်ခေါ်လို့လည်း မရတဲ့ အဆုံး ... သူတို့ဘာသာပဲ တော်ရာရှောင့်သွားကြပါတော့သည်။ ပိုင်နိုင်ကတော့ ကြည့်နေရမှ ဖြစ်မှာပေါ့ ...။ ဘာကြောင့် ... ဒီ မနက်မှာတင် ချက်ချင်းပြန်ရောက်လာရသလဲ ...။

မမ ညည့်ခန်းထဲ ရောက်လျှင်ရောက်ချင်း ကုလား ထိုင်တစ်လုံးမှာ ထိုင်နေသည့် ဦးကျော်မင်းဦးက ထိုင်ရာမှ ဖြန်း ခနဲ ထရပ်လိုက်ကာ ... သူ့လက်ထဲက "ဘူးကလေးတစ်ခုကို ဖျတ်ခနဲဖွင့်ပြီး ... မမရှေ့သို့တိုး ... သူ့ခန္ဓာကိုယ်ကြီးကိုလည်း ခပ်ကုန်းကုန်းနှင့် ကွေးညွတ်ချလိုက်ကာ ...

"ကိုယ့်ကို ...လက်ထပ်ခွင့် ... ပေးနိုင်မလား ... တင်သီ"

ကာယကံရှင် မဟုတ်တဲ့ ပိုင်နိုင်ပင် ... ရင်ထဲ "ဝုန်း"ခနဲ ဆောင့်ခုန်တက်ကာ ... ပါးစပ်အဟောင်းသားကြီးဟ_ မျက်ရည်တွေ စီးကျလာရပြန်စဉ် ...၊ မမကတော့ ... အေးအေး ချမ်းချမ်း အပြုံးကလေးနှင့် ဦးကျော်မင်းဦးကို စိုက်ကြည့်နေရာ က ... တဖျပ်ဖျပ် လင်းလက်တောက်ပလျက်ရှိသော ... ဘူးက လေးအတွင်းမှ ... စိန်လက်စွပ်ကလေးကို ... အသာအယာလေး ပင် ဆွဲယူ၇ဟဲဆင်လိုက်လေသည်။





"ငါကလည်း ... ညကမှပဲ တိုက်တိုက်ဆိုင်ဆိုင် ... သူ တို့လမ်းရဲ့ ဘေးလမ်းက ... အသုဘတစ်ခုကို သတင်းမေး သွားခဲ့မိတာကိုးကွ ... ငါရောက်ခဲ့တဲ့ အချိန်က ညကိုးနာရီ လောက်တော့ ရှိပြီ ... အဲဒီမှာ ငါထိုင်နေတဲ့ ဟိုဘက်ဝိုင်း က ... အဲဒီရပ်ကွက်က ကောင်လေးတွေပေါ့ ... ကာလ သားဝိုင်း ...။ အဲဒီမှာ သူတို့ပြောနေကြတာက ... ဟိုဘက် လမ်းက ... သူတို့ရပ်ကွက်ရဲ့ ပဂေးညီအစ်မနှစ်ယောက် အကြောင်းပါပဲကွာ ..."

အောင်ဇော်က မနက်က(၅)နာရီထိုးမှပင် ... "မင်း နိုးပြီလား"ဟု ... ညီနောင့်ထံ ဖုန်းလှမ်းဆက်ခဲ့ပါသည်။ "တစ်ည လုံး ပြောရင်ကောင်းမလား မကောင်းဘူးလား စဉ်းစားနေခဲ့တာ... ခု မနက်(၅)နာရီရှိကာမှ... မနေနိုင်တော့လို့ ..."တဲ့ ...။ ညီနောင် ကတော့ ... ကြားကြားချင်းကတည်းက လှမ်းမပြောရကောင်း လား"လို့ မနက်စောစောကြီး အောင်ဇော့်ကို ဆဲဆိုပစ်လိုက်မိပါ သည်။

ပြီးလျှင်တော့ ညီနောင်ဟာ ချက်ချင်းဆိုသလို ကားဆွဲထုတ်ကာ ပဲခူးနားက အင်းတိုင်ဆီသို့ ...။ ဘာကြီးပဲဖြစ် နေပါစေ ... ဘာဖြစ်လို့ ချက်ချင်းထ,မလိုက်ရမှာလဲ ...။

www.burmeseclassic.com

သတင်းကတော့ ဘယ်ဟာကို အတည်ယူရမလဲ မသိနိုင်တော့လောက်အောင် အမျိုးမျိုးပင် ...။ "ကားတင်ခံရတာက တင်သီနိုင်"တဲ့ ...။ "မဟုတ်ဘူး ... ပိုင်ပိုင်နိုင်"တဲ့ ... "တင်သီနိုင်က နောက်က လိုက်သွားတာ"တဲ့ ...။ "ပါသွားတဲ့နေရာက အင်းတိုင်တဲ့ ... "မဟုတ်ဘူး ... ဆယ်မိုင်ကုန်းတင် ... အမျိုးတွေအိမ်"တဲ့ ...။ "ပြန်ရောက်ပြီ"တဲ့ ...။ "လုံးဝပြန်မရောက်သေးပါဘူး"တဲ့ ...။ "ကားက ဆလွန်းအဖြူရောင်"တဲ့ ...။ "မဟုတ်ဘူး... အစိမ်း ... ပစ်ကပ် ... ပြောရမယ်ဆိုရင် ... ဟိုးသုံးလမ်းကျော်... ဈေးကလေးထိပ်က လက်ဖက်ရည်ဆိုင်က ကားနဲ့တောင် တူတယ်လို့ ပြောကြတယ်"တဲ့ ...။ "ပြောကြတာ မဟုတ်ဘူး ... ဟုတ်ကိုဟုတ်တာ ... ငါ ကြားလာရတဲ့ သတင်းတွေက ... အဲဒီ စိုးလွင်ဆိုတဲ့ကောင်ရဲ့ သူငယ်ချင်းဆီက အတိအကျ"... တဲ့။ အောင်ဇော်ကတော့ ... "သတင်းဆိုတာကတော့ အတင်းလည်း ဖြစ်တတ်တာပါပဲ ... ဟုတ်ချင်မှ ဟုတ်မှာ ..."တဲ့ ...။ ညီနောင်ကတော့ အားလုံးသော အချက်အလက်တွေထဲကနေ ကိုယ့်ဘာသာ ကောက်ချက်တစ်ခုပဲ ဆွဲကြည့်လိုက်မိပါသည် ...။

ကားတင်ခံရတာ ပိုင်ပိုင် ...။ သူ့အစ်မကရောယောင်ကပ်ပါညပ်ပါသွားတာ ဖြစ်နိုင်သည်။ ဘာလို့ဆို ... သူတို့ပြောတဲ့ကားစိမ်းဆိုတာကို ... ညီနောင်က သိသည်လေ ...။ ပြီးကျတော့ အဲဒီ စိုးလွင် ဆိုတဲ့ ... ကောင်ကလေးဟာ ညီနောင်နဲ့ ပိုင်ပိုင်တို့ရဲ့ အခြေအနေကို အမှန်အတိုင်း နောက်ဆုံးသတင်းထိ မသိနိုင်သေးဘဲ ... "လက်လွှတ်ပြီ"ဟု ဒေါ်ပွစိတ်တိုနေနိုင်သည့်ကောင်။





အင်းတိုင်တဲ့ ... ဘာလို့ မလိုက်ရမှာလဲ ...။ ဘယ်ိုအမြန်နှုန်းနဲ့ မောင်းသွားလိုက်မိသည် မသိ ...။ မနက်(၆)ာရီမခွဲခင်ကောက်မှာပင် ... ညီနောင်ဟာ ပဲခူးနားအထိပင်ကောက်မိပါပြီ ...။ "တင်သီနိုင်"ပါ ပါသွားသည် ဆိုလျှင် ... သူဟာ အသိဉာဏ်နဲ့ပြည့်စုံနိုင်တဲ့ မိန်းမတစ်ယောက်ပဲမို့ ညီနောင် က အရာရာအတွက် စိတ်ချသည် ...။

ကဲပါလေ ...။ နောက်ဆုံးမှာ အဆုံးစွန်အထိ တွက်ထားရရင် ... ဘာကြီးပဲဖြစ်ဖြစ် ... ဘယ်လိုပဲ ဖြစ်ပျက်ခဲ့ပါစေ ...။ ပိုင်ပိုင်ဟာ အဲဒီကောင်ကလေးကို ချစ်မြတ်နိုးစိတ်ရှိနေတာမှ မဟုတ်ဘဲ ...မချစ်မနှစ်သက်သူနဲ့တော့ တစ်ဘဝကြီးလုံးက်စိစုံမှိတ်ကာ ပေါင်းမနေစေရ ...။ ပိုင်ပိုင့်ရဲ့ "အချစ်"တွေကဘယ်မှာလဲ ညီနောင်က အတိအကျကို သိသည်လေ ... ပြီးတာဲ ...။ ကိုယ့်ကို ငြင်းပယ်ထားသည့် ကလေးမဟာ ငြင်းချင်လို့ငြင်းရတာမှ မဖြစ်နိုင်ဘဲ ... ဘာဖြစ်လို့ လက်ခံအတည်ယူရမှာလဲ ...။

အငြင်းခံလိုက်ရစဉ်မှာ ... ထိုင်းမှိုင်းလေးလံ ...း နောက်တွေ ထုံထိုင်းသွားခဲ့တဲ့ ညီနောင်က သေချာပြန်စဉ်းစားတော့ ... သူ့အချစ်တွေကို ကိုယ်အပိုင် ... ဟု ကိုယ့်ဘာသာသေချာနိုင်လျှင် ... သူ ဘယ်လိုငြင်းငြင်း ... ကိုယ်က အတည်ယူလည်း ရတာပဲ ... ဟု မြင်လာနိုင်လေသည် ...။ အထူးသဖြင့်သော့ ... အခုလို ပြဿနာတွေ တောက်လျှောက်ဆက်ဖြစ်ကုန် ... ပိုင်ပိုင်ကလေး စိတ်အဆင်းရဲဆုံး ဖြစ်နေနိုင်တဲ့ အချိန်မျိုး

www.burmeseclassic.com



မှာ ... ကိုယ့်ရဲ့နားလည်နိုင်မှု၊ ဘယ်တော့မှ ... ဘာအကြောင်းကြောင့်မှ လက်မလျှော့နိုင်ဘူး ... ဆိုတဲ့ အတိုင်းအတာကို ... အတိအကျနဲ့ အမြန်ဆုံး ... ပြသနိုင်ရမည် ...။

အောင်ဖော်ကတော့ ... "ငါလိုက်သွားပြီ ... ဘာဖြစ်ဖြစ် ပြန်ခေါ်ခဲ့မယ် ... တစ်ခုခုလိုအပ်ရင် လှမ်းခေါ်လိုက်ဖို့ မင်း ဖုန်းဖွင့်ထားပြီး ... စောင့်နေ ..."ဆိုတော့ ... "ဟာကွာ ..." ဟု နှစ်လုံးသာ ညည်းတွားနိုင်တော့ကာ ... ဘာမှ ထပ်မတား ...၊ ထပ်မပြောနေတော့ပေ ...။

ကျွတ် ...။ ငါက တော်တော် ... အသိဉာဏ်နံ့နဲ့ပါလား... ကြားရတဲ့ သတင်းတွေထဲမှာ...အင်းတိုင်နဲ့၊ ...အင်းတိုင် မဟုတ်ဘူး ... အဲဒီကနေ ရန်ကုန်ထဲ ပြန်လှည့်ဝင်လာကြတာ ... "ရန်ကုန် ဆယ်မိုင်ကုန်းက ... သူတို့အမျိုးတွေရှိတဲ့အိမ် ...တဲ့ ..." ဟု သတင်းစကားက နှစ်မျိုးပါ၊ပါရက်နဲ့ ... ပိုနီးတဲ့၊ ပိုဖြစ်နိုင်ချေရှိတဲ့ ...၊ ပိုင်ပိုင်ကလေးရဲ့ အမေ့အမျိုးတွေရှိတဲ့ နေရာလို့ ... ကိုယ် သိထားတဲ့ ဆယ်မိုင်ကုန်းက ... ရပ်ကွက်တစ်ခုကို ကျတော့ အရင်သွားမရှာမိဘူး ...။ မှန်ထုပြီး ... ညဲ့လိုက်တာ ...

ညီနောင်က ကားကို ချက်ချင်းခေါင်းပြန်လှည့် ... ဆွဲကွေ့ပြီး ဦးတည်ရာလမ်းကြောင်းကို ရန်ကုန်ဘက် ပြန်ပြောင်းလိုက်သည် ...။ မောင်းလာရင်း မောင်းလာရင်း ... နဲ့ ... ညီနောင် တဖြည်းဖြည်း ခံစားသိရှိ ရိပ်မိလာရသည်မှာ ... ကိုယ်ဟာ ... ကိုယ့်အိမ်မက်ထဲကနဲ့ ပုံစံထပ်တူ ... လမ်းနံဘေးမြင်ကွင်းတွေ၊ ကားကွေ့ချိုးပုံ အသွားအလာတွေ ထပ်တူ ...၊ လမ်းမကြီးတစ်ခု





ပေါ်သို့ ရောက်ရှိကာ ... ကားကို အရှိန်နှုန်း ခပ်မြန်မြန်နှင့် မောင်းနှင်နေမိသည်ဆိုတာကိုပါပဲ ...။

ရန်ကုန်–ပဲခူးလမ်း ဆိုတာကတော့ ကြိမ်ဖန်များစွာ ဖြတ်သန်းသွားလာ ရောက်ဖူးတွေ့ရှိနေတာပဲပေါ့နော် ...။ ဒါပေမဲ့ မြင်ကွင်းနဲ့ ကားတွင်းမှာ ရှိနေရတဲ့ ခံစားချက်က ... ဒီနေ့မှပဲ ကိုယ့်အိပ်မက်နဲ့ထပ်တူ ...။ ဟုတ်ပါတယ် ... မလွဲပါဘူး ... သစ်ပင်အုပ်ရာလေးတွေ ရိပ်ခနဲ ဖြတ်သွားတာကအစ ...။ လယ်ကွင်းတို့ရဲ့အလယ်မှာ နွားတွေ မဟုတ်ဘဲ ကျွဲအုပ်ကြီးတစ်အုပ် ရှိနေတာကအစ ...။ ခပ်ဝေးဝေး တောင်ကုန်းပေါ်က စေတီအိုငယ်ကလေးကို လှမ်းမြင်လိုက်ရတာကအစ ...၊ သွပ်ပြားဗြောင်ခေါင်မိုးကလေးတွေကို အစုလိုက် ရိပ်ခနဲ မြင်လိုက်ရတာကအစ ...။ လမ်းနံဘေးမှာ အပြာရင့်ရောင် ဆယ်ဘီးကားကြီးတစ်စီး ... ဘေးချကပ်ရပ်ထားတာကို ... ဖြတ်ကျော်လာရတာကအစ ...။

ဩော် ... ကိုယ့်အိပ်မက်ဟာ ... ပဲခူးဘက်က အပြန်... ရန်ကုန်သို့ ပြန်အဝင် ... လမ်းမကြီးပဲကိုး ...။ ညီနောင်က စိတ်အေးချမ်းသာစွာနှင့် ... "ဗျူး"ခနဲ အသံထွက်ပြီး အော်လိုက်မိပါသည်။ ဒီလောက်ဆိုရင် ... (ကိုယ့်ကံဟာ အဲသလောက် မဆိုးဝါးဘူးဆိုရင် ...၊ ကိုယ့်အထင်ကလည်း အဲသလောက် မမှားမလွဲနိုင်ဘူး ဆိုရင်) ကိုယ့်ရဲ့ ပိုင်ပိုင်ကလေးဟာ ... ရန်ကုန်က သူ့အိမ် သူ့ခြံကလေးထဲမှာပဲ ... ဘေးကင်းချမ်းသာစွာ ပြန်လည်ရောက်ရှိလို့ နေခဲ့ပြီးပြီပဲ ဖြစ်ရတော့မှာပေါ့ ...။ ဒါပဲမဟုတ်လား ...။ ညီနောင်က ခပ်ပြုံးပြုံးကလေး ဖြစ်လာမိပါသည် ...။

www.burmeseclassic.com

ဒါပေမဲ့ အဆင့်မှကျော်ဘူးလေ ...။ ဆယ်မိုင်ကုန်းက ရပ်ကွက်ကလေးထဲတော့ ဝင်ဖြစ်အောင် ဝင်လိုက်ဦးမယ်လေ ...။ အိပ်မက်ထဲက အဖြစ်အပျက်ကို လူကိုယ်တိုင် သက်ဝင်ဆက် လှုပ်ရှားနေချင်သေးတာကော ...၊ ပိုင်ပိုင်တို့ဟာ ... အပြန်လမ်း မှာ ... ဒီကိုဝင်သွားကြတယ်ဆိုရင် ... အကြောင်းအရာ သတင်း တစ်ခုခုကို အမှန်အကန်အတိုင်း ထပ်ပြီးရရှိချင်သေးတာကော ...။

ခဏအကြာမှာတော့ ညီနောင်ဟာ (......)ရပ်ကွက် ကလေးထဲက လမ်းတစ်လမ်းထိပ်မှာပဲ ကားကို ရပ်ပစ်ခဲ့ရကာ ... လူကတော့ ခြေလျင်ပင် ဟိုမေး သည်မေး ... နှင့် ... လမ်းကြို လမ်းကြား၊ အိမ်ကြိုအိမ်ကြားတကာ ... လှည့်ပတ်ကာ ...။ ပိုင်ပိုင့် ဆွေမျိုးတွေ နေနေကြတဲ့ လမ်းနာမည်ကိုလည်းမသိ ...၊ နေရာကို လည်း မသိ ...၊ လူကြီးတွေ လူငယ်တွေ နာမည်မှန်သမျှကိုလည်း မသိ ...။ "ဒေါ်ခင်လေး"ဆိုတဲ့ မရှိတော့သူရဲ့ နာမည်တစ်လုံး နဲ့ ... "ပိုင်ပိုင်နိုင်"ဆိုတဲ့ ဒီရပ်ကွက်သူ မဟုတ်တဲ့ နာမည်တစ် လုံးတို့ကိုပဲ လက်ကိုင်ထားကာ ... ဘယ်သူတွေမှန်း ကိုယ်မသိတဲ့ လူတစ်စုကို လိုက်လံရှာနေရတော့ပါပြီ ...။

နောက်ဆုံးတော့လည်း ... ပိုင်ပိုင့်ကြီးဒေါ်နဲ့ ပိုင်ပိုင့် အစ်မ ဆိုသူတို့နဲ့ ဆုံခဲ့ကြရတော့တာပေါ့ ...။

"ကျွန်တော်က ညီနောင်ဘွားပါ ... ပိုင်ပိုင်နဲ့ လက် ထပ်ကြတော့မဲ့ ချစ်သူတွေပါ ..."လို့ ဆိုလိုက်တဲ့အခါ ... ပိုင်ပိုင့် အစ်မဆိုတဲ့ တစ်ယောက်ဟာ ... ဝမ်းသာအားရနဲ့ သူ့စိတ်သူ တောင် မထိန်းနိုင် ...။ ရှယ်တူချင်း၊ သူစိမ်းယောကျာ်းတစ်





ယောက် ... ပါလား ဆိုတာလည်း စိတ်ထဲရှိပုံမရ ...။ "ငါ့မတ် တော်မောင်ကလေး"ဆိုတဲ့ ဆွေမျိုးသားချင်းစိတ်နဲ့ပဲ ထင်ပါရဲ့ ...။ ညီနောင့် လက်နှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်းပစ်လိုက်ကာ ...

"တွေ့ရတာ သိပ်ဝမ်းသာတာပဲ ... ပိုင်နိုင့်ကိုတွေ့ရင် ပြော ပေးပါ ... ဟိုတစ်ခါ သူဒီလာသွားတုန်းက ကျွန်မကိုမေးခဲ့ ပြောခဲ့တာတွေ အားလုံး ခု ကျွန်မ အားလုံးပြန် ဘွာခတ် တယ်လို့နော် ... သေချာပြောပေးနော် ... ပြောဖြစ်အောင် ပြောပေးပါ ... လောကမှာလေ 'မဖြစ်နိုင်ဘူး'ဆိုတဲ့အရာ ... 'မတန်ဘူး 'ဆိုတဲ့အရာ ... ဘာမှမရှိပါဘူးလို့ ... လူတိုင်း မှာ ... 'စိတ်'ကပဲ အဓိကအရေးကြီးတာ လို့ ... နော် ...

ကိုယ့်စိတ်ရော သူ့စိတ်ရော ... နှစ်ခုစလုံး သေချာ နေရင် ပြီးတာပဲလို့ ... နော် ... 'မဖြစ်နိုင်ဘူး'ဆိုတဲ့ အရာ တွေအားလုံးကလည်း ... 'စိတ်သာရှင်စော ...'လို့ ဘုရား ဟောတောင် ရှိတာပဲလို့ ... နော် ... အဲလိုပြောလိုက်ရင် သူ သိပြီ သိလား ... ကျွန်မ မှားသွားတာလေး ... အမှား ပြင်ချင်တာပါလို့ ..."

"ကျွန်တော် သိချင်တာလေး တစ်ချက်က အစ်မ ... မနေ့က သူတို့ ပဲခူးကအပြန် ဒီကို ခဏဝင်သွားကြသေးတယ် ဆိုလို့"

ဝမ်းသာရွှင်လန်းနေသော ထိုအစ်မရဲ့ မျက်နှာက လေးက ပျက်တယ်ဆိုရုံမျှ တစ်ချက်လောက်ကလေး မသိမသာ ပျက်သွားပြီးမှ ချက်ချင်း ပြန်ပြင်လိုက်ကာ ...

www.burmeseclassic.com



"ဟုတ်ပါတယ် ... သူနဲ့ သူ့သူငယ်ချင်း ကောင်လေးတစ်ယောက်နဲ့ ... ညနေခြောက်နာရီလောက်ကပါ ... ပဲခူးခဏလာတာ ရန်ကုန် အပြန်မှာ ဝင်နှုတ်ဆက်တာတဲ့ ... ကဲပါရှင် ... အမှန်အတိုင်းပဲ ပြောပါတော့မယ် ... အဲဒီကောင်လေးက သူ့ကြိုက်နေတာ ... သူက ငြင်းမိလို့ ကောင်လေးက စိတ်ဆိုးတာကို ... ကားမောင်းရင်း တောင်းပန်ရင်းနဲ့ အင်းတိုင်ရောက်မှ ပြန်လှည့်လာကြတာပါ ...

ကျွန်မဆီ တမင်သက်သက်ကို ဝင်တာ ... ကျွန်မနဲ့ သူနဲ့ပြောထား ... ငြင်းထားကြတာလေးရှိလို့ ... သူက အဲဒီကောင်လေးမျိုးကို ခုပဲ ငြင်းလာပါတယ်လို့ ကျွန်မကို ဝင်စကားနာထိုးတာပါ ... ကိုညီနောင်ဘွားနဲ့ ချစ်သူတွေ ဖြစ်ပြီးနေကြပြီ ... ဆိုတာတော့ ပြောမသွားဘူးရှင့် ... ဟုတ်ပါတယ် ... ကျွန်မကိုက ညံ့တာပါ ... သူ ဟိုတစ်ခေါက် ပေါ်လာတုန်းက အရိပ်အကဲ သေချာမသိဘဲ လျှောက်ပြောမိတာကိုး ... ခုနက ကျွန်မ မှာတာလေး ပြောပြီးရင်လေ ... ကိုညီနောင်ဘွားနဲ့ နှစ်ယောက်တွဲ ... အမေတို့ဆီလည်း ပေါ်လာခဲ့ကြပါဦးလို့ ... သိပ်ဝမ်းသာတာပဲရှင် ...

ခုနက ကောင်ကလေးကတော့ ... သူ့သူငယ်ချင်းပါ ... အရိုးခံသက်သက်ပါ ... ကောင်လေးကလည်း လူကောင်းလေးပုံပါ ... ဒီရောက်တော့လည်း ဒေါ်သတွေ





ဘာတွေပြေပြီး ... ပုံမှန်ပဲ ဖြစ်နေပါပြီ ... စိတ်ဆိုးတယ်ဆိုတာတောင် သူတို့ပြောမှ သိရတာ ... ကျွန်မတွေ့တော့ သာမန်သူငယ်ချင်း အပေါင်းအသင်း ပုံစံတွေနဲ့ပါပဲ ... တစ်ခုပဲရှိတာ ... ဟိုက စိတ်ဆိုးလို့ ကားစီးပြီး လိုက်တောင်းပန်ရတာနဲ့ပဲ ... အင်းတိုင်ရောက်ရတယ်ဆိုတာကတော့ ကိုညီနောင်ဘွား အနေနဲ့ ကြည့်ရရင် ..."

"ဟာ ... ဘယ့်နှယ်မှ မနေပါဘူး ... ဒီလိုပဲ ... သူတို့ ဒီရောက်ဖြစ်ကြတယ်ဆိုလို့ ... မေးကြည့်ရုံသက်သက်ပါ ... ဒီကိစ္စအတွက် ကျွန်တော့်စိတ်ထဲ ဘယ့်နှယ်မှ မနေပါဘူး၊ ခုလို သိရတာကိုပဲ အတော်ဝမ်းသာပါတယ် ... ကျွန်တော်နဲ့ အဲဒီကောင်ကလေးနဲ့လည်း သိပါတယ် ..."

ကဲ ... ရင်ထဲရှင်းလင်းပြီး ... အပျော်တစ်ခုပဲ ခေါင်းထဲ ထည့်ရတော့မဲ့ ... ညီနောင်ရဲ့ အပြန်ခရီးဟာ ... အိပ်မက်ထဲကလိုပါပဲ ...။ ပိုင်ပိုင်တို့ရပ်ကွက်ထဲကို လှမ်းဝင်လာပြီဆိုရင် ... ကွန်ကရစ်ဘိုးရာ လမ်းကြောင်းနှစ်ခုနဲ့ မြေနီလမ်းက ညီနောင့်ကိုဆီးကြိုနေပြီ။ ကားကိုအရင်လှမ်းမြင်လိုက်ရရင် ... ရှောင်ပြေးတာတို့ ... ပုန်းကွယ်တာတို့ ... အခိပ္ပာယ်မရှိတာတွေ လျှောက်လုပ်ရင် လုပ်နေဦးမှာမို့ ... ညီနောင်က ကားကို လမ်းထိပ်တင် ရပ်ပစ်ခဲ့ကာ မြေနီလမ်းကလေးထဲ လမ်းလျှောက်ပြီးသာ ဝင်လာခဲ့ရပါသည်။

အိပ်မက်ထဲမှာဆိုရင် ... ဒီမြေနီလမ်းကလေးမှာ လမ်းလျှောက်နေချိန်ဆို ... မျှော်လင့်ချက်တွေနဲ့ ရင်ခုန်နေရတာ

www.burmeseclassic.com



လည်း မဟုတ် ...။ မျော်မှန်းကြည့်နူးနေတယ်ရယ်တော့လည်း မဟုတ်ဘဲ ... အဲဒီလိုလမ်းလျှောက်ပြီး ... အဲဒီခြံထဲ ဝင်ရောက်သွားရတော့မှာကို ... ကိုယ့်စိတ်ထဲ ကြိုသိပြီး အတော်ကြီးကျေနပ်နေမိပြီ ...။ အိပ်မက်ထဲက ကိုယ့်ကို ... အပြင်ကနေ သိနေကြည့်နေသလိုရှိတဲ့ ကိုယ်က ... ခပ်ပြုံးပြုံး သဘောတကျနဲ့ ကြည့်နေမိသလို ... ခံစားနေရပြီ ...။ ခုလည်းပဲ ... ညီနောင်က ကိုယ့်ကိုယ်ကိုယ် ပြုံးချင်နေမိပါသည် ...။ ကားကို လမ်းထိပ်တင်ရပ်ခဲ့ပြီး ဒီထဲလမ်းလျှောက်သာ ဝင်လာမိတာ ... အောင်ဇော်သာ ပြန်သိရင် ... "အဓိပ္ပာယ်မရှိတဲ့အကောင် ... အပိုအလုပ်တွေပဲကွာ ..." ဟု ရှုတ်ချချင်နေဦးမည်။

ညီနောင်ကသာ ... ကားမြင်ရင် ထွက်ပြေးမှာစိုးလို့ လူချည်း လမ်းလျှောက်ဝင်လာခဲ့တာ ...။ ခြံစည်းရိုး အုတ်တိုင်နှစ်ခုကနေ ခြံထဲလှမ်းဝင်လိုက်သည် ဆိုရင်ပဲ ... ဘာမှမကြာလှသည့် အချိန်တစ်ခဏ အတွင်းမှာ ... တစ်ထပ်တိုက်ကလေးရဲ့ အိမ်ရှေ့တံခါးမ,က ပွင့်ဟလာခဲ့ကာ ... ခြံထဲ ပေါ်တီကိုအောက်အထိ ... ကိုယ့်ကို ထွက်ရပ်ပြီး ကြိုနှင့်နေသူဟာ ... "တင်သီနိုင်"။

တင်သီနိုင်က ... တရင်းတနှီး ဆန်လှသော အပြုံးနှင့် ဆီးကြိုနေတာ ...

"ခြံထိပ်ရောက်ကတည်းက အိမ်ထဲကနေ ပြတင်းပေါက်က တစ်ဆင့် ... လှမ်းမြင်လိုက်လို့ ... အိမ်နောက်ပေါက်ကနေ ထွက်ပြေးသွားတယ်ရှင် ... တားမရဘူး ..."





"ခြံထဲမှာတော့ ... ဟိုဘက်လမ်းတွေ အိမ်တွေဆီ ရောက်သွားနိုင်တဲ့ နောက်ထပ် ထွက်ပေါက်တစ်ခု ... မရှိလောက်ပါဘူးနော် ..."

"မရှိပါဘူးရှင် ... ပုန်းစရာ နေရာကောင်းကောင်းဟာ ... သူ့ကြက်ခြံတွေလောက်ပဲ ရှိမှာပါ ..."

"ကျေးဇူးပါ ခင်ဗျာ ..."

"ကျွန်မလည်းကျေးဇူးသိပ်တင်ပါတယ်... ကိုညီနောင်ဘွား"

ဟင်း ဟင်း ဟင်း ...။ ဓာပဝါစလေး တလွင့်လွင့်လား ...။ အရောင်ဖျော့ဖျော့ ခန်းဆီးစ ခပ်ပါးပါးလား ...။ ဒါမှမဟုတ်ရင်လည်းပဲ ... အိမ်ထဲ ပြတင်းပေါက်က ... ခြင်ဆန်ကာကွက်စိပ်စိပ်လေးတွေများလား ... လို့ ထင်ခဲ့မိတဲ့ ဖြူဝါးဝါးဟာ ... လက်စသတ်တော့ ... သူ့ကြက်တွေ ခြင်ကိုက်မှာစိုးလို့ ကြက်ခြံထဲမှာ ညဘက် ညဘက် လိုက်ပြီးကာပေးထားဟန်တူတဲ့ ... ခြင်ထောင်စ ...။ ကြက်ခြင်ထောင် ...။

မလုံနိုင်တော့မှန်း သိရက် ... အဲဒီကြက်ခြင်ထောင် ညစ်တီညစ်ပတ်ကြီးကိုပဲ ... သူ့မျက်နှာလေးရှေ့ ... ခပ်တင်းတင်း ဆွဲကာထားကာ ... အထဲကနေ ... အရိပ်အခြည်ကြည့် ...၊ အကဲခတ်နေလေတဲ့ ... (မှေးမှေးလေးကို အတင်းပြူးထားသော)မျက်ဝန်းကြီးများ။

"ဟေး ... ထွက်လာခဲ့ ... ကိုယ့်ကို စိတ်ညစ်ရအောင် ရက်ရက်စက်စက် နှိပ်စက်ပြီး ငြင်းထုတ်ထားတာရယ် ...

www.burmeseclassic.com



မနေ့က ခြေရှည်ပြီး ... ပဲခူးထိတောင် ရောက်သွားခဲ့တာရယ် ... အခုလည်း ရောက်လာမှန်း သိရက်နဲ့ ပြေးပုန်းဖြစ်အောင် ... ပုန်းနေလိုက်သေးတာရယ် ... ကိုယ့်အပြစ်တွေကိုယ်သိရင် ... တုတ်ပါ တစ်ခါတည်း ကောက်လာခဲ့ ...

ဟေး ... ခုချက်ချင်း ထွက်မလာရင် ... အပြစ်က ... လေးခုဖြစ်သွားမယ်နော် ... ဒါပဲ ..."

ခြင်ထောင်စကို တင်းတင်းကလေး ဆွဲကိုင်ထားတဲ့လက်တို့က ... ညီနောင့်ရဲ့ စကားကို နားထောင်နေရင်းမှာပင် ... တဖြည်းဖြည်းလျှော့ကျ ... လျှော့ကျလာပြီး ... စကားဆုံးလျှင်တော့ ... ပိုင်ပိုင်နိုင်နိုင်က ... သူ့မျက်နှာရှေ့က ... အကာအကွယ်ကို ... "ဖြုန်း"ခနဲ ထပ်မံဆွဲဖယ်ပစ်လိုက်လေသည် ...။ နှုတ်ဖျားကတော့ ပွစိစိ ...။

"ကဲဆိုတာများ ... အဲသလိုကို ... တစ်ဖက်သတ် ... ချိန်ခွင်လျှာ တစ်စောင်းကြီး ကွာတတ်တာလည်း ရှိသေးတာ ... တချို့ကျတော့ စိန်လက်စွပ်နဲ့တဲ့ ... သူများကျ ... တုတ်ပါ တစ်ခါတည်း ကောက်ခဲ့ရမယ်တဲ့ ... ကောင်းရောပဲ ..."

ပုဏ္ဏမီ